
www.burmeseclassic.com
စိုးမိုး စာပေ
BURMESE CLASSIC .com
လုံးချင်းဝတ္ထုသစ်
မြူးလဲ့သွယ်
ရင်ခုန်ဘဂါ်
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မြပုလဲသွယ်

## ရင်ခုန်ဘက်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


အဖုံးဒီဇိုင်း - L လင်း

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
တာမွေအောင်ဘွန်း ရန်ကုန်မြို့

[illegible] - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံယင်အော့ဖ်ဆက်
၆ဂ၊ ကားဝါလမ်း
အုတ်ကြီးမြို့နယ်၊ ရန်ကုန်။

အတွင်းဖလင် - ဦးထွန်းဆိုင်

စာအုပ်ချုပ် - ကိုသန်းဌေး

ပုံနှိပ်ခြင်း - ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ ကျပ်

မြပုလဲသွယ်
ရင်ခုန်ဘက် / မြပုလဲသွယ် ။ ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၀၃
၂၈၀ - စာ ၊ ၁၂ × ၁၈ စင်တီ၊
(၁) ရင်ခုန်ဘက်


## အခန်း (၁)

လှပစွာထင်ဟပ်နေသော မှန်ထဲမှပုံရိပ်ကို ကြည့်၍ စန္ဒီ ရင်ထဲမှာ ကျေနပ်နှစ်သိမ့်ခြင်းများစွာဖြင့် သူမမျက်နှာလေးကို စိတ်ကြိုက်ကြည့်လိုက်၏။ စန္ဒီက အလှဆုတောင်းကောင်းသူဖြစ်၍ ဘယ်လိုနေနေ ဘယ်လိုကြည့်ကြည့် အလှတို့က လျော့ပါးသွားခြင်းမရှိ။

စန္ဒီ လိုချင်တာလည်း ဒါပဲဖြစ်သည်။ အလှကြိုက်မလေး စန္ဒီက သူမဘာဝ၊ သူမအလှကို အကောင်းဆုံးဖြစ်အောင် ထိန်းသိမ်းထားချင်သူဖြစ်သည်။ အထူးသဖြင့် ကလေးတစ်ယောက်အမေ စန္ဒီ ဖြစ်လာသည့်အခါမှ စန္ဒီအလှကို စန္ဒီ ပိုပြီးဂရုစိုက်ရမည်။ ပိုပြီးထိန်းသိမ်းချင်သည်။

လူတွေက လှတာကိုမြင်ရင် လိုချင်ကြသည်။ လှတာ



www.burmeseclassic.com

www.burmeseclassic.com



ကို ပိုင်ဆိုင်ရယူချင်ကြသည်။ စန္ဒီက သိပ်လှသည်။ စန္ဒီအလှကြောင့် စန္ဒီချစ်သော သဘောကျသော ကိုကို့လို လူတစ်ယောက်ကို ရယူပိုင်ဆိုင်ခွင့်ရခဲ့သည်။

စကားပုံထဲမှာကိုက မိန်းမတို့အဆင်းက လှပခြင်းဟု ဆိုထားသည်။ ဒီတော့လည်း လှပသည့် စန္ဒီညွတ်ကွင်းထဲ ကိုကို ကိုယ်တိုင် ဆင်းသက်လာရခြင်းက ဘာမှမဆန်း။

ဆန်းနေတာက ကိုကို။

ကိုယ်ကိုယ်တိုင် ဆရာဝန်ဖြစ်ပါလျက်နှင့် စန္ဒီဖြစ်ချင်တာ ဖြစ်ခွင့်မရအောင် ပိတ်ပင်တားဆီးနေ၏။ အလှကြိုက်မလေး စန္ဒီက သမီးကို မီခင်နို့ ခြောက်လတိတိတိုက်ပြီးမှာ တိခနဲဖြတ်ချပစ်လိုက်သည်။ သမီးကို နို့ဘူးကြိုတိုက်လာခဲ့၍ ဘာပြဿနာမှ မရှိခဲ့ပေမယ့် ကိုကိုနှင့် စန္ဒီကြားမှာတော့ ပြဿနာဖြစ်လာ၏။

"မင်း အဓိပ္ပာယ်မရှိတာတွေမလုပ်နဲ့ စန္ဒီ"

ကိုကို့မျက်နှာချောချောက တင်းမာသလို မျက်နှာက မှုန်နေ၏။ စန္ဒီကိုကြည့်သည့် ကိုကို့အကြည့်တွေထဲမှာ မကျေနပ်ခြင်းတွေက အများကြီး။ ဒါကို စန္ဒီက မသိဟန်ဆောင်နေလိုက်၏။

"စန္ဒီကတော့ ဆုံးဖြတ်ပြီးပြီ ကိုကို၊ ကိုကို့အတွက် အဓိပ္ပာယ်မရှိပေမယ့် စန္ဒီအတွက် အဓိပ္ပာယ်အများကြီးရှိတာ ကိုကိုသိလား"





"ဘာသိရမှာလဲကွ ကလေးအတွက် မိခင်နို့ထက်ကောင်းတာ ဘာမှမရှိဘူးဆိုတာ မင်း ဆရာဝန်ရဲ့မိန်းမလုပ်နေပြီး ဒီလောက်တောင်မှ နားမလည်ဘူးလား စန္ဒီ"

"နားလည်လို့ သမီးကို မိခင်နို့ပေးခဲ့တာပေါ့ ကိုကို၊ သမီးအတွက် အရေးကြီးသလို စန္ဒီ အမြဲလှနေဖို့ကလည်း အရေးကြီးတာပဲလေ"

"စန္ဒီ"

ဒေါသဖြင့် အော်ဟစ်လိုက်သည့် ဒေါက်တာဝေမိုး အသံက တစ်တိုက်လုံး ဟိန်းသွား၏။

သတိလက်လွှတ် အော်ဟစ်လိုက်သည့် ဒေါက်တာဝေမိုး အသံကြောင့် ချစ်စရာကောင်းအောင် အိပ်ပျော်မွေ့သော သမီးငယ်မှာ ဖျတ်ခနဲ လန့်နိုးလာပြီး အဲ့ခနဲ အော်သဖြင့် သူ့ဒေါသကို လျှော့ချပြီး သမီးအိပ်အောင် အသာချော့သိပ်လိုက်၏။ သမီး ပြန်အိပ်သွားမှ သူ့အကြည့်တွေက လှပသော စန္ဒီထံ ဖျတ်ခနဲ ရောက်သွား၏။

"မင်း ဘယ်လိုမိန်းမလဲ စန္ဒီ"

"ကိုကို့ကိုချစ်တဲ့ မိန်းမပေါ့"

"ဘာ"

"စန္ဒီ အမြဲလှနေမှာ ကိုကို သဘောမကျဘူးလား"

အကြည့်နှစ်ခု အားပြင်းစွာဆုံသွား၏။ ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ကိုမလွှဲ။

မှန်တင်ခုံရှေ့မှ ထလာသည့် စန္ဒီက ညအိပ်ဂါဝန် ပန်းနုရောင်၊ ပန်းတစ်ဖက်စီကို ကျော်ချထားသည့် နီညိုရောင် ဆံပင်ခွေလိပ်ကြီးတွေကြားမှာ အစက်အပြောက်ကင်းသော မျက်နှာလှလှလေးပေါ် အညိုနုရောင်မျက်ခုံးကို ပုံဖော်ခွဲထားသည်။ သဘာဝအတိုင်းမဟုတ်ရှာတော့သည့် စန္ဒီမျက်တောင်တွေက ကောက်သလား၊ ဆက်သလားမသိအောင် ခွေးရာပါမဟုတ်ဘဲ လိုတာထက်ထူထဲကော့ညွှတ်နေပုံကအစ လှသည်။

ပြောစရာမရှိအောင် လှသလို ထိုအလှအပအတွက် စန္ဒီဘက်က အချိန်တွေ၊ ငွေတွေ အများကြီးပေးဆပ်ထားခဲ့သူ။

"နှုတ်ခမ်းနီဆိုးတာများတော့ စန္ဒီနှုတ်ခမ်းလေးတွေက အရောင်မှုမမှန်ဘူး ကိုကို၊ ဒီနေ့ပဲ မြူတီစပါးမှာ စန္ဒီ နှုတ်ခမ်းကို အရောင်သွားတင်လာတယ်၊ လှရဲ့လား ကြည့်ပါဦးကွယ်၊ ကိုကို့အကြိုက် ပန်းနုရောင်လေ၊ ဒီမှာ မလှဘူးလား"

နီရဲစိုစွတ်သော နှုတ်ခမ်းအစုံက သွေးဆူစရာကောင်းအောင် ညို့အားပြင်းတာကို သူဝန်ခံသည်။ လှပသော ထိုနှုတ်ခမ်းကို ရှုတူဝတူနဲ့ မှုန့်မှာမေးလာတော့ စန္ဒီကို ရင်မခုန်ခဲ့။

သူ့နှလုံးသားဟာ ဒီမိန်းမနဲ့ပတ်သက်ပြီး အေးစက်စက်ဖြစ်နေတတ်တာ ကျင့်သားရနေပြီဖြစ်ပေမယ့် အကျင့်မရသေးတာက စန္ဒီအပြောအဆို အပြုအမူတိုင်း ဒေါသထွက်လျှင် အရှိန်းဆန်





စွာ ခုန်ပေါက်လာတတ်တာကိုဖြစ်သည်။

စန္ဒီကြောင့် ဒေါသကို လွယ်ကူစွာမထိန်းချုပ်နိုင်ဘဲ စိတ်နောက်ကိုယ်ပါ ဖြစ်သွားတတ်၏။ စန္ဒီကတော့ ဒေါက်တာဝေမိုး မှန်သော ခြေလှမ်းမျိုးနှင့် အနားရောက်သည်အထိ နွဲ့နွဲ့လေးလှမ်းလာကာ သူ့ပခုံးပေါ် လက်တစ်ဖက် လှမ်းတင်လိုက်၏။

"ကိုကိုက စန္ဒီကို ဘယ်တော့မှချစ်မှာလဲဟင်"

"မင်း ဘာစကားတွေပြောနေတာလဲ စန္ဒီ"

"အချစ်စကားလေ၊ စန္ဒီက ကိုကို့ကိုချစ်တဲ့အကြောင်း.."

"တော်စမ်းကွာ၊ အခုချိန်ကျမှ ဘာစကားတွေ လာပြောနေတာလဲ"

"အခုချိန်ကျမှပြောတော့ ဘာဖြစ်လဲ ကိုကို၊ ကိုကိုက စန္ဒီကို မချစ်ဘဲနဲ့ လက်ထပ်ခဲ့ရတာမဟုတ်လား၊ အစကတည်းက မချစ်ပါဘူးဆိုမှ စန္ဒီက ပုံပျက်ပန်းပျက်ဆိုရင်...."

"မင်းပါးစပ်ကိုပိတ်ထား စန္ဒီ"

ဒေါက်တာဝေမိုးက စန္ဒီအမည်ကို ခပ်ဆတ်ဆတ်ခေါ်ရင်း သူ့ပခုံးပေါ်တင်ထားသည့် စန္ဒီ့လက်ကို ပုတ်ချလိုက်သည်။ စန္ဒီက နှုတ်ခမ်းပါးတွေ တွန့်ကွေးပြီး မခံချိမခံသာပြုံးတိုင်း စန္ဒီနှုတ်ခမ်းထက်မှားက မှဲ့လေး လှုပ်ရှားသွားတာကို ဝေမိုး မုန်းတီးစွာ စိုက်ကြည့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ စန္ဒီ"

"လှတာမြင်တိုင်း သွေးပွက်ပွက်ဆူတဲ့ ရာဂဘီလူးထဲမှာ ငါမပါဘူး၊ အဲဒါ မင်းနားလည်ထား"

"ဒါပေမဲ့ စန္ဒီလှလို့ ကိုကိုသဘောကျခဲ့တာမဟုတ်လား၊ စန္ဒီ အလှကြောင့်ပဲ ကိုကို့ကို စန္ဒီ ပိုင်ဆိုင်ခွင့်ရခဲ့တာ စန္ဒီ ဘယ်တော့မှမမေ့ဘူး ကိုကို"

"မင်း တော်တော့ စန္ဒီ"

"မတော်နိုင်ဘူး ကိုကို၊ ကိုကို့ကို ရယူပိုင်ဆိုင်သလို ကိုကို့အချစ်တွေကိုလည်း စန္ဒီ ပိုင်ဆိုင်ချင်တယ်"

"ဒီအချိန်ကျမှ အချစ်အကြောင်းပြောနေတာ မင်း မရှက်ဘူးလား စန္ဒီ၊ မင်း ငါ့ကို လက်မထပ်ခင်တုန်းက ဒါတွေမစဉ်းစားမိဘူးလား"

"စဉ်းစားမိလို့ ကိုကို့ကို ရအောင်ယူခဲ့တာပေါ့"

"ဘာ"

"တစ်နေ့ စန္ဒီကို ကိုကိုချစ်လာမယ်ထင်လို့"

"တော်စမ်းပါ"

"ဒီမှာ စန္ဒီ အခုချိန်မှာ ငါ့သမီးအတွက်ဆိုတာပဲ ခေါင်းထဲရှိတယ်၊ ငါ့သမီးကျန်းမာရေး၊ ငါ့သမီးဖွံ့ဖြိုးရေး၊ ငါ့သမီး အနာဂတ်လုပ်ရေးအတွက်ပဲ ငါစိတ်ဝင်စားတယ်"

"ကိုကို အဲဒီလိုမပြောပါနဲ့"



BURMESE CLASSIC .com



"ပြောတယ်ကွ ပြောမယ်၊ အစကတည်းက ငါ့အချစ်ကို လိုချင်ရင် ဒီလိုဖြစ်လာစရာအကြောင်းမရှိဘူး၊ အခုမှ အချစ်တွေ အနှစ်တွေဆိုတဲ့ စကားအလှတွေထပ်သုံးပြီး ငါ့ဘဝကို ထပ်ပြီး ကြိုးကိုင်ဖို့မကြိုးစားနဲ့...မရဘူး"

"ကိုကို့ဆီက အခွင့်အရေးလိုချင်လို့ ပြောနေတာမဟုတ်ဘူး ကိုကို၊ စန္ဒီ ကိုကို့ကို တကယ်ချစ်တာ"

"နားထောင်လို့တော့ ကောင်းသားပဲ"

"ကိုကို"

ဝမ်းနည်းဒေါသဖြင့် စန္ဒီ အော်တော့ သူက စန္ဒီကို ဂရုမစိုက်။

"လုပ်မနေနဲ့ စန္ဒီ၊ မင်းလည်း မင်းဦးတည်ချက်နဲ့မင်း ငါ့ဘဝထဲလာပြီးပြီ၊ ဒီလောက်ဆိုကျေနပ်တော့ စန္ဒီ၊ မင်းလုပ်ချင်တာလုပ်၊ ငါနဲ့သမီးကိုသာ မထိခိုက်စေနဲ့၊ တစ်ခုခုဖြစ်လာလို့ကတော့ မင်းကို ငါ ဘယ်တော့မှခွင့်လွှတ်မှာမဟုတ်ဘူးဆိုတာ မြဲမြဲမှတ်ထား"

စန္ဒီကို ရန်သူတစ်ယောက်လို ပြောချင်ရာပြောပြီး ဒေါသခြေလှမ်းတွေနဲ့ အခန်းဝအထိ လျှောက်သွားသော ကိုကို့ကျောပြင်ကိုကြည့်၍ စန္ဒီ ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ ကိုကို့နဲ့ စန္ဒီကြားမှာ ဒီလိုအဖြစ်တွေ အများကြီးဆိုတော့ စန္ဒီအတွက် ထူးပြီး မခံစားရတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"စန္ဒီကို ကြိမ်းမောင်းတာလည်း ကြောက်စရာပါလား ကိုကိုရယ်၊ သမီးက ကိုကိုတစ်ယောက်တည်း ချစ်တတ်တာမဟုတ်ပါဘူး၊ စန္ဒီသမီးကို စန္ဒီကိုယ်တိုင် ရင်နဲ့လွယ်ပြီး မွေးခဲ့ရတာပါ ကိုကိုရဲ့၊ ကိုကိုချစ်တာထက် မပိုရင်တောင် ကိုကို့ထက်မလျော့တဲ့အချစ်တွေနဲ့ စန္ဒီသမီးကို စန္ဒီချစ်တယ်ဆိုတာ ကိုကို မမေ့ပါနဲ့"

စိတ်ထဲမှာခံစားရလွန်းလို့ စိတ်ထဲရှိသည့်အတိုင်း ပြောပစ်လိုက်ပေမယ့် ကိုကိုက စန္ဒီအနားမှာမရှိတော့။ ရပ်နေသည့်နေရာမှ ကော်ဇောပေါ် စန္ဒီကိုယ်လေး အဝတ်တစ်စ ပစ်ချသလိုပုံခနဲ ပြိုကျသွား၏။ အစကတည်းက အက်ရာထင်နေသော ဘဝနှစ်ခု ပေါင်းစည်းခဲ့ခြင်းမှာ စန္ဒီ အလွန်ဆိုတာ ဝန်ခံပါသည်။ ဒါကလည်း ကိုကို့ကိုချစ်လွန်းလို့ ကိုကို့ကို ရယူပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားခဲ့သည်။ ကိုကိုနှင့်စတွေ့ချိန်မှာ ကိုကို့ကို ဆရာဝန်လောင်းမှန်း မသိခဲ့သော စန္ဒီက ကိုကို့ရဲ့ချောမွေ့တည်ကြည်မှုကိုပဲ သဘောကျခဲ့တာပါ။

"ခြံချင်းကပ်ရက်ပဲ မေမေရယ်၊ မေးကြည့်ပါလား၊ ဆယ်တန်းတော့မဟုတ်လောက်ဘူး၊ သူ့ကားသူမောင်းပြီး ကျောင်းတက်နေတာ မေမေရဲ့၊ အနည်းဆုံး တက္ကသိုလ်ကျောင်းသားလောက်တော့ ဖြစ်မှာပါ"

စန္ဒီအိမ်များသို့ ပြောင်းလာသော ကိုကို့ကို မြင်မြင်ချင်း စိတ်ဝင်စားခဲ့သူက စန္ဒီ။





"သူ့ တက္ကသိုလ်ကျောင်းသားဆိုတော့ရော ညည်းနဲ့ဘာဆိုင်လဲ စန္ဒီရယ်"

"တက္ကသိုလ်ကျောင်းသားဆိုရင် အိမ်နီးနားချင်းပဲ မေမေရယ်၊ စန္ဒီကို ဂိုက်လေးဘာလေး လုပ်ခိုင်းလို့ရတာပေါ့ မေမေရဲ့"

"ငါ့ကိုအရှက်မခွဲချင်စမ်းနဲ့ မိစန္ဒီ၊ ညည်း ဆယ်တန်းကို အခါခါကျနေတာ အခုမှပြောင်းလာတဲ့ အိမ်နီးချင်းကိုပါ ကြော်ငြာဦးမလို့လား၊ အဲဒါ ရှက်စရာအေ့၊ ဂုဏ်ယူစရာမဟုတ်ဘူး"

မေမေက ငြင်းပေမယ့် စန္ဒီက ဖြစ်ချင်တာကို ဇွတ်တိုးလုပ်တတ်သူမို့ ဟိုဘက်ခြံကို မရမက မိတ်ဆွေဖွဲ့ခဲ့ပါသည်။ ထိုအခါမှ စန္ဒီထက် ငါးနှစ်တိတိကြီးသော ကိုကိုက နောက်ဆုံးနှစ် ဆေးကျောင်းသားမှန်း သိခဲ့ရသည်။

"ဆေးကျောင်းသားဆိုတော့ ပိုတောင်အဆင်ပြေသေးတယ် မေမေရဲ့၊ စန္ဒီအတွက် ဂိုက်ငှားပေးနော် မေမေ"

"ဆေးကျောင်းသားကို ဂိုက်ငှားမယ် ဟုတ်လား"

မေမေက ရင်ဘတ်ဖိပြီး စန္ဒီကို မျက်လုံးပြူးကြည့်သည်။ စန္ဒီက မေမေ့ဖြစ်နေပုံကို မသိဟန်ဆောင်ပြီး လှပစွာရယ်လိုက်သည်။ စိတ်ထဲမှာပျော်နေတာ ကိုကို့ကြောင့်။ ကိုကိုသာ စန္ဒီအနား ရောက်လာရင်ဆိုသည့် အတွေးက စန္ဒီ့နှလုံးသားတစ်ခုလုံး နွေးထွေးလိုက်ဖြာသွားစေ၏။

"မေမေကလည်း ရပ်ကွက်မှာ စန္ဒီက ဆေးကျောင်း



www.burmeseclassic.com

www.burmeseclassic.com



သားဝိုက်ငှားတယ်ဆိုကတည်းက နာမည်ကြီးသွားပြီ၊ လူအထင်ကြီးသွားပြီမဟုတ်လားလို့"

"အမလေး…အထင်မကြီးချင်လည်းနေပါ မိစန္ဒီ၊ အခုတောင် အိမ်ကိုပေါင်ထားရတာ"

"ဒီခေတ်က စပွန်ဆာခေတ် မေမေရဲ့၊ စပွန်ဆာကောင်းရင် လက်ညှိုးညွှန်ရာ ရေဖြစ်တဲ့ခေတ်၊ ကိုကို့လို သူဌေးသားဆရာဝန်လောင်းကတော် စန္ဒီ ဖြစ်လာရင်…"

"တော်တော့ စန္ဒီ၊ ထင်ရာမြင်ရာ စွတ်ရွတ်ပြောမနေနဲ့"

"ကိုယ့်သမီးလေး ကောင်းစားမှာကို နည်းနည်းမှမစဉ်းစားတော့ဘူးလား မေမေရဲ့၊ စန္ဒီက ကိုကို့နဲ့မှ စာသင်မှာနော် ဒါပဲ"

နှုတ်ခမ်းစူနေသည့် သမီးလှလှကိုကြည့်ပြီး ဒေါ်မူယာ သက်ပြင်းချလိုက်၏။ ကိုယ့်သားသမီးကို မိဘတိုင်းက ကောင်းစားတာမြင်ချင်တာက သဘာဝ။ စန္ဒီ ပြောသည့်အတိုင်း လုပ်ပေးရုံပဲရှိသည်။

"ကောင်လေးအဖေက မြန်မာနိုင်ငံရဲ့ ဒိတ်ဒိတ်ကြဲ စီးပွားရေးသမား ဦးမိုးအောင်ဆိုတာလေ၊ ချမ်းသာလိုက်တာ ကျိကျိတက်နေတာပဲ"

မိုးကုမ္ပဏီသူဌေးအကြောင်း ကြားရတာကိုက စိတ်ချမ်းသာစရာ၊ ဘဝနိုက်စရာအပြည့်ဖြစ်၍ မေမေ သယ်ယူလာသောသတင်းက စန္ဒီအတွက် အဖိုးအထိုက်တန်ဆုံးဖြစ်သည်။ မေမေ





နှင့် မေးထူးခေါ်ပြောအဆင့်လောက်သာရှိသော ကိုကို့အမေကို အချိန့်သီးသန့်ပေး၍ စန္ဒီက အဖော်လုပ်ပေးသည်။ နဂိုကတည်းက လူအကြိုက်ကို အလိုက်အထိုက် ကြည့်ပေါင်းတတ်သူမို့ စီးပွားရေးသမားတစ်ယောက်ရဲ့ ဇနီးသည်ဆိုသူ၏ အထီးကျန်ခြင်းကို စန္ဒီက ဖြေဖျော်ပေးရင်း ကိုကိုတို့မိသားစုလေးထဲ မသိမသာ ဝင်ရောက်လာနိုင်ခဲ့သည်။

"သားရဲ့အဖေက လက်ထပ်ပြီးကတည်းက သူ့စီးပွားရေးထဲ သူ နစ်မြုပ်နေခဲ့တာဆိုတော့ အန်တီက ဘေးကနေ မိသားစုအရေး ပျော်ရွှင်အောင် မပြတ်အမြဲစောင့်ပြီး ဖြည့်ဆည်းပေးခဲ့ရတာ အခုချိန်အထိပဲ စန္ဒီရေ၊ တစ်ခါတစ်ခါ တွေးမိသား၊ မိန်းမသားဆိုတာ ပေးဆပ်သူရဲ့နှလုံးသားပိုင်ရှင်ပဲလို့"

"အခု အန်တီတစ်ယောက်တည်း မဟုတ်တော့ပါဘူး၊ အန်တီ့နားမှာ စန္ဒီ ရှိနေပြီ၊ ဘာပဲဖြစ်ဖြစ် အန်တီ့ရင်ထဲက ခံစားချက်တွေကို မေမေနဲ့ စန္ဒီကို ရင်ဖွင့်လို့ရတာပဲ မဟုတ်လား၊ စန္ဒီအတွက်လည်း အန်တီက အမေတစ်ယောက် ထပ်တိုးတာပဲ"

"ကျေးဇူးပါပဲ သမီးရယ်"

ကိုကို့မာမီက စန္ဒီကို တလှိုက်တလှဲ ကျေးဇူးတင်ခဲ့ပေမယ့် ကိုကိုကတော့ စန္ဒီ့ကို ခပ်တည်တည် ခပ်တင်းတင်းဖြင့်သာ ဆက်ဆံခဲ့သည်။ အန်တီ တိုက်တွန်းလို့သာ စန္ဒီကို ဂိုက်လုပ်ပေးနေပေမယ့် မျက်နှာက ခပ်တည်တည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဆေးကျောင်းသားအချင်းချင်းပဲ စာပြတတ်တာ စန္ဒီ၊ ဆယ်တန်းစာကို နားလည်အောင်ရှင်းပြဖို့ ငါ့အတွက် ခက်ခဲနေသေးတယ်"

"ကိုကို့အနားရှိမယ်ဆိုရင် စန္ဒီအတွက် ဘာမဆိုလွယ်ပြီးသား"

စန္ဒီက ကိုကိုနှင့် အကြည့်ချင်းတမင်ဆုံပြီး ပြောပစ်တော့ ကိုကိုက စန္ဒီမျက်ဝန်းတွေထဲမှ ရအောင်ရုန်းထွက်ပြီး အကြည့်ကို လွှဲပစ်သည်။

"စာသင်မယ်ဆိုရင် စာနဲ့ပတ်သက်တာပဲ ပြောပါ"

"တခြား ဘာစကားမှမပြောရရင် ပျင်းစရာကြီး"

စန္ဒီက နှုတ်ခမ်းစူပြီး ကိုကို့စည်းကမ်းကို မလိုက်နာခဲ့။

"ကိုကို့မှာ ရည်းစားရှိလားဟင်"

"မင်းအလုပ်က စာသင်ရမှာ၊ စာအကြောင်းပဲ စိတ်ဝင်စား စန္ဒီ"

"ကိုကိုကလည်း"

"စန္ဒီက ကိုကို့ဘဝလက်တွဲဖော်ကို ဘယ်လိုစံနှုန်းတွေနဲ့ သတ်မှတ်ထားလဲ သိချင်လို့ပါ"

"အဲဒီ မင်းအလုပ်မဟုတ်ဘူး စန္ဒီ၊ ကိုယ့်အလုပ် ကိုယ်လုပ်ပါ"

"အမလေး…ဖြစ်နေလိုက်တာ"





စန္ဒီ ခွဲခွဲနဲ့နဲ့ မေးရာက နှုတ်ခမ်းစူသည်။ ကိုကို့ရင်ဘက်ကို ဘက်ပါလာအောင် တူးဆွပေမယ့် ဝေမိုးရဲ့ နှလုံးသားကျောက်တိုင်က စန္ဒီဘက် မယိမ်းနွဲ့လာခဲ့။

"သားမှာ ချစ်သူရှိနေပြီထင်တယ်၊ ကျောင်းပြီးတာနဲ့ အိမ်ခေါ်ပြီး မေမေနဲ့တွေ့ပေးမယ်လို့ပြောတယ်၊ သူ့အဖေရှိတဲ့ နိုင်ငံခြားကိုတောင် သားကဖုန်းခေါ်ပြီး သူကျောင်းပြီးရင် ခဏပြန်လာဖို့ ပူဆာနေတာ၊ ကျွန်မကတော့ ကိုယ့်မိသားစုထဲဝင်လာမယ့် ချွေးမလေးကို နွေးနွေးထွေးထွေး ကြိုဆိုမှာပဲ အစ်မကြီးရေ၊ စည်းစိမ်တွေ ဂုဏ်တွေ မလိုပါဘူး၊ အဓိကကျတာ မေတ္တာကို အခြေခံတဲ့ ရိုးသားမှုပဲ ကျွန်မတို့အတွက် လိုအပ်တာပါ"

ထိုရိုးသားမှုကို စန္ဒီ မပေးနိုင်ပေမယ့် ဒီနေ့ ဒီအချိန်ထိ ကိုကို့အပေါ် တကယ့်မေတ္တာအစစ်နဲ့ ချစ်ခဲ့တာ စန္ဒီရဲ့မှန်သောသစ္စာစကားပါ။ ချစ်၍မိုက်ခဲ့သည်ထဲမှာ စန္ဒီက ကိုကို့စည်းစိမ်ဥစ္စာတွေကို လက်မလွှတ်ချင်ခဲ့တာပါသည်။ ကုန်းပေါ်ကလူအတွက် ကောက်ရိုးတစ်မျှင်က ဘာမှမဟုတ်ပေမယ့် ရေနစ်သူအတွက်တော့ ဒီကောက်ရိုးက သူ့ရှင်သန်ခြင်း၊ သူ့မျှော်လင့်ခြင်းဖြစ်သည်။

ကိုယ်နဲ့အတူ ရေနစ်ပါစေဆိုတဲ့ဆန္ဒနဲ့ ကောက်ရိုးကို ဆွဲချခဲ့တာမဟုတ်ပေမယ့် စန္ဒီအချစ်က သူတစ်ပါးချစ်သူနှစ်ဦးကို ခွဲသလိုဖြစ်ခဲ့သည်။ စန္ဒီက ကိုကို့ချစ်သူက ဆေးကျောင်းသူဆိုတာလောက်



www.burmeseclassic.com

www.burmeseclassic.com



ပဲ သိခဲ့ရကာ ကိုကို့ချစ်သူ ဖြူသလား မည်းသလားပင် မသိခဲ့။ ကိုကို့ကို ရအောင်ယူခဲ့သည်။ အချစ်ငတ်သော သူမနှင့် မချစ်တတ်သော ကိုကို့ကြားက ကွဲလွဲချက်များက သမီးလေးရလာတဲ့အထိ ငြိမ်းချမ်းရေးမရနိုင်ဘဲ မစဲသော အမုန်းမိုးက တဖွဲဖွဲရွာခဲ့။ စန္ဒီလည်း လူသားထဲက လူသားတစ်ယောက်ပါ။

အချစ်ကလွဲပြီး ကျန်တာအားလုံး ပေးထားရုံနဲ့ ဘဝတစ်ခုလုံး ပြည့်စုံပြီလို့ ကိုကိုထင်နေလျှင် ကိုကို့အထင်သိပ်မှားကြောင်း ကိုကိုသိအောင် စန္ဒီကပဲ ကိုကို့ကို အထပ်ထပ်ပြောချင်နေ၏။

◆ ◆ ◆



## အခန်း (၂)

"ဖေဖေ ပြန်လာပြီ"

အားရဝမ်းသာအော်လိုက်သည့် သမီးအော်သံကို စန္ဒီကြားလိုက်ရသည်။

"ဖေဖေ့သမီးလေး"

ကိုကိုထံမှ သမီးလေးကို ချစ်စနိုးတုံ့ပြန်ခေါ်သံကိုလည်း ကြားရသည်။ သမီးကို ဆွဲခနဲကောက်ချီကာ ပွေ့ဖက်နမ်းရှုပ်နေသည့် ကိုကို့အမူအကျင့်ကို စန္ဒီ တစ်ဆက်တည်းမြင်ယောင်ပေမယ့် သူက မှန်ရှေ့မှမခွာနိုင်သေး။ ကော့ရော့နေပြီးသား မျက်တောင်ကို ညိုရင့်ရောင် မက်(စ်)ကာရာထပ်တင်သည်။ နှုတ်ခမ်းပါးတွေဆို နီညိုရောင်နှုတ်ခမ်းနီနဲ့ အရောင်တင်ပြီး ဆံထုံးပျောက်ထုံးထားသော ဆံပင်ပေါ် ငွေမှုန်စပရေးဖျန်းသည်။ အပြီးသတ်အနေဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဗွီရှိတ်ထားသည့် ဂါဝန်ရှည်ပေါ် အဖြူရောင်ယုန်မွေး ဝဝါကို တံတောင်ဆစ်နှစ်ဖက်တွင် ချိတ်ထားတာမို့ စန္ဒီအလှက ခေတ်ဆန်ခြင်းနှင့် တော်ဝင်ခြင်းတွေဖြင့် လှပတင့်တယ်နေ၏။ ရွှေအိုရောင် ပိုက်ဆံအိတ်ရှည်ဖောင်းဖောင်းလေးကို လက်မှာ ဒီအတိုင်းကိုင်ပြီး စန္ဒီ အခန်းထဲက ထွက်ခဲ့သည်။

"ကိုကို…ဒီနေ့ ဆေးရုံက တန်းပြန်လာတာလား၊ ကိုကျော်ကြီးတို့နဲ့ ဂေါ့(ဖ်)ကွင်းသွားမယ်ဆိုလို့ စန္ဒီက သက်ထား တို့ရဲ့ အန်နီဗာစရီကို တစ်ယောက်တည်းသွားရတော့မှာဆိုပြီး ဝမ်းနည်းနေတာ၊ အခု ကိုကိုပြန်လာတာနဲ့အတော်ပဲ၊ ကိုကို ရေမိုး ချိုးပြီး စန္ဒီတို့ အတူသွားမယ်နော်၊ ဟိုမှာ ပါတီပေးမှာတဲ့"

စန္ဒီ့အသံက ချိုလွင်နေသလို မျက်နှာလှလှလေးမှာလည်း ကိုကို အချိန်မီရောက်လာ၍ ပျော်နေ၏။

စန္ဒီ့အိမ်က သုံးထပ်မြင့်အဆောက်အဦမှာ လှေကားက ကွေ့ကွေ့ဝိုက်ဝိုက် လှပစွာဆင်ထားသည့် ခေတ်မီပုံစံမျိုးဖြစ်သ… အပေါ်ဆုံးထပ်က စီးမိုးကြည့်လျှင် အောက်ဆုံးထပ်ဧည့်ခန်း… အပေါ်စီးက စီးမိုးတွေ့မြင်ရသည်။ လှေကားတွေက အဖြူရော… ဘေးလက်ရန်းက အဖြူရောင်ကို လှေကားတန်းနေရာမှာ မှန်အကြ… တွေသာ ကာထားတာမို့ လှေကားမှ ကွေ့ပတ်ဆင်းလာ သူ… ဧည့်ခန်းမှာထိုင်နေသူက ထင်ထင်ရှားရှား တွေ့ခွင့်ရနေ၏။ အိမ်… မျက်နှာစာဧည့်ခန်းနဲ့ ထမင်းစားခန်း ကန့်ထားရာနေရာတွေ…





မှန်အကြည်တွေချည်း ကာရံထားပြီး အဖြူခံပေါ် ချောကလက် ရောင်ရိုဝ် ပန်းပါသည့် လိုက်ကာထူကြီးတွေ ခန်းလုံးပြည့်တပ် ထား၍ လှပစွာ ကျက်သရေရှိနေ၏။

"လူတွေလိုပဲလေ၊ အပြင်ပန်းမှာ စည်းစိမ်ဂုဏ်နဲ့ အလှအပ တွေ ဖုံးကွယ်ထားတာ ဒီလိုက်ကာတွေအတိုင်းပေါ့၊ အဟွန်း… လိုက်ကာတွေ ဆွဲဖယ်ချိန်ကျတော့ မှန်အကြည်မှာ ဘာမဆို တိုးလျှိုး ပေါက်မြင်ရတဲ့အဖြစ်ကို ရောက်တဲ့အခါ လှလှပပ မရှိတတ်တာ သဘာဝပဲလေ"

တရားကျသလိုအသံမျိုးနှင့် ကိုကိုက စန္ဒီကို ရည်ညွှန်း ပြောတတ်ပေမယ့် စန္ဒီက ဂရုမစိုက်။ ဘာပဲဖြစ်ဖြစ် ကိုကို့ဘက်က စန္ဒီအပေါ် ဥပေက္ခာတရားထားခဲ့တာ စန္ဒီမှာ ခန္တီတရား ပြည့်ဝ နေရသလိုဖြစ်နေ၏။ လိုချင်တာ ပိုင်ဆိုင်ခွင့်ရထားသူက မလိုချင်ဘဲ ပိုင်ဆိုင်သူထက်တော့ ပို၍ကျေနပ်စရာကောင်းသောဘဝကို ရထား တာကိုတော့ မငြင်းပါ။

"စန္ဒီနဲ့လိုက်ခဲ့မယ်မဟုတ်လား ကိုကို"

"လိုက်ခဲ့နော်"

စန္ဒီက လက်ကောက်ဝတ်နှစ်ဖက်၌ ဆင်တူဝတ်ထားသော ဝလက်တီနမ်ကွပ် စိန်လက်ကောက်အပြားကြီးရဲ့ချိတ်ကို သေချာ အောင် တော့ဆက်ပြီးမှ ဧည့်ခန်းဆီခြေအချမှာ ခေါင်းမော့၍ သူမ ဖြစ်ချင်တာကို တောင်းဆိုမေးမိသည်။ ထိုအခါမှ ဧည့်ခန်းဘေး



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှာ တန်းစီမတ်တတ်ရပ်နေသော အိမ်အကူတွေနှင့် နောက်စည့်ခန်းဆောင်ဘက်မှာထိုင်နေသော လူစိမ်းသုံးအမိကို ဝထမဆုံး သတိထားမိခြင်းဖြစ်သည်။

"မာမီ"

စန္ဒီ အနားရောက်တာနှင့် ကိုကို့ပေါင်ပေါ်ရှိနေသည့် သမီးက ကိုကို့ပေါ်က လျှောတိုက်ဆင်းလာကာ စန္ဒီပေါင်ကို ဖြေးပြီး ဖက်လာသည်။

"သမီး မလိုက်တော့ဘူးနော် 'မာမီ၊ ဟိုမှာ ကိုကြီးနဲ့ အတူကစားမလို့"

"ဘယ်က ကိုကြီးလဲ၊ သြော်…ကိုကို့ညှေ့သည်တွေ ထင်တယ်"

ဧည့်ခန်းမှာ ကိုကိုနှင့်အတူ ရှိနေသူများကိုကြည့်ပြီး မသိသလိုဟန်နှင့် မျက်နှာလှလှလေးကို အလှဆုံးပြုံးပြီး ကိုကို့ကို မေးလိုက်ပေမယ့် စန္ဒီမျက်လုံးတွေက အေးစက်စက်။

မျက်ဝန်း ဖျတ်ခနဲအရွေ့မှာ ဆိုဖာဘေးချထားတဲ့ ခရီးဆောင်အိတ်နွမ်းနွမ်းတစ်လုံးနှင့် ဆံပင်ရှည်သော အသားဖြူဖြူ ထိုင်နေတဲ့ကောင် အချိုးအဆစ်က ပန်းပုထုထားသည့်အတိုင်း ကောက်ကြောင်းတွေက အမို့အမောက်၊ အချိုင့်အဝှမ်းတွေနှင့် ထင်ရှားသော မိန်းမထံ စန္ဒီအကြည့်တွေ ခါးသီးမနှစ်မြို့စိတ်ဖြင့် မသိလားစွာကြည့်ရင်း အကြည့်ကိုလွှဲလိုက်၏။





"ကိုကို့ပေးရှင့်တွေလားဟင်၊ ဘာရောဂါဖြစ်လို့ ဒီအထိ အောင် ခေါ်လာတာလဲ ကိုကို"

"ဘာရောဂါမှမရှိဘူး၊ ဒီမှာနေဖို့ ခေါ်လာတာ"

"ရှင်"

အံ့သြမယုံနိုင်ခြင်းများစွာဖြင့် မော့ကြည့်လာသည့် စန္ဒီ့ အကြည့်တွေကို ဝေမိုးက ဂရုမစိုက်ဘဲ မျက်နှာငယ်လေးတွေနှင့် အနေရခက်စွာထိုင်နေသည့် သားအမိနှစ်ယောက်ရှိရာ ဖျတ်ခနဲ လှမ်းကြည့်သည်။

"ဒါ ကိုယ့်သူငယ်ချင်း နှောင်း၊ ဒီဘက်က နှောင်းရဲ့ သား ရန်ပြေ၊ ကိုယ်တို့မိသားစုနဲ့အတူ နှောင်းတို့သားအမိ ဒီမှာ နေမှာ၊ ကိုယ့်သူငယ်ချင်းဖြစ်တဲ့အတွက် နှောင်းကို ကိုယ့်ကို ဆက်ဆံသလိုပဲ ရိုသေလေးစားမှုရှိရလိမ့်မယ်၊ ဒါ ဧည့်သည် မဟုတ်ဘူး နော်၊ ကိုယ့်ညီမ၊ ကိုယ့်အစ်မလိုမျိုး မင်းက စောင့်ရှောက်ရမှာ"

"နှောင်း…သူက ကိုယ့်ဇနီး စန္ဒီ"

"ဟုတ်ကဲ့"

နှောင်းက စန္ဒီမျက်နှာကိုကြည့်ပြီး ခေါင်းတာဆေမိုး စကားကို ခေါင်းညိတ်ပေမယ့် စန္ဒီက ခေါင်းမညိတ် ခေါင်းမခါ နှောင်းနှင့် ကိုကို့ကို တစ်လှည့်စီကြည့်ပြီး မျက်လုံးလေးကို လှပစွာ ဝှေ့ရမ်း လိုက်၏။

ဒါက ဘာသဘောလဲ။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒီကို ဘာတစ်ခုမှအသိမပေးဘဲ ကိုကိုက သူ့သဘောနဲ့သူ နှောင်းတို့သားအမိကို နဝရတ်စံအိမ်ကြီးအထိ ခေါ်လာပြီး စန္ဒီတို့သားအမိနဲ့အတူ နေမယ်ဆိုတာ လူကြားလို့မှမတော်။

"ကိုကို"

"ကဲ...နှောင်းတို့သားအမိ နားလိုက်ကြဦး၊ ဒေါ်ဒေါ်နု... နှောင်းတို့အတွက် ပြင်ခိုင်းထားတဲ့အခန်းကို ခေါ်သွားဗျာ၊ နှောင်း လိုက်သွား"

"ဟုတ်ကဲ့"

"လာ...ကလေးမ၊ အိတ်ကို ရွှေသွေးတို့ ဆွဲခိုင်းလိုက်မယ်"

"နေ..နေ..ဒေါ်ဒေါ်နု၊ ကျွန်တော် ဆွဲပြီးလိုက်ပို့ပါမယ် လာ...နှောင်း"

"အို...မဟုတ်တာ ဝေမိုးရယ်"

ဝေမိုးကိုယ်တိုင် နှောင်း ခရီးဆောင်အိတ်ကို လှမ်းဆွဲ၍ နှောင်းက စန္ဒီကို အားနာသလိုလှမ်းကြည့်ရင်း သူမအိတ်ကို ကမန်းကတန်းပြန်ဆွဲသည်။

ခရီးဆောင်အိတ်ကိုင်းကြိုးကို လှမ်းဆွဲသည့် နှောင်း လက်ချောင်းတွေက သွယ်လျပေမယ့် လက်သည်းတွေက တိုတိ ရိရိ ညှပ်ထားတာမို့ ပန်းရောင်ပြေးနေသည်။ စန္ဒီက ဆေးရောင်း ခြယ်သထားသော သူမလက်သည်းရှည်တွေကို ဖျတ်ခနဲငုံ့ကြည့်





ရင်း ကိုကိုနှင့်နှောင်းကိုကြည့်ပြီး ရင်ထဲ ထင့်ခနဲဖြစ်သွားသည်။

"နှောင်းအိတ်ကို နှောင်းဘာသာပဲ ဆွဲခဲ့ပါ့မယ် ဝေမိုးရယ်၊ နှောင်းတို့သားအမိအတွက် နေစရာလည်းပေးပြီးပြီ၊ အိတ်ပါ ဆွဲပို့တာတော့ မသင့်တော်ပါဘူး၊ နေ...နေ..ဝေမိုး"

"ပေးစမ်းပါဟာ၊ နင်နဲ့ငါ့ကြားမှာ မသင့်တော်တာတွေ အားနာစရာတွေ ရှိလို့လား နှောင်း၊ နင့်ယောက်ျားတစ်ယောက်လုံး ငါ့အတွက် သူ့အသက်ကိုပေးသွားခဲ့တာ"

"လာ...လိုက်ခဲ့"

နှောင်းယောက်ျားက ကိုကို့အတွက် ဘယ်လိုအသက် ပေးသွားလဲမသိ။

ကိုကို့လက်ထဲပါသွားသော ခရီးဆောင်အိတ်ကိုကြည့်ရင်း စန္ဒီရင်ထဲ ပူလောင်လာ၏။ ဒါ သမားရိုးကျဖြစ်စဉ်မဟုတ်ဘူးလို့ စန္ဒီကိုယ်တွင်းမှ အချက်ပေးခေါင်းလောင်းမြည်သည်။ ဒါဆို ထူးခြားဖြစ်စဉ်လားဆိုတော့လည်း ဒီလိုမဟုတ်ပြန်။ ကိုကိုတို့မျိုးရိုး က ချမ်းသာသလောက် ဘယ်သူ့မဆို ကူညီချင်စိတ်ရှိတာက အစဉ်အလာတစ်ခုလို ဖြစ်နေတာ စန္ဒီ သိပြီးသားပါ။

"သမီးလည်း ဖေဖေနဲ့လိုက်မယ်၊ ပြီးရင် ကိုကြီးနဲ့အတူတူ ကစားမလို့"

သမီးကပါ နှောင်းတို့သုံးယောက်အုပ်စုကြား ပြေးဝင်ပြီး တောင့်တောင့်တတ ပြောလာတော့ စန္ဒီတစ်ကိုယ်လုံးရှိ အကြော



www.burmeseclassic.com

www.burmeseclassic.com



အခြင်တွေ ဖျင်းခနဲ တောင့်တင်းအေးစက်သွား၏။

"သမီး…မာမီဆီလာခဲ့"

"ဟင့်အင်း…ဒက်ဒီနဲ့ပဲနေမယ်"

သမီးက စန္ဒီခေါ်တာကို လှည့်မကြည့်ဘဲ သူ့အဖေ လက်ကိုဆွဲပြီး အတူပူးကပ်လိုက်ပါသွား၏။ စန္ဒီရင်ထဲ အတော် ခံပြင်းသွားသည်။

"ဝေမိုးသမီးလေးက လုလိုက်တာဟယ်၊ အမွှေးရွှာသမီး လေးမို့ထင်တယ်၊ လာ…သမီးလေး နောက်ဆို သမီးကိုကိုနဲ့တင် မဟုတ်ဘူး၊ အန်တီနဲ့ပါ အတူကစားရမှာ"

"အန်တီက လူကြီးမဟုတ်ဘူးလား၊ မာမီက လူကြီး ဆိုတာ ကလေးနဲ့မကစားဘူး"

"ဟယ်…အဟင်း"

စကားတတ်သော သမီးဦးခေါင်းလေးကို နောင်းက ဖွဖွပွတ်သပ်ရင်း ခပ်မျှင်းမျှင်းရယ်လိုက်တော့ စန္ဒီရင်ထဲ ဖျင်းခနဲ ဖြစ်သွား၏။

"သမီးမာမီက အလုပ်တွေ အများကြီးလုပ်နေရလို့ သမီးနဲ့မကစားနိုင်တာပါကွယ်၊ အန်တီကတော့ သမီးမာမီလို မဟုတ်တော့ အိမ်အလုပ်တွေ ကူလုပ်ပေးရင်း သမီးနဲ့အတူ ကစား နိုင်မှာပါကွယ်"

"တကယ်"





"တကယ်ပေါ့ သမီးရဲ့"

"ဟေး"

လက်ခုပ်လက်ဝါးတီးပြီး ပျော်သွားသည့် သမီးကို နောင်းနှင့်အတူ လိုက်ကြည့်ရင်း ကျေနပ်နစ်သိမ့်စွာ ပြုံးနေသူက ဒေါက်တာဝေမိုး။ သူလိုချင်တာ ဒါပဲဖြစ်သည်။

"စန္ဒီ"

"ပြောပါ"

"စန္ဒီ ဝေယျာဝစ္စတွေလည်း နောင်းကို အားမနာတမ်း ခိုင်းပါနော်၊ နောင်း ကူညီပေးချင်လို့ပါ"

"စန္ဒီ့အလုပ်တွေ ဒေါ်နုလုပ်ပေးပြီးသားပါ"

"ဪ"

"စန္ဒီက အိမ်မှာအမြဲမရှိဘူး နောင်း၊ ပွဲတွေအမြဲတက် နေရတော့ သူ့ဝေယျာဝစ္စတွေအားလုံး ဒေါ်ဒေါ်နုက လုပ်ပေးနေတာ၊ နောင်း ဘာမှလုပ်ပေးစရာမလိုဘူး"

"ကိုကို"

ကိုကို့ကို စန္ဒီ တအားအော်ပစ်လိုက်သည်။ စန္ဒီက ပြော ချင်တာ အဓိပ္ပာယ်တစ်မျိုး၊ ကိုကိုပြောတာက အဓိပ္ပာယ်တစ်မျိုး ဆိုတော့ အခုကတည်းက နောင်းဘက်က ရပ်တည်ပြနေသည့် ကိုကို့ကိုကြည့်ပြီး နှလုံးသားတွေ ဆတ်ဆတ်ခါ နာသွား၏။

"သက်ထားတို့ပွဲကို မင်းသွားရဦးမှာမဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျနေမှာစိုးလို့ သတိပေးတာ"

ချာခနဲ လှည့်ထွက်သွားသည့် ကိုကို့ကျောပြင်ကိုကြည့်ပြီး စန္ဒီ ဘာမှမပြောနိုင်အောင် နှုတ်ဆွံ့အလျက် ကျန်ခဲ့သည်။ စန္ဒီနဲ့ ကိုကို့ကြားက အမုန်းက ဘယ်တော့မှအဆုံးသတ်မှာလဲ ဆိုတာ စန္ဒီကိုယ်တိုင်လည်း မသိတော့။ ကိုကို့ဆီက ဥပေက္ခာတရားက ဘယ်လောက်ကြောက်စရာကောင်းလဲဆိုတာ တွေးမိတိုင်း စန္ဒီ့ရင်ထဲ နင့်နဲ့စွာ ကွဲကြေသွားရမြဲဖြစ်သည်။

◆ ◆ ◆



## အခန်း (၇)

"ရော့…ဒါ ကိုကြီးအတွက်"

"အို…မစားရပါဘူး"

လွန်က သူမလက်ထဲက ချောကလက်ကို ရန်ပြေစားဖို့ လှမ်းအပေး စန္ဒီက သမီးဖြစ်သူလက်ထဲက ချောကလက်ကို ပုတ်ချလိုက်၏။

တစ်ယောက်က ကမ်းပေးသည်။ တစ်ယောက်က ပုတ်ချသဖြင့် ရွှေရောင်အခွံခွာပြီးသား ချောကလက်တောင့်ကြီးက ဘယ်သူ့လက်ထဲမှ မရောက်ဘဲ မြေပေါ်အတားအဆီးမဲ့ ပြုတ်ကျသည်။

"သမီး လွန်ကလေး"

"မာမီကလည်း လွန်က ကိုကြီးအတွက် ပေးနေတာကို"



www.burmeseclassic.com

www.burmeseclassic.com



"သမီးကို မာမီ ဘာပြောထားလဲ လွန်"

စန္ဒီက ဒေါသနှင့် လွန့်ဘက်လှည့်ပြောရင်း ရန်ပြေဘက် ဆတ်ခနဲလှည့်ရပ်တော့ စန္ဒီ့မျက်လုံးများက ဒေါသနှင့် ဝင်းဝင်း တောက်နေ၏။

"ဒီမှာ ရန်ပြေ"

"ကျွန်တော် ချောကလက် မကြိုက်ဘူးဗျ"

စန္ဒီ ဘာမှမပြောရသေးခင် ရန်ပြေက စန္ဒီ့အရင်ဦးအောင် ဖျတ်ခနဲလှုပ်ရှားလိုက်တာ ရိပ်ခနဲမို့ စန္ဒီ သတိထားမိသည့်အချိန် မှာ ရန်ပြေ တက်ချန်ပစ်သော ချောကလက်ပြားက ကွန်ကရစ်ခင်း ပေါ် ရစရာမရှိအောင် ကျိုးကျေသွား၍ ထိုမြင်ကွင်းကိုကြည့်ကာ စန္ဒီ့ရင်ကို ဒေါသမီးက ဝုန်းခနဲဆောင့်တက်သွားကာ မျက်စိထဲ ဘာကိုမှမမြင်တော့ဘဲ ပြာခနဲ သတိလစ်ထွက်သွားကာ ရန်ပြေ ပခုံးကို ဆောင့်တွန်းပစ်လိုက်၏။

"မင်း…မင်း ရိုင်းလှချည်လား ရန်ပြေ၊ ဒီချောကလက် တစ်တောင့်ရဲ့တန်ဖိုးကို မင်းသိလား၊ မင်း ထမင်းဆယ်ရက်လောက် မစားဘဲ ဝယ်ရင်တောင် မရဘူးဟဲ့၊ နင်သိရဲ့လား အောက်တန်း စားရဲ့"

"ကျွန်တော့်ကို အောက်တန်းစားလို့ မခေါ်နဲ့"

ရန်ပြေက ခြေနှစ်ချောင်းခွဲရပ်ပြီး စုံချထားသော လက် တွေက လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း စန္ဒီကို အခိုး





အငွေ့တွေ လှုံ့ထွက်လာတော့မဟုတ် မီးဝင်းဝင်းတောက်နေသည့် ရန်ပြေ့မျက်လုံးတွေကိုကြည့်ပြီး စန္ဒီ ဒေါသက ထိန်းသိမ်းမရ ဖြစ်သွား၏။

"နင်တို့ကို လမ်းဘေးကနေ ငါ့ယောက်ျား ဒီအိမ်ပေါ် ခေါ်တင်လာတာ၊ ထမင်းလေးဝတာနဲ့ ကျေးတဲ့လက် ပြန်ကိုက် ချင်တာ ခွေးလောက်တောင် အဆင့်မရှိတဲ့ဟာတွေ"

"ကျွန်တော် ခွေး မဟုတ်ဘူး"

"နင် ငါ့ကို ပြန်မအော်နဲ့"

လက်ပြန်ရိုက်ချရန် ရွယ်သည့် စန္ဒီ့လက်က လေထဲမှာ ပဲ တန့်သွားသည်အထိ တစ်စုံတစ်ယောက်၏ ဖမ်းချုပ်ခြင်းကို ခံလိုက်ရ၏။

"စန္ဒီ"

စန္ဒီက ချုပ်ကိုင်ခံရခြင်းထက် ခပ်ဆောင့်ဆောင့်ခေါ်သော ကိုကို့အသံကို ပိုရင်နာရကာ နှလုံးသားတွေ အခံရခက်အောင် နာကျင်သွား၏။

"မင်း ဘယ်လိုဖြစ်နေတာလဲ စန္ဒီ"

"စန္ဒီကို လာမဆွဲနဲ့ ကိုကို"

"ဆွဲရမှာပဲ၊ မင်းကွာ အရွယ်ချင်းမမျှတာကို"

"အဲဒီ မမျှတဲ့အရွယ်က ပြန်ပြောနေတာကျတော့ရော ကိုကို မပြောဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဝေမိုးက ကိုင်ထားဆဲ စန္ဒီလက်ကို ဆောင့်အောင့် လွှတ်ချလိုက်၏။

"မင်းလုပ်ပုံတွေ ငါ အစအဆုံးမြင်တယ် စန္ဒီ"

"ဩော်...ဟော်၊ ကိုကိုက စန္ဒီ မတရားဘူးလို့ပြောချင်တာပေါ့...အဲဒီလိုလား"

"မင်း လူစိတ်ရှိရင် ငါ့ကိုတောင် မေးခွန်းပြန်ထုတ်နေစရာမလိုဘူး စန္ဒီ"

"နေစမ်းပါဦး ဦးဝေမိုးရဲ့"

စန္ဒီက တမင်အကာ ခါးထောက်ရပ်ရင်း ကိုကို့ကိုမျက်တောင်ဖျားတွေ မေးစင်းကာ စိုက်ကြည့်သည်။

"မသိလို့ မေးပါရစေဦး၊ ရှင် သူတို့သားအမိကို ကျွန်မတို့သားအမိနဲ့ တန်းတူအခွင့်အရေးပေးနေတာလား"

"စန္ဒီ"

စန္ဒီ့စကားအဆုံးမှာ ဝေမိုးက ဒေါသမျက်နှာနီနီနှင့် စန္ဒီကို ကျိုးအော်သည်။ ဆူဆူညံညံအသံတွေကြောင့် မီးဖိုခန်းထဲမှ ပြေးထွက်လာသော နှောင်းခြေလှမ်းက အိမ်ရှေ့ပေါ်တီကိုအောက်မှာပဲ ရပ်သွားသည်။ နှောင်းကိုမြင်လိုက်သည့် စန္ဒီက မဲ့ပြုံးတစ်ချက်နှင့် အားလုံးဆီအကြည့်ဝေ့ရင်း

"အဟွန်း...ဦးဝေမိုးရဲ့ တရားဝင်မိန်းမအနေနဲ့ ဒီလောက်တော့ မေးခွင့်ရှိပါတယ်နော် နှောင်း"





"ရှင်"

"မင်းပါးစပ်ပိတ်ထားစမ်း စန္ဒီ"

"စန္ဒီ မရိုင်းဘူးနော် ကိုကို၊ ရိုးသားမှုတိုင်း မှတ်ကျောက်တင်ခံရဲတယ်၊ နှောင်း ဒီကိုရောက်နေတာ တစ်လရှိပြီ၊ အိမ်အလုပ်တွေ ကူညီတာလည်း နှောင်းကိုကျေးဇူးတင်တယ်၊ ကိုကို့အကြိုက်တွေ စီစဉ်ပေးတာလည်း အသိအမှတ်ပြုတယ်၊ ဒါပေမဲ့ အိမ်ရှင်နဲ့ ဧည့်သည်မှာတောင် စည်းတစ်ခုထားရတယ်၊ အခု စန္ဒီနဲ့ နှောင်းကြားက စည်းက ဘာလဲ၊ အလုပ်ရှင်နဲ့ အလုပ်သမားလား၊ ဒါမှမဟုတ်..."

ပင့်ခနဲမြောက်တက်သွားသည့် စန္ဒီမေးဖျားနှင့် မထိတရိမျက်ဝန်းတွေက တစ်စုံတစ်ရာကို ရည်ညွှန်းပြီးသားဆိုတော့ ဝေမိုးဒေါသက ဝုန်းခနဲ ပေါက်ကွဲသည်။

"ဒီလောက်ဖြစ်လှတဲ့မိန်းမ...ကဲကွာ"

ဝေမိုး၏လက်တစ်ဖက် ရိပ်ခနဲ ချက်ချင်းမြောက်တက်လာသည်။

"အို...မလုပ်ပါနဲ့ ဝေမိုးရယ်"

နှောင်းက တားလည်းတား၊ ဝေမိုးနဲ့ စန္ဒီကြားထဲ အပြေးရောက်လာကာ အလယ်က ဝင်ရပ်လိုက်ပုံက ရိပ်ခနဲဖြစ်၏။

"ငါတောင်းပန်ပါတယ် ဝေမိုးရယ်၊ ငါ့ကို အနေခက်အောင် မလုပ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"စန္ဒီကိုလည်း နှောင်း တောင်းပန်ပါတယ်နော်"

ဝေမိုးကို လှည့်တောင်းပန်ရင်း စန္ဒီဘက် ပြန်တောင်းပန်တော့ နှောင်းမျက်ဝန်းမှာ မျက်ရည်ပြည့်လျှံလျက် မျက်ဝန်းတွေထဲမှာ နူးညံ့ခြင်းတွေ နေရာယူထားပုံက သနားစရာ။

"နှောင်း တကယ်ဒုက္ခရောက်နေတာပါ စန္ဒီ၊ ဝေမိုးနဲ့ နှောင်းက သူငယ်ချင်းတွေပါ၊ ရန်ပြေအဖေဆုံးပြီးတဲ့နောက်မှာ နှောင်းတို့ ခိုကိုးရာမဲ့နေလို့ ဝေမိုးအရိပ်မှာလာခိုတာ တကယ် ရိုးရိုးသားသားပါ၊ နှောင်းကို ဒီအိမ်ရဲ့အလုပ်သမား၊ အိမ်ဖော်တစ်ယောက် အနေနဲ့ သတ်မှတ်ပြီး..."

"အမေ"

ချောက်ချောက်ချားချား အော်လိုက်သည့် သားဖြစ်သူ ရန်ပြေအသံက နှောင်းနလုံးသားကို ဖျစ်ညှစ်ယမ်းခါပစ်လိုက်သည်။

"သူများအိမ်မှာလိုက်နေပြီး သူများမျက်နှာကြည့်နေရမှာတော့ သားမနေချင်ဘူး အမေ"

ကိုးနှစ်သားပေမယ့် လောကဓံအရိုက်အပုတ်ကြားမှာ စီးမျောရင်း ရန်ပြေက လူကြီးလေးလို သိတတ်နားလည်လာကတည်းက ထိုသို့ပြောခဲ့သည်။

"ဘယ်သူ့မျက်နှာမှ မကြည့်ရပါဘူးကွ၊ ဦးက သားကို သားအရင်းလို မွေးစားမှာပါ၊ ဦးမှာ သမီးလေးတစ်ယောက်ရှိတယ် သားထက် တစ်နှစ်ပဲငယ်တယ်၊ သား ညီမလေးတစ်ယောက်





အဆစ်ရတယ် သဘောထား"

ဒုက္ခပင်လယ်ထဲ မျောနေသည့် နှောင်းတို့သားအမိကို ဝေမိုးက အာမခံချက်တွေနဲ့ ခေါ်ခဲ့ခြင်းပါ။ ငြင်းရလွန်း၍ အားနာရတဲ့အထိ ဝေမိုးရဲ့ဖွဲ့ကောင်းမှုကြောင့် ဒီအိမ်ပေါ် နှောင်းတို့သားအမိ ရောက်ခဲ့ခြင်းက သားလေးတစ်မျက်နှာအတွက်ပါ။

"သားရဲ့ပညာရေးကို ငါ အစွမ်းကုန်ပံ့ပိုးပေးမယ် နှောင်း၊ ဆက်ကျန် သူငယ်ချင်းသံယောဇဉ်နဲ့ နင့်သားအတွက် နင်လိုက်ခဲ့သင့်တယ်၊ ငါ့ဆေးခန်းမှာ နင် ဆေးကောင်တာထိုင်တဲ့အလုပ် ဒါစီစဉ်ပေးလို့ရတယ်၊ ဒါဆို ငါ့အကူအညီကို နင် အလကား ယက်ခံတာမဟုတ်တော့ဘူးပေါ့ နှောင်းရဲ့"

ဝေမိုးဘက်က ဘယ်လိုခိုင်လုံတဲ့အကြောင်းပြချက်တွေ ရှိရှိ နှောင်းက ဒီသားတစ်မျက်နှာကြောင့်ပဲ စောင့်ထိန်းအပ်တဲ့ သိက္ခာတရားကို အထိပါးမခံနိုင်ပါ။ ထို့ကြောင့် မျက်ခွံကိုပိတ်ချတော့ မျက်ရည်ပူတွေက နှောင်းပါးပြင်နှစ်ဖက် ရေစွေးစီးကြောင်းသဖွယ် ဖြတ်သန်းစီးဆင်းသွား၏။

"ဒါကြောင့် စန္ဒီနဲ့ နှောင်းကြားမှာ စည်းတစ်ခုသတ်မှတ်ထားလို့ရပါပြီ"

"နင် အဓိပ္ပာယ်မရှိတာတွေမပြောနဲ့ နှောင်း၊ ငါ နင့်ကို ဒီအိမ်ခေါ်လာတာ နင့်ကို အိမ်ဖော်လုပ်ခိုင်းဖို့ မဟုတ်ဘူး"

"ကာယကံရှင်က ဒီနေရာ ဒီလိုပေးပါပြောနေတာကို



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက ဘာတွေခံစားနေရတာလဲ၊ ဒါ အသင့်တော်ဆုံးပဲ၊ ကိုကို့သိက္ခာ နှောင်းသိက္ခာအတွက်လေ၊ လွှန်ကလေးအတွက်"

သမီးဘက် စန္ဒီ လှည့်ရပ်တာနဲ့ ငိုမဲ့မဲ့ဖြစ်နေသည့် သမီးကို စန္ဒီက လက်ဆွဲခေါ်လာရင်း သူ့ရင်ခွင်မှာ ပွေ့ဖက်ထားလိုက်၏။

"ကြားတယ်နော် သမီး၊ အန်တီနှောင်းက ဒီအိမ်ရဲ့ အလုပ်သမား၊ အလုပ်သမားကို သမီး ဘယ်လိုဆက်ဆံရမလဲဆိုတာ သမီးမှတ်မိအောင် မာမီ ထပ်ပြောပြမယ်…လာ"

"မေမေ…လွှန်…ကိုကြီးနဲ့…"

"သာလွှန်ပြည့်စုံ"

လွှန်ရဲ့နာမည်အပြည့်အစုံကို မာမီအခေါ်ခံရတိုင်း မာ ဒေါသထွက်နေပြီဆိုတာ လွှန် သိသည်။ တကယ်တမ်း မာမို့ ကြောက်ရပေမယ့် အခုချိန်မှာ ကိုကြီးကို သနားခြင်းက လွှန့်မာ ကို ကြောက်ခြင်းထက် ပိုနေခဲ့၏။

"လာခဲ့"

စန္ဒီက သမီးကိုလက်ဆွဲခေါ်ရင်း ကိုကို့လက်မောင်း ပါ ချိတ်ပစ်ကာ အားလုံးကို အထက်စီးက ကြည့်လိုက်၏။

"နှောင်းပြောတဲ့စည်းဆိုတာ လုံအောင်ထိန်းနေ ဟိုကောင်လေးကိုပါ ပြောပြထားလိုက်၊ နောက်ထပ် အရှက်ရ မယ့်စကားမျိုး စန္ဒီ ထပ်မပြောချင်ဘူး"

ရန့်ပြေထံမှ စူးရှသောအကြည့်နှင့် ခက်ထန်သောအ





တွေက အရွယ်ချင်းမမျှပေမယ့် သူ့ရင်ထဲက မာနနှင့် အမုန်းကို ထပ်တူကျနေ၏။ မီးပွားတွေ လွင့်စင်လာသည့်အလား ရန့်ပြေရဲ့ မီးတောက်မျက်ဝန်းတွေ အပြိုင်စစ်ခင်းပြီး စန္ဒီဆိုတဲ့မိန်းမကြီး ကျောခိုင်းသွားသည်အထိ ရန့်ပြေ အကြည့်ကိုမလွှဲဘဲ အံကို တင်းတင်းကြိတ်ထား၏။

"သား…သားရယ်"

"စိတ်ကိုလျှော့ပါကွယ်"

ရန့်ပြေ့ကိုယ်လေးကို ပြေးဖက်လာသည့် မေမေ့လက် ဘွေကြားမှာ ရန့်ပြေ ဘဝရဲ့အရှုံးတွေကို အံကြိတ်တောင့်ခံရင်း နှုတ်ခမ်းကို သွေးထွက်မတတ် သွားဖြင့်ဖိကိုက်ပစ်၏။

ဒေါ်စန္ဒီကိုမုန်းသော အငြိုးမီးစွယ်က ရန့်ပြေ့ခန္ဓာကိုယ် မှာ တဖျစ်ဖျစ်လောင်ကျွမ်းစပြုလာ၏။ သေချာတာက ထိုမီးဟာ ဘယ်လိုငြိမ်းငြိမ်း သူ့အတွက် မငြိမ်းသော အမုန်းမီးဖြစ်လာရ ခြင်းဖြစ်သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ယူပါ ကိုကြီးရယ်၊ လွှမ်းနဲ့ဆင်တူဆိုပေမယ့် အရောင်ကျတော့ ကွဲတယ် ကိုကြီးရဲ့၊ လွှမ်းက ပန်းရောင်၊ ကိုကြီးက အပြာရောင်၊ ကျောင်းလည်း အတူတူတက်ရမှာ သိလား၊ မနှစ်ကလို လွှမ်းတစ်ယောက်တည်း ကားနဲ့မသွားရတော့ဘူး၊ ကိုကြီးနဲ့လွှမ်း အတူတူကျောင်းကားစီးပြီး သွားမှာ"

"သာလွှမ်းပြည့်စုံ"

"ရှင်"

ရန်ပြေက ခေါ်သနဲ့ခေါ်သည်။ ထူးတဲ့သူက ညင်သာသိမ်မွေ့စွာ ထူးသည်။ ရန်ပြေက ကြမ်းပြင်ပေါ် ဒူးထောက်ထိုင်ရင်း ပေါင်နှစ်ဖက်ပေါ် လက်စုံထောက်ကာ မျက်နှာလှလှလေးကို မိုက်ကမ်းကမ်း ခပ်တည်တည် ကြည့်လိုက်၏။





"နင် ပြန်တော့"

"ဘာဖြစ်လို့လဲ ကိုကြီး"

"နင့်အမေ သိရင်…"

"မာမီမှမရှိတာ၊ ပြီးတော့ ဒါ ဒက်ဒီကိုယ်တိုင် ဝယ်ပေးထားတာ ကိုကြီးရဲ့"

ရန်ပြေ နင်ပေမယ့် လွှမ်းက သူ့နားက မခွာ။ ရန်ပြေက အဝတ်စုတ်နှင့် ကြမ်းပြင်ကို ကုန်းနေအောင် ပြန်တိုက်ရင်း မျက်ခုံးတို့တွန့်ထား၏။

"နင်သွားတော့ လွှမ်း၊ သွားတော့ဟာ၊ ငါ ဒီမှာ အမေ့အလုပ် ကူလုပ်ပေးနေတယ်၊ နောက်ထပ်လုပ်စရာ အလုပ်တွေသည်း အများကြီးရှိသေးတယ်၊ ငါနဲ့ ဝေးဝေးမှာ သွားနေစမ်းပါ"

ရန်ပြေကပြောရင်း လွှမ်းနဲ့ဆန့်ကျင်ဘက်အရပ်ဆီ ကျောခိုင်းကာ ကြမ်းဆက်တိုက်ရင်း နင့်အမေက ငါ့အမေ အနားမရအောင် ခိုင်းထားတာလို့ စိတ်ထဲက မကျေမချမ်း ရေရွတ်ပစ်သည်။ ဟိုတစ်ခါ ပြဿနာဖြစ်ပြီးကတည်းက အိမ်မှာရှိတဲ့အိမ်အကူအားလုံးကို စန္ဒီက အလုပ်ထုတ်ပစ်လိုက်ပြီး အိမ်မှုကိစ္စအဝဝကို အမေတစ်ယောက်တည်း သိမ်းကျုံးလုပ်ခိုင်းသည်။ ဝေမိုးအိမ်ဖော်ထပ်ခေါ်ပေးမယ့် စန္ဒီက လက်မခံ။

"ပင်ပန်းတာမှမဟုတ်တာ ကိုကိုရယ်၊ မီးမွှေးပြီး ထမင်းချက်ရဘူး၊ ခလုတ်တစ်ချက်နှိပ်တာနဲ့ ထမင်းက အလိုလိုကျက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးသား၊ အဝတ်လျှော်လည်း အားအင်သုံးစရာ မလိုဘူး၊ ခလုတ်လေးနှိပ်ရုံပဲ၊ လက်ညှိုးလေးတစ်ချောင်းကို ကောင်းကောင်းအသုံးချတတ်ဖို့ပဲ လိုတာပါကွယ်၊ မိသားစုသဘောပါပဲ ကိုကိုရယ်၊ အားလုံး ဝိုင်းလုပ်ဝိုင်းစားဆိုတော့ ပျော်တောင် ပျော်စရာကောင်းသေးတယ်''

''ဟုတ်တယ်နော် နှောင်း''

''ဟုတ်ပါတယ် စန္ဒီ''

ဦးဦးဝေမိုးရှေ့ကျ ဒေါ်စန္ဒီက အပြောလည်းချို၊ အကြည့်လည်းချို၊ အလုပ်တွေထဲ ဟိုပါဒီပါနှင့် ဦးဦးကွယ်တာနှင့် အိမ်အလုပ်တွေ တစ်ခုပြီးတစ်ခု မေမေ့တစ်ယောက်တည်းကို လက်ညှိုးညွှန်ခိုင်းသွားတာများ ရန်ပြေမှာ မေမေ့ကိုယ်စား နားတောင်အေ ရင်းတောင် မောရတဲ့အထိဖြစ်သည်။

''ဒီမိန်းမကြီး သက်သက်ညစ်တာ အမေ၊ အခါတိုင်း လူသုံးယောက်လောက် လုပ်ရတဲ့အလုပ်ကို အခု အမေ့တစ်ယောက်တည်းခိုင်းတာ၊ ဒါ အနိုင်ကျင့်တာ၊ သုံးထပ်ကြီးကို တက်လိုက် ဆင်းလိုက်နဲ့ သန့်ရှင်းရေးလုပ်ရ၊ ထမင်းဟင်းပြေးချက်ရ၊ ခြံထဲ ပန်းပင်ရေဆင်းလောင်းရနဲ့၊ ဒီကြားထဲ သူ့ရဲ့အလှအပကိစ္စပါ ပါသေးတာ၊ သူ့ခြေသည်းနီဆိုးပေးရတာနဲ့၊ ဖျက်ပေးရတာနဲ့၊ သူက ဘာလို့လဲ၊ ဘုရင်မလား၊ သခင်မလား''

ညမှ ရန်ပြေတို့သားအမိချင်း အေးအေးဆေးဆေး မျက်နှ





ချင်းဆိုင်ရသည့်အခန်းထဲ ရောက်သောအခါ ရန်ပြေက သူ့ရင်ထဲက မကျေလည်သမျှ အမေ့ကိုဖွင့်ထုတ်သည်။ တစ်နေကုန် အလုပ်နဲ့ လက် မပြတ်အောင် လုပ်ရသော အမေ့ကို နှိပ်နယ်ပေးရင်းက သူ ဆူအောင့်သမျှ အမေက အပြုံးမပျက်။

''အမေ မပင်ပန်းပါဘူး သားရယ်၊ ဒီလိုလုပ်ရလို့လည်း သူ့အောက်ကျို့တယ်ဆိုပြီး အမေ မခံစားရဘူး၊ အဲဒါ ဘာကြောင့်လဲ သားသိလား''

အမေက လက်ဖဝါးနှစ်ဖက်ထဲ ရန်ပြေမျက်နှာကို ညှစ်ယူ မော့စေရင်း

''အမေ့သားကြောင့်ပေါ့၊ ဒီလိုတွေပေးဆပ်ရလို့ အခု အမေ့သားက လုံခြုံတဲ့အရိပ်တစ်ခုရတယ်၊ ပတ်ဝန်းကျင်ကောင်းနဲ့ ထိတွေ့ရတယ်၊ အမေ မထားပေးနိုင်တဲ့ ကျောင်းကောင်းမှာ တက်ရမယ်၊ သားပညာရေး ခါးလယ်မပြတ်သွားတာ အမေ့အတွက် ခွန်အားပဲ၊ နာကျင်စရာကို နာကြည်းစရာအဖြစ် ပြောင်းနေရင် သားရင်ဘတ်ထဲ အနာအဆာတွေချည်း ပြည့်နေတော့မှာပေါ့၊ နာကျင်သမျှ ခွန်အားအဖြစ် ပြောင်းပြီးကြိုးစားပစ်လိုက်ပါ သားရယ်၊ အဲဒီလို ကြိုးစားနိုင်တဲ့သူက ဘယ်လိုလူတွေကြားမှာပဲနေနေ တန်ဖိုးပိုရှိပါတယ်''

အမေက ရန်ပြေကို ထိုသို့ဆုံးမခဲ့ပေမယ့် မနာခံချင်သော ရန်ပြေ့စိတ်က ရိုင်းစိုင်းချင်တာ မဟုတ်ခဲ့ပါ။ ဒေါ်စန္ဒီ၏ မတရား



www.burmeseclassic.com

www.burmeseclassic.com



တာကို ခေါင်းငုံ့မခံချင်တာပဲဖြစ်သည်။ အထူးသဖြင့် အမေ ပင်ပန်းနေတာ မကြည့်ရက်၍ အမေ့အလုပ်တွေကို မျှကူတာ သပ်သပ်၊ ရန်ပြေမှာ ကျေးကျွန်စိတ်မရှိတာက သပ်သပ်မို့ ဒေါ်စန္ဒီ ပြောသမျှ ခေါင်းညိတ်မနာခံနိုင်ဘဲ ဖြစ်နေ၏။

"ဟော့..ကောင်လေး၊ ငါ့ကို စီးကရက်မီးညှိပေးစမ်း"

စားပွဲပေါ်မှာရှိနေသည့် မီးခြစ်ကို မေးဆတ်ပြပြီး ရန်ပြေကို တမင်မီးညှိခိုင်းသည့် ဒေါ်စန္ဒီပုံစံက မုန်းစရာ။

"ဟဲ့...ငါ့ဖိနပ် တိုက်ထားစမ်း"

ဒေါ်စန္ဒီဘက်က မရိုးနိုင်အောင် ခိုင်းသမျှ ရန်ပြေက တစ်ခုမှမနာခံတတ်သည့်အခါ ဒေါ်စန္ဒီမြားဦးက အမေ့ဘက် ဦးတည်သွား၏။

"ရှိုင်းတာကို ရိုင်းတယ်မှတ်ရင် ဘယ်တော့မှယဉ်ကျေး တော့မှာမဟုတ်ဘူး နှောင်း၊ သူ့အဝကို သူ မသိသေးရင် သိအောင် လုပ်ပေးရမှာ နှောင်းတာဝန်၊ သူ့ဆန်စားရဲရတယ်ဆိုတဲ့ စကားကို နားလည်အောင် ရှင်းပြထားလိုက်ပါ၊ စန္ဒီဒေါသက အရွယ်သုံးပါး မရွေးလို့ နောက်မှ ဒီကအလွန်လို့ မပြောမိစေနဲ့"

ရန်ပြေဆိုတဲ့ ဒီကလည်း အရွယ်သုံးပါးမရွေးဘူး၊ ယောက်ျား မိန်းမ မကြည့်ဘူးလို့ စိတ်ထဲကပြောနေပေမယ့် ဦးဦး မျက်နှာကြောင့် ရန်ပြေရင်ထဲကဒေါသကို မျိုသိပ်ခဲ့ရတာ အများ ကြီးပါ။





"ဦးက အပြင်လူဆိုပေမယ့် ဒီအိမ်ရဲ့အမိကကျတဲ့ကိစ္စ တိုင်း ဦးပဲဆုံးဖြတ်ခွင့်ရှိတာ၊ ဒါကြောင့် သားတို့ကို ဦး တာဝန်ခံ ပြီး ခေါ်ထားခဲ့တာပေါ့၊ သားစိတ်ထဲ ဘာတွေဖြစ်နေမလဲ ဦး နားလည်တယ်၊ ဒါပေမဲ့ အသေးအမွှားတိုင်း အကျယ်ချဲ့ခံစားနေ ရင် အလုပ်အကိုင်အကြီးကြီးတွေ မအောင်မြင်တတ်ဘူး သား၊ အလယူရာမတိမ်းဘဲ ကိုယ့်ပန်းတိုင်ရောက်အောင်သွားနိုင်တဲ့သူကမှ အကယ့်သူရဲကောင်း"

ဦးဦးရဲ့ ဆုံးမစကားတိုင်းက ရန်ပြေကို ခွင့်လွှတ်ပါ၊ သည်းခံပါလို့ ပြောနေသည့်အတိုင်း။ ဒီမိန်းမကြီးကိုရော ဦးဦးက ရန်ပြေလို ဆုံးမစကား မပြောတော့ဘူးလား။ ကြီးသူနဲ့ ငယ်သူမှာ ရန်ပြေဆိုသည့် သူကသာ သည်းခံခြင်းတရား ရင်ဝယ်ပိုက်ရမတဲ့ လား။

"ကိုကြီး"

လွမ်းထံမှ ခေါ်သံကြောင့် အတိတ်ဆီကူးလူးနေသော ရန်ပြေ့စိတ်က ပစ္စုပ္ပန်မှာ ခြေချပြန်သည်။ ရန်ပြေ့ရင်ထဲက နာကျည်းခြင်းတွေနှင့် ဖိပွတ်တိုက်နေတာကြောင့် ကြမ်းပြင်က မှန်လိုအရိပ်ထင်နေသည်။ ထိုကြမ်းပြင်ထဲမှာ မော့မကြည့်ဘဲ ရန်ပြေ မြင်နေရသည်က သာလွန်ပြည့်စုံ။

"အားလုံးထက် သာလွန်စေချင်လို့ ဒီနာမည် ရွေးပေး ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စန္ဒီဆိုသည့် မိန်းမကြီးက ဒီလို အတွာကြီးသည့်နေရာမှာ နှစ်ယောက်မရှိ။ သာလွန်ပြည့်စုံမှာမည်နှင့် ပတ်သက်ပြီး ရန်ပြေကြားဖူးတာအမှတ်ရတော့ ရန်ပြေ့နှုတ်ခမ်းထက်မှာ အရွယ်နှင့်မလိုက်သော မဲ့ပြုံးထင်၏။

"လွန့်ကို စိတ်ဆိုးနေတာလားဟင်"

နားရွက်အထိထားသော လွန်၏ဆံပင်အုပ်အုပ်လုံးလုံးလေးက နက်မှောင်နေခြင်းကြောင့် ဖန်းရောင်လွှမ်းသော သာလွန်ပြည့်စုံရဲ့ မျက်နှာလေးကို ဘောင်ခတ်ပေးထားသလို လှချင်တိုင်းလှနေသည်။ မျက်လုံးဝိုင်းဝိုင်းလေးမှာ မျက်တောင်က ရှည်ကော့မနေဘဲ တိုစိပ်စိပ်လေးမို့ မျက်ဝန်းတစ်ဝိုက် နက်မှောင်စိုလဲ့နေသလိုရှိကာ နှာတံကျတော့ပေါ်ပေမယ့် သိပ်ထင်ရှားတာမဟုတ်။ သို့သော် နီမြန်းပါးလှပ်သည့် နှုတ်ခမ်းတွေက စုစုထွေးထွေးလေး ဖြစ်နေတာမို့ လွန့်ပုံစံက ကော်ပတ်ရုပ်လေးနဲ့တူသည်။ လွန် ချစ်စရာကောင်းတာလည်း ရန်ပြေ ဝန်ခံပါသည်။ စတွေ့ကတည်းက ခင်မင်စိတ်ရှိခဲ့ပေမယ့် လွန့်အမေ ဒေါ်စန္ဒီကိုတော့ ကြည့်မရအောင် မုန်းသည်။

"လွန်ကတော့ တစ်နေ့တစ်နေ့ တွေးပြီးပျော်နေတာ ကိုကြီးရဲ့၊ ကျောင်းအတူတူတက်ရရင် မာမီ့ကွယ်ရာမှာ ကိုကြီးနဲ့ လွန် စကားတွေ အကြာကြီး ပြောလို့လည်းရပြီ၊ မုန့်အတူစားလို့လည်း ရပြီ၊ ပြီးတော့ လွန့်သူငယ်ချင်းတွေကို လွန့်မှာ သိပ်ချော





တဲ့ အစ်ကိုတစ်ယောက်ရှိတယ်ဆိုတာပါ ကြွားလို့ရပြီ"

"လွန်ကလေး"

လှေကားထိပ်မှ ဒေါ်စန္ဒီ၏အသံကြောင့် လွန့်ကိုယ်လေးဆတ်ခနဲ မတ်သွားသည်။ ဒေါ်စန္ဒီက ခရမ်းရင့်ရောင်ကုတ်အင်္ကျီ၊ ခရမ်းရင့်ရောင် ခြေမျက်စိအထက်နားရောက်တဲ့ ဘောင်းဘီနှင့် ကြိုးသိုင်းဖိနပ်ကျတော့ အနက်နှင့်။ မာမီက ကိုကြီး လက်နေအောင် တိုက်ထားသော ကြမ်းပြင်ဆီ ဒီတိုင်း နင်းလျှောက်လာတာကို လွန် ငေးကြည့်နေမိသည်။

"ဒါ ဘာလုပ်နေတာလဲ လွန်ကလေး"

"ဟို ဒက်ဒီပေးခိုင်းထားတဲ့ ကျောင်းပစ္စည်းတွေ လာပေးနေတာ မာမီ"

ဒေါ်စန္ဒီက ကြမ်းပြင်ပေါ် အပုံလိုက်ချထားသော ပစ္စည်းတွေကိုကြည့်ရင်း သူနှင့်မဆိုင်သလို ကြမ်းကိုသာ ဖိပွတ်နေသည့် ရန်ပြေထံ မျက်လုံးရောက်လာတာနှင့် စန္ဒီ့ရင်ထဲမှာ ဒေါသကဝုန်းခနဲဖြစ်သွားသည်။ မျက်ခုံးနှစ်ခုကို ကုပ်ချထားတာ၊ နှုတ်ခမ်းကို တင်းတင်းစေ့ထားတာ၊ ဒါတွေကို အနီးကပ်မကြည့်ဘဲ တွေ့နေရသည်။ ထိုခက်ထန်သောမျက်နှာနဲ့ ဒင်းကို စန္ဒီ့သမီးက ခခယယ တောင်းပန်ချော့မော့နေရသော မြင်ကွင်းက စန္ဒီ့ဒေါသကို ရိုက်ပုတ်နှိုးသည့်နှယ်။

"သမီးကို မာမီပြောထားတာ မမှတ်မိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မာမီ"

"ဂုဏ်မရှိ ငွေမရှိတဲ့လူတွေမှာ မာနဆိုတာပဲ ရှိတော့ အထာထားရတဲ့မာနတွေ ကြီးပြနေတာ လေးစားစရာလား သမီး။ မှတ်ထား…မာနဆိုတာ ထမင်းလို ဗိုက်ဖြည့်ခံတဲ့အရာ မဟုတ်ဘူး"

စန္ဒီက ရန်ပြေကို စိတ်ထဲရှိသည့်အတိုင်း အခံရခက်အောင် တမင်ပြောကာ ရန်ပြေတိုက်ထားသည့် ကြမ်းပေါ် ခြေရာထင်အောင် ကြမ်းပြင်တစ်လျှောက် ဥဒဟို တမင်သွားပစ်သည်။

"လူဆိုတာ မော့ကြည့်သင့်တဲ့လူကို ခေါင်းမော့ကြည့်တတ်ရတယ်၊ သူပေးတာယူ၊ ကျွေးတာစားပြီး မရှိမာနနဲ့ ကောင်းကင်ထိ တက်ချိတ်နေလည်း ရှက်တတ်ရင် လဲသေဖို့ကောင်းတယ်။ ဘယ်သူကျွေးတဲ့ထမင်းနဲ့ အသက်ဆက်နေသလဲဆိုတာ"

အဝတ်စကို လက်ထဲကျစ်နေအောင် ဆုပ်ကိုင်ထားရင်း ရန်ပြေမျက်ရည်ပူက လက်ခုံပေါ် ပေါက်ခနဲကျသည်။ ရင်ထဲမှာ ခံပြင်းစိတ်က မုန်တိုင်းလို မွှေနေပေမယ့် လူက ကျောက်ရုပ်အတိုင်း ရှိနေ၏။

"အိမ်ဖော်ရဲ့သားက အိမ်ဖော်ဖြစ်မှာကို မမေ့နဲ့ လွှန်ကလေး၊ မာမီ့သမီးက တစ်ခါတစ်ခါ သတိလစ်သွားတယ်ထင်တယ်၊ တစ်မိုးတည်း အတူနေနေတာဆိုတော့လည်း ဒီလိုပဲဖြစ်မှာပေါ့၊ အေးပါ…မာမီပဲ စီစဉ်ရမှာပေါ့"





"မာမီက ဘာစီစဉ်မှာလဲ၊ တော်ကြာ ဒက်ဒီပြန်လာရင် မာမီ အဆူခံထိ…"

"နှောင်း"

လွှန်ရဲ့အသံကို မာမီ့ခေါ်သံကျယ်ကြီးက ဖုံးလွှမ်းသွားသည်။

"လာပြီ စန္ဒီ၊ ဒီမှာ သံပရာရည်ပါ ဖျော်လာတယ်၊ စန္ဒီ အမောပြေသောက်ဖို့"

အန်တီနှောင်းက လက်နှစ်ဖက်နဲ့ တရိုတသေကမ်းပေးတဲ့ အအေးခွက်ကို မာမီက တစ်ကျိုက်မော့ရင်း ဖန်ခွက်ကို စားပွဲပေါ်တင်လိုက်၏။

"အထုပ်အပိုးတွေပြင်တော့ နှောင်း"

"စန္ဒီ…နှောင်းကို…"

အံ့ဩခြင်း၊ စိုးရိမ်ခြင်းတွေ ရောယှက်နေတဲ့ နှောင်းမျက်နှာကို စန္ဒီက ခပ်ထေ့ထေ့စိုက်ကြည့်ရင်း မထီတရီ ပြုံးသည်။

"အယွှန်း…နှင်မချပါဘူး နှောင်းရဲ့၊ မစိုးရိမ်ပါနဲ့၊ ဒါပေမဲ့ လူဆိုတာ ကွဲပြားတဲ့ ကိုယ့်အဆင့်ကိုယ်သိဖို့ ခွဲခွဲခြားခြားနေတတ်ဖို့တော့ လိုမယ်၊ စန္ဒီပြောတဲ့အတိုင်း နှောင်း ပစ္စည်းတွေ သိမ်းထားလိုက်ပါ၊ လာ…သမီး"

စန္ဒီက လွှန်ကလေးကို လက်ဆွဲပြီး နှောင်းတို့သားအမိကို ကျောခိုင်းထွက်လာပေမယ့် နှောင်းရဲ့စိုးရိမ်တကြီးဖြစ်သွားသော



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို မြင်ယောင်ပြီး စန္ဒီရင်ထဲ အုံမြူးနေတာ ကိုယ်တိုင် အသိဆုံးဖြစ်သည်။ ဒီအိမ်ကြီးပေါ် နှောင်းတို့သားအမိ စရောက် ကတည်းက ကိုကို မျက်နှာသာပေးမှု၊ အလေးထားမှုတွေရထား သော နှောင်းကို စန္ဒီ မုန်းနေသည်။ ဘာအားကိုးနဲ့မှန်းမသိဘဲ ကျွတ်ဆတ်မှုန့်တေနေတတ်သော ရန်ပြေကို ငြိုငြင်ချင်သော စိတ်တို့ကြောင့် ဘာလုပ်လုပ် ကြည့်မရအောင်ဖြစ်နေတာ သူ့အဖေ ကိုမုန်းသည့် အမုန်းကြောင့်လား။ ဘာပဲဖြစ်ဖြစ် ဘယ်ဘဝက ပါလာမှန်းမသိသော အမုန်းရေစက်က ကြောက်စရာကောင်းနေ သည်က အမှန်ဖြ်၏။

◆ ◆ ◆



အခန်း (၅)

"ယူပါဟာ၊ နင့်ကိုပေးဖို့ တစ်ညလုံး အိပ်ရေးပျက်ခံ ပြီး ရေးထားရတာ"

"အို…မယူပါဘူး၊ ဖယ်စမ်း"

"မဖယ်ဘူး၊ ဒါလေးယူမှ"

"လင်းထက်နော်…ပြောမရရင် ပါးရိုက်လိုက်မယ် သိလား"

"ရိုက်ပါ၊ ကိုယ့်ပါးပေါ် မင်းလက်ဖဝါးနုနုလေး ခြေချ သွားတာ မြင်ချင်လို့"

"ကဲဟယ်"

"ဟာ…ဟိတ်"

ရှေ့မှာကားဆီးနေသူ ရင်ဘတ်ကို လွှန် အားရှိသရွှေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်တွန်းသည်။ အားနဲ့မို့ အရှိန်နှင့် နောက်ပြန်လန်သွားသော လင်းထက်ကို နောက်မှာထားပြီး နေရာက လွန် ထွက်သွားရ ခြေလှမ်းပြင်ပေမယ့် နောက်မှ ကျောပိုးအိတ်ကို ဆောင့်ဆွဲခံလိုက်ရတာကြောင့် ခြေလှမ်းက လိုရာကိုမရောက်ဘဲ ဖြစ်သွား၏။

"ဟိတ်"

"အမလေး"

"ငါ့သူငယ်ချင်းကို နင် ဒီလိုရက်စက်သွားလို့ မရဘူး သာလွန်ပြည့်စုံ"

"ဟင်"

"လွင်ဦး"

လွန်က အံကြိတ်ပြီးခေါ်သလောက် လွင်ဦးက ည ကျယ်ကျယ် စပ်ဖြီးဖြီးရပ်နှင့် လွန့်ကျောပိုးအိတ်ကို ထိုးကော နှင့် ချိတ်ဆွဲထား၍ လွန်မှာ နောက်ဘက်လှည့်တော့လည်း ခေါ ထွက်စရာ၊ ရှေ့ဘက် မျက်နှာမူတော့လည်း မှန်းစရာမျက်နှာ ချည်းဖြစ်နေ၍ လွင်ဦးလက်ထဲက ကျောပိုးအိတ်ကို တအာ ဆောင့်ရုန်းပစ်လိုက်၏။

"တောက်…ဖယ်စမ်းဟာ"

လွန်က လွင်ဦးလက်က ရုန်းလည်းရုန်း၊ ခြေဆောင့် လည်း အော်ပစ်သည်။ လူသူရှင်းသည့် လမ်းသွယ်ထဲမို့ လွန် ဖြစ်နေတာလည်း ဘယ်သူမှမမြင်နိုင်။ လင်းထက်က စာအိတ်





လွန့်မျက်နှာများ ကပ်ထောင်ပြရင်း အနားရောက်လာ၏။

"ချစ်လို့ပါဟာ"

"ရှေ့…ယူသွားနော်"

"မယူဘူးလို့ ဆိုနေနော်"

လင်းထက်က မရ။ လွန့်လက်ကိုဆွဲကာ သူ့စာအိတ်ကို နှတ်ထည့်သည်။

"လင်းထက်နော်…လွန့်လက်ကိုလွှတ်စမ်း၊ လွှတ်ဆို နော်"

"ယူမှ လွှတ်မယ်"

ပြောပြောဆိုဆို လင်းထက်က လွန့်လက်နှစ်ဖက်စလုံး ဆွဲချုပ်ထား၍ လွန့်မှာ ဘာမှမတုံ့ပြန်နိုင်။

"နင့်ကို ငါ တကယ်ချစ်တာပါ လွန်ရယ်၊ နင်သာ ငါ့ကိုပြန်ချစ်မယ်ဆိုရင် ငါ့လောက်ပျော်တဲ့သူ ကမ္ဘာမှာရှိမှာမဟုတ် ဘူး"

"နင် ငါ့လက်ကိုလွှတ်ဆို"

"လွန်"

"နင်နော် မယုတ်မာနဲ့"

"ခဏလေးပါ လွန်ရ၊ ကိုယ် လွန့်ကို တကယ်ချစ်တာ ပါ"

"နင်ကလည်း သိပ်ဖြီးကြီးကျယ်မနေနဲ့ လွန်၊ လင်းထက်



www.burmeseclassic.com

www.burmeseclassic.com



နင့်ချစ်သူဖြစ်ရင် လက်ကလေးတင်မကဘူး၊ ဒီပါးလေးတွေ၊ ဒီနှုတ်ခမ်းလေးတွေပါ''

''လွင်ဦး…လူယုတ်မာ၊ နင့်ပါးစပ်ကို ပိတ်ထား''

လွန်က သူမမျက်နှာနား ဝဲခနဲကပ်လာသည့် လွင်ဦးနှာခေါင်းချွန်ချွန်ကြီးကြောင့် အလန့်တကြား မျက်နှာကိုရှောင်ပစ်လိုက်သည်။

''ဟောကောင်''

နောက်ကနေ လှမ်းခေါ်သံကြောင့် လွင်ဦးက ချက်ချင်းငဲ့ကြည့်သည်။ တန်းခနဲဝင်လာတဲ့ ခြေထောက်တစ်ဖက်က လွင်ဦးရဲ့မျက်နှာနှင့် ဖောင်းခနဲ အသံပေး၍ မိတ်ဆက်သွား၏။

''ဝုန်း''

''ဖောင်း''

''အမလေးဗျ''

''ကိုကြီး''

လွန်က ရန်ပြေကို ရုတ်တရက်မြင်လိုက်ရ၍ ဝမ်းသာအားရအော်ရင်း လူကပါ အပျော်လွန်ပြီး ခုန်ဆွခုန်ဆွဖြစ်သွားသည်။ ရန်ပြေက ခြေနှစ်ချောင်းကို ခပ်ခွဲခွဲရပ်ထားပုံက စတိုင်ကျကျကြည့်ကောင်းနေ၏။

''ဟိုနောက်ကကောင်…မင်း အသားမနာချင်ရင် ကောင်မလေးကို လွှတ်လိုက်စမ်း''





''မလွှတ်နဲ့ လင်းထက်၊ မလွှတ်နဲ့''

ပါးစောင်းက ထွက်လာသည့်သွေးကို ပျစ်ခနဲထွေးရင်း လွင်ဦးက ဒယိမ်းဒယိုင်နှင့် ထရပ်သည့်အတွက် လင်းထက်က လွန့်ကိုလွှတ်ပြီး လွင်ဦးနှင့်အတူယှဉ်ရပ်လိုက်၏။

''မင်းက ဘာကောင်မို့လို့ ငါ့ကိစ္စထဲ ဝင်ရှုပ်ရတာလဲ၊ အွန်း…သူများအိမ်မှာကပ်နေ၊ သူများကျွေးတာစားနေရတဲ့ ကောက်ရိုးပုံစောင့်တဲ့ကောင်ကများ''

''ဟာ…ကိုကြီး''

ရန်ပြေ မေးကြောတွေတင်းနေအောင် အံကြိတ်သည်။ ဒီလိုဝင်ပါရင် ဒီလိုအပြောခံရမည်သိသိကြီးနှင့် ဝင်ပါမိတာကိုက သူ့အပြစ်မဟုတ်လား။

''ဟောကောင်…ကောက်ရိုးပုံစောင့်တဲ့ခွေးထူး မလိုချင်မန်းပါနဲ့ကွာ၊ စောင့်သာစောင့်ရတာ၊ မင်းက စားလို့မှမရတာ၊ ခွေးနဲ့ကောက်ရိုးက အဝေးကြီးပဲ၊ မအပ်စပ်ဘူး''

ရန်ပြေဟော်လံအစပ်ကို ခါပေးရင်း ပြောလာတဲ့ လင်းထက် စကားကြောင့် ရန်ပြေ့ခန္ဓာကိုယ်ထဲက သွေးတို့ ပွက်ပွက်ဆူလေပြီ။ သွေးတို့ပူခြစ်ကာ အရေပြားဆီထိုးဖောက်ထွက်တော့မတတ် ဒေါသသည် အတောမသတ်နိုင်ဖြစ်လာသည်။

''ကဲကွာ''

''ခွပ်''



www.burmeseclassic.com

www.burmeseclassic.com



“အား”

“ဝုန်း”

“ဒုန်း”

မြည်သံက ခပ်အုပ်အုပ်ပေမယ့် အားပါးတရ ဆက်တိုက် ထွက်လာပြီးနောက်မှာ ခေါင်းထဲကသွေးတွေ ဖြာခနဲထွက်သွားပြီး ယိုင်လဲသွားသည့် ခန္ဓာကိုယ်ပေါ် ရန်ပြေက အပေါ်စီးမှ လက်သီးချက်တွေ တစ်ချက်ပြီးတစ်ချက် မျက်နှာဆီပစ်သွင်းပုံက လူ့စိတ်ပျောက်နေသည့်နှယ်။ နားထဲကြားနေရတာက ‘အိမ်ဖော်မသား၊ ခွေးသူခိုး၊ အလေအလွင့်ကောင်’၊ ရန်ပြေမျက်စိထဲ သွေးချင်းချင်းထွက်နေတာ လင်းထက်ဖြစ်လိုက် ဒေါ်စန္ဒီဖြစ်သွားလိုက် ဖြစ်နေ၏။

“ကိုကြီး”

“ဆော်တော့”

“ဆော်ပါတော့ ကိုကြီးရယ်”

“တော်ပါတော့နော်”

“အမလေး…ကိုကြီး သေပါပြီ”

လွန့်အသံ အလန့်တကြား အော်ဟစ်ကားမြစ်သံက ရန်ပြေ နားထဲ တိုးဝင်လာသည်။ ဖျတ်ခနဲလှည့်ကြည့်တော့ ရိပ်ခနဲ ပြေးဝင်လာတဲ့ ထီးကောက်ကြီးက ရန်ပြေ့ချိုစောင်းမှာ မိမိရရ မိတ်ဆက်သွားသည်။ တစ်ချက်တည်းမဟုတ်။ ဆင့်ကဲဆင့်ကဲ





ရိုက်တာကြောင့် လွန်မှာ ဒီတိုင်းကြည့်မနေနိုင်။ လွင်ဦးကို ကျောပိုးအိတ်နှင့် ဝင်ရိုက်သည်။

“အမလေး…ကိုကြီးသေပါပြီ၊ လာကြပါဦးရှင်၊ ဒီမှာ ဝိုင်းရိုက်နေလို့ပါ၊ လာကြပါဦးရှင်”

လွန်က အော်လည်းအော်သည်။ လူတွေ နှစ်ယောက် သုံးယောက် တဖျတ်ဖျတ်ပြေးလာတော့ လွင်ဦးက လင်းထက်ကို ဆွဲထူကာ ပြေးနှင့်ပြီ။ နားသယ်တစ်လျှောက် သွေးတွေစီးကျနေသော ကိုကြီးက လဲမကျသေး။

“ဟိတ်ကောင်တွေ မပြေးနဲ့”

“ကိုကြီး မလိုက်နဲ့တော့”

“ကိုကြီးခေါင်းမှာ သွေးတွေအများကြီးထွက်နေတယ်၊ ဒီ…ထ၊ လွန်နဲ့ဆေးခန်းသွားမယ်”

လွန်က ရန်ပြေလက်ကို ဆွဲထူသည်။ ဝိုင်းအုံလာသည့် လူတွေကပါ ရန်ပြေကို ဖေးကူထူပေးကြရင်း စုတ်တသပ်သပ်။

“ရိုက်သွားတာ မနည်းဘူးထင်တယ်၊ သွေးတွေအရမ်း ထွက်နေတယ်”

“သွေးထွက်လွန်သွားလိမ့်မယ်၊ ဆေးခန်း မြန်မြန်ပို့မှ”

“ဟော့…ကားတစ်စီးဝင်လာတယ်ဟော့၊ တားပြီး အကူအညီတောင်းလိုက်”

ဘေးပတ်ဝန်းကျင်က ရုတ်ရုတ်သဲသဲနှင့် အကူအညီပေး



www.burmeseclassic.com

www.burmeseclassic.com



ကြသည့်ကြားထဲမှာ လွန်က ခေါင်းတိုးဝင်လာသော အဖြူရောင် ဓာတ်စီးဒီးကားကို မျှော်လင့်တကြီးကြည့်သည်။

"လွန်ကလေး"

လျော့ခနဲ ကျသွားသည့် မှန်အမည်းနောက်မှာ ဒေါ်စန္ဒီ နှင့် အပေါင်းအပါတချို့ကို လှမ်းမြင်လိုက်ရ၏။ ရန်ပြေက တရိပ်ရိပ် မှုးဝေလာသည်ကို အားတင်းရင်း သူ့ကိုတွဲထားသည့် လွန့်လက်ကို ဖြုတ်ချလိုက်သည်။

"နီးစပ်ရာဆေးခန်း ပို့ပေးလိုက်ပါဗျာ၊ ဒီမှာ ကောင်လေး အရိုက်ခံထားရလို့"

အကြောင်းမသိသူတွေက ဒေါ်စန္ဒီကို ဝိုင်းပြောကြသည်။ ဒေါ်စန္ဒီက ထိုလူတွေကြားထဲ တိုးတိုးဝှေ့ဝှေ့ဆင်းသွားပြီး လွန့် လက်ကို ဆွဲခေါ်လိုက်၏။

"မာမီ"

"လာခဲ့…အမိုက်မ"

"မဟုတ်ဘူး မာမီ၊ လွန့်ကြောင့် ကိုကြီးက…"

"လာခဲ့ဆို လာစမ်း၊ ဘာစကားမှမပြောနဲ့၊ အခု ထ… ပေါ်တက်"

"မာမီ နေပါဦး၊ ဟိုမှာ ကိုကြီးတစ်ယောက်တည်း"

"လွန်"

မာမီက တရွတ်တိုက်မတတ် လွန့်ကို ဆွဲခေါ်သွား…





ရော၊ ကားပေါ်တွန်းထိုးတင်ပြီး မောင်းထွက်သွားတာရောက စက္ကန့်ပိုင်းအတွင်း မြန်မြန်ဆန်ဆန် ပြီးသွား၏။ လူအုပ်ကြီးက ခဏကြောင်သွားပြီးမှ သွေးတွေနှင့် ရပ်ပျက်ဆင်းပျက်ဖြစ်နေသော ရန်ပြေကိုတစ်လှည့်၊ ကားပေါ်ပါသွားသည့် လွန့်ကိုတစ်လှည့် ကြည့်ကာ အံ့သြနေကြ၏။

"ဘယ်လိုမိန်းမလဲကွ"

"အေးလေ…အစာနာတရားမရှိလိုက်တာ"

"ဒီလောက်သွေးတွေ ထွက်နေတာကို"

"ကောင်မလေးကြောင့် အရိုက်ခံရတာကွ"

တစ်ယောက်တစ်ပေါက် ပြောနေကြသော စကားတွေကို ရန်ပြေ ကျော်ခိုင်းလိုက်သည်။ သနားကရုဏာအရိပ်အငွေ့တွေ ရနေပေမယ့် ဒီလောကမှာ ရန်ပြေ မလိုချင်ဆုံး အမုန်းဆုံးက သနားခြင်းဆိုသော စကားဖြစ်သည်။

"ကောင်လေးက ဟိုးအထိ ရောက်သွားပြီဟ"

"ဟော့…ကောင်လေး နေဦးလေ"

"ဟာ…နေပူပူနဲ့ လမ်းမှာတစ်ခုခုဖြစ်ရင်တော့ ဒုက္ခ ပါပဲ"

လူအုပ်နှင့်သူ တစ်စတစ်စ ဝေးတဲ့အထိ ခပ်မြန်မြန် လျှောက်လာခဲ့သည်။ ရန်ပြေခေါင်းက အနာထက် ရင်ထဲမှာ တဆစ် ဆစ် တိုးဆောင့်နေသော ဒဏ်ရာက ပိုအခံရခက်ကာ ပို၍မှာ ပိုခံစားနေ



www.burmeseclassic.com

www.burmeseclassic.com



ရ၏။ တရစပ်စီးကျနေသော သွေးကို အင်္ကျီလက်မောင်းနဲ့ ပင့်သုတ်သည်။ အယ်သူ့ကြောင့်ဖြစ်ဖြစ် သွေးမြေကျရတာ ရန့်ပြေအတွက် အရေးမကြီးပေမယ့် ဒီမိန်းမကြီးကြောင့် သူမာန မြေခရမှာကိုတော့ ရန့်ပြေ အကြောက်ဆုံးဖြစ်သည်။

◆ ◆ ◆



အခန်း (၆)

"တော်တော်နာနေသလား သားရယ်…ဟင်"

ပတ်တီးစည်းထားသည့် ရန့်ပြေခေါင်းက ဒဏ်ရာနေရာကို မေမေက ဖွဖွကိုင်ကြည့်ရင်း မေးသည်။ မျက်ရည်ကြည်တွေ ဆုနေပြီး ငိုချင်တာကို ထိန်းချုပ်ထားရတာမို့ အမေ့နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်နေတာလည်း ရန့်ပြေ တွေ့နေရ၏။ ရန့်ပြေက အမေ့လက်ဖဝါးကို ဆွဲယူဖျစ်ညှစ်ပြီး သူ့ပါးမှာ အပ်ထားလိုက်၏။

"မနာပါဘူး အမေရာ၊ ယောကျ်ားလေး ရန့်ဖြစ်လာတာ ဆန်းမှမဆန်းတာ"

"အမေ့သားက ဒီအရွယ်ရောက်တဲ့အထိ တစ်ခါမှ ရန်မဖြစ်ဖူးဘူး မဟုတ်လား၊ အမေ့ကိုမှန်မှန်ပြောစမ်း သား၊ သားဖြစ်လာတာ လွန်ကလေးနဲ့များ ပတ်သက်နေသလားဟင်၊ စောစောက



www.burmeseclassic.com

www.burmeseclassic.com



တင် စန္ဒီတို့ ပြန်ရောက်လာတာ၊ လွှန်ကလေးလည်း ငိုလို့ အိမ်အပေါ်ထပ်မှာ ဆူကြငိုကြနဲ့ ပွက်လောရိုက်နေတာပဲ၊ အမေ့ကို မလိမ်ပါနဲ့ သားရယ်၊ သား လွှန်ကလေးကြောင့်…”

“အမှန်အတိုင်း အမေသိရရင် ဒီအိမ်ကထွက်သွားကြ မလား အမေ”

“သားရယ်”

နော်င်း ငိုရပါပြီ။ သားပခုံးပေါ် နဖူးနှင့်ထိကပ်ရင်း မျက်ရည်တွေက ချောင်းရေလျှံကျလာ၏။ ဒါလောက်ဆို သား သွေးထွက်သံယိုဖြစ်ရတဲ့အကြောင်းကို နော်င်း ရိပ်မိ၏။ ဒီအရိပ် ကို ခိုနေတာ သား မကြည်ဖြူမှန်းလည်း သိပါသည်။ ဒီမအေ ဒီသား တစ်ဝမ်းတစ်ခါးအတွက် အပြင်မှာ ဘာတွေဝဲလုပ်ရလုပ်ရ နော်င်း မမှုပါ။ နော်င်းစိုးရိမ်တာက နော်င်းသားဟာ သူမလို ပညာတစ်ပိုင်းတစ်စနှင့် ဆိုတာမျိုး အတွေးထဲမှာတင် အဖြစ်မခံ နိုင်တာကြောင့် နော်င်း မျက်ခွံကို တင်းခနဲဖိပိတ်တော့ မျက်ရည် တွေက မခံနိုင်ဘဲ ဝေါခနဲ ပြို၏။

“မငိုပါနဲ့တော့ အမေရာ၊ အမေ စိတ်ဆင်းရဲမယ့်စကား မျိုး ကျွန်တော် ပြောမိသွားတယ်”

“သားရယ်…အမေ သတ္တိမရှိလို့ မဟုတ်ပါဘူး၊ အမေ့ တစ်ကိုယ်ရေအတွက် ဘာတွေရင်ဆိုင်ရပါစေ အမေ ရင်ဆိုင်နိုင် တယ် သား၊ ဒါပေမဲ့ သားရှေ့ရေးကြောင့်၊ သားအနာဂတ်





ကြောင့်…”

“ကျွန်တော် ယောကျာ်းပါ အမေ၊ ဘဝကို ဒေါင်ကျ ကျ…”

“မပြောနဲ့ သား”

ခပ်ဆတ်ဆတ် ထဟန့်တဲ့ အမေ့မျက်နှာကို ရန်ပြေက မြင်ဖူးသူလို ဒီတိုင်း ငေးကြည့်နေမိသည်။

“ဘဝဆိုတာ ကျချင်ရာကျဖို့ ပစ်ချတဲ့ အံစာတုံးမဟုတ် ဘူး သား၊ ဘဝမှာ ရည်မှန်းချက်ရှိတယ်၊ အောင်မြင်မှုဆိုတာ ရှိတယ်၊ အဲဒါတွေရဖို့ ကိုယ့်ဘဝကို စစ်ချစရာမလိုဘူး၊ စနစ်တကျ တည်ဆောက်ယူရမှာ၊ သားဘဝက အောင်မြင်ပြီး မြင့်မားနေတာ မျိုး အမေက မြင်ချင်တာ”

“ဩော်…ဟော်…သားအမိနှစ်ယောက် အခုချိန်ထိ အလွမ်းသယ်လို့ မပြီးကြသေးဘူးပေါ့၊ ဟုတ်လား…နော်င်း”

“စန္ဒီ”

ကြားနေကျပေမယ့် နားဝင်မချိုသော ဒေါ်စန္ဒီအသံက ရန်ပြေတို့ တန်းလျားလေးအထိ ကျူးကျော်လာသည်။ သားအမိ နှစ်ယောက် တစ်ပြိုင်တည်း ငုံ့ကြည့်တော့ အိမ်တံစက်မြိတ်အောက် မှာ ဒေါ်စန္ဒီက မငြိုငြိုအောင် လိုက်ချိတ်တော့မည့် အပြုံးများနှင့် ရန်ပြေတို့သားအမိကို ရန်လိုစွာကြည့်သည်။

“ဘယ်လိုလဲ နော်င်း၊ စန္ဒီ ခိုင်းစရာရှိတာကို နော်င်းတို့



www.burmeseclassic.com

www.burmeseclassic.com

အားတဲ့အထိ စောင့်ရမလား..ပြော"

"မဟုတ်တာ စန္ဒီရယ်၊ နှောင်း အခုပဲလာတော့မလို့ပါ၊ စန္ဒီက ဘာခိုင်းချင်လို့လဲ ပြောပါ"

ရန်ပြေရှေ့မှာ ထိုင်နေရာမှ အမေက ဖုတ်ဖတ်ခါထသည်။ ရန်ပြေကတော့ ကျစ်ခဲနဲ့စုတ်သပ်ကာ ဒီမိန်းမကြီးထံမှ အကြည့်လွှဲ၏။ ဒေါ်စန္ဒီကို ရန်ပြေ ဘယ်လောက်ထိမုန်းလဲဆို ခင်းကို တစ်ခုခု မတွေ့ပြန်ရမချင်း မကျေလည်သောဒေါသက မြင်မိကြားမိသော ကိုယ့်မျက်လုံး နားတို့ကို ထိုးဖောက်ပစ်ချင်တဲ့အထိ မုန်းတာဖြစ်သည်။

"ဆန်းတယ်နော်၊ အိမ်ဖော်ကိုခိုင်းဖို့ အိမ်ရှင်က လိုက်ရှာနေရတယ်ဆိုတာ"

ခံပြင်းဒေါသကြောင့် ရန်ပြေ့သွေးတွေ လှုပ်ရှားသွားတော့ လူက ထိုင်နေရာက မတ်ခနဲဖြစ်သွားသည်။ မီးတောက်မီးလျှံတွေ ထွက်နေသော ရန်ပြေ့မျက်ဝန်းတွေနှင့် ဆတ်ခနဲ ဒေါ်စန္ဒီကို လှည့်ကြည့်တော့ အမေက ရန်ပြေတို့ကြားထဲမှ ဝင်ရပ်လိုက်၏။

"သား..အိုဗာတင်း ဖျော်ပေးထားတယ်၊ ဆေးနဲ့သောက်လိုက်နော်၊ သွားရအောင် စန္ဒီ၊ စန္ဒီ့ညှိသည်တွေ ပါလာတယ်မဟုတ်လား"

"သိသိကြီးနဲ့မေးနေရလား နှောင်း၊ အဲဒီညှိသည်တွေ ကျွေးမွေးညှိခံဖို့ ရှင့်ကိုလာခေါ်တာပေါ့"





ပြောရင်း ဒေါ်စန္ဒီက အမေ့ရှေ့က အရင်ထွက်သွား၍ အမေက ဒေါ်စန္ဒီနောက်က လိုက်သွား၏။

အိမ်နဲ့ဝေးရာ ရောက်သွားတာတောင် နောက်ပါးက ခပ်ယို့ယို့လိုက်သွားသည့် အမေ့ကို အပြစ်တင်မဆုံးဖြစ်နေသော ဒေါ်စန္ဒီအသံကို ရန်ပြေ ကြားနေရဆဲဖြစ်သည်။ မျိုသိပ်ရဖန်များတော့ ရန်ပြေ့စိတ်က ရေလထိတာတောင် မခံချင်တော့ဘဲ ပေါက်ကွဲချင်နေ၏။ သည်းခံခြင်းမှာ အတိုင်းအတာရှိသည်။ ထိုအတိုင်းအတာကျော်လာရင် ဖြစ်လာမယ့်ပြဿနာတွေက အများကြီးဖြစ်သည်။

"တောက်"

ဒေါသတွေက ရန်ပြေ့ကိုယ်လုံးမှာ ယိမ်းယိုးနေ၏။ သူဆက်လက်သည်းမခံနိုင်သောအခါ အနီးမှာရှိသော ဖန်ခွက်ကိုယူပြီး ကျောခိုင်းသွားသော ဒေါ်စန္ဒီကို လှမ်းပစ်ပေါက်လိုက်၏။

"ကဲကွာ"

"ခွမ်း"

"အမလေး"

"လွှန်"

ရန်ပြေ့အိမ်ထဲ လှမ်းဝင်မည့် လွန့်ခြေထောက် ပန်းရောင်လေးက တစ်စစီကွဲကြေသွားသည့် ဖန်စတွေနေရာမှာပဲ ရပ်သွားသည်။ ဖန်ခွက်အကွဲအစတွေက လွန့်ရှေ့မှာ တစ်စစီပြန့်ကျဲလျက်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းစွာ ဆီးကြိုကြ၏။

"ကိုကြီး"

"ဘာလာလုပ်တာလဲ လွန်"

လွန်က ခေါသအရှိန်နှင့် အရောင်ရင့်နေသော ကိုကြီးကို မရဲတရဲ လှမ်းကြည့်၏။ လွန်က ဖန်ကွဲစတွေကိုကျော်ပြီး ကိုကြီး အိမ်ထဲ ခြေလှမ်းချတာလည်း ကြောက်ကြောက်လန့်လန့်နှင့်ဖြစ် သည်။

"ဟော့…မေးနေတယ်လေ၊ ဘာလို့ အိမ်ထဲဝင်လာ တာလဲ"

ရန်ပြေ အော်ပစ်တော့လည်း လွန်က မျက်လွှာချပြီး ဇက်ကလေးပုသွားပေမယ့် ခြေလှမ်းကတော့ ရပ်မသွား။ ရန်ပြေ အနားသို့မရောက်ရောက်အောင် လှမ်းလာသည်။

"ကိုကြီးကို သတင်းလာမေးတာ"

"ဘာ…ငါ့ကို"

"ကိုကြီးက လွန့်ကြောင့် ဒဏ်ရာတွေ အများကြီးရ သွားတာ မဟုတ်လားလို့"

လွန်က ဂါဝန်ပန်းရောင်လေးရဲ့ အနားစကို သိမ်းတိုး ရင်း ရန်ပြေမျက်နှာကို မဝံ့မရဲလေးကြည့်ရင်း ပြောသည်။ ရန်ပြေ က လွန့်ကိုကြည့်ကာ စိတ်ပျက်သလို ခေါင်းယမ်းပစ်သည်။

"သွားစမ်းပါဟာ၊ နင် ငါနဲ့ဝေးဝေးနေစမ်း လွန်၊ နင်





ဒီအထိရောက်လာတာ နင့်အမေသိရင် ငါ သွေးတက်ပြီးသေသွား နိုင်တယ် သိလား"

"ဟွန့်…ကိုကြီးကလည်း ပြောင်းပြန်ကြီး၊ သွေးတက် မှာ မာမီ မဟုတ်ဘူးလား"

"အေး…သူ အဲဒီလိုဖြစ်မှာသေချာရင် နင့်တောင် သက်ဆွဲပြီး အနားမှာခေါ်ထားလိုက်ဦးမှာ၊ အခုဟာက ငါသွေး တက်ဖို့ချည်း နင့်အမေ ပြောပြောသွားလို့"

"ကိုကြီးကလည်း"

"ကိုကြီးကလည်း လုပ်မနေနဲ့ လွန်၊ ငါ တကယ်ပြော နေတာ"

"ဒါက လွန်က ဘာလုပ်ရမှာလဲ"

လွန်က ရန်ပြေကို နှုတ်ခမ်းစူပြီး ငိုမဲ့မဲ့လေးပြောတော့ ရန်ပြေလည်း ဘာလုပ်ရမှန်းမသိ။

ရန်ပြေက သက်ပြင်းတစ်ရှိုက်နှင့် လွန့်ကို စိုက်ကြည့် သည်။ လွန်က ငယ်ငယ်ကလို ဆံပင်တိုဖောင်းဖောင်းလေးနှင့် မဟုတ်တော့။ လွန့်ဆံပင်တွေက ကျောလယ်ထိ ရှည်သည်။ လွန် ရဲ့ ဘိုမရုပ်မျက်နှာလေးက မပြောင်းလဲပေမယ့် အရွယ်တွေက တော့ ကလေးမှ လူကြီးအရွယ်ထိ ပြောင်းပြောင်းလာပြီး ဒါပေမဲ့ ရန်ပြေအပေါ် လွန်က စေတနာထားတုန်း။ သူနဲ့ပတ်သက်လျှင် လွန့်မျက်ဝန်းလေးတွေကအစ ဗျာပျာသလဲဆိုတော့ လွန့်ကို ရန်ပြေ



www.burmeseclassic.com

www.burmeseclassic.com



မှန်းမရတာတော့ ဝန်ခံသည်။ လွန့်အမေကြီးကို ကြည့်မရတာ မှန်ပေမယ့် လွန် သူ့ကြောင့်စိတ်ညစ်ရတာ စိတ်ဆင်းရဲရတာကို တော့ မလိုချင်။

"လွန် အိမ်ပြန်ရောက်တော့ မာမီနဲ့ စကားတွေများရ သေးတယ်၊ ကိုကြီးကို ပစ်ထားခဲ့တာကို လွန် သိပ်ဝမ်းနည်းတာ သိလား၊ လွန့်ကြောင့် ဖြစ်ရတာကို၊ လွန့်မှာ တာဝန်ရှိတာကို ဟို မာမီက လွန့်ကိုပဲ ဆူနေတယ်၊ ဟို ကိုကြီးကို အဲဒီလမ်းထဲက လူတွေ ဆေးခန်းလိုက်ပို့တာလားဟင်၊ ကိုကြီးခေါင်းကို ချုပ်လိုက် ရသေးလား၊ ဆရာဝန်ကရော ဘာပြောသေးလဲ၊ မနက်ဖြန် ဆေးခန်း ထပ်သွားရမယ်ဆိုရင်တော့ လွန်ပါ လိုက်ခဲ့မယ်နော် ကိုကြီး"

"လွန်"

"ရှင်"

"ပြန်တော့"

"ကိုကြီး"

"သွားဆိုသွားစမ်း လွန်"

ရန်ပြေက နံရံကိုခေါင်းမှီကာ ထအော်တော့ လွန့်ကိုယ် လေး ဆတ်ခနဲတုန်သွားကာ နေရာမှာတောင့်တောင့်လေး ရပ်နေ၏။ လွန်က နှုတ်ခမ်းကို လက်ဝါးလေးနဲ့အုပ်ပြီး သူ့ကို ပြူးကြောင် ကြောင် ကြည့်နေ၏။

"လာလမ်းအတိုင်းကြွတော့ မယ်မင်းကြီးမ"

"ကိုကြီး"

"ဘာမှမပြောနဲ့ လွန်၊ ငါ ဘာမှနားမထောင်ချင်ဘူး"

"ကိုကြီး နားမထောင်ချင်လည်း မရဘူး၊ လွန်လည်း ရင်ထဲက ခံစားရတာကို ပြောမှာပဲ၊ ကိုကြီး မကျေနပ်ရင် ကိုရိုက်"

"ကျစ်"

လွန်က ပြောချင်ဇာတွေများနေ၍ ရန်ပြေလက်ဖျံကို လက်နဲ့ ဖိထောက်ထားတော့ မျက်နှာချင်းနီးနီးလေးဖြစ်သွား လွန်က ဘာဘာညာညာမတွေးဘဲ ဒူးထောက် ခါးလေးဆန့် ရန်ပြေပတ်တီးနေရာကို စေ့စေ့စပ်စပ်လိုက်ကြည့်တော့ တူထိုင်နေရာမှ လွန်က ခေါင်းတစ်လုံး ပိုမြင့်သွားသလိုဖြစ် ရင်ဘတ်အထိချုပ်ထားသည့် လွန့်ဂါဝန်ကြောင့် ကျော့ရှင်း လည်တိုင်သွယ်သွယ်မှာ သွေးကြောစိမ်းတွေ တလှုပ်လှုပ် နေတာ ရန်ပြေ တွေ့နေရသည်။ ပလက်တီနမ်ကြိုးတုတ်တုတ် မှာ စိန်စီထားတဲ့ အသည်းပုံလော့ကတ်လေးက လွန့် သွေး န်းအတိုင်း စည်းချက်ညီစွာ တလှုပ်လှုပ်။

ရန်ပြေ့ရင်ထဲ ပြောင်းလဲခြင်းတစ်မျိုးက ချဉ်းနင်းဝင်ရောက် ပြီ၊ နေပူပူထဲ မိုးရွာချလိုက်သလို ပူခြင်း အေးခြင်းက အချိုးတူ စပ်လျက်။ ဆန့်ကျင်ဘက်ခံစားမှုထဲမှာ လူက အသက်ရှူမှားရှုံ နှက်ကယင်ဖြစ်လာတာ ဆန်း၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒဏ်ရာလည်း မမြင်ရဘူးနော် ကိုကြီး၊ လွှန်က ကို... ၊ ဒဏ်ရာကို မာမီ ပြန်မလာခင် ကြည့်မလို့"

"လွှန်ကလေးရေ…သမီး"

"ဟော…ခေါ်နေပြီ"

ဒေါ်စန္ဒီ ခေါ်သံကြောင့် လွှန့်ကိုယ်လေး ဆတ်ခနဲတ... သွားကာ ချက်ချင်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"လွှန့်ကို မာမီခေါ်နေပြီ ကိုကြီး၊ လွှန်သွားတော့မ... နော်၊ လွှန် ဒီရောက်နေတာ မာမီသိရင် အဆူခံရလိမ့်မယ်"

"လွှန်ကလေး…စိတ်ကောက်မနေနဲ့၊ ဒီမှာ အန်တီ... ပြန်တော့မှာ၊ လာနှုတ်ဆက်လိုက်…လာ"

ဒေါ်စန္ဒီအသံက ပေါ်တီကိုအောက်မှ အော်ခေါ်နေ... ဖြစ်ကြောင်း လွှန် သိသည်။ ပေါ်တီကိုက လှမ်းကြည့်လျှင် ကို... တို့အိမ်ကလေးကို တန်းနေအောင်မြင်ရတာလည်း လွှန် သိသ... တို့ကြောင့် အိမ်ရှေ့ပေါက်က ထွက်၍မဖြစ်တော့။ လွှန်က ကို... နားမှ ထရပ်သည်။။

"နောက်ဖေးပေါက်က ဆင်းမှဖြစ်မှာ ကိုကြီး၊ အိမ်... ကဆိုရင်…"

"နေဦး"

တားလိုက်သည့် ကိုကြီးအသံကြောင့် လွှန့်မျက်လုံး... ဝိုင်းခနဲဖြစ်သွားကာ ကိုကြီးကိုကြည့်သည်။ ပျာယာခတ်ပြီး လွှ...

...တ်လန့်နေသလောက် ကိုကြီး အေးအေးဆေးဆေးနှင့် မတ်တတ် ...ရပ်၏။ အေးစက်စက် ကိုကြီးမျက်နှာကိုကြည့်ရင်း လွှန့် နှလုံး ...းတွေပါ အေးစက်ကုန်ပြီလို့ ထင်ရသည်။

"လွှန်"

ဒေါ်စန္ဒီ၏ ဒီတစ်ခါခေါ်သံက စိတ်မရှည်တော့သလို ...ဆတ်ဆတ်ဖြစ်၏။

"လွှန် သွားမှဖြစ်တော့မယ် ကိုကြီး၊ တော်ကြာ မာမီ ...ကိုလိုက်လာရင် မလွယ်ဘူး"

လွှန်က ကိုကြီးကိုဖြတ်ကျော်ရင်း နောက်ဖေးဆီ ခြေလှမ်း ...း မာမီ့ဆီပြေးဖို့ ပြင်သည်။

"သာလွှန်ပြည့်စုံ"

ရန်ပြေ့ထံမှ ခေါ်သံနှင့်အတူ လွှန့်လက်ကောက်ဝတ်ဆီ ...ထားသော ကိုကြီးကြောင့် လွှန်က အရှိန်နှင့်ပြန်ယိုင်ကာ ...ကြီးရှေ့ပြန်ရောက်သွားသည်။

"အိမ်ရှေ့ကပဲ ထွက်လိုက်ပါ"

"ရှင်"

"ငါပြောသလိုလုပ်စမ်း လွှန်"

"ကိုကြီး"

လွှန်နှင့် ရန်ပြေ မျက်လုံးချင်းဆုံသွားတော့ ကိုကြီး ...တ်ဝန်းတွေထဲ လွှန် တစ်ခါမှမတွေ့ဖူးသည့် အရောင်တစ်မျိုးက



www.burmeseclassic.com

www.burmeseclassic.com



တလက်လက်တောက်ပကာ အံ့သြဖွယ်တွေ့လိုက်ရ၏။

"သတ္တိမရှိတော့ဘူးလား လွှန်"

"မဟုတ်ဘူး ကိုကြီး၊ လွှန့်ကို မာဓိ ဘယ်လောက်
ရိုက်ရိုက် လွှန် မကြောက်ပါဘူး၊ ဒါပေမဲ့ ကိုကြီးကို မာဓိက--

"ဒီလောက်ဆိုရပြီ လွှန်"

"လွှန်"

"ကိုကြီး"

"အို…အမေ့"

လွှန့်စကားမဆုံးခင် ရန်ပြေက ဝင်ပြောပြီး မျက်နှာ
မော့လေးနှင့် သူ့မျက်နှာကိုကြည့်နေသည့် လွှန့်ကိုယ်လေး
ခွင်ထဲ ဆွဲယူကာ လှပသော မျက်နှာလေးရှိရာသို့ သူ့မျက်
ငုံ့ချလိုက်သည်။ ဘာကြောင့်မှန်းမသိ၍ လွှန် ကြောင်
ငေးနေစဉ်မှာပဲ လွှန့်နှုတ်ခမ်းဖျားမှာ ပူနွေးခြင်းကြောင့် သတိ
လာတာနှင့် ရှက်စိတ်က ရှိန်းခနဲ ပျံ့နှံ့သည်။

"ကိုကြီး"

လွှန်မှာ မယုံကြည်နိုင်ခြင်း၊ ရှက်လန့်ခြင်းတွေ
တုန် အသွင်လှုပ်နှင့် ရန်ပြေကိုခေါ်ရင်း ပူနွေးစိုစွတ်ဆဲ
နှုတ်ခမ်းများကို လက်ဖမိုးနှင့်ကာ၍ အလန့်တကြား ရန်
နောက်တစ်ကြိမ် မော့ကြည့်တော့ ကိုကြီးက လွှန့်မျက်နှာ
မရှေယ်မပြုံး ခပ်တည်တည်စူးစိုက်ကြည့်ရင်း လွှန့်ကိုယ်





အသာဖြေလွှတ်လိုက်၏။

"သွားတော့"

လွှန့်ပခုံးနှစ်ဖက်ကို ဆွဲလှည့်ရင်း လွှန့်ကို တွန်းပို့ပေးတာ အိမ်ပေါက်ဝအထိ။ လွှန့်မှာ သက်မဲ့ခန္ဓာတစ်ခုလို ကိုကြီး တွန်းသည့်အတိုင်း အိမ်မကဲ့ထဲကလို လမ်းလျှောက်လာပေမယ့် ကြမ်းပြင်နဲ့ခြေထောက် ထိသည်ဟုမထင်။ ဝုန်းဒိုင်းကြဲ၍ ခုန်နေသော လွှန့်နှလုံးသားက ဒါ အချစ်ကြောင့်မဟုတ်ဘူးဆိုတာ သိတာသဝ်သဝ်၊ တဒင်္ဂရလိုက်သော ကိုကြီးရဲ့အနမ်းမှာ ကြည်နူးချင်စိတ် ဗျာယ်ပြန့်သွားတာ တခြားနှင့် ခန္ဓာကိုယ်နှင့်လူက အသိတရား ထင်းလွှတ်ကာ လေဟာနယ်ထဲ မျောချင်ရာ မျောနေသည်။

"အ"

"လွှန်"

"ဘာဖြစ်တာလဲ"

"ပြဲစမ်း"

ခြေဖဝါးဆီ စူးခနဲ အနာကြောင့် အိမ်မကဲ့မှ လန့်နိုး လာသူလို နာကျင်သွားသည့် ခြေဖဝါးကို လွှန် ငုံ့ကြည့်လိုက်၏။

"သာလွှန်ပြည့်စုံ…ညည်း..ဒါ..ဒါ ဘာလုပ်တာလဲ"

"မာဓိ"

"ဘာ မာဓိလဲ၊ လာစမ်း…လာခဲ့စမ်း"

လွှန်ရှိရာသို့ ဒေါသကြီးစွာ ပြေးလာရန် ဟန်ပြင်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



လွန်နောက်မှာရှိနေသည့် ရန်ပြေကို မုန်းတီးစွာကြည့်၏။

"ဟဲ့…အမလေး၊ နင်ကများ ရာရာစစ၊ ငါ့…ငါ့သမီး
ကို မထိနဲ့၊ ဖယ်စမ်း…လွှတ်လိုက်၊ လွှတ်…လွှတ်စမ်း"

ဒေါ်စန္ဒီ လွန့်ခြေထောက်လေးကိုကိုင်ထားသည့် ကိုကြီး
လက်တွေကို ဖွတ်အတင်း ဖယ်ရှားတွန်းထုတ်ပုံက သဲသဲလှု
နေ၏။

"နင် ငါ့သမီးကို ဘာလုပ်တာ…အမလေး"

ဒေါ်သတကြီး အော်ဟစ်ရန်လိုနေရာမှ ရုတ်တရက်
ဆတ်ခနဲ လဲကျပျော့ခွေသွားသည့် မာမီကြောင့် လွန့်မျက်လုံးလေး
ဝိုင်းသွား၏။

"မာမီ"

လွန့်အသံက အကျယ်ကြီးဖြစ်သည်။ လွန် အော်ဟစ်ကာ
မာမီ့ဆီ ဘယ်ပုံဘယ်နည်းရောက်သွားသလဲ မသိတော့။ လွ
ခြေထောက်က အနာကိုလည်း သတိမရတော့ဘဲ မာမီကို ပြေ
ပွေ့လိုက်၏။

"အန်တီမြ လုပ်ပါဦး၊ မာမီ့ကို ခေါ်ပါဦး၊ အန်တီနှော
လာကြပါဦး"

"ကိုကြီး…လုပ်ပါဦး၊ မာမီ ဘာဖြစ်သွားမှန်းမသိဘူး"

လွန့်အသံက ငိုသံပါနှင့် လှမ်းအော်ခြင်းတွေ၊ အကူအည
တောင်းခြင်းတွေနှင့် ဝရုန်းသုန်းကား အခြေအနေကို ရန်ပြေ





တော့ခိုင်းကာ အိမ်ထဲလှည့်ဝင်တော့ ခြေဖဝါးမှ မျက်ခနဲ။ ဖန်ကွဲစ
စူးပြီဆိုတာ သိပေမယ့် သူ ငုံ့မကြည့်ဘဲ အိမ်ထဲဝင်ခဲ့၏။

နာကျင်တာချင်း တူပါလျက်နဲ့ သူ့ကျမှ ဘာလို့ နှစ်ခါ
နာရသလဲ။ အတွေးနဲ့ ပြုံးနိုင်အောင်ကြိုးစားရင်း ရန်ပြေ ခြေဖဝါးက
ဖန်ကွဲစကို ဆွဲထုတ်သည်။ အမြီးတကြီးနှင့် လက်ကျန်ဖန်ကွဲ တွေဆီ
အကြည့်ရောက်တော့ သွေးစွန်းနေသော ဖန်တစ်စက ရန်ပြေ့ကို
လှောင်ထုတ်ပြောင်ပြနေသလို ထင်ရ၏။ လွန့် သွေးတွေလား။
လွန် နာကျင်သွားတာ သူ့ကြောင့်လား။ ပြန်တွေးမှ အားခနဲ ညည်းသံ
သဲ့သဲ့နှင့် လွန့်ကို အမှတ်ရတော့ ရန်ပြေ့ရင်ထဲ ဘယ်နေရာက
မှန်းမသိသော ခံစားချက်တစ်မျိုး ရောက်လာ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"အို…မသွားနိုင်ပါဘူး၊ စန္ဒီကို လွှတ်စမ်းပါ ကိုကို

စန္ဒီ ဒီအိမ်ထဲမဝင်ရဘူးဆိုရင် အဲဒီအကောင်ကို ခေါ်ထုတ်ပေး

သူ စန္ဒီ့သမီးကို ဘာလုပ်သလဲ၊ သူ ဘာလုပ်လိုက်သလဲဆိုတာ"

"စန္ဒီ…တော်စမ်းကွာ"

"မတော်နိုင်ဘူး ကိုကို၊ မတော်နိုင်ဘူး"

စန္ဒီက ဝေမိုးဘက် လှည့်အော်သည်။ ခြံထဲ သတိလ

လဲကျသွားတော့ နှောင်း ဖုန်းဆက်ခေါ်တာနှင့် ဝေမိုး ချက်ချင်

အိမ်ပြန်ရောက်လာခဲ့သည်။ လိုအပ်တဲ့ကုသမှု လုပ်ပြီးတာနဲ့ သတိပြ

ရလာသော စန္ဒီက ဆံပင်ဖရိုဖရဲနှင့် ဂါဝန်နွမ်းစကို စုံမ ပြီး ဒုန်းဒိုင်

ပြေးလာတာက နောက်ဖေးတန်းလျားဆီဖြစ်၍ သူ အသည်းအသ

လိုက်ဆွဲရ၏။ သမီးကလည်း ဘာဆိုဘာမှ မေးမရဘဲ ငိုရင်းရှိုက်





ရင်း ခေါင်းတခါခါနှင့်ဖြစ်နေ၍ အာရုံနောက်နေတာနှင့် နှောင်းကို မေးမြန်းတော့ နှောင်း ဘာမှမသိ။

"နှောင်းလည်း မီးဖိုထဲ ချက်ပြုတ်နေတာပဲ ဝေမိုးရယ်၊ ခေါ်သံအော်သံတွေကြားမှ ငါ ပြေးထွက်လာတော့ လှန်ကလေးနဲ့ စန္ဒီ့ကို တွေ့တာပဲ၊ ငါ့သားနဲ့ သူတို့တွေ ဘာတွေ ဘယ်လိုဖြစ်သလဲဆိုတာ ငါမသိတာ တကယ်ပါ"

နှောင်း မလိမ်တတ်ဘူးဆိုတာ သူ သိသည်။ ခက်တာက ဘယ်သူ့ကိုမှ မေးမရခြင်းမှာ ဒီတန်းလျားရောက်တော့လည်း ရန်ပြေက ခေါင်းမှာ ပတ်တီးအဖွေးသားနဲ့ ဖြစ်နေတာမြင်ရ၍ ဝေမိုး မျက်ခုံးတွန့်သွား၏။

"နှောင်းပဲ ကြားထဲက တောင်းပန်ပါတယ် စန္ဒီရယ်၊ ဖြစ်ကြောင်းကုန်စင် သားကိုမေးပြီးတာနဲ့…"

"နင်မေးစရာမလိုဘူး နှောင်း၊ ငါကိုယ်တိုင်မေးမယ်၊ နင့်သားကို အခုချက်ချင်းထုတ်ပေး၊ ဟဲ့…ရန်ပြေ အခုထွက်ခဲ့စမ်း"

"စန္ဒီ"

"ကဲဟယ်"

"ဝုန်း"

"ဒုန်း"

ခေါသနှင့် စန္ဒီက အိမ်လေးကို တွေ့ရာပစ္စည်းနှင့် ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်၍ ကျယ်လောင်တဲ့အသံနှင့်အတူ အိမ်ကလေး သိမ့်သိမ့် တုန်သွားသလားတောင် ထင်ရသည်။ နှောင်းမှာ အိမ်ရှေ့မှာရပ်ရင်း အိမ်ထဲ စိတ်မချသလို လည်ပြန်ကြည့်သည်။

"အခုချိန်မှာ ဒေါသတွေကိုယ်စီနဲ့ဆိုတော့ ပြောကြဆိုကြရင် အမှားတွေပဲပါမှာပေါ့ စန္ဒီရယ်"

"ဘာဒေါသလဲ၊ ဘာအမှားလဲ၊ ငါ့အိမ်မှာနေ၊ ငါကျွေးတာစား၊ ငါသင်ပေးတဲ့ပညာတွေနဲ့ လူဖြစ်လာတဲ့ကောင်က ငါ့ကို ဒေါသဖြစ်ခွင့်ရှိမတဲ့လား"

"စန္ဒီ…မင်း တော်စမ်း၊ တော်သင့်ပြီ၊ ပြန်မယ်..လာ"

"မပြန်နိုင်ဘူးလို့ ပြောပြီးပြီ ကိုကို"

"မင်း ဘာဖြစ်နေတာလဲ"

ဝေမိုးက ဒေါသတွေနဲ့ ကဆုန်စိုင်းနေတဲ့ မိန်းမဖြစ်သူကို စိတ်ပျက်ခြင်းတွေနဲ့ မေးသည်။ နူးညံ့ညင်သာခြင်းဟာ အဆင့်အတန်းတစ်ခုကို ဖော်ပြသည်လို့ သူ မှတ်ယူထားခဲ့သည်။ အခုတော့ သူ မှတ်ယူထားခဲ့သော အဆင့်အတန်းက စန္ဒီ့ထံမှာ လုံးဝမရှိခဲ့။ သွေးဆူခြင်း၊ ရိုင်းစိုင်းကြမ်းတမ်းခြင်းတွေနဲ့ ပြည့် လျှံနေသော စန္ဒီ့မျက်လုံးထဲမှာ ဒေါသနှင့် အနိုင်ရလိုခြင်း အတ္တကလွဲ၍ တခြားဘာမှမတွေ့ရ။ စန္ဒီက သူ့ဘက်လှည့်ကြည့်ကာ သူ့ဆွဲထားသောလက်ကို ဆောင့်ခါရုန်းပစ်၏။

"ကိုကိုကရော ဘာဖြစ်နေတာလဲ"





"မင်း မရှက်ဘူးလား စန္ဒီ၊ အိမ်တွင်းရေးပြဿနာကို ဒီလောက်ထိ လူသိရှင်ကြား မင်း အော်နေဖို့မလိုဘူး"

"လိုတယ်၊ ဒါ အိမ်တွင်းရေးပြဿနာမဟုတ်ဘူး၊ ကျွန်တစ်ယောက်က စော်ကားနေတာကို စန္ဒီ ခေါင်းငုံ့မခံနိုင်ဘူး"

"ဒုန်း…ဝုန်း"

ရုတ်တရက် ရန်ပြေနေသည့် အိမ်ထဲမှ အသံတွေ ဆူညံစွာ ထွက်ပေါ်လာသည်။ ဒီလို အကျယ်အကျယ်နှင့် ပြဿနာ မငြိမ်းစရာတွေဖြစ်လာမှာစိုး၍ သားကို နှောင်းက အိပ်ခန်းထဲ ထည့်ပိတ်ထားခဲ့တာပါ။ သို့ပေမယ့် ရှေ့နောက်အော်ဟစ်နေသော အသံတွေက ဒီတန်းလျားလေးထဲ အတိုင်းသား ကြားနေရသည်။

"ကြားလား ကိုကို…ကြားလား၊ အထဲကနေ ဒင်း သောင်းကျန်းနေတာ တွေ့လား"

"လူကြီးနဲ့လူငယ်ပဲ စန္ဒီ၊ မင်းဆက်ပြောနေရင် လူငယ်ဘက်ကို ရိုင်းခွင့်ပိုပေးသလို ဖြစ်သွားတော့မှာပေါ့"

"သူက ရိုင်းတာမဟုတ်ဘူး၊ စော်ကားလိုက်တာ၊ ရှင့်သမီးကို အိမ်ထဲခေါ်ပြီး ပြန်ထွက်လာတော့ ပန်းဖက်ထွက်လာတာ ကိုဝေမိုးရဲ့၊ အဲဒါပဲ…မအေရော သားရော ပူးပေါင်းကြံစည်ပြီး ကျွန်မသမီးကို အရချိုင်မလို့ ကိုဝေမိုးရဲ့"

"မင်း တော်တော့ စန္ဒီ"

ဒေါက်တာဝေမိုးမှာ အားနာစိတ်၊ ရှက်စိတ်တွေသာ



www.burmeseclassic.com

www.burmeseclassic.com


အင်အားတစ်ရပ်ဖြင့် ပွးပေါင်းသွားကာ စန္ဒီ့ပခုံးကို ဆောင့်ဆောင့်ဆွဲခါပစ်လိုက်သည်။

"မင်းစိတ်နဲ့မနိုင်းနဲ့ စန္ဒီ၊ ဖြစ်ခဲ့တာတွေအတွက် ဘယ်သူ လွန်တယ် ငါ မသိဘူး၊ ဒါပေမဲ့ ငါ့မျက်စိရှေ့မှာ မင်းကတော့ လွန်တဲ့ဘက်မှာရှိတယ်"

"နေစမ်းပါဦး၊ သူတို့သားအမိနဲ့ ပတ်သက်တာနဲ့ ကိုကိုက စန္ဒီ့ကို ဒီလိုပြောပြီလား၊ ကိုယ့်သမီးဘက်က မနာနိုင်၊ ကိုယ့်ဇနီးဘက်က မရပ်တည်ဘဲ ကိုကို ဘာလို့ အဲဒီလောက်အထိ သူတို့ဘက်မှာရှိနေရတာလဲ၊ ကိုကိုနဲ့ နှောင်းရဲ့ ပတ်သက်မှုက ဘာလဲ"

"စန္ဒီ"

နှောင်းက အလန့်တကြား ဝင်အော်သည်။ ဝေမိုးက ရုတ်တရက်ကြီး ကြက်သေ သေသွားသလို ဆွံ့အသွားကာ ဘာတစ်ခွန်းမှ ဝင်မပြောနိုင်ဘဲ ဖြစ်သွားသည်။

"ဒီမှာ ကိုကို၊ စန္ဒီက အပျော်အပါးမက်တယ်၊ ငွေတွေ ပုံချထားရုံနဲ့ စန္ဒီ့မျက်စိတွေ နားတွေ ပိတ်ထားလို့ရမယ်ထင်ရင် မှားသွားမယ် ဒေါက်တာကြီးရဲ့၊ ရှင်နဲ့နှောင်းရဲ့ ဆေးကျောင်းက ငယ်ချစ်ဦးဇာတ်လမ်းကို စန္ဒီတို့က ကြားပြီးသား"

"ဘာ"

"စန္ဒီ...ပြီးတာတွေ ပြန်မပြောပါနဲ့တော့၊ နှောင်းရဲ့သား





...သွားပါ့မယ်"

နှောင်းက အိမ်ထဲငဲ့ကြည့်ရင်း အလန့်တကြားတောင်းပန်...ည်။ နဂိုကတည်းက ဒီအရိပ်ခိုခြင်းအပေါ် သား မကြည်ဖြူ...သိသိကြီးနှင့် ဖွတ်နေခဲ့တာမို့ နှောင်းတို့ရဲ့အတိတ်ကအကြောင်း...တွေ ပြန်ကြားပြီး သားစိတ်ထဲ အကြည်ညိုပျက်သွားမှာမျိုးတော့...ောင်း မလိုချင်။ စန္ဒီကတော့ နှောင်းရဲ့ အထိတ်တလန့်ပျက်ယွင်း...သွားတဲ့ မျက်နှာကို တစိမ့်စိမ့်အရသာခံကြည့်ရင်း အောင်နိုင်သူ...ာမ်ယောက်လို ဆက်ပြောသည်။

"အဟွန်း...ကြားပါစေ၊ လျှို့ဝှက်ချက်ဆိုတာ ဘယ်...အရာမှ ထာဝရမတည်တံ့နိုင်ဘူးဆိုတာ သူ သိသွားရင်ပြီးတာပဲ"

"လူတိုင်းမှာ အချစ်ဦးတော့ ရှိခဲ့ဖူးတာပဲ၊ ဒါ လျှို့ဝှက်...ချက်မဟုတ်ဘူး စန္ဒီ"

"အချစ်ဦးနဲ့ သူ့သားကို မျက်စိအောက်က အပျောက်...ခံဘဲ စောင့်ရှောက်ထားချင်တာကျတော့ရော၊ စေတနာသန့်သန့်...ဆို့ပြောမလား၊ လျှို့ဝှက်ချက်မရှိဘူး ပြောမလား"

"မင်း ဘာကိုရည်ရွယ်တာလဲ စန္ဒီ"

"တော်ပါတော့ ဝေမိုးရယ်"

"ရှင့်ပါးစပ်ပိတ်ထား နှောင်း"

ပြောလိုသော ရည်ရွယ်ရင်းတွေက ဘယ်လိုလမ်းချော်...ာန်မှန်းမသိ။ စန္ဒီ ပြောချင်တဲ့ အဓိပ္ပာယ်ကို နားလည်သယောင်



www.burmeseclassic.com

www.burmeseclassic.com



နှင့် သေချာပြန်တွေးကြည့်တော့ ဝေမိုးက ယောင်ဝါးဝါးဖြစ်နေခဲ စန္ဒီက လက်ပိုက်ကာ မျက်တောင်ဖျားတွေမေးစင်းပြီး ဝေမိုးရဲ့ နောင်းကို တစ်လှည့်စီကြည့်သည်။ ထိုအကြည့်တွေထဲမှာ ဒေါသ မာနနှင့် အနိုင်ရလိုခြင်းတွေက ဖျိုးဖျိုးဖျပ်ဖျပ် အရောင်ထွက်နေ၏။

"နောင်းတို့သားအမိကို မြင့်မြင့်မားမား ထားချင်တာ တွေ၊ မိသားစုရှိရဲ့နဲ့ အိမ်ပေါ်ထိ ခေါ်တင်လာခဲ့တာတွေ၊ အဟွန်း… နောက်ဆုံးက ဒီသားအမိကိုထိတာနဲ့ ကိုကို့ဒေါသတွေ မီးပွင့် ထွက်လာရတဲ့ အကြောင်းရင်းက သူငယ်ချင်းသံယောဇဉ်၊ ငယ် ချစ်ဦးသံယောဇဉ်ထက် ပိုနေသလား ကိုကို၊ စန္ဒီကတော့ ရှင်းရှင်း ပဲ၊ စန္ဒီ မသိခဲ့တဲ့ကိစ္စတစ်ခုအတွက် ဘယ်သူ့ကိုမှ အသိအမှတ် မပြုနိုင်ဘူး၊ ကိုကို့ရဲ့ တရားဝင်ဇနီးက စန္ဒီ၊ ကိုကို့ရဲ့ တစ်ဦးတည်း သော မျိုးဆက်က သမီး၊ တခြား ဘယ်သူ့ကိုမှ…"

အခန်းထဲမှာ ဟိုဒီလျှောက်ရင်း မချိမဆံ့မျိုသိပ်ထားရတဲ့ ရန်ပြေ့ဒေါသတွေက ဒေါ်စန္ဒီစကားကြောင့် ဖျတ်ခနဲ ငြိမ်ကျသွား သည်။ ကြည့်စမ်း…ဒီအတွေးမျိုး ရန်ပြေခေါင်းထဲ တစ်ခါ ဝင်မလာခဲ့ဖူးပါ။ ပြီးတော့ အမေနဲ့ ဦးဝေမိုးက ငယ်ချစ်ဦးတွေ ဖြစ်ခဲ့ကြတာလည်း သူ မသိ။ ဒါဆို အဖေကရော၊ ရန်ပြေသိ ရသလောက် အဖေက အမေ့ကိုရော သူ့ကိုရော ချစ်ခဲ့သည် အိမ်ထောင့်တာဝန်ကျေပွန်အောင် ထမ်းချင်သောစိတ်နှင့် ရေလို လွှဲခဲ့ပေမယ့် အဖေ့ကို ရန်ပြေ ဘယ်တုန်းကမှ အပြစ်မမြင်ခဲ့ပါ





အဖေက နောက်ဆုံးထွက်သွက်အထိ ရန်ပြေအတွက် ဖခင်ကောင်း ဖြစ်သည်။

"ဒီမယ်…စန္ဒီ"

အမေ့အသံကြောင့် အတိတ်ဆီ တစ်ပတ်ပြေးသွားသည့် ရန်ပြေစိတ်တွေက အိမ်ရှေ့စကားဝိုင်းထံ နားစွင့်လျက်သားဖြစ်သွား ၏။

"တို့ကိုနစ်နာအောင်ပြောပါ၊ တို့သည်းခံနိုင်တယ်၊ ဒါပေမဲ့ သားစိတ်ဓာတ်ကို ထိခိုက်အောင် လုပ်တာမျိုးတော့ တို့ ခွင့်မလွှတ် ဘူး၊ ဝေမိုးနဲ့တို့ ချစ်သူဖြစ်ခဲ့တာမှန်တယ်"

အောင်နိုင်သူရဲ့ အပြုံးတစ်ချက် စန္ဒီ့မျက်နှာမှာ လက် သွားသည်။ ထိုအပြုံးကြောင့်ပင် နောင်းရဲ့ရှက်စိတ်၊ မာနနဲ့ ဝမ်းနည်း ခြင်းတွေက နှလုံးသားမှ ဝုန်းခနဲ ဆန်တက်လာ၏။

"ဒါပေမဲ့ သမီးရှင်တိုင်း ခေါင်းမခါချင်တဲ့ အရည်အချင်း တွေနဲ့ ပြည့်စုံနေလို့ ဝေမိုးကို တို့မိဘတွေ ခေါင်းခါခဲ့ကြတယ်"

"ဘာ…ဘယ်လို"

တအံ့တသြဖြစ်သွားသည့် စန္ဒီက မယုံနိုင်သောမျက်ဝန်း တွေနှင့် ခင်ပွန်းသည်ကို ဖျတ်ခနဲလှည့်ကြည့်တာ ဟုတ်မှဟုတ်ရဲ့ လားဆိုတဲ့ သံသယစိတ်နဲ့ဖြစ်သည်။ စန္ဒီ မက်မောခဲ့တာကို သူတို့ တစ်တွေ စွန့်ပစ်ခဲ့ကြတာ တကယ်အမှန်မှဟုတ်ရဲ့လား။

ကြေကွဲရိပ်တွေနှင့် နောင်းမျက်နှာကို တစိမ့်စိမ့်ငေးရင်း



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ကိုခြေရာကောက်နေသော ကိုကို့ကြောင့် စန္ဒီမှာ ငိုချင်း
ပစ်ရမလား၊ ဆွဲလွဲရန်ဖြစ်ရဖို့လည်း မသင့်တော်နှင့် ကိုကို့ပုံစံ
ကြည့်ပြီး နှောင်းပြောတာအမှန်တွေလို့ စန္ဒီ့ရင်ထဲ အလိုလို
လိုက်ရသည်။

"တို့က မိဘစကားကို နားထောင်ခဲ့တယ် စန္ဒီ၊ အဲ
ဘာဖြစ်လို့လဲ သိလား၊ တို့ လူချမ်းသာတွေကိုကြောက်လို့၊ ပြီးတော
ကိုယ့်ဘဝ ကိုယ်တည်ဆောက်နိုင်မယ်ယုံကြည်လို့၊ တို့သားရဲ့အ
ကို လက်ထပ်တဲ့နေ့မှာပဲ ဝေမိုးက အသည်းကွဲပြီး အရက်
တအားသောက်လို့ စန္ဒီ့လက်ထဲ ရောက်သွားခဲ့တာကအစ တို့
တယ်"

"နှောင်း…နင်…နင်က…ငါ့ကို"

ဒေါ်စန္ဒီ၏ ကြောက်မက်ဖွယ်ရာ ဒေါသက နှောင်းစကား
ကြောင့် ရုက်စိတ်မှ ကူးပြောင်းသွားသည်။ စန္ဒီ့အဖြစ်
တစ်ယောက်ကို လက်ညှိုးထိုးလှောင်ပြောင်နေချိန်မှာ လက်ည
ပေါင်းများစွာက သူမပြစ်ချက်တွေကို ထိုးနက်ပြသခံလိုက်ရသ
ဖြစ်၏။ ဝဋ်ဆိုတာ အချိန်မဆိုင်း လည်တတ်သည်ဆိုတာ ဒါ
ရည်ညွှန်းလေသလားမသိ။ ကိုကို အမူးလွန်သည့်ညမှာပဲ စန္ဒီ
အပေါင်းအသင်းတွေကြားထဲမှ ဆွဲထုတ်ခေါ်လာတာ ပြန်မြင်
တော့ ရှက်စိတ်က ဝုန်းခနဲ ထတောက်သည်။

ဒေါသနှင့် အရှက်တရားက စန္ဒီ့တစ်ကိုယ်လုံးကို





မြဲစွာ ဖုံးနှံ့ကူးစက်သွားချိန်အထိ နှောင်းကတော့ ဒေါသမရှိ၊
သာကကင်းသည့်မျက်နှာထားနှင့် စန္ဒီ့ကို တည်တည်ငြိမ်ငြိမ်
မြဲကြည့်သည်။

"တို့က သူများပြစ်ချက်တွေ ထောက်ပြရတဲ့အထိ သူများ
အိမ္မ စိတ်မဝင်စားတတ်ဘူး စန္ဒီ၊ ဒါပေမဲ့ တို့သိက္ခာ၊ တို့ကိုယ်
ချင့်တရားကို ထိပါးရင်တော့ တို့က မြွေပေါက်လိုပဲ ထိတာနဲ့
အဆိပ်ပြန်သွင်းတတ်တဲ့အကျင့်ရှိတယ်၊ တို့သားမှာ သူ့အဖေရှိတယ်၊
အဲဒီအဖေက တစ်ယောက်တည်းပဲ၊ အဖေနာမည် အငှားမတတ်
ဘူး၊ အဖေ မငှားခဲ့ဘူး၊ ပြီးတော့ သားရဲ့အဖေကို တို့ ဘယ်သူ့
သက်ထဲကမှ လုယူခဲ့တာမဟုတ်ဘူး၊ ဒီအိမ်မှာ တို့လိုက်နေခဲ့တာ
ည်း ခိုကိုးရာမဲ့တာကတစ်ကြောင်း၊ ဝေမိုးအပေါ် ရက်စက်ခဲ့သမျှ
ပြန်ပေးဆယ်ချင်တဲ့ စေတနာကြောင့် တို့ ဒီနေ့အထိ ဒီမှာရှိခဲ့တာ"

သြော်…ကျားသနားမှ နွားချမ်းသာရမယ့်ကိန်း ဆိုက်နေ
တာပါလားဟု စန္ဒီ ခပ်မဲ့မဲ့တွေးလိုက်သည်။ အခုချိန်ထိ ခေါင်း
ငိုက်စိုက်ကျနေသော ကိုကို့ကို တစ်ထိုင်တည်း တူးတူးခါးခါး
မုန်းချင်လာ၏။ စန္ဒီကျတော့ သူ့အတွက် ဘာမှမဟုတ်ခဲ့ပေမယ့်
နှောင်းကတော့ တကယ့်တန်ဖိုးမြင့် ရတနာတစ်ပါးဖြစ်နေ၏။
နေတာမှ လိုချင်တာ ယောကျ်ားသဘာဝလား။ ပြောမယ့် ကြီးဖွား
သိဆိုတာ ဒါမျိုးပဲလို့ ကိုယ့်ဘဝကိုယ် စိတ်ပျက်စွာတွေးမိသည်။

"ဝေမိုးမျက်နှာတစ်ခုတည်းနဲ့ တို့ အားလုံးသည်းခံမှဲ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ပြီးခဲ့တဲ့မိနစ်ပိုင်းအတွင်း အဲဒီစိတ်တွေ ကုန်ဆုံးသွား ဝေမိုး၊ ငါတို့သားအမိ ဒီအိမ်က ထွက်သွားတော့မယ်"

"နှောင်း"

"နှောင်းကို မတားပါနဲ့၊ နှောင်း ဆုံးဖြတ်ပြီးရင် နှောင် မရတတ်တာ နင် အသိဆုံးပါ၊ ဒါပေမဲ့ နှောင်းဘဝမှာ န ပတ်သက်ပြီး စိတ်မကောင်းဖြစ်မိတာရှိတယ်၊ နင် အိမ်ထောင် ကံမကောင်းဘူးပဲ ဝေမိုးရယ်"

စန္ဒီက တက်တစ်ချက် ပြင်းပြင်းခေါက်ရင်း ဝေမိုး နှောင်းကို မုန်းတီးစွာကြည့်၍ နေရာမှ ချာခနဲလှည့်ထွက်ခဲ့သည် တိတ်ဆိတ်သွားသော ပတ်ဝန်းကျင်မှာ ကျေးငှက်တို့အော်မြည် မှတစ်ပါး…။

◆ ◆ ◆



## အခန်း (၈)

"ဟွဲ…ဟဲ့..ဩော်…လွှန်ကလေးရယ်၊ လာစမ်း၊ အခု ဒီကို၊ ခက်တော့တာပဲ၊ ဒါဘာလုပ်နေတာလဲ"

ကားပေါ်ကဆင်းတာနဲ့ စန္ဒီက လည်ပင်းမှာပတ်ပြီး ဘတ်ရှေ့ စုံချထားတဲ့ မာဖလာကိုဆွဲဖြုတ်ရင်း သမီးဖြစ်သူကို ဆဲလည်းအော်၊ သမီးရှိရာလည်း ခပ်သွက်သွက်လှမ်းသွားကာ တစ်ဖက်တည်းမှာပဲ မာဖလာနဲ့ပိုက်ဆံအိတ်ကို လုံးထွေးကိုင် သွားပုံက တကယ့်အလျှင်စလိုဖြစ်သည်။ လွှန်ကတော့ မြေ ဖက်ထောက်ထားသည့်နေရာမှ ဆွဲထားသောစည်းတွေ မနှင်း ရန် သတိထားရပ်ရင်း မိခင်ဖြစ်သူကို လှမ်းကြည့်သည်။

"လွှန် မြေအပြင်လည်းမထွက်ဘူး မာမီ၊ မြေထဲမှာပဲဆော ာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေက ဘာတွေလဲ လွှန်ရယ်၊ ကြည့်စမ်း…ဖြေ ဖြားခင်းထားတဲ့ပေါ် ဘာတွေနဲ့လျှောက်ဆွဲထားတာလဲ၊ အကျ ညစ်ပတ်ကုန်ပြီ လွှန်ကလေးရဲ့"

"မြေဖြူနဲ့ဆွဲတာပါ မာမီရယ်၊ ရေနဲ့ပြန်ဆေးရင် ရပ တယ်၊ တွေခင်းတိုင်း ကစားနေတာ၊ ပျော်ဖို့ကောင်းတယ် မာမီရဲ့"

လွှန်က အနက်ရောင်လည်ပတ်အင်္ကျီပေါ် ကော်ဖီရော ရောင် ထက်အောက်ဆင်တူ ကုတ်ခါးတို၊ ခြေမျက်စိအထက်မှာ ပုံကျချုပ်ကပ်နေသော ဘောင်းဘီနှင့် စီးညိုရောင်မျက်မှန်အပြ အောက်က အနီရောင်နှုတ်ခမ်းရဲရဲတွေနဲ့ မာမီ့ကို လှည့်ပြောလို ခြင်းဖြစ်သည်။

"ဒီမှာကြည့် မာမီ၊ သူက ဒိုးပြားလေးတွေပစ်ပြီး ကျ အကွက်ကို ခြေတစ်ပေါင်ကျိုးခုန်ရတာ၊ ဒီမှာကြည့်…လွှန်ခုန် မယ်"

"တော်စမ်း…လွှန်ကလေး"

မာမီ့အော်သံက မကျယ်ပေမယ့် လွှန်ကတော့ ကလေးမှုပြီး ကြောက်သွားသည်။ ဒေါ်စန္ဒီက လွှန့်အနား ဝိုင်း သော ကလေးမှုမှုရှေတွေကို မျက်လုံးဝေ့ကြည့်ရင်း မျက်ခုံး တွန့်သည်။

"သူတို့တွေက ဘယ်သူတွေလဲ လွှန်၊ ဒီခြံထဲကို ဘယ် ခွင့်ပြုချက်နဲ့ဝင်တာလဲ…ပြော"





"လွှန် ခေါ်တာပါ မာမီရဲ့၊ ဒက်ဒီ့ကိုလည်း လွှန် ပြော ထားပြီးသားပါ၊ ဟို…လွှန် အိမ်ထဲမှာနေရတာ ပျင်းနေပြီ"

လွှန်က ကလေးတွေအပေါ် မာမီ့ဒေါသပုံကျမှာစိုး၍ ခြန်ဖြေရှင်းရင်း ကလေးတွေရှေ့မှ ဝင်ကာရပ်သည်။ ဒေါ်စန္ဒီ တော့ သမီးဖြစ်သူ လွှန့်ရဲ့လုပ်ရပ်ကို မနှစ်မြို့တာရော၊ ပေတီး စုတ်ကလေးတွေကို သဘောမကျတာတွေပါ ရောထွေးလျက် တွန့်ချိုးထားတဲ့မျက်ခုံးတွေ ပြေလျော့လာခြင်းမရှိတော့ဘဲ စိတ် ပျက်သည့် မျက်နှာနှင့် လွှန့်ကိုကြည့်ပြီး သက်ပြင်းချသည်။

"ပျင်းရင် GYM ဆော့ပေါ့၊ ဒါမှမဟုတ် ကွန်ပျူတာ ရတ်သက်တာ လေ့လာ၊ သင်ပြီးသား စဝီကင်တွေ ပြန်ရွတ်နေ၊ ဒါတွေနဲ့ကစားရအောင် ကိုယ့်အရွယ်လည်း ကိုယ်ပြန်ကြည့် လွှန် ကလေး၊ ဘွဲ့ရပြီးပြီ၊ ဒီက အန်းထရင့်အောင်ရင် ကျောင်းသွား တက်ရတော့မယ်၊ ဒီအချိန်မှာ ရှိပြီးသားအရည်အသွေးတွေ ပိုတတ် မြောက်အောင် လုပ်ရမယ့်အချိန်လေ လွှန်ကလေးရဲ့၊ သမီးမှာ ပျင်းနေရမယ့်အချိန်ကိုမရှိဘူး"

"မာမီ"

"ကဲ…တော်ပြီ၊ ဘာမှမပြောနဲ့တော့"

ဒေါ်စန္ဒီက မျက်မှန်ကို ကိုင်းတစ်ဖက်မှဆွဲချွတ်ကာ သမီး ဖြစ်သူကို စိတ်ပျက်သလိုကြည့်သည်။ ကျောလယ်ခန့်ရှိသော ဆံပင်ကို ချောကလက်ရောင်ဖျော့ဖျော့လေးဆိုးကာ လှိုင်းအတွန့်



www.burmeseclassic.com

www.burmeseclassic.com



အကြီးကြီးတွေနဲ့ ဒစ်ဂျစ်တယ်ကောက်ပေးတုန်းကလည်း မဒေ
အိုင်ဒီယာပဲရှိသည်။

"ခေါင်းပေါ်မှာ ရှုပ်ရှုပ်ယှက်ယှက်ကြီး တင်ထားရတာ လှ
မကြိုက်ဘူး မာမီ၊ ဆံပင်အဖြောင့်ထဲမှ အလုပ်ရှုပ်သက်သာတာ
ခေါင်းဖြီးဖို့မေ့နေလည်း ကိစ္စမရှိဘူး၊ သူ့ဟာသူ ရှင်းပြီးသား"

ဒေါ်စန္ဒီက ကိုယ့်သမီး အချောအလှလေးကို ခေတ်
စေချင်သည်။ လှတာကာ လည်ပြန်အောင်ငေးရတဲ့ အလှပိုင်ရှ
လေး ဖြစ်စေချင်တာနှင့် လွန် သဘောမတူသည့်ကြားက လွန်
ဆွဲလှဲပြီး ဆံပင်ကောက်ပေးသည်။ မချောက မအေကွယ်တာနှ
ပုံမသွင်း ဘာမသွင်းနှင့် ဆံပင်ကို နားရွက်နောက်ထဲ ထိုးထည့်
ကာ သူလုပ်ချင်သလိုလုပ်သည်။

"ပိုက်ဆံလည်းတတ်နိုင်တယ်၊ လွန်ကလေးအသား
မွေးရာပါ နှစ်နှစ်ကလေးဖြူတာ သမီးရဲ့၊ ကိုယ်လုံးလေးကလည်
ထွားပြီး လှကျင့်စရာမလိုအောင် သူ့နေရာနဲ့သူ လှပြီးသား၊ ဒီနိုင်
နဲ့တိုင်ပင်ပြီး သမီးနဲ့လိုက်မယ့် ဂါဝန်မျိုး၊ စမတ်ဖြစ်မယ့် အဝတ်
အစားမျိုး အပ်ထားတယ်၊ အကျီတွေရလာရင် အဲဒါတွေပဲဝတ်
ဂျင်းတွေ အဲဒီ စွပ်ကျယ်မကျ တီရှပ်မကဟာတွေ တစ်ခါတည်
သယောအဉ်ဖြတ်လိုက်၊ ဒီခေတ်ကြီးထဲ မလှတာတောင် လှအောင်
လုပ်နေတာ သမီးရေ၊ မာမီ့သမီးက မာမီဆင်တဲ့အတိုင်းဝတ်ရင်
တကယ့်မင်းသမီးရုံးမှာ…တကယ်"





မာမီကိုယ်တိုင် နိုင်ငံတကာဖက်ရှင်လိုင်းတွေ ဖွင့်ကြည့်
ပြီး လေ့လာရ၊ ဒီသမီးအတွက် ဒီဇိုင်နာနဲ့ ခေါင်းချင်းဆိုင်ပြီး
စဉ်းစားပေးရနဲ့ ဒေါ်စန္ဒီမှာ ဆံပင်ဖြူတော့မည်။ သာလွန်ပြည့်စုံ
တို့ကတော့ မကြည့်လိုက်နဲ့၊ ကြည့်မိတာနှင့် တီရှပ်ခါးတိုနဲ့ ဒူးကျ
ဂျင်းဘောင်းဘီက အရောင်နွမ်းနွမ်း၊ ကလေးမကျ လူကြီးမကျတဲ့
စတိုင်(လ်)က တကယ့်အပေအတေဆိုတော့ ဒေါ်စန္ဒီမှာ ကိုယ့်သမီး
ကို ခြေဖျားမှ ဆံစအထိ အစုန်အဆန်အကဲခတ်ရင်း ဘာကိုမှ
အလိုမကျဖြစ်နေ၏။

"အိမ်ထဲဝင်တော့ လွန်"

"မဟုတ်ဘူးလေ မာမီ၊ သူတို့ကို ပြန်ပို့ရဦးမယ်"

"မလိုဘူး"

"ဟိုတ်…ဒီမှာ"

"အားလုံး ကိုယ့်အိမ်ကိုယ် အခုပြန်ကြ"

"မမလွန်"

ကလေးတွေက လွန့်မျက်နှာကို ကြည့်ကြ၏။

ဒေါ်စန္ဒီက သမီးဖြစ်သူလက်ကို ဆောင့်ဆွဲပြီး နောက်မှာ
ကလေးတွေကိုကြည့်တော့ စိတ်ပျက်စရာ။ အသားတွေမည်းပုံက
အားလုံးအတူတူ။ အဝတ်အစားတွေက အပေအရေတွေနဲ့ အနံ့
အသက်က ခပ်ဆိုးဆိုး။ ဒေါ်စန္ဒီမှာ သမီးကို ဒေါသထွက်ရမလား၊
ခင်းတို့ကို ဆောင့်ဆွဲပစ်ရမလားလို့တွေးရင်းပင် လွန်ကို ရိုက်ချင်



www.burmeseclassic.com

www.burmeseclassic.com



လာ၏။

"ဟဲ့…သွားကြလေ၊ သွားလို့ပြောနေတာ မကြားဘူးလား၊ နောက်တစ်ခါ ဒီခြံထဲလာဖို့ စိတ်မကူးနဲ့နော်၊ ဘယ်သူခေါ်ခေါ် မလာရဘူး၊ ကြားလား…သွား‥သွား၊ မြန်မြန်သွားကြ"

ကလေးတွေကိုနှင်ထုတ်ပြီး ခေါ်စန္ဒီ သမီးလက်ကို ဆောင့်ဆွဲကာ အိမ်ပေါ်တက်ခိုင်းသည်။

"လာခဲ့…အိမ်ပေါ်တက်တော့ လွှန်"

"မာမီကလည်း"

ခေါ်စန္ဒီ ခေါ်ရာလိုက်ခဲ့ပေမယ့် လွှန့်အကြည့်တွေက ခြံဝကနေ ထွက်သွားသည့် ကလေးတွေဆီ လည်တဆန့်ဆန့် လှမ်းကြည့်နေမိ၏။ ခေါ်စန္ဒီက ဧည့်ခန်းမှာလည်းမထိုင်၊ အိမ်ပေါ်အထိ မတက်ဘဲ အောက်ထပ်စာကြည့်ခန်းဆီ ဦးဆောင်ပြီးသွား၏။ ခေါ်စန္ဒီ၏ မကျေလည်သော ခြေလှမ်းတွေက နူးညံ့ညင်သာခြင်း ကင်းလျက် လှုပ်ရှားမှုတိုင်း ခေါ်သဆောင်နေ၍ တစ်ခါလှုပ်ရှားတိုင်း အသံကျယ်နေတတ်ရုံမက ပိတ်ထားသည့် စာကြည့်ခန်း တံခါးကို ဝုန်းခနဲ ဆောင့်ဖွင့်ပစ်သည်။

"ကိုကို"

ခင်ပွန်းဖြစ်သူကို ခပ်ဆောင့်ဆောင့်ခေါ်လိုက်ပေမယ့် တုံ့ပြန်ထူးသံကို မကြားရဘဲ အေးစက်စက်အကြည့်တွေသာ စူးခနဲ ရောက်လာ၏။ ပြီးမှ စန္ဒီနောက်မှာရပ်နေသော သမီးကိုမြင်သွား





မှ ဒေါက်တာဝေမိုး မျက်ဝန်းတွေက ဖျတ်ခနဲ နူးညံ့သွားကာ နှုတ်ခမ်းကို ပြုံးလိုက်၏။

"သမီး…ကစားလို့ပြီးပြီလား၊ ဘယ်လိုလဲ အခြေအနေ ထ"

"သမီးပျော်တယ် ဒက်ဒီ"

"ဒါ ပျော်စရာလား လွှန်၊ ကိုကိုကရော သမီးကို ဘာသဘောနဲ့ ဒီလိုအဆင့်အတန်းမရှိတဲ့ ကလေးတွေနဲ့ ကစားခိုင်းရတာလဲ၊ ဒါဖြစ်သင့်လို့လား ကိုကို၊ ဖအေတစ်ယောက်လုံးနဲ့တောင် ကိုယ့်သမီးကို စန္ဒီ စိတ်မချရတဲ့ အခြေအနေမျိုး ကိုကို တမင် ဖန်တီးနေတာလား"

ခေါ်စန္ဒီက ကိုင်လာတဲ့ လက်ကိုင်အိတ်တွေ၊ မာဖလာတွေကို စားပွဲပေါ်ဆောင့်ချရင်း ဒေါသဖြင့်မေးသည်။ ဦးဝေမိုးက ဖတ်လက်စ စာအုပ်ရော၊ မျက်မှန်ရောပါချွတ်ရင်း စားပွဲပေါ်တင်ပြီး ထိုင်ရာမှထရပ်သည်။

"အဆင့်အတန်းတွေ၊ မင်းပြောနေတဲ့ ပေါက်လွှတ်ပဲစားတွေဆိုတာကို မင်း ဘယ်လိုအမြင်နဲ့ ခွဲခြားသလဲ စန္ဒီ"

"အိုး…မြင်နေရတာပဲ၊ ဘာနဲ့ခွဲခြားပြနေရဦးမှာလဲ၊ ဒီလောက် ဆင်းရဲမွဲတေစုတ်ပြတ်နေတဲ့ဟာတွေကို"

"အဲဒီစုတ်ပြတ်နေတဲ့လူတွေကို မင်းလိုပဲ တစ်လသုံးကြိမ် စပါး(လ်)သွား၊ အိုးတန်လက်ဝတ်ရတနာတွေဆင်၊ ဈေးကြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အကျီတွေ ဝတ်နိုင်းပြီး ကားအကောင်းစားကြီးစီးနိုင်းရင် မင်းနဲ့ အဆင့်တူသွားပြီပေါ့ ဟုတ်လား စန္ဒီ"

"ကိုကို စကားကိုကပ်မပြောနဲ့"

"ငါမြင်တာ ငါပြောတာ စန္ဒီ၊ ငါကတော့ အပေါ်ယံ လွှာထက် အတွင်းစိတ်ကိုပဲ ပိုအလေးထားတယ်၊ အပေါ်ကလှပြီး အတွင်းပုပ်ရင် တိရစ္ဆာန်တောင် မသုံးစားတဲ့ ကျီးအာသီးလို လူမျိုး ကိုပဲ ငါက အဆင့်မတူဘူးသတ်မှတ်တယ် စန္ဒီ၊ အဲဒီလိုလူမျိုးနဲ့ ငါ လေတင်လေအောက်တောင် မထိုင်တတ်တာ မင်းသိပါတယ်၊ ကဲ‥သမီး လာ၊ ဒက်ဒီတို့ နေ့လယ်စာ စားရအောင်"

"ဟုတ်"

ဒေါက်တာဝေမိုးက သမီးလွန်ကိုပဲ ပခုံးဖက်ခေါ်သွားသော် မယ့် ဒေါ်စန္ဒီကိုကျတော့ လှည့်၍ပင်မကြည့်၍ ဒေါ်စန္ဒီရင်ထဲ အောင့်ခနဲဖြစ်သွား၏။

ဒါက ဘာပုံစံလဲ။

စန္ဒီလိုလူနဲ့ စကားဖက်ပြောနေစရာမလိုဘူး ဆိုချင်တာ လား။ ဒေါက်တာဝေမိုးတို့ သားအဖကိုကြည့်ပြီး ဒေါ်စန္ဒီရင်ထဲ ဒေါသတွေ ဆူဝေလာ၏။

အိမ်တွင်းမီးက နှစ်များစွာကြာသည့်တိုင် ဖွဲမီးလို တငွေ့ ငွေ့လောင်ကျွမ်းခဲ့ရတဲ့ အကြောင်းရင်းက စန္ဒီက နောင်းရှေ့မှာ ကိုယ်ကျင့်တရားကို စော်ကားခဲ့လို့ဆိုသည့် စွပ်စွဲချက်နှင့်ဖြစ်သည်။





"မလိုချင်လို့ လွှင့်ပစ်ထားခဲ့တာကို မင်းက ကောက်ရ ပြီးမှ ဒါ ငါ့ဟာပါလို့ လိုက်ကြွားနေတော့ စွန့်ပစ်ပစ္စည်းရဲ့ ရှိရင်း ခွဲတန်ဖိုးတောင် ကျသွားသေးတယ်ကွ၊ နားလည်လား"

"မင်းကို တော်တယ်လို့ ချီးမွမ်းရမှာပဲ စန္ဒီ၊ မင်းအတွေး အခေါ် အယူအဆတွေကို ငါ လိုက်မမီတော့ ဒီလောက် တော် တတ်နေတဲ့မိန်းမနဲ့ တစ်အိမ်တည်းနေပြီး ရှေ့ခရီးအတူဆက်ဖို့တော့ မဖြစ်နိုင်တော့ဘူး စန္ဒီ၊ အခု ငါရှိနေတာက ငါ့သမီးအတွက် ဒါပဲ၊ ဒါ့အပြင် ဘာမှမရှိဘူး"

ဒေါက်တာဝေမိုးက ဒေါ်စန္ဒီနှင့်သူ ဘာမှမဆိုင်ကြောင်း ပြောပြီးကတည်းက စာကြည့်ခန်းကိုပဲ အိပ်ရာလုပ်ခဲ့သည်မှာ နှစ်ချီ ခဲ့ပါပြီ။ ဒီလိုဖြစ်ရပ်တွေကြုံတိုင်း စန္ဒီကတော့ ကိုင်တွယ်မရတဲ့ ကိုယ်ကျင့်တရားဆိုတာကြီးပဲ ဟားတိုက်ရယ်ပစ်ချင်၏။

"ချစ်လို့ပေါင်းဖက်ကြတာမှမဟုတ်တဲ့ ကိုကို၊ ဘာကာဗာ မှမယူဘဲ လမ်းခွဲကြရအောင်ဆိုလည်း စန္ဒီ နားလည်ပေးမှာပါ"

ကိုကို့ကို အနိုင်ယူချင်စိတ်ဖြင့် အပြုံးမပျက် တစ်ခွန်းမခံ ပြောခဲ့ပေမယ့် ဒေါ်စန္ဒီရင်ထဲမှာ နာကျင်ရသမျှ စာတောင် မဖွဲ့ပြ တတ်အောင် ထိခိုက်ရသည်။ သူတို့လက်ကိုင်ထားသည့်အရာကို ဒီနေ့ဒီအချိန်ထိ စန္ဒီက ဖြူသလား၊ မည်းသလားမသိ။ စန္ဒီ လက်ကိုင်ထားသည့်အရာကလည်း လူ့သက်တမ်းတိုတိုလေးမှာ ကိုယ် ဖြစ်ချင်ရာ ဖြစ်ရဖို့သာ ပထမ။



www.burmeseclassic.com

ဒါ့အပြင် တခြားမရှိ။ နေရသည့် ဘဝသက်တမ်းတိုတို လေးမှာ စန္ဒီက ပျော်ပျော်ပဲနေချင်သည်။

◆ ◆ ◆



## အခန်း (၉)

"ဟေး…ငါ ဒီမှာကွ ရန်ကြီးရ"

အရပ်ပုပုကို လူအများကြားထဲမှ ထင်သာမြင်သာရှိအောင် ခုန်ပေါက်ပြနေသော သုဝေကို ရန်ပြေ လက်တစ်ဖက်ထောင်ပြ သည်။

"ဟား…ဟား…မင်းကွာ ငါနဲ့မတွေ့ရတဲ့ တစ်နှစ် အတွင်း ရုပ်နည်းနည်းပြောင်းသွားသလိုပဲ"

အနားရောက်လာသည့် ရန်ပြေကို ဆီးကြိုဖက်ရင်း သုဝေ က ပြော၏။

"အသက်တစ်နှစ် ကြီးသွားပြီလေကွာ၊ မနှစ်ကနဲ့ ဒီနှစ် မတူတာ သဘာဝပဲကို၊ မင်းမှာဖုန်းပါလား သုဝေ"

မဆီမဆိုင်မေးခွန်းမို့ သုဝေက ဘာလဲဟာဆိုတဲ့အထာနဲ့

www.burmeseclassic.com



ရန်ပြေကို လှည့်ကြည့်သည်။

"မင်းက အထင်သေးတာလား ရန်ကြီး၊ ဂျပန်မှာ ရှစ်နှစ်ကိုးနှစ်လောက် နေခဲ့တော့ မြန်မာနိုင်ငံရဲ့ တိုးတက်နေတာကို မျက်ခြေပြတ်နေပြီဆိုပါတော့"

"ဘာမှမဆိုင်ဘူး ငါမေးတာ"

"အေး··မင်း မေးတာနဲ့တင် အဖြေက ပါနေပြီ၊ ဖုန်းပါလားတဲ့၊ ဟောကောင် မြန်မာနိုင်ငံမှာ လူတိုင်းဖုန်းကိုင်နိုင်နေပြီ သဘောပေါက်"

"အေး ကိုင်နိုင်ရင် ငါ့ကို ဖုန်းတစ်လုံး အမြန်ဝယ်ပေး ဒါပေမဲ့ အခု မင်းဖုန်း ခဏငှား"

သုဝေက ရန်ပြေကို ဘွဲ့ဘောင်းဘီအိတ်ထဲမှ ဖုန်းကို ထုတ်ပေးသည်။ မေမေ့ဆီဖုန်းခေါ်ရင်း လေဆိပ်အဆောက်အဦ အပြင်ရောက်တာနဲ့ သဘာဝအတိုင်း စိမ်းစိုလတ်ဆတ်သော လေ တချို့က ရန်ပြေကို ဆီးကြိုပွေ့ဖက်၏။ ရန်ပြေအတွက်တော့ နှစ်တွေဘယ်လိုပဲပြောင်းပြောင်း မပြောင်းလဲသော လေထုကြားမှာ မြန်မာပြည်ရဲ့အငွေ့အသက်ကို အပြည့်အဝ ခံစားပစ်လိုက်၏။

"ဟဲလို"

"မေမေ"

"သား···ရန်ကုန်ရောက်ပြီလား၊ မောင်သုဝေနဲ့ရော တွေ့ရဲ့လား၊ မေမေကဲ ဒီမှာ အချိန်ကိုမှန်းတွက်ပြီး မင်းအန်ကယ်





ကို ပြောနေတာ၊ အခုလောက်ဆို ရောက်လောက်ပြီလို့"

"အင်း···ရောက်ပြီ မေမေ၊ သုဝေ လာကြိုတဲ့ကားပေါ် ဆောင် ရောက်နေပြီ၊ အခု ဒီကောင် ဝယ်ပေးထားတဲ့ ကွန်ဒိုကို သွားနေပြီ၊ ရန်ကုန်မြေစနင်းတဲ့ ကျွန်တော့်ကို မေမေ အထူးတလည် ဘာများမှာချင်လဲလို့ လှမ်းမေးတာ"

"အထူးတလည် မှာစရာ"

မေမေက အဲဒီလိုရေရွတ်ပြီး အသံတိတ်ကျသွားကာကိုပဲ ရန်ပြေ နားစွင့်နေမိသည်။ ပတ်ဝန်းကျင်က ကားပြတင်းမှ တရိပ် ရိပ်ပြေးလွှား ကျန်ရစ်ခဲ့သလို ရန်ပြေရော မေမေ့ရင်ဘတ်ထဲမှာရော အရာရာက ယောင်းနှမ်းခြင်းမရှိဘဲ ထင်ကျန်ရစ်ခဲ့တာ အတိတ်ရဲ့ ဝေဒနာဆိုလျှင် မေမေ့ထံမှ သက်ပြင်းချသံသဲ့သဲ့ကို ရန်ပြေ ကြားရ၏။

"အထွေအထူး မှာစရာတော့မရှိဘူး သား၊ သား အန်ကယ်နဲ့ မေမေတို့ စတွေ့ခဲ့တဲ့ မိဘမဲ့ဂေဟာလေးကိုသာ အရင် သွားပါ၊ လှူစရာရှိတာလှူပြီး သားနာမည်နဲ့ ဖောင်ဒေးရှင်းတစ်ခု လုပ်ဖို့ စီစဉ်လေ၊ ထူးချွန်တဲ့ကလေးတွေ ပညာရေးဆုံးခန်းတိုင် အောင်ပေါ့"

"ကျွန်တော့်နာမည်နဲ့တော့ မလုပ်ဘူး မေမေ၊ အန်ကယ့် နာမည်နဲ့ပဲဖြစ်ဖြစ်"

"သားကလဲ၊ အဲဒီစိတ်ကူးကို သား အရင်ရခဲ့တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ကျွန်တော်တို့ကို လူတွေမသိလေ ပိုကော
လေဆိုပြီး တွေးမိသလားလို့၊ အဟွန်း…ပေးစရာရှိတာတွေ ပြ
ရဦးမှာလေ မေမေရဲ့"

"သား"

နောင်းရဲ့အသံက ထိတ်လန့်တကြား ဖြစ်သွားသည
ကြေကွဲဝမ်းနည်းခဲ့ရသော နာရီ၊ မိနစ်၊ စက္ကန့်တိုင်းက ပြန်
တိုင်း မနေ့တစ်နေ့လိုအဖြစ်မျိုးမို့ နောင်း ရအောင်မေ့ခဲ့သည
ပြန်မတွေးမိအောင် ထိန်းချုပ်၏။ တသသ လွမ်းစရာအတိတ်
ရှိသလို ဖွတ်ကြိတ်မိုတ် မေ့ဖျောက်ရမည့် အတိတ်လည်းရှိသည
ရင်ကို နာကျင်လောင်မြိုက်စေသော မီးတစ်စကို ပြန်တမ်းတ
ကိုယ်သာ အပူဟပ်ခံရမှာမို့ နောင်း မေ့ခဲ့တာကြာပြီ။ ထိုအတိ
သားကိုလည်း ရှိစေချင်သည်။

"ဆောရီး မေမေ၊ ကျွန်တော် မေမေ့ကို ဒါတွေမ
သင့်ဘူး၊ ဖုန်းချလိုက်တော့မယ်၊ ကွန်ဒိုထဲရောက်နေပြီ၊ အန်က
နှုတ်ဆက်တယ် ပြောပေးပါ မေမေ၊ ဂေဟာကိုလည်း မနက်
သွားလိုက်ပါ့မယ်"

"အေး အေး သား၊ မေမေ့သားလေး မြန်မာပြည
လူသစ်စိတ်သစ်နဲ့ ဘဝအသစ် ထူထောင်နိုင်ပါစေ"

မေမေ့ဆုမွန်ကောင်းတောင်းတာ ဘာကို ရည်ညွှန်း
ဆိုတာ ရန်ပြေ သိသည်။ ဒါပေမဲ့ အသစ်ဆိုတာ အဟောင်





နှုပ်စ်ပြီးမှ ရယူပိုင်ဆိုင်ခွင့်ရှိတာကိုလည်း မေမေ သိစေချင်သည်။

ဆောရီး မေမေ။ ကျွန်တော့်ပစ္စုပ္ပန်မှာ အတိတ်က စိုးမိုး
နတုန်းပဲဆိုတာ မေမေသိရင် ကျွန်တော့်ကို ခွင့်လွှတ်နိုင်မှာပါ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"တော်တော် အဆင်ပြေသွားတယ် အန်ကယ်၊ မီး
ချောင်ကို ဟောလ်ကြီးဖွင့်ပေးထားလိုက်တယ်၊ ဟုမ်းဒက်ကာရေးရှ
အဖွဲ့ကိုခေါ်ပြီး စီစဉ်လိုက်တာ သိပ်ကောင်းတာပဲ"

"မာသာကြီးကတော့ ညည်းနေတယ်၊ သူတို့က ဂက်စ်
မီးဖိုတွေ မသုံးရဲဘူးတဲ့၊ ကျွန်တော် သေချာရှင်းပြထားပါတယ်
အန်ကယ်၊ အခုဓာတ်ပုံရိုက်ပြီး အွန်လိုင်းမှာတင်ပေးမယ်၊ အန်ကယ်
နဲ့ မေမေ ဂေဟာရဲ့ပြောင်းလဲနေတာတွေ ချက်ချင်းကြည့်လို့ရတာ
ပေါ့"

"ကလေးဦးရေကရော များလာလား သား"

"တစ်ရာကျော် မေမေ၊ တခြားအလှူရှင်တွေလည်း
ရှိတယ်"





"အင်း…ကလေးတွေ နေရေးစားရေး အဆင်ပြေရဲ့ လား
ဟင်နဲ့"

အန်ကယ်တောင် ရန်ပြေတို့ သားအမိနဲ့ အနေများတာ
ကြောင့် မြန်မာစကားကို ပျူပျူငှာငှာ မေးတတ်ပြောတတ်နေပြီ။
တစ်ခါတစ်ရံ စကားထဲမှာ အင်္ဂလိပ်အသုံးအနှုန်း၊ ဂျပန်အသုံး
အနှုန်းတွေ ညှပ်ပါလာတာကလွဲ၍ မြန်မာဆိုသာ အပြောများသူ
ဖြစ်သည်။

"အားလုံး အဆင်ပြေပါတယ် အန်ကယ်၊ ကျွန်တော်
ကလေးတွေနဲ့ စုရိုက်ထားတဲ့ပုံတွေရော အဆောင်သစ်တွေ ထပ်ရှိ
ထားတဲ့ပုံတွေပါ ပို့လိုက်မယ်၊ ဒီညမှ ကြည့်ပြီး မေမေ့ကိုလည်း
ကျွန်တော် နှုတ်ဆက်တယ် ပြောပေးပါ၊ ဒါပဲနော် အန်ကယ်"

ရန်ပြေက သူ့ဖုန်းချရင်း ကင်မရာကို မိဘမဲ့ဂေဟာရဲ့
အဆောက်အဦတွေဆီ လှမ်းချိန်ရင်း တဖျတ်ဖျတ်မှတ်တမ်းတင်
သည်။ သူငယ်စဉ်က ရင်းနှီးကျွမ်းဝင်ဖူးသည့် မီးဖိုဆောင်သည်
ယခုတော့ ခေတ်မီစားဖိုဆောင်ဖြစ်၍နေပြီ။ ဦးဝေမိုးတို့အိမ်မှ ထွက်
ခွာပြီး နောက်အချိန်တွေမှာ ဒီမိဘမဲ့ဂေဟာက ရန်ပြေတို့အတွက်
ကိုယ်မြောက် နားခိုရာဖြစ်ခဲ့သည်။

"အချက်အပြုတ် ကျွမ်းကျင်သူဆိုတော့ အမေနဲ့ ကိုက်
ညီတယ် သားရယ်၊ ဝေမိုးတို့အိမ်ကပေးတဲ့ လခလေးတွေ မေမေ
စုထားတာရှိတယ် သား၊ အဲဒီငွေနဲ့ သား ကျောင်းဆက်တက်ရ



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ မင်းအမေ ချန်ထားပေးခဲ့တဲ့ ခြံဝိုင်းလေးကို အမေ အပြီး ရောင်းလိုက်မယ်၊ သား ကျောင်းစရိတ်ရတာပေါ့"

အားလုံးကို မေမေ စီစဉ်သမျှ ရန်ပြေ သဘောမတူခဲ့ပါ။

"အမေ့အမွေဆိုလို့ ဒါပဲရှိတာဆို၊ အမေ အသက်ကြီးတဲ့ အခါ အဲဒီခြံပေါ် အိမ်လေးဆောက်ပြီး နေချင်တယ်လို့ အမေပဲ ပြောခဲ့တာမဟုတ်လား၊ ကျွန်တော် ကျောင်း ဆက်မတက်ဘူး အမေ၊ အလုပ် တစ်ခုခုလုပ်မယ်"

"တော်စမ်း…သား၊ မင်းအမေက ဆေးတက္ကသိုလ် တက်ခွင့်ရရဲ့သားနဲ့ ဆေးကျောင်းသူဖြစ်ခဲ့ရဲ့သားနဲ့ အခုဘာလို့ သူများစီးပိုးချောင်မှာပဲ ကျင်လည်ခဲ့ရသလဲဆိုတာ မင်း သိလား"

ရန်ပြေ အဲဒီတုန်းက မေမေ့ခံစားချက်ကို နားမလည်ခဲ့ မျက်ရည်တို့နှင့် ပြည့်လျှမ်းနေသော အမေ့မျက်နှာကိုသာ မော့ကြ နေခဲ့မိတာ အခု ပြန်တွေးတိုင်း ရင်ထဲနင့်လာ၏။

"တစ်ခေါ အကျပ်အတည်းကို တစ်ဘဝနဲ့ လဲပစ်ခဲ့လို့ သား၊ အိမ်ထောင်ကျတယ်ဆိုတာ သဘာဝ၊ ပညာသင်ယူတယ် ဆိုတာ ဒါ သဘာဝရဲ့အစဉ်အလာ၊ အမေက အစဉ်အလာကို ချိုးဖျက်ခဲ့သူမို့ဘော့ ရလဒ်က မကောင်းခဲ့ဘူး၊ အမေ့သားကို ဒီလိုမဖြစ်စေချင်ဘူး၊ ဘဝဆိုတာ နိဒါန်းမကောင်းပေမယ့် နိဂုံး ကတော့ အရော်တွေ အနိုင်တွေနဲ့ လှပနေတာမျိုး အမေမြင်ချင် တယ်"





ထိုထိုသော ဆုံးမစကားတွေနဲ့ ရန်ပြေက ဘဝကို တစ်က ပြန်စခဲ့သည်။ အမေက ထင်းမီးတွေ မှုမှုလောင်လောင်နှင့် လူ ပါဆယ်စာ ထမင်းဟင်းတွေ ချက်နေချိန်မှာ ရန်ပြေက ကွန်ပျူ တာသာရပ်ကြားမှာ ဘဝတိုးတက်ရေး ရှာဖွေခဲ့၏။ ရိုးသား ကြိုးစားသူက နတ်ဒေဝါတို့ရဲ့ ချစ်မြတ်နိုးခြင်း ခံရသည်ဆိုတာ အထယ်ပဲလားတော့မသိ။ ဂျပန်သာသနာပြုအဖွဲ့မှ မစ္စတာတာကာ ခေါင်းဆောင်သော ကမ္ဘာလှည့်လှူဒါန်းခြင်းအဖွဲ့က မီးအိမ်ရှင် နိုးသော မိဘမဲ့ဂေဟာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ သည်၊ ခရီးပြင်းနှင်လာရခြင်း၊ ပူသောရာသီဥတုဒဏ် မခံနိုင်ခြင်း တို့ကြောင့် မစ္စတာတာကာက မီးအိမ်ရှင်ရောက်တာနဲ့ အပြင်း ဖျားသည်။ သူနာပြုအဖွဲ့လည်း ပါမလာ၊ ဆရာဝန်ပင့်ရန် အချိန် ကြာတော်ကြီးမို့ အမေက တတ်သည့်ပညာ ရှိနေသာဆိုသည့်အတိုင်း ဆေးကုပေးခဲ့တာ စေတနာအရင်းခံနဲ့ပါ။ စေတနာတိုင်း ရောင်ပြန် ဟပ်ပေမယ့် မျှော်လင့်ချက်ကင်းခဲ့သော အမေ့စေတနာကြောင့် မစ္စတာတာကာက လက်ထပ်ခွင့်တောင်းခဲ့သည်။

"မစ္စတာတာကာက ဒီလို ပညာတစ်ပိုင်းတစ်စဖြစ်နေတဲ့ သူတွေကို သိပ်ကူညီချင်တာပါ၊ ပြီးတော့ မြန်မာပြည်ကိုချစ်တယ်၊ မြန်မာလူမျိုးတွေကို လေးစားတယ်၊ အထူးသဖြင့် ဘဝကိုကြံ့ကြံ့ခံနိုင် တယ်ပြီး စေတနာ မေတ္တာကြီးတဲ့ မိခင်ပီသတဲ့ ဒီက နောင်းကို လေးစားတဲ့စိတ်ရင်းအခံနဲ့ လက်ထပ်ခွင့်တောင်းတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေတို့ ချက်ချင်းပြောင်းလဲသွား၏။ ရန်ပြေ နိုင်ငံခြားတက္ကသိုလ်မှာ တက်ရောက်ခွင့်ရသည်။ ဂျပန်နိုင်ငံရဲ့ ဈေးကွက်အတွင်းကျယ်ဆုံး အီလက်ထရောနစ်ကုမ္ပဏီပိုင်ရှင် မစ္စတာ ကာရဲ့သားအဖြစ် အမွေဆက်ခံခွင့်ရသည်။ အဖေက ထိုကတည်း က သူ့လက်ဖဝါးတစ်ဖက်ကို ဆုပ်ကိုင်ရင်း…

"အမေ့ဆုံးဖြတ်ချက်တိုင်းက သားအနာဂတ်အတွက်ပဲ သား"

မေမေ့အသံတိုးတိုးလေးက ရန်ပြေ့နားထဲမှာ အမြဲကျယ် လောင်စွာ ကြားရမြဲဖြစ်သည်။ အခုတော့ အတိတ်ကိုငဲ့ကြည့်တိုင်း ပစ္စုပ္ပန်မှာ လာငြိနေပေမယ့် ရှေ့မှာတော့ ရန်ပြေ့အနာဂတ် တောက်ပ နေတာ လှမ်းမျှော်ကြည့်တိုင်း မြင်နေရသည်။

"အာ…ဟာ၊ ထိန်းပါဗျ၊ ဟား…ဟား…မမရှာ အသက်ဖြင့် နှစ်ဆယ် ကျော်နေပြီ၊ စက်ဘီးတောင် ဖြောင့်အောင် မနင်းတတ်ဘူး"

"ဗိုးချို့နော် နင်က ငါ့ကိုများ ပြန်ပြောနေရသေးတယ် ကိုယ့်ဘာသာ စက်ဘီးကို နိုင်အောင်ထိန်း"

"ဟဲ့…ဟဲ့…လဲတော့မယ်"

"ကိုယ်ကို တည့်တည့်ထားဗျာ"

ဆူညံညံ အသံတွေနှင့်အတူ ရန်ပြေ ကင်မရာရဲ့ မြင်ကွင်းထဲ ပုံရိပ်တွေ ဝင်လာ၏။ ကုတ်ထောက်တဲ့ဆံပင် ရှေ့





င်းစင်းတွေက နေရောင်မှာ နီညိုရောင်လက်သည်။ လေထဲ ဖွာ့နဲ့စွာ ရမ်းခါနေတာ လိပ်ပြာတောင်ပံခတ်တာနှင့် တူသည်။ ျက်နှာတစ်ခြမ်းအုပ်တဲ့ ဆံပင်ပုံစံလေးမို့ လက်ငါးချောင်းနှင့် သပ်ထိုးတင်တော့ လင်းခနဲပေါ်လာတဲ့ မျက်နှာလေးမှာ သွား န်းတွေပေါ်အောင် ရယ်နေတာလည်း မြင်ရ၏။ လိမ္မော်ရောင် ည်ပင်းပြဲပြဲတီရှပ်ကို လိမ္မော်ရောင် ဒူးကျဘောင်းဘီလေးနှင့် ွဲဝတ်ထားသည်။ စက်ဘီးအသစ်ကျပ်ချွတ်ပေမယ့် တွေ့မြင်ခဲ့လှ သာ နှစ်ယောက်စီးဘီးမျိုး။ ဟန်ဒယ်လ်က ရှေ့မှာပဲပါကာ ာက်လူက ခြေနင်းနှင့် ထိုင်ခုံပါသည်။ ရှေ့လူနှင့်နောက်လူ တူနင်းကြသည့် ကမ်းခြေတွေမှာသာ တွေ့ရသည့်စက်ဘီး။

"ဟာဗျာ…ဒီဆံပင် တစ်ခါသပ်တိုင်း ဟန်ဒယ်လ်က ာင်းသွားတာ၊ ပဲက များချင်သေးတယ်၊ ဟန်ဒယ်လ်ဖြင့် ငြိမ် အောင်မကိုင်နိုင်ဘဲနဲ့"

"နင် ငါ့ကို မဝေဖန်ပါနဲ့"

အရှေ့မှနင်းရင်း အသံစူးစူးနှင့် ပြန်အော်သံထဲမှာ ဒေါသ ပါ၊ အနိုင်ယူဆိုးနွဲ့စိတ်ဖြင့် လွှတ်လပ်လျက်။ ပေါ့ပါးသော ပြုံးတွေက ချစ်စရာကောင်းအောင် အနီးကပ်မြင်နေရ၏။

"မဝေဖန်လို့ မရဘူးဗျာ၊ မမက ရှေ့ကနင်းပြီး အထာမှ ကျတာ"

"ဟဲ့…ငါက နင်းမှမနင်းတတ်တာ၊ အဲဒါကြောင့် နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



နောက်ကထိန်းဖို့ ခေါ်လာတာပေါ့”

“ဒီအရွယ်ကြီးနဲ့ အခုမှ စက်ဘီးစီးသင်တာ ရှက်ဖို့ တော်တော်ကောင်းနေပြီ”

“နင်နော်…နောက်ကနေ လောင်သလို ရွဲ့သလိုမလုပ်နဲ့၊ ရှေ့ကသစ်ပင်ကို ငါ ဝင်အောင်းပစ်မှာနော်၊ လူကို ဘာမှတ်လဲ”

“နဂိုကတည်းက အောင်းချင်ချင်ပါဗျာ၊ ဒေါသကို လွှဲမချနဲ့”

ရန်ပြေ ကြည့်နေရင်းမှ ရယ်လည်းရယ်သည်၊ လက်တွေကလည်း အလိုလို ကင်မရာခလုတ်ကို နှိပ်ချပြီးသား ဖြစ်နေ၏။ ရန်ပြေရှိရာကို သူမတို့က မြင်ဟန်မတူ။ ဂေဟာရဲ့အနောက်ဘက် မြေကွက်လပ်လေးထဲမှာပဲ စက်ဘီးကို လှည့်ပတ်စီးနေကြ၍ ရန်ပြေက သူတို့လှုပ်ရှားမှုတိုင်းကို သွှသသောနှင့်သူ လွတ်လွတ်လပ်လပ် မှတ်တမ်းတင်ခွင့်ရနေ၏။

“ဒီ…ဒီ…ဒီ…ဒီ”

ရန်ပြေ ကုတ်အင်္ကျီအိတ်ထဲထည့်ထားသည့် ဖုန်းက တုန်ခါနှုန်းနှင့် အချက်ပြနေ၍ သူက မှီရပ်နေသော ပင်စည်ဆီ ကျောကပ်ပြီး ဖုန်းဖွင့်လိုက်သည်နှင့် ထူးသံတောင်မပေးရခင်မှာပဲ သုဝေအသံကို အရင်ကြားရ၏။

“ဟား…ဟောကောင် ရန်ကြီး”

အလျှင်စလို တိုးဝင်လာတဲ့ သုဝေရဲ့အသံ။ နားဆူသွား၍ ဖုန်းကို နားနားမှခွာလိုက်၏။



“ဘာဖြစ်တာလဲ သုဝေ”

“အေး…မင်း ဂေါက်တာလား၊ ငါ ဂေါက်တာလား သိတော့ဘူး ရန်ကြီး၊ ဒီညနေ မင်းရဲ့ အီလက်ထရောနစ်စင်တာ ဖွင့်ပွဲလေ”

“ဟာ…အေး အေး ဆောရီး၊ ငါ မေ့နေတာ၊ လာပြီ ဟောကောင်…ငါ လာပြီ”

“လုပ်ပါ အေးအေးဆေးဆေး၊ ဒီဖွင့်ပွဲဖဲကြိုးက မင်း ဖြတ်မှ ပြတ်မှာပဲ၊ မင်းသဘော”

သုဝေ ဒီကောင် ရွဲ့သွားမှန်းသိသည်။ ကိုယ်ကလည်း တစ်ဖက်လူရွဲ့ချင်အောင် လွှဲခဲ့၍ ဖုန်းနှင့်ကင်မရာကို လက်တစ်ဖက်တည်းပူးကိုင်ပြီး သူမရှိရာ လှမ်းကြည့်တော့ ကလေးမရဲ့ သင်ကြားရေးအစီအစဉ်က မပြီးဆုံးသေး။ ရန်ပြေ နှုတ်ခမ်းတွေ ပြုံးတော့ မျက်ဝန်းထဲမှာပဲ ပြုံးရိပ်တွေထင်လာကာ သဘောတကျနှင့် မျက်နှာလွှဲပြီး ကားဆီ ပြန်လျှောက်လာသည်။ ဂေဟာမှူးဆီဝင်နှုတ်ဆက်ဖို့ စင်တာဖွင့်ပြီးတာနဲ့ အမှာစကားပြောဖို့ ပစ္စည်းတွေကို ရက်သတ္တပတ်အတွင်း ငါးဆယ်ရာခိုင်နှုန်းလျှော့၍ ဈေးကွက်မိတ်ဆက်ဖို့နှင့် ခေါင်းထဲမှာလုပ်ဆောင်ရမည့် အစီအစဉ်များစွာထဲ၌ သူမ ဘယ်သူဘယ်ဝါဆိုတာ ဦးစားပေးစုံစမ်းဖို့က နံပါတ်တစ်ဖြစ်သွား၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇၇)

"မဖြစ်ပါဘူး လွှန်ရယ်"

"ဩော်…ဖြစ်ပါတယ်ဆိုမှ နုနုကလဲ"

"ခွတ်မလုပ်စမ်းနဲ့ လွှန်၊ နုင် တစ်ခုခုဖြစ်ရင် အန်တီ စန္ဒီဒေါ်သကို သိသွားနဲ့၊ ဒေါ်သထွက်ပြီး ဆူတာငေါက်တာဆို ငါ ခံနိုင်သေးတယ်၊ တော်ကြာ ငါ့အိမ်မှာ နုင် စာလာမလုပ်ရဘူး ဆိုမှ အဲဒါ ဌမ်းမှာ"

"အမယ်လေး…လွှန်လည်း အဲဒီလို ဌမ်းမှာတော့ ကြောက်ပါတယ် နုရဲ့၊ ဒါပေမဲ့ စိတ်ချ၊ လွှန် ဘာမှမဖြစ်စေရဘူး"

နုနုကို ဆတ်ခနဲလှည့်ပြောပြီး လွှန့်မျက်နှာ ပြန်ငုံ့တော့ လွှန်ရဲ့ဆံပင်ႇ ပျော့အိအိလက်လက်လေးတွေက လွှန့်မျက်နှာရှေ့ ဝေါ်ခနဲပြိုကျသည်။ ဒါကိုပဲ လွှန်က လက်တစ်ဖက်နဲ့ ဖိသိပ်တိုး





တင်လိုက်၊ ဖိနပ်ကြိုးငုံ့ချည်လိုက်၊ ဆံပင်တွေ ပြန်ကျလာလိုက်၊ နားရွက်နောက်ထဲ ထိုးညှပ်လိုက်နှင့် တစ်ယောက်တည်းရှုပ်နေ၏။

"ကောင်းဦးမယ်၊ ဖိနပ်နဲ့ဆံပင် မိတ်ဆက်နေတာက"

လွှန်ဖြစ်နေပုံကို နုနုက ဝင်ပြောတော့ လွှန်က ခစ်ခနဲ ရယ်သည်။

လွှန်က ဒီလိုဖြစ်နေကျပေမယ့် နုနုက မျက်နှာလွှဲမနေနိုင်တာနှင့် ဝင်ပြောဖြစ်ရုံမက လွှန့်ဖိနပ်ကြိုး ကူချည်ပေးလိုက်၏။ ကိုယ်တားထားတဲ့အရာကို အားပေးအားမြှောက်ပြုလိုက်သလို ဖြစ်သွားသလားဟု နုနုတွေးရင်း လွှန့်ကို လှမ်းကြည့်သည်။

"နုင့်ကို ငါ အတန်တန် တားတယ်နော် လွှန်"

"လွှန် သိပါတယ်"

"လွှန် သိပါတယ် လုပ်မနေနဲ့၊ စက်ဘီးက မှောက်လို့ နှာခေါင်းရှုံ့ပဲရှိမှာ၊ စကိတ်က ရှဲတွေကျွတ်မှ ရေလည်ကျိုင်းမှာနော်၊ သုံး၀ မပေါ့နဲ့"

"အင်းပါဆို…နုကလဲ"

လွှန့်အသံလေးက ခပ်ချွဲချွဲ။ နု ဘာပြောပြော ခေါင်းပဲ ဆပ်ကာထပ်ကာ ညိတ်ပြလျက် အကိုင်အတွယ်မပါဘဲ လွှန့် ဘာသာ မတ်တပ်ထရပ်ဖို့ ကြိုးစားသည်။ လွှန့်မှာ ခြေတစ်လှမ်း လှမ်းလိုက်၊ ယိုင်သွားလိုက်။ ဒီဘက်ခြေထောက်က ဟန်ချက် ညီအောင် ထိန်းလိုက်နှင့် အမှူးသမားသိုင်းကွက် နင်းတာထက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုးသော ခြေလှမ်းများဖြင့် လွန်က ခြံထဲမှထွက်ရန် တာစူသည်။ နုနုနှင့် လွန့်ကို နိုင်ငံခြားမှာ ကျောင်းတက်ခွင့်ရအောင် စီစဉ်ပေး နေတာချင်းအတူတူမို့ နုနုတို့အိမ်မှာ လွန် စာကျက်ခွင့်ရခြင်းဖြ သည်။

"သမီးကို ယုံကြည်လို့ လွှတ်တာနော် လွန်၊ မာ ယုံကြည်မှုကို အလွဲသုံးစားမလုပ်နဲ့၊ ကိုယ့်လွတ်လပ်ခွင့် ကို မရိုက်ချိုးနဲ့ သိလား"

မာမို့ဘက်က မှာတမ်းတွေ လွန့်အတွက် တစ်သီကြီ ခြွေပြီး နုနုအိမ်ထိ ကားမောင်းပို့သည်။ လာကြိုတော့လည်း မာမီ အချိန်အတိအကျနှင့်။ ဒါကိုပဲ မာမီက ယုံကြည်တာတွေ လွတ်လ ခွင့်တွေနှင့် လူကြားကောင်းအောင် လွန့်ကို ချည်တုပ်နေသေ မာမီကို တစ်ခါတစ်ခါတော့ လွန် အရွဲ့တိုက်ချင်သည်။ အဝတ်အစ ဆိုလည်း မာမို့စိတ်ကြိုက်။ ပြင်ဆင်ခြယ်သမှုကျတော့လည်း မာမို့သဘော။ အစားအသောက်တောင် လွန့်စိတ်ကြိုက် ရွေးချ ပိုင်ခွင့် ဘာဆိုဘာမှမရှိသော လွန် ဖြစ်သည်။

"အစပ်တွေ မစားရဘူး၊ အို…ဒီအချဉ်ပေါင်းတွေ ကယ်မစ်ကယ်တွေ အများကြီးပါတာ၊ အချဉ်စားချင်ရင် သံပ ရည်သောက်၊ အဆီကျမယ်၊ ဗီတာမင်စီပါတယ်၊ အသားအရေ လှတယ်၊ ဒီမှာ သမီး၊ ငွေကုန်တာချင်းအတူတူ အကျိုးရှိတ ခန္ဓာကိုယ်ထဲရောက်ပါစေ၊ ကုသိုလ်ကောင်းလို့ လူ့ဘဝလူ့ခန္ဓာ ကိုယ





ရထားပြီးပြီ၊ ကိုယ် အထိန်းသိမ်းမတတ်လို့ ပိုးယွင်းပျက်စီးတာမျိုး မဖြစ်စေနဲ့ လွန်"

မာမီက လွန့်ကို ဟိုဟာမလုပ်ရ၊ ဒီဟာမစားရ၊ ဒီလမ်း မလျှောက်ရနှင့် ပညတ်ချက်တွေများပေမယ့် မာမို့ခံယူချက်ကျ တော့ ကိုယ်ထင်ရာ ကိုယ်လုပ်ခွင့်က ပထမတဲ့။ မာမီကျတော့ လွန့်ဘက်က စောဒကတက်မယ် ကြံဖူးပါသည်။

"မာမီပြောသလို လုပ်၊ မာမီလုပ်သလို လိုက်လုပ်စရာ မလိုဘူး လွန်၊ ဘာလို့လဲဆိုတော့ သမီးက မာမို့သမီးဖြစ်နေလို့ နားလည်လား"

မာမို့စကားနဲ့တင် လွန် ပါးစပ်ပိတ်သွားသည်။ လွန့် ဘက်က ဘာတစ်ခုမှ ပြန်ပြောစရာမရှိအောင် မာမီရဲ့အရှားပါးဆုံး ဆုံးမစကားဖြစ်သည်။ တင်းကျပ်မှုများလွန်း၍ လွတ်လပ်ခွင့်ကို မြည်းစမ်းချင်လာသည်။ ထိန်းချုပ်မှုတွေကို ဖောက်ထွက်ချင်လာ သည်။ တော်လှန်ခြင်းက ဖိနှိပ်မှုလွန်ကဲခြင်းကြောင့် ဖြစ်ပေါ်လာ ရတာမို့ လွန်က မာမို့မျက်စိအောက်ပျောက်တာနှင့် လူ့လောကထဲ တိုးဝင်ပြီး အတွေ့အကြုံသစ်ကို ရှာဖွေချင်လာ၏။ ထို့ကြောင့် မာမီကွယ်ရာမှာ လွန် လုပ်ချင်တာ လုပ်တတ်လာ၏။ မာမို့ အကြောင်းတွေးရင်း စကိတ်ထိန်းစီးတာ လွန် တော်တော်ခရီး ပေါက်ခဲ့ပြီဖြစ်သည်။ နောက်သို့ လှည့်ပြန်ငဲ့ကြည့်တော့ နုနုတို့ ခြံ၊ ၁ လွန်နှင့် ဟိုးခပ်ဝေးဝေးမှာ ကျန်ခဲ့၏။ ငါ တော်တော်



www.burmeseclassic.com

www.burmeseclassic.com



စီးတတ်ပြီပဲလို့ သွေးနားထင်ရောက်ပြီး ဝှငယ်ပုံစံရှိသော လမ်းကွေ့လေးဆီ ဟန်ချက်ညီညီစီးပြီး ကွေ့ချလိုက်၏။

"ဝေါ"

"အမေ့"

"ကျွီ"

"အမယ်လေး"

လွှန့်မျက်စိရှေ့ တိုးဝင်လာသော အနက်ရောင်ကားခေါင်းကြီးဖြစ်ပြီး လူက ထူပူသွားကာ အရှိန်ထိန်းပေမယ့် မရတော့။ မျက်လုံးအစုံကို မှိတ်ချလိုက်ချိန်မှာ ကားဘရိတ်ဖမ်းသံက တိတ်ဆိတ်သောပတ်ဝန်းကျင်မှာ ကြောက်စရာ ဆူညံသွား၏။

"ကျွီ"

ကားဘရိတ်ကို ဒတ်စတော့ပ်အုပ်ပစ်မှန်း သိသည်။ ကားက ကိုယ့်ရှေ့တစ်ပေအကွာ ထိုးရပ်သွားမှန်းသိသည်။ စက်ဘီးက အရှိန်မသေသေးသော စကိတ်နောက် လွှန့်ခြေထောက်တွေက ထိန်းမရစွာပါသွားပြီး လူက ကိုးယိုးကားယားနှင့် ကားခေါင်းကို ဝင်တိုးမိတာဖြစ်၏။

"ဝုန်း"

"ဟော့"

"အင့်"

"ဟာ"





အလန့်တကြား ဟာခနဲအသံပေးပြီး ထိုင်ရက်ပြန်လဲကျသော့ အားခနဲအော်သံနှင့်အတူ တင်ပါးရော ခါးထဲကပါ မျက်သွားသော မျက်လုံးထဲ ပြာသွား၏။

"အား...သေပါပြီ"

"ဟော့...ဘာဖြစ်သွားလဲ"

ကားတံခါး ဖွင့်သံ၊ ပိတ်သံ၊ စိုးရိမ်စွာ မေးသံအားလုံးနားမှာ လျှံသွား၏။

"ဟော့...မေးနေတာ ကြားလား"

အသံက စိတ်မရှည်သံ။ သူ ဘယ်စိတ်ရှည်ပါ့မလဲ။ သူ့ကားက ရပ်ထားတဲ့ကားကို ဝင်တိုးတာကိုး။ ကိုယ့်ဟာကိုယ်ခေါင်းငုံ့ကာ မလှုံမလဲတွေးရင်း ငုံ့ထားသောခေါင်းကို တော်တော်နှင့် မမော့ဖြစ်။ ခေါင်းမော့ကြည့်ဖို့ သတ္တိက လွှန့်မှာ အရှားပါးဆုံးပစ္စည်းဖြစ်သွား၏။

"ဟိတ်"

"မေးနေတာ ဖြေဦးလေ"

လွှန့်မျက်လုံးထဲ အရင်တွေ့ရတာ အနက်ရောင်ပြောင်သက်နေတဲ့ ရှူးဖိနပ်မှာ အရိပ်ထင်နေတာ အနက်ရောင် ဘောင်းဘီရှည်။

"ဟို...တောင်းပန်ပါတယ်၊ ဒီက အရင်ဝင်တိုက်မိတာပါ၊ ဘာမှ မဖြစ်ပါဘူး၊ စကိတ်မစီးတတ်ဘဲ စီးမိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



တိုးတိမ်သောအသံ၊ လိပ်ပြာမလုံသလိုဖြေရင်း တမ်
တည်း မတ်တပ်ထနိုင်အောင် လွှန် ကြိုးစား၏။ လွှန့်စိတ်
ပထမဆုံး မှတ်မှတ်ထင်ထင် ဖြစ်သွားတာက ဖြူဝင်းသောမျက်
ပေါ်က မျက်မှန်အမည်းကြီးရယ်၊ စိမ်းညို့တဲ့ပါးသိုင်းမွေးတွေ
ပုံစံတကျရှိလွန်းကာ နီမြန်းတဲ့ နှုတ်ခမ်းပါးတွေက ဝေးကြည့်
ကောင်းလွန်းသော လူတစ်ယောက် လွှန့်ရှေ့ ရောက်နေခြင်း
သည်။

"မင်း"

မျက်မှန်အထက်သို့ မျက်ခုံးတွေ ပင့်သွားသည်
သူက လွှန့်ကိုကြည့်ပြီး အထူးအဆန်းဖြစ်နေချိန်မှာ လွှန်က
မျက်နှာကို ခပ်ကြောင်ကြောင်ကြည့်ပြီး ဘာမှနားမလည်။

"ဆောရီးနော်"

"ထပ်တောင်းပန်ပါတယ်၊ တကယ် ဘာမှမဖြစ်တာ
ခွင့်ပြုပါဦး"

"ဟေ့"

"နေဦး"

တစ်ဖက်က လွှန့်ရှေ့မှာဝိတ်ပြီး တားနေတော့
ယိုင်နဲ့နဲ့ခြေလှမ်းတွေက နေရာမှာတင် ရပ်သွားသည်။ မျက်နှာ
သာမက သူ့အသံကလည်း စွဲမက်ဖွယ်ကောင်း၏။ လွှန်
ကြည့်တော့ လည်ပိုင်းတီရှပ်ပေါ် ထပ်ဝတ်ထားတဲ့ သူက





ခြေထောက်က စကိတ်ကို မေးငေါ့ပြသည်။

"မင်း ဒါကြီးနဲ့ ဆက်သွားလို့ ဖြစ်ပါ့မလား၊ ခြေ
ထောက်တွေ နာနေသေးတယ် မဟုတ်လား"

"နာတာ ခြေထောက်မဟုတ်ပါဘူး"

မဟုတ်တာကို ခေါင်းခါငြင်းပြီးမှ လွှန် ပြောမိသည့်
စကားအမှားအတွက် နှုတ်ခမ်းတွေ စေ့ပိတ်သွား၏။ လွတ်ခနဲ
ထွက်သွားကာ အောင့်မျက်နေသည့်တင်ပါးဆီ လက်က အလိုလို
ရောက်သွားသည်။ ကိုယ့်ဝေဒနာနဲ့ကိုယ် သက်သာအောင်ပွတ်ပြီးမှ
ကြည့်နေသည့် တစ်ဖက်လူ၏ အရယ်မျက်နှာကြောင့် လွှန့် လက်တွေ
ရှုပ်ရှားနေရာမှ ရပ်တန့်သွားသည်။ မြန်မြန်ဆန်ဆန်ပဲ ခါးဘေးနား
ဆတ်ခနဲချပြီးမှ တောင့်တောင့်ကြီးဖြစ်နေသော လက်တွေကို ဘယ်နား
သွားဝှက်ရမှန်းမသိ။ ခေါင်းပဲကုတ်ရမလို၊ ခါးပဲထောက်ရမလို
ဖြစ်သွားပုံကိုကြည့်ပြီး သူက မရယ်ဘဲမနေနိုင်တော့။ အသံမထွက်ဘဲ
ခေါင်းမော့ကာ သွားတွေပေါ်အောင် ရယ်သည်။ အပြာနုရောင်
ကော်ပြတ်ဂါဝန်လေးက ဒူးဖုံးရုံကို သွယ်လျတဲ့ခန္ဓာကိုယ်ပေါ်
ချပ်ချပ်ရပ်ရပ်ရှိ၏။ နီညိုရောင်အသား ကပ်ခြေစွပ်ကြောင့် ဂါဝန်တို
ဝတ်ထားပေမယ့် လုံလုံခြုံခြုံရှိသည်။ ကိုးရိုးကားယားနိုင်သော
စကိတ်နှင့် ရှက်ရွံ့ခြင်းဖြင့် ဖရိုဖရဲဖြစ်နေသော ဒီကလေးမက ရန်ပြေ
အတွက် ဟာသတစ်ပုဒ်ဖြစ်နေပေမယ့် ရင်ထဲမှာ ဆန့်ကျင်ဘက်
ခံစားနက်ခြင်းတွေရှိနေတာ သူပဲ သိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကားပေါ်တက်၊ ကိုယ် လိုက်ပို့ပေးမယ်"

"အိမ်က မဝေးဘူး၊ ဒီတစ်ကွေ့မှာပဲ"

"တက်ပါ၊ ရပ်ထားတဲ့ ကိုယ့်ကားကို မင်း ဝင်တိုး
မိတဲ့အတွက် ကိုယ့်မှာ တာဝန်ရှိပါတယ်"

"မဟုတ်ဘဲနဲ့"

"ဟုတ်လိုက်တာကွာ၊ လာ…ကိုယ် လိုက်ပို့မယ်"

ရန့်ပြေက ရယ်မောရင်း ကားတံခါးကိုဖွင့်ပေးတော့
နမော်နမဲ့ဖြစ်မှုကို မီးမောင်းထိုးပြတာနဲ့တူသည်။ သူ ဘာ ပြော
စိတ်မဆိုးနိုင်၊ ရန်မတွေ့နိုင်၊ ဒေါသမထွက်နိုင်သည့် ကိုယ့်ကိုယ်
အံ့ဩရင်း လွန်းက သူ ဦးဆောင်ရာအတိုင်း ငြိမ်သက်စွာ နာခံ
သွားသည်။

"ရပြီ၊ ဒီခြံရှေ့မှာပဲ ရပ်ပေး"

ခြံထဲကားထိုးဝင်လျှင် နုနုတို့လန့်ဖြန့်ပြီး ဟာ့တ်အတာ
ရသွားနိုင်သည်။ လွန်းက စကိတ်ကိုချွတ်ပစ်ရင်း လက်တစ်ဖ
ဒီအတိုင်း တွဲလောင်းစုကိုင်ထားလိုက်၏။

"ကျေးဇူး"

ကားပေါ်ကဆင်းပြီးမှ ကားပြတင်းဆီ ခါးညွှတ်
ငုံ့ပြီးပြောတော့ သူက တစ်ဖက်ခုံမှ လွန်းထံ တစ်စုံတစ်ရာ
ပေး၏။

ကမ်းပေးတဲ့ ဗစ်ဇစ်တင်းကတ်က ရွှေရောင်လေး





"မင်းခန္ဓာကိုယ်မှာ တစ်ခုခု နာကျင်တာရှိရင် ကိုယ့်ဆီ
ဆက်ပါ၊ ခြေထောက်ကလွဲလို့ တခြားနေရာ နာတယ်ဆိုရင်
တော့ ကိုယ်က ဆရာဝန်ဆီ ခေါ်သွားရမှာပဲ"

"မနာတော့ဘူး၊ ပျောက်သွားပြီ"

လက်တွေကို တင်ပါးဆီမရောက်အောင်ထိန်းပြီး သူက
သံထွက်အောင် ရယ်သည်။ ခေါင်းငုံ့ပြီး လွန်းက ပြုံးရင်း ထို
ယ်သံ့သဲ့သဲ့က နားထဲစွဲသွား၏။ တည်ကြည်ချောမောတဲ့ ဒီ
ယောကျ်ားက ရယ်သံကအစ နားဝင်ချိုအောင် ဆုတောင်းကောင်း
သသည်။

"အိုကေ…စီးယူ"

လွန်းကိုနှုတ်ဆက်ပြီး သူ့ကား မောင်းထွက်သွားတော့မှ
ည်ပင်းလေးရှည်ပြီး ကားနောက်မြီးကို ငေးခနဲလိုက်ကြည့်ဖြစ်
သည်။ ပြီးမှ လက်ထဲဆုပ်ထားသည့် လိပ်စာကတ်ကို ငုံ့ဖတ်
ကြည့်လိုက်၏။

ရန့်ပြေ

(…)အီလက်ထရောနစ်ကုမ္ပဏီ

ဖုန်းနံပါတ်တွေ၊ လိပ်စာတွေ လိုက်ဖတ်ရင်း လွန်းရင်ထဲ
တ်ခနဲ ငြိမ်ကျသွားသည်။ ပြန်တွေးတိုင်း အမှတ်ရချင်စရာ
ရှိသော အတိတ်ထဲမှာ နာမည်တူသူအား ဖျတ်ခနဲသတိရတော့
ရှုံ့ကုတ်ကုတ်နှင့် နေတတ်သော မျက်နှာတစ်ခုက လွန်းအာရုံထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝေဝါးစွာပေါ်လာ၏။ လွန်က ခေါင်းရမ်းရင်း အဝေးဆီမျှော်ကြည့်တော့ ကားအဝင်အထွက်မရှိသော လမ်းကလေးက ရှင်းလင်းနေ၏။ လွန်ကတော့ ဒီနေ့အထိ ကိုယ်ပိုင်တဲ့ပစ္စုပ္ပန်ထဲ ရှင်းလင်းစွာမနေနိုင်ဘဲ တိုက်ဆိုင်တိုင်း သတိရတတ်တာကြောင့် မျက်ဝန်းမှာ မျက်ရည်ကြည်တွေ ချက်ချင်းပြည့်သိပ်လာ၏။

နာမည်တူ လူတူမရှားဆိုတာ ဒါမျိုးလား ကိုကြီးရယ်။

◆ ◆ ◆



## အခန်း (၇၂)

"ငါ့ကို စင်တာမှာပစ်ထားပြီး မင်း ဘာတွေ ခြေလှမ်းချဲ့နေတာလဲ ရန်ကြီး၊ ဖုန်းခေါ်တိုင်း ဆက်သွယ်မှုရေိယာပြင်ပမှာပဲ၊ အခုမှ လိုင်းမိလို့ တော်သေးတာ"

"ငါ ကိစ္စလေးတွေရှိလို့၊ ဆောရီး"

"ဘာကိစ္စလဲဆိုတာ ငါ သိခွင့်ရှိလား ရန်ကြီး၊ ဒီမြန်မာနိုင်ငံမှာ မင်းနဲ့ အရင်းနှီးဆုံးဆိုလို့ ငါပဲရှိတာလေကွာ၊ ငါ့ကိုခြေရာဖျောက်စရာကိစ္စတွေ ရှိနေပြီလား"

ဖုန်းကို ပါးနဲ့ပခုံးကြားညှပ်ရင်း ရန်ပြေက အသံထွက်အောင် ရယ်သည်။ ထို့နောက် လူတစ်ရပ်စာလောက်မြင့်ပြီး ဘေးမှန်ဆောင်က ကနုတ်တွေခွေထားသည့် ပုံကြီးချဲ့ထားသော ဓာတ်ပုံကို နံရံပုဘက်ဒီဘက် ပြောင်းရွှေ့ထောင်ထားရင်း အဝေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့် အနီးကြည့်နှင့် ရှေ့တိုးနောက်ငင်ကြည့်နေတာ မပြီးနိုင်
ခေတ်ပုံထဲမှာ မြက်ခင်းစိမ်းတွေပေါ် တိမ်လိပ်ဖြူတွေ နောက်
ထားပြီး စက်ဘီးနင်းနေသည့် မိန်းကလေး။ ဒီလိုပုံတွေ ဒီအခန်း
ထဲမှာ အများကြီးရှိသည်။ ရယ်မောပျော်ရွှင်စွာ စက်ဘီးစီးနေသည့်
ပုံတွေက သဏ္ဌာန်အမျိုးမျိုးကွဲသွားပေမယ့် အပြစ်ကင်းစင်ခြင်း
ချစ်ခင်မြတ်နိုးဖွယ် ကောင်းခြင်းတို့ကို ကိုယ်စားပြုနေတာ အားလုံး
အတူတူ။ ဖိတ်ိုစတင်းန်လေးတွေနဲ့ ထောင်ထားသော တခြား
တွေပါ မျက်လုံးဝေ့ကြည့်လိုက်၏။

"ဒီအခန်းက မင်းအခန်းပေါ့"

"ဟမ်…ဘာ၊ မင်းနားမှာ ဘယ်သူရှိလို့လဲ ရန်ကြီး
ညွှန်သည်ရောက်နေတာလား"

"နီး…မဟုတ်ဘူး"

ရန်ပြေက သုဝေအမေးကို ခပ်သဲ့သဲ့ ရယ်ဖြေသည်
ထို့နောက် မွေ့ရာပေါ် ကန့်လန့်ဖြတ်လှဲချတော့ မျက်နှာမူသည်
မျက်နှာကျက်မှာ သွားတန်းတွေအပြည့်ပေါ်အောင် ခေါင်းမော
ရယ်နေသော သူမပုံက မျက်နှာအပြည့်ကို အနီးကပ်ဆွဲရိုက်ထား
တာမို့ ကြည့်လိုက်တိုင်း ကိုယ့်ထံအပျော်တွေ ပြေးဝင်လာသည်
ခံစားရ၏။ အဲဒီအချိန်ခဏလေးအတွင်း သူ ကင်မရာခလုတ်
အချက်ပေါင်း မည်မျှနှိပ်ခဲ့သလဲမသိ။ ပုံတွေပြန်ကူးသောအခါ
သူမပုံတွေ ထွက်လာတာမနည်းမနော။ ထွက်လာသမျှပုံကို အခြ





အသေးဆိုဒ်ခွဲပြီး စိတ်ကူးရှိသည့်အတိုင်း ရန်ပြေက ခန်းလုံးပြည့်
ချိတ်ထားခဲ့သည်။

"ဟုတ်တာ မဟုတ်တာတွေ ငါ သိရတော့မှာပေါ့၊ အခုပဲ
မင်းကွန်ဒိုရဲ့ ကားပါကင်ထဲ ငါ ရောက်နေပြီ၊ မင်း ရှင်း စရာရှိတာ
ရှင်းထား ရန်ကြီး"

"ငါ ဘာမှ ရှင်းစရာမလိုဘူး၊ ဘာဖြစ်လို့လဲဆိုတော့
ရှုပ်ထားတာ ဘာမှမရှိလို့"

လှဲနေရာမှ ထထိုင်တော့ မျက်စိရှေ့နံရံမှာ သူမကို ထပ်
တွေ့ပြန်သည်။ ရန်ပြေက ကိုယ့်ကိုမကြည့်သော မျက်နှာလှလှ
လေးကို နူးညံ့ရွှန်းလဲ့စွာ တစိုက်မတ်မတ် ကြည့်ပစ်လိုက်၏။

"ပြီးတော့ အဲဒီကွန်ဒိုမှာ ငါ မနေတော့ဘူး"

"ဘာ…ဟောကောင်၊ ဘယ်လို"

တအံ့တဩဖြစ်သွားသည့် သုဝေအသံကို သူက
သဘောတကျ လိုက်ရယ်ပစ်လိုက်သည်။

"မင်း သွားမောကြီးပဲဖြစ်မှာ၊ အခု ငါ လုံးချင်းအိမ်ရာ
တစ်ခုမှာ ပြောင်းနေတယ်"

"ဟား…ငါ တကယ်လိုက်မမီတော့ဘူး ရန်ကြီး၊ ငါတို့
မတွေ့တဲ့ ရက်ပိုင်းလေးအတွင်းမှာ မင်း ဘာတွေလှုပ်ရှားထား
တာလဲ၊ လုံးချင်းတိုက် ချက်ချင်းဝယ်ပစ်ရအောင် ဘာလဲ··အန်တီနဲ့
အန်ကယ် လာနေမှာမို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ငါ့သဘောနဲ့ ငါ"

မြန်မာပြည် ခြေချကတည်းက ကိုယ့်သဘောအတိုင်း အကွက်ရွှေ့မယ်လို့ သူ စီစဉ်ထားခဲ့တာတွေက အများကြီးဖြစ်သည်။

"လက်စားချေတယ်ဆိုတာ သူလည်းမကောင်း ကိုယ်လည်းအကျိုးမရှိတဲ့ အလုပ်နော် သား၊ သားကို မြန်မာပြည် ပြန်လွှတ်တယ်ဆိုတာ ပြီးခဲ့တာတွေ တူးဆွခံစားနေဖို့ မဟုတ်ဘူး"

ရန်ပြေကို အမေက ပြောခဲ့ပေမယ့် သူ ပြန်လာတဲ့ရည်ရွယ်ချက်က အတိတ်ကို ပြန်လှန်ခံစားဖို့ဆိုတာ မေမေ့ကို မပြောပြဖြစ်ပါ။ ထို့ကြောင့်လည်း ဒီအိမ်ကြီးကို သူ ဆိုင်းမဆင့်ဗုံမဆင့် ချက်ချင်းဝယ်ပစ်ရန် အကြောင်းဖန်လာခဲ့သည်။ မိတ်ကပ်ရောင်ဆေးသုတ်ထားသည့် ဒီနှစ်ထပ်တိုက်ပုံစံက ဦးဝေမိုးနှင့် ဒေါ်စန္ဒီတို့၏ တိုက်နှင့် တစ်ပုံစံတည်း။ ကွာခြားတာက ကားဝိုဒေါင်ဝဲပါ၍ နောက်ဖေးတန်းလျား မပါခြင်းပင်။ ရန်ပြေက ထိုင်ရာမှ ထလိုက်ပြီး ပြတင်းပေါက်ဆီလက်ထောက်ကာ ခြံနောက်ဘက်ကို လှမ်းကြည့်၏။ သူနေခဲ့သော တန်းလျားကို ပုံစံချပေးထား၍ ဆောက်လုပ်ရေးအဖွဲ့က စတင်တည်ဆောက်နေ၏။

တခမ်းတနား ခံစားတတ်သူအတွက် ဒေါ်စန္ဒီက တခမ်းတနား ပြန်ပေးဆပ်ရမည်။

"ရန်ကြီး…မင်း အခုနေတဲ့လိပ်စာ ပြော၊ ငါ လာခဲ့





မယ်"

ရန်ပြေက အိမ်ရာလိပ်စာရွတ်ပြပြီး ဖုန်းပိတ်ကာ ဒီဘက်ပြန်လှည့်သည်။ ပြတင်းပေါက်ကို ငွေ့ငွေ့မှိုင်ရင်း ကြည့်နေတာ အမည်မသိတဲ့ သူမကိုဖြစ်ပေမယ့် စိတ်တွေက ဟိုပြေးဒီပြေးနှင့် ယောက်ယက်ခတ်နေ၏။

"ဒေါ်စန္ဒီက သူ့သမီးကို ငုံထားမတတ် ချစ်တာကွ၊ ဒီနေ့အချိန်အထိ အပြင်သွားရင်တောင် သူက လက်ဆွဲခေါ်သွားတာ"

"ဦးဝေမိုး…ဒေါ်စန္ဒီဆိုတာ လူကုံထံလောကရဲ့ မျက်နှာဖုံး၊ ခွဲစိတ်အထူးကုသမားတော်ကြီးဆိုတဲ့ အရှိန်အဝါအပြင် လူချမ်းသာစာရင်းထဲမှာ ဟဲဗီးဝိတ်ကွ၊ ဒါပေမဲ့ သူတို့သမီးလေးကျတော့ အသိမ်းအဝှက် တော်တယ်နော်၊ ငယ်ရုပ်လေးနဲ့ပဲ ပွဲတိုးနေတာ၊ အခု ကြီးမှ သေသေချာချာ မမြင်ဖူးဘူး"

"အမယ်လေး…တစ်သက်လုံး သိမ်းထုပ်ထားလို့ရတာကျနေတာပဲ၊ ဒေါ်စန္ဒီက သူ ပေါ်ပင်ဖြစ်သလောက် သမီးကျတော့ သူ့လိုင်းထဲ ဆွဲမသွင်းတာ ဝင်္ဂလည်မှာစိုးလို့နေမှာ"

"ဘာဝင်္ဂလည်မှာ စိုးတာလဲ"

"သူက ဦးဝေမိုးကို ချမ်းသာတာမက်ပြီး ယူခဲ့တာလေ၊ အခု သူတို့ချမ်းသာတော့ သူ့သမီး အဲဒီလိုဖြစ်မှာစိုးလို့နေမှာပေါ့"

လူကုံထံအလွှာထဲ ရန်ပြေ တစ်ပတ်လောက် ဝင်မွှေတယ်



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တာ မဟုတ်တာတွေ ဝေခွဲပြီးကျလာပုံက ကြောက်စရာ ဖြစ်သည်။ ရှိစေတော့။ ရန်ပြေ သူတို့သတင်းတွေထက် စိတ်ဝင်စားခဲ့တာ သာလွန်ပြည့်စုံဆိုတဲ့ သူမအကြောင်း။ ကြားရသမျှ နေမလောင် မီးမလောင်ဘဲ ဒေါ်စန္ဒီရဲ့ လောင်းရိပ်မိပန်းတစ်ပွင့် ဖြစ်ဆဲဆိုတာနဲ့တင် သူ့အစီအစဉ်က တစ်ဝက်အောင်မြင်နေပြီဟု တွေးလိုက်၏။ ရန်ပြေ ပြတင်းပေါက်နားမှခွာကာ သူမရဲ့တက်ပုံ ဆောင်နား ခပ်ဖြည်းဖြည်းလျှောက်သွား၏။ ပါးစုံတွေ ဖောင်းနေအောင် ရယ်နေသည့် ပါးမို့လေးကို လက်ညှိုးနဲ့ ဖွဖွထိတို့ လိုက်သည်။

"ကိုယ့်အနားမှာ ဘယ်သူပဲရောက်လာပါစေ၊ အဲဒါ ရင်ဘတ်ထဲက မပါဘူး၊ ကိုယ့်ရင်ဘတ်ထဲ ထည့်ထားတာ မင်း တစ်ယောက်တည်းဆိုတာ..ယုံ"

မှန်သောစကားကို ဝန်ခံရုံနဲ့ ရန်ပြေ့ရင်တစ်ခုလုံး ပေါ့ပါး သွားသည်။ ရှေ့ဆက်မည့်အစီအစဉ်တွေထဲ သူမ အထင်လွဲစရာ ရှိခဲ့မည်ဆိုရင်တောင် ရန်ပြေရဲ့ နှလုံးသားရာဇဝင်မှာ သူမသာ ဘုရင်မဆိုတာ အစုတည်းက သူ့ချစ်သူလေးသိအောင် ကြိုပြော ထားခြင်းဆိုတာ သူပဲသိသည်။

◆ ◆ ◆



အခန်း (၁၇)

"ဒက်ဒီက တစ်ပတ်ထက်ပိုစောပြီး ပြန်လာလို့မရဘူး လားဟင်"

ဦးဇေမိုးက လပ်တော့ကို အိတ်ထဲထည့်ပိတ်ပြီးမှ သမီး ဘက် လှည့်ကြည့်သည်။ အိမ်နေရင်းမို့ အဖြူရောင်ဘောင်းဘီ ဖွံ့ဖွံ့၊ တီရှပ်အဖြူရောင်ပွပွလေးနှင့် သမီးက ကြမ်းပြင်ပေါ် ဒီတိုင်း တင်ပလ္လင်ခွေထိုင်ရင်း အဖေဖြစ်သူကို မော့မော့လေး မေးနေပုံက သနားစဖွယ်။ သမီးပုံစံက အရွယ်ရောက်မှမဟုတ်။ သမီး ဟိုး ငယ်ငယ်ကလေးတည်းက ဦးဇေမိုး ခရီးထွက်တော့မည်ဆိုရင် သမီးက သနားစဖွယ် ဖြူဖျော့သွားတတ်စမြဲ။ အားငယ်သွားတတ် သည့်ပုံစံဖြစ်သည်။

"ဘာဖြစ်လို့လဲ သမီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လွှန် မာမီနဲ့နေခဲ့ရမှာ ကြောက်တယ်"

ဖအေ့ရင်ခွင်ထဲ တိုးဝင်ပြီး ဝမ်းပန်းတနည်းပြောတာ သည့် သမီးကြောင့် ဝေမိုးက တော်ရုံခရီးထွက်ရမည့်ကိစ္စတိုင်း ရှောင်ရှားခဲ့သည်။ မဖြစ်မနေထွက်ခဲ့ရသည့်ခရီးမှ အပြန်ဆိုလျှင် သမီးက စန္ဒီလက်ချက်နှင့် တစ်ခုမဟုတ်တစ်ခု ပြောင်းလဲထားမြဲ။ ပြီးခဲ့တဲ့နှစ်က အသည်းရောဂါစီမံချက်ဖြင့် နိုင်ငံတကာ စာတမ်းဖတ်ပွဲ သို့ တက်ရောက်ခွင့်ရသည်။ သွားရတာက ငါး ရက်တည်းပေမယ့် အိမ်ပြန်ရောက်သောအခါ သမီးက ငါးကျွ ခြားသူလို အပြောင်းလဲကြီး ပြောင်းလဲသွားသည်။ ဆံပင်တွေ တွန့်ကွေးကွေးတွေနှင့် ဂါဝန် အတိုအပြတ်တွေနှင့်မို့ ဝေမိုးမှာ မျက်စေ့တွေလည်၊ ဒေါသပုန်ထသွား၏။

"ဒါ သမီးစိတ်ကြိုက် ပြင်တာလား လွှန်"

အဖေက မျက်နှာထားနှင့် မေးတော့ လွှန့်ခမျာ ငိုမဲ့ မျက်နှာလေးနှင့် မျက်ရည်ကျ၏။

"ဟုတ်ဘူး ဒက်ဒီ၊ မာမီ ပြင်ပေးတာ၊ လွှန် မနေတတ် ဘူးပြောတာလည်း မရဘူး"

ဝေမိုးမှာ ခရီးရောက်မဆိုက် သမီးလက်ကိုဆွဲပြီး နီးရာ မြို့တီဆလွန်းသို့သွားကာ ကောက်နေတာတွေ အကုန်ဖြတ်ချိုင်း ကာ ကုတ်ထောက်ဆံပင်ကို သမီးစိတ်ကြိုက် ဆွဲဖြောင့်ပေးလိုက် သည်။ လွှန်ကတော့ မှန်လေးတကြည့်ကြည့်နဲ့ ကျေနပ်လျက်





"အခုမှပဲ ပေါ့ပါးသွားတော့တယ်၊ သိလား ဒက်ဒီ"

သမီးသဘောကျ လုပ်ခွင့်ရ၍ ပျော်မဆုံးသေး စန္ဒီ မြင်တော့ ရင်ဘတ်စည်တီးတွေ ဖြစ်ကုန်သည်။

"အဲဒါ သိန်းကျော်အကုန်ခံပြီး ဒီက ကောက်ပေးထား တာ ကိုကိုရဲ့၊ ကိုကိုတို့သားအဖမို့ လုပ်ရက်တယ်၊ တကယ်"

သူတို့သားအဖကိုကြည့်ပြီး စန္ဒီ တက်တော့မလိုဖြစ်တာ သူ အခုထိ အမှတ်ရနေ၏။ ထို့ကြောင့် သမီးက မအေဖြစ်သူနဲ့ နေခဲ့ရမှာကို ကြောက်တာဖြစ်သည်။ အဖေရှိနေလျှင် အမြင်မတော်၊ အကြားမတော်တာ ဝင်တားမြစ်ရင်း ထစ်ခနဲဆို သမီးက အဖေ့ ရင်ခွင်ထဲ ပြေးဝင်ပုန်းစရာရှိသေးသည်။ ဦးဝေမိုးက သက်ပြင်း ရှိုက်ရင်း သမီးအနားသို့ လျှောက်သွားကာ ဝခုံးမှဆွဲထူသည်။

"သမီး"

"ရှင်"

သမီးက မျက်နှာငယ်လေးနှင့် မော့ကြည့်၏။ သမီးကို မြင်ရတော့ နှစ်သိမ့်စရာစကားက သူ့နှုတ်ဖျားမှာ ဆွံ့အသွားသည်။

"သမီးမာမီက သမီးကို ချစ်ပါတယ်ကွယ်"

"မာမီချစ်တာ လွှန် သိပါတယ် ဒက်ဒီ၊ ဒါပေမဲ့ မာမီ့အချစ်က အရမ်းအာဏာရှင်ဆန်တယ်၊ ကြာတော့ အမိန့်တွေ ကြားမှာ လွှန် မွန်းကြပ်တယ် ဒက်ဒီ၊ အဆိုးဆုံးက မာမီနဲ့လွှန် အကြိုက်ချင်း မတူတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီသိပါတယ် သမီးရယ်"

စိတ်မကောင်းလွန်းစွာ သမီးခေါင်းလေးကို ဆွဲယူပြီး ရင်ခွင်ထဲ ပွေ့ထားမိသည်။ မိဘတွေရဲ့ အတ္တလွန်ဆွဲပွဲမှာ သမီးက ကြားထဲမှ မြေစာပင်ဖြစ်သည်။ မချစ်၍ အပြစ်မြင်တတ်သော သူနှင့် အချစ်မရ၍ ထင်တိုင်းကြချင်သော စန္ဒီတို့ရဲ့ အိမ်ထောင် သက်ဟာ စိတ်ချမ်းမြေ့စရာမရှိခဲ့တာ ဒီသမီးတစ်သက်ဖြစ်သည်။ သမီးသာ စိတ်ပျော်ရွှင်မည်ဆိုလျှင် သူ ဘာပဲဖြစ်ဖြစ် ပေးဆပ်ရန် အသင့်ပြင်ထားခဲ့သည်။ သမီးရဲ့ စိတ်ချမ်းမြေ့မှုတိုင်းအတွက် စန္ဒီကို ဘယ်လိုပဲစိန်ခေါ်ရပါစေ သူ မမှုခဲ့။

"ဆောရီး ဒက်ဒီ၊ ဒက်ဒီ ခရီးသွားမှာကို လွှန် စိတ် မဖြောင့်အောင် လုပ်မိပြီ၊ ဒက်ဒီ သမီးကို စိတ်ချပြီးသွားပါ၊ လွှန် နေတတ်ပါတယ်"

ကိုယ့်ကို ပြန်နှစ်သိမ့်နေသော သမီးရဲ့ဦးခေါင်းလေးကို သူက အုပ်မိုးလှုပ်ခါရင်း စိတ်ထဲမှာ ထိခိုက်နေ၏။

"ဆွေးနွေးပွဲပြီးတာနဲ့ ဒက်ဒီ သမီးရှိရာ အမြန်ဆုံးပြန် လာမယ်၊ ဟုတ်ပြီလား သမီး"

"ဟုတ်"

"ဘာတွေ ဟုတ်နေကြတာလဲ ဒီသားအဖ"

အသံထွက်လာသော အခန်းဝဆီသို့ သားအဖနှစ်ယောက် အကြည့်တွေ တစ်ပြိုင်နက်ရောက်သွား၏။





"မာမီ"

သမီးက အဖေ့ရင်ခွင်မှခွာပြီး အမေဖြစ်သူကို လှမ်းခေါ် သည်၊ ခေါ်စန္ဒီက လွှန် မခေါ်လည်း ဝင်လာမည့်ခြေလှမ်းကျဲ ကြီးတွေနှင့် စာကြည့်ခန်းထဲထိ လျှောက်လာကာ သားအဖနှစ် ယောက်မျက်နှာကို အကဲခတ်သလို ကြည့်သည်။

"ဘာဖြစ်တာလဲ မာမီ"

"လူသတ်ချင်လာတာဟေ့"

"ရှင်"

ပိုက်ဆံအိတ်နှင့် ဖုန်း၊ ကားသော့ပါ စားပွဲပေါ်ပစ်တင် လိုက်သည့် ခေါ်စန္ဒီကြောင့် စာကြည့်ခန်းထဲ အသံဗလံများစုံ သွားသည်။ လွှန်က မာမီကိုတစ်လှည့် စားပွဲပေါ်အရှိန်ပြင်း ပြင်း ပစ်ကျသွားသော ပစ္စည်းတွေတစ်လှည့်ကြည့်ရင်း အံ့သြ နေ၏။

"တောက်...လူကြည့်တော့ ငါကမွေးရင် ငါ့သား ကောက်က ငါ့ကို ရိုင်းသွားတာ"

"ဘယ်သူတွေက ရိုင်းသွားတာလဲ မာမီရယ်၊ လွှန် ရင်ထိတ်လိုက်တာ"

အနီရဲရဲ ထက်အောက်ဆင်တူ ကုတ်နဲ့ဘောင်းဘီဝတ် ထားသည့်မာမီက နှုတ်ခမ်းဆိုလည်း အနီရဲရဲ။ ဒေါသထွက်နေ သဖြင့် မျက်လုံးတွေကပါ မီးတောက်နေတာမျိုးမို့ မာမီပုံစံက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာကြည့်ကြည့် ထင်းနေအောင် တောက်ပသလို လင်းနေ
အောင်လည်း ပူလောင်၏။

"သူ့ကိုကြည့်လိုက်တိုင်း မှုန်းတည့်နေလို မျက်နှာချင်
ဆိုင်မရတာနဲ့ ဒက်ဒီ အမြဲကျောခိုင်းနေတာ၊ အဲ့ဒါမကူးစက်တော့
ဒေါ်သမဖြစ်တော့ဘူးပေါ့ သမီးရယ်"

ပြောသည့်အတိုင်း ဒက်ဒီက မာမီ့ကို ကျောခိုင်းကာ
သူ့ဆေးစာအုပ်ထူကြီးတွေနဲ့ အလုပ်ရှုပ်ပြနေသည်။ မာမီကတော့
ရင်ဘတ်လေးဖိပြီး ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသည့် လွှန်
မျက်ခုံးတွန့်ကြည့်သည်။

"အိမ်ကထိုင်ပြီး ရင်ထိတ်မနေနဲ့ လွှန်ကလေး၊ ထစ်ခနဲ
မျက်ရည်ဝဲတာ ရင်တုန်တာတွေက ပျော့ညံ့တဲ့သူတွေလုပ်တာ
မာမီ ဘယ်နှခါပြောရမလဲ"

"သမီးက စိတ်ထားနူးညံ့တာ စန္ဒီ"

"ကိုကိုနော်…စန္ဒီ ဆုံးမရင် ကိုကိုက သမီးရှေ့
ကာဆီးကာဆီးနဲ့၊ စန္ဒီစကားကို အလေးမထားအောင် ကို
လုပ်နေတာလား"

"အလေးထားချင်ရင် မင်း တရားနည်းလမ်းကျကျ
ပြောပေါ့၊ ဝေဖန်ကြစတမ်းဆို ထစ်ခနဲရှိ ဒေါ်သထွက်၊ ပေါက်ကွဲ
အဆင်သင့်ရှိတဲ့သူကိုရော ရဲရင့်သူလို့ ခေါ်ရမလား၊ ရိုင်းနိုင်
ကြမ်းတမ်းသူလို့ နာမည်တပ်ရမလား…ပြော"





စန္ဒီနှင့် အကြည့်ချင်းဆုံ၊ မျက်နှာချင်းဆိုင်တော့လည်း
အကြည့်တွေက ဒေါ်စန္ဒီကို ရွဲ့သလိုလို အထင်သေးအမြင်
သည့် အကြည့်ဆိုတာ ဒေါ်စန္ဒီ သိသည်။

"စန္ဒီ ဘာလို့ ရိုင်းစိုင်းကြမ်းတမ်းရလဲဆိုတာ စန္ဒီထက်
ကို အသိဆုံးဖြစ်မှာပါ"

"မုန်တိုင်းထန်တာ လေဖိအား မညီညွတ်လို့ စန္ဒီ၊
ရောက်မှုတိုင်းမှာ သင့်တင့်တဲ့ အကျိုးအကြောင်းတွေရှိပြီး
ဲ"

"တော်ပြီ…ကိုကို၊ စန္ဒီ ဒေါ်သဖြစ်တဲ့အကြောင်းက
ားတဲ့ စန္ဒီကားကို နောက်ကနေ ဝင်ဆောင့်တိုက်ခံရတယ်၊
တ်သလောက် လျော်ကြေးတောင်းဆိုပြီး ရန်စတာခံရတယ်၊
ကို စန္ဒီက ဘယ်လို ယဉ်ကျေးမှုမျိုး ရင်ဝယ်ထားပြီး မျှော
ာလဲ၊ စန္ဒီဒေါ်သက ကိုကိုနဲ့ရန်ဖြစ်ဖို့ မဟုတ်သေးဘူး၊ သူ့စိမ်း
ယောက်နဲ့ အဆင်မသင့်လာတာကို ဒီမိသားစုထဲ ဝေမျှပေးဖို့၊
င်းဖျူနှစ်သိမ့်ပေးဖို့ဆိုတာ ကိုကို့မှာ မရှိတော့ဘူးလား"

ကားတိုက်လာတယ်ဆိုတာနှင့် သမီးရဲ့ စိုးရိမ်ပူပန်ခြင်း
ဝန်းတွေက စန္ဒီခန္ဓာကိုယ်အနှံ့အပြားဆီ ဒဏ်ရာရှာသလို
လျှားရောက်လာ၏။

ကိုကိုကတော့ အေးစက်စက်ကြည့်ပြီး မရယ်မပြုံး မျက်နှာ
တည်တည်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါသာဆို ကားကို မတိုက်ဘူး၊ လူကိုပဲ တစ်ခါတ
ဝင်ကျုံးပစ်မှာ၊ မင်း ဒေါသထွက်နေတာ သနားလို့"

"ကိုကို"

ဒီယောကျ်ားက ပြောသမျှ နှုတ်ခမ်းဖျားက သိမ့်သိ
တွေ လွင့်ပျံလာတာထက်ဆိုးမှန်း ဒေါ်စန္ဒီသိသည်။ ပြောရဲ
လောက် ဥပေက္ခာပြုထားရက်သည့် ကိုကို့အရှုံးတွေကြားမှာ စန္ဒီ
ဒီနေ့ထိ မလွတ်မြောက်နိုင်တာကိုလည်း ဝမ်းနည်းသည်။

ဝဋ်ကြွေးတော့ ဝဋ်ကြွေးပဲ၊ ဒါပေမဲ့ ပြေပါကျေပါ
စန္ဒီ မဆုတောင်းချင်။ ဒါက ချစ်၍ဖြစ်သော ဝဋ်ကြွေးမို့
တစ်သက်လုံး ရင်စည်းခံလာတာ သမီးတစ်သက်ဖြစ်သည်။

◆ ◆ ◆



## အခန်း (၇၄)

"ဘာ...ဘယ်လို မမစီ"

ဖုန်းပြောနေရင်းက ရုတ်တရက် ထအော်ပစ်လိုက်သည့်
အခါကြောင့် လွန်တောင် လန့်ဖျပ်သွားမိ၏။ ကုတ်ကော်လံ
ထားသည့်အင်္ကျီက ကုတ်လို ခါးရှည်မဟုတ်ဘဲ ခါးတိုကို
တ်စက ထက်အောက်ဆင်တူ အနက်ရောင်။ ထုံးစံမဖျက်သည့်
မီက ဘောင်းဘီက ခြေသလုံးထက်ဝက်ထိပဲရှည်ပေမယ့် ကြည့်
ကောင်းပါသည်။ အထပ်များစွာပေါ်အောင် ညှပ်ထားသည့် ဆံပင်
အုပ်အုပ်ကို လက်ငါးချောင်းနှင့် ဖိသိပ်ထိုးတင်ရင်း မာမီ
ိုင်ရာထရပ်တော့ လွန့်မျက်လုံးတွေက မာမီသွားရာနောက်
သွား၏။

"ကြိုက်စျေးပေးပြီး ကိုယ်ကြိုက်တဲ့ ကားဝယ်ချင်တာ



www.burmeseclassic.com

www.burmeseclassic.com



တောင် မရတော့ဘူးလား၊ အခ်ိပ္ပာယ်မရှိလိုက်တာ၊ ကျစ်..အဲ
ဘယ်လိုလုပ်မလဲ မမစီရဲ့၊ စန္ဒီကြိုက်တဲ့ကားအ အတိုက်ခံရ
ရောင်းထုတ်ပစ်လိုက်တာလည်း မမစီ အသိဆုံးပါ"

တစ်ဖက်က ဘာပြောလဲ လွှန် မကြားရ။ ဒါ
ခါးယောက်လိုက်၊ ထိုလက်နဲ့ပဲ ဆိုဖာကျောမှီကို တဖျပ်ဖျပ်
လိုက်နှင့် မာမီကြည့်ရတာ အင်အားကြီးဒေါ်သတွေကို မ
ထုပ်ပိုးသိမ်းဆည်းနေရတာနှင့် တူသည်။

"ကျစ်...ကွာ၊ စန္ဒီ သေချာပွေးထားတဲ့ ကား
အဲဒီဝိုင်းထဲက ကားပွဲစားတွေက တစ်စက်ကလေးမှ သစ္စာမ
စန္ဒီက သူတို့ပြောခဲ့တဲ့ဈေးကို တစ်ကျပ်တောင် ဆစ်ခဲ့တာ
ဘူး၊ ဘယ်လို...မမစီ၊ တစ်ဖက်က ဝယ်တဲ့သူက ပိုပေးသွား
ကြည့်စမ်း...အဲဒီဝယ်သူက တမင် စန္ဒီကို လုပ်သွားသလား
မသိတာ"

မာမီပြောစကားတွေနားထောင်ရင်း လွှန်ပါ မျက်
ဝိုင်းသွားသည်။ လိုချင်တာဖြစ်ချင်တာကို ဘာမဆိုရအောင်
ပါသည်ဆိုသောမာမီထက် ခြေတစ်လှမ်းကျော်သွားသည့်ပုဂ္ဂိုလ်
စိတ်ဝင်စားသွားတာလည်းပါ၏။

"အို...ဒါ တိုက်ဆိုင်တာဖြစ်မလား မမစီရဲ့၊ ဈေး
ကြည့်လာတယ်၊ ငွေမပါလာလို့ စရံမချခဲ့တာပဲရှိမယ်၊ ဒီ
ငွေချေပါ့မယ် ပြောခဲ့တာတောင်၊ တော်ပြီ...မမစီ၊ ဘာ

ဆပ်မရှာနဲ့တော့၊ အဲဒီကားနဲ့ ပုံစံတူဆိုလည်း ဆောရီးပဲ၊ စီးစရာ
မရှိရင်လည်း လမ်းလျှောက်သွားလိုက်မယ်၊ လိုချင်တာမရမှတော့
ရတာနဲ့ ကိုယ့်စိတ်ကို နှစ်သိမ့်မနေနိုင်ဘူး၊ ဒါပဲ မမစီ၊ ည ဒင်နာမှ
တွေ့ကြမယ်"

ဒေါသကြောင့် ဒေါ်စန္ဒီ ဖုန်းကို ဆိုဖာပေါ် ပစ်ချတာ
တောင် အသံက ထွက်သွားသေးသည်။ ဒါကို အိမ်က လူယဉ်
ကျေးကြီးများတွေ့လျှင် အရိုင်းအစိုင်းမဆိုပြီး ကဲ့ရဲ့ရှုံ့ချဦးမလား
မသိ။ စန္ဒီက ဆိုဖာရှေ့ကွေ့လျှောက်ပြီး သမီးနှင့် မျက်နှာချင်း
ဆိုင်မှာ ဝင်ထိုင်လိုက်၏။

"ကားတိုက်ခံရပြီးကတည်းက ဘာလုပ်လုပ် အဆင်
မပြေဖြစ်နေတာ၊ ဒီည ဒင်နာပွဲတောင် ဘာကားမောင်းသွားရမှန်း
မသိဘူး"

ဂိုထောင်ထဲမှာ ကားလေးစီးတောင်ရှိတာပဲ မာမီလို့
ပြောချင်တာကို လွှန့်လျှာဖျားနဲ့လုံးထွေးပြီး ရင်ထဲပြန်မျိုချရသည်။
ဒီအိမ်မှာ ဒက်ဒီက မာစီးဒီးကားအဖြူစွတ်စွတ်စီးပြီး လွှန်ကျတော့
ကားသေးသေးလေးတွေ သဘောကျလို့ ဂျာဗွာစီးသည်။ မိသားစု
ဝင်ထဲမှာ မာမီက ခန့်ထည်တာမျိုးမှနှစ်သက်၍ သိန်းထောင်ချီ
တန်သည့် Lexus ကားပဲစီး၏။ ဒါ့အပြင် ဈေးသွားဈေးပြန်စီးဖို့
ဝင်တစ်စီးရှိသေးသည်။ မာမီ အတိုက်ခံလိုက်ရသည့် ကားက
Mark II ရွှေငါးမို့ လွှန်လည်း နမြောပါသည်။ သို့သော်မဲ့ တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



က ပေးသော လျှော်ကြေးက တန်ရာတန်ကြေးထက်တော မျာ်းလွန်း၍ မကျေနပ်လည်း ကျေနပ်လိုက်ရသည်။

"ဒက်ဒီမာစီးဒီးနဲ့ သွားမလား မာမီ၊ လွှန် လိုက်မော ပို့ပေးမယ်နော်"

မာမီကို ကြောက်တာက သပ်သပ်၊ မာမီ စိတ်မနှ မြေလျှင် ထိုင်ကြည့်မနေနိုင်တဲ့စိတ်က ရှိတာမို့ လွှန့်ထံမှ နှစ်သ စကားထွက်လာတော့ မာမို့မျက်နှာ ဆတ်ခနဲမော့လာ၏။

"လိုက်မောင်းပို့မယ်...ဟုတ်လား လွှန်ကလေး"

"အင်းလေ၊ မာမီတို့ဘော်ဒါတွေခုံမယ့် ဒင်နာက ပါတီ ပေးမှာဆိုတော့ ကားကြီး ကိုယ်တိုင်မောင်းသွားရင် ဟ ရှိုးပွဲတာပေါ့၊ ဟုတ်ဘူးလား၊ လွှန်က မာမို့ဒရိုင်ဘာလုပ်ပေးမယ်"

"မလုပ်ပေးရပါဘူး"

"ဟင်"

ကန့်ကွက်တာ အခါများစွာကလို အမိန့်သံနှင့်မဟု လွှန်က ထူးဆန်းအံ့သြစွာ မာမို့အပြုံးမျက်နှာကို မျက်လွှာ ဝင့်ခနဲပင့်တက်ကြည့်တော့ ထူးဆန်းသောအရိပ်တစ်ခု မာမို့မျက် မှာ ထင်နေ၏။

"အလုံးရေ...ငါ့အခန်းထဲက မားဘယ်လူ့အိတ်ကြ ယူခဲ့စမ်း"

အိမ်အကူကောင်မလေးကို မာမီ လှမ်းအော်သည်။ ဖ





မှီရာဘက် မျက်နှာမူတော့ ချိန်ရွှင်ကြည့်နေသည့် မာမို့မျက်နှာမှာ စောစောက ထင်ကျန်နေသော ဒေါသက မြူတစ်မှုန်မရှိအောင် ကြည်လင်ပုံက အံ့သြစရာဖြစ်သည်။

"သမီးဒက်ဒီ မရှိတဲ့အခါတိုင်း မာမီ သွားလေရာ သမီးကို လက်ချိတ်ခေါ်သွားတာ မေ့နေပြီလား လွှန်ကလေး"

"မာမီ...လွှန် ဒက်ဒီနဲ့ ဖုန်းပြောဖို့ ချိန်းထားပြီးနေပြီ အဲဒါ..."

"တစ်ခါတလေ ဒီလိုပဲ ထားလိုက်ပါ၊ သမီးမရှိတာ အိမ်ကကောင်မလေးတွေ ပြောလိမ့်မယ်"

"မာမီနဲ့ လွှန် လိုက်ခဲ့"

"မလိုက်ချင်ဘူးလည်း မငြင်းနဲ့ လွှန်၊ မာမီ လွှန့်အတွက် အင်္ကျီဝယ်ထားပြီးပြီ၊ ညနေ လေးနာရီကို မိတ်ကပ်ပြင်ပေးမယ့်သူ လာလိမ့်မယ်၊ သမီး ရေမိုးချိုးပြီး အဆင်သင့်စောင့်နေရုံပဲ"

လွှန် ဘာမှ ပြန်မပြောနိုင်ခင်မှာ မိလုံးက မာမို့အိတ်ကို တရိုတသေနှင့် ကမ်းပေးသည်။

"ရော့...သမီးအတွက်"

စက္ကူအိတ်က လွှန့်ရင်ခွင်ထဲ ပစ်ကျလာသည်။ မလိုချင်တာတွေချည်း ရနေတဲ့ဘဝကို ပြည့်စုံတယ်ခေါ်လေမလား။ မတောင့်မတ မကြောင့်မကြဘဝမျိုးက ဘယ်လိုဘဝမျိုးလဲ။ မေးခွန်းတွေ ရင်ထဲမှာ ထပ်ကာထပ်ကာ ရှိနေပေမယ့် လွှန်က နှုတ်ခမ်းကို



www.burmeseclassic.com

www.burmeseclassic.com



စေ့စေ့ပိတ်ထားသည်။ လွှန် မေးတိုင်း မာမီက ပြန်ဖြေခဲ့သည့် ရာဇဝင်ရှိမှမရှိခဲ့တာပဲ။

“ဆံပင်ကို ဒီကလေးဆံပင်နဲ့တော့ မလိုက်ရဘူးနော် ဆံပင်အတုပေမယ့် အစစ်ထက်လှတဲ့တစ်ခု ထပ်စွပ်ပေးလိုက်လို့ မယ်၊ ဒီဂါဝန်ဝတ်တာလည်း သူ့ ကူညီမှာပါ၊ ဝတ်နေမကျတော့ သမီးတစ်ယောက်တည်း အဆင်မပြေမှာစိုးလို့”

အမိန့်တွေတစ်ရစပ်ပေးပြီး မာမီက ဖုန်းခလုတ်တွေနှိပ် ကာ အပေါင်းအသင်းတွေနဲ့ စကားပြောရင်း တခြားကမ္ဘာသို့ ရောက်သွားသည်။ လွှန့်မှာသာ မာမီထားခဲ့သည့်ကမ္ဘာထဲ ဂါဝန်ကို ထုတ်ကြည့်မိသည်။ လှခြင်း၊ မလှခြင်း စိတ်ဝင်စားလို့မဟုတ် တစ်မက်ခြင်းကင်းသည့် စိတ်ထဲမှာ မာမီဝယ်ပေးသော ဂါဝန်က ဘယ်လောက်အထိ ခေတ်လွန်နေမလဲလို့ သိချင်၍ဖြစ်သည်။ အပြာရင့်ရောင်ဂါဝန်က ပခုံးတစ်ခြမ်းဖော်ထားကာ ရင်တစောင်း ဝိုက်ချထားသည်။ ရင်အစပ်မှာ ခရစ်တယ်တွေ ပြိုးပြက်ဝင်းလက် ကာ ကိုယ်နှင့်တိုင်းထားသလို ချပ်ကပ်နေပုံလည်းရှိ၏။ ခြေဖျား တိုက်ထိရှည်ပေမယ့် ခြေလှမ်းရအောင် ဂါဝန်အောက်မှာ ခွဲချထားတဲ့ အကွဲကြောင်းက အရှည်ကြီးဖြစ်နေလို့ လွှန်မဝတ်ရဲဘူးမာမီလို့ပြော လျှင် လွှန် ပြောသောစကား အရာမထင်မှာ သိနှင့်ပြီးသားဖြစ် သည်။ ထို့ကြောင့် ရှေ့နှုတ်ပိတ်နေတာ အကောင်းဆုံး။ လွှန့်အဖြေ က အများအမြင်မှာ တင့်တယ်လှပသည့် ဂါဝန်တစ်ထည်လို့ပြော





နေပေမယ့် လွှန့်အတွက်တော့ ပခုံးတစ်ဖက် မပါသည့် ဂါဝန်ရှည် က မပြည့်စုံတဲ့ဘဝကို ရည်ညွှန်းနေသည်။

လှပပြီး တန်ဖိုးကြီးတိုင်း ပြည့်စုံကုံလုံနေပြီလို့ ဘယ်သူ ပြောလဲ မာမီရယ်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဒေါ်စန္ဒီက ဒီအိမ်ရှင်နဲ့လဲ သိတယ်"

မေးခွန်းလား၊ အတည်ပြုချက်လား၊ ရန်ပြေက ပြောချင် ရာပြောပြီး မျက်လုံးက မီးရောင်အောက်က စားပွဲဝိုင်းမှ ရယ်မော နေသည့် ဒေါ်စန္ဒီထံ အကြည့်မလွဲမိ။ မေမေနှင့် ရွယ်တူလား ငယ်မလားမသိပေမယ့် ဒီမိန်းမကြီးက အသက်လေးဆယ်တန်း အောက် မလျော့နိုင်တာ လုံးဝသေချာသည်။ ဒါတောင် ဆံပင်တိုတို နှုတ်ခမ်းရဲရဲနှင့် ရန်ပြေ ကားကားချင်းဝင်ကျူးပစ်တုန်းက မြန်ဆုံတာ ပထမအကြိမ်။ အခု ဒီပါတီမှာတွေ့တော့ ဒုတိယမြောက်။ နှစ်ကြိမ် စလုံးမှာ ဆောင်းဘီမတိုမရှည်၊ ကုတ် ခါးတိုနှင့် မာဖလာပတ်ထား တဲ့ စတိုင်လ်က နိုင်ငံမှားရောက်လာသလား ထင်ရသည်။ ဒီပွဲက ရှောပင်းစင်တာကြီးတစ်ခုရဲ့ ပိုင်ရှင်လင်မယား အန်နီဗာစရီ။ သူတို့



BURMESE CLASSIC .com



လက်ထရောနှစ်ပစ္စည်းတွေကို အဲဒီစင်တာကြီးက ရောင်းချခွင့် ဆောင်းထားတာမို့ လုပ်ငန်းချင်းစပ်ဆက်သည့် သဘောရှိသည်။ မှန်ဆို ရန်ပြေက ပါတီတွေ၊ ဒင်နာတွေ ဘာခေါင်းစဉ်နဲ့လာလာ ရှင်းလေ့ရှိသည်။

"လူတွေရှေ့ကျတော့ မင်္ဂလာရတုတွေ၊ ပွဲတွေလုပ်လိုက် ကြတာ၊ နောက်ကွယ်မှာ စမောလ်တွေ၊ သမီးနဲ့ဦးဇာတ်လမ်းတွေ ခင်းနေကြတာ ငါ့မျက်မြင်ပဲကွ၊ ဒါကို သူတို့အန်နီဗာစရီသွား ဘက်တော့ သူတို့လုပ်သမျှ မသိရှာတဲ့ ငပေါကြီးတွေ ဖြစ်သွား ပါပေါ့၊ ဆောရီး…ဟော့ကောင်၊ ကိုယ့်ထမင်းကိုယ်စားပြီး ဒီကောင် ဘာ ဘာမသိညာမသိဆိုတဲ့စာရင်း အသွင်းမခံနိုင်ဘူး"

ရန်ပြေက ဒီလိုမျိုးဖြစ်ပေမယ့် ဒီပွဲက သုဝေအမေနဲ့လည်း ရင်းနှီးနေသည်။

"ငါ့အမေ မသွားနိုင်လို့ ငါ သွားရမှာ၊ ပြီးတော့ အန်ကယ်ချမ်းကိုယ်တိုင်လည်း မင်းကို သေချာဖိတ်ထားတာပဲ၊ အန်ကယ်ချမ်းက ခြေရှုပ်တဲ့အကျင့်လည်း မရှိပါဘူးကွ၊ လာပါ၊ ငါလည်း တစ်ယောက်တည်း ပွဲတက်ရမှာ ကြောင်စီစီနဲ့မို့"

သုဝေ ဖွတ်အတင်းကြီးဆွဲခေါ်လာ၍ ပါလာတာမှန်ပေ မယ့် ဒေါ်စန္ဒီကိုတွေ့ရတော့ သုဝေကို ကျေးဇူးတင်မိသွားသည်။ ထားချင်း တာမင်ဝင်တိုက်တုန်းက ဒေါ်စန္ဒီ ချွေ့ချွေ့ခုန်နေတာ ကြည့်ပြီး သူ ကျေနပ်သည်။ နောက် ဒေါ်စန္ဒီဝယ်မည့်ကားကို



www.burmeseclassic.com

www.burmeseclassic.com



ရှေးပိုပေးပြီး သူ့ ဝယ်တုန်းကလည်း ဖောင်းပွနေသည့် တစ်ဖက်က ဒေါ်သတွေခန့်မှန်းပြီး သူ ဝိတ်ဖြာခဲ့သည်။ ကဲ…အခု ဒီပွဲမှာ ထပ်ဆုံပြီ။ ဒေါ်စန္ဒီ သွေးတက်ချောက်ချားစရာဖြစ်ရပ် ဘာဖန်တီး စရာရှိမလဲ။

"ဒေါ်စန္ဒီက ဒီအသိုင်းအဝိုင်းမှာ နာမည်ကြီးပဲကွ၊ သူ ဝင်မတိုးဖူးတဲ့ပွဲ မရှိဘူး၊ နေပါဦး ဒီပွဲကို သူ့သမီးပါ ပါလာတယ် ထင်တယ်"

သောက်လက်စ ဝိုင်ဖန်ခွက်က ရန်ပြေနှုတ်ခမ်းနားမှာ ရပ်တန့်သွားသည်။

"သာလွန်ပြည့်စုံလား"

"ဟာ…ဟာ၊ မင်းတောင် သိနေပြီပဲ"

သုဝေက မျက်ခုံးပင့်ပြောရင်း ဝိုင်မရှိတော့တဲ့ဖန်ခွက်ကို မြှောက်ပြသည်။

"ငါ ထပ်ယူဦးမယ်၊ မင်းရော"

"တော်ပြီ"

"ဘာလဲ…မူးနေပြီလား"

ခုံကို ခြေထောက်နဲ့ရွှေ့ရင်း ရန်ပြေ ထရပ်ကာ သုဝေ မေးတော့ သူ ခေါင်းခါလိုက်သည်။

ရင်ထဲ အငြိုးသယ်ဇာတတွေ ပြည့်နေတာမို့ အဲပြင်း သောက်လည်း မမူးတတ်တာ သူ့အကျင့်လိုဖြစ်နေပြီ။ သုဝေ





ထရပ်တာ အဝေးမှ အန်ကယ်ချမ်းမြင်တော့ လက်လှမ်းပြကာ သူတို့စားပွဲများအထိ လျှောက်လာ၏။

"ဘာလို့လဲ မောင်သု"

"အာ…မလိုဘူး၊ အားလုံးပြည့်စုံတယ် အန်ကယ်ချမ်း"

"ဆောရီးနော်…မောင်ရန်ပြေ၊ ဟိုမှာ အမျိုးသမီးရဲ့ သူငယ်ချင်းတွေဆိုတော့ ရပ်မနေပေးလို့ မကောင်းတာနဲ့ သိတယ် မလား၊ လေဒီးဖက်စ်လေ၊ ပြီးမှ အန်ကယ်တို့ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

"ရပါတယ် အန်ကယ်၊ လုပ်ပါ၊ ကျွန်တော်တို့လည်း ပြီးမှ ပြန်မှာပဲ"

ရန်ပြေစကားကို သုဝေ အံ့သြနေ၏။ သူ ခေါ်တုန်းက ထပဲနော်ဆိုသည့်စကားကို ထပ်တလဲလဲသုံးပြီး အခုမှ ဘယ့်နှယ့် ကြောင့် ပွဲပြီးတဲ့အထိ နေချင်သွားတာလဲမသိ။ သုဝေက ဝိုင်တန်ခိုး နဲ့ နီမြန်းမြန်းဖြစ်လာသော မျက်လုံးတွေနှင့် လှည့်ကြည့်သည်။ ရန်ပြေက ဖျတ်ခနဲမျက်စိမှိတ်ပြသည်။

"ကျွန်တော်လည်း ခြံတစ်ပတ် လျှောက်ကြည့်ဦးမယ်၊ ဟိုဘက်က ရေတံခွန်ကို သဘောကျလို့"

"အာ…အိုကေ မောင်ရန်ပြေ၊ လိုတာရှိရင် ပြော၊ အားနာစရာတွေ မရှိဘူးနော်၊ ကိုယ့်လူရင်းတွေပဲ၊ စိတ်ကြိုက်ကဲ ချင်ရင် ဟိုဘက်မှာ မောင်ရင့်အတွက် အဖော်တွေရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခြံထောင့်ဘက် မီးမှိန်မှိန်အောက်မှာ စည်းချက်နဲ့အညီ မြူးမြူးကြွကြွ ကနေသော အဖွဲ့ရှိသည်။ ရန်ပြေက ခေါင်းညိတ် ပြုံးပြရင်း စားပွဲမှထရပ်ပြီး ထွက်လာတော့ သုဝေက ရန်ပြေ့ဆီ ရောက်လာ၏။

"ဟော့ကောင်…တကယ်လား"

"ဘာကိုလဲ"

ကြည့်…မေးတော့လည်း မသိသလိုရပ်နေ၏။ သုဝေက သောနားမှဖြတ်သွားသည့် ဝိတ်တာရဲ့ လင်ဗန်းပေါ်က ရှန်ပိန် တစ်ခွက်ကို ဆွဲယူလိုက်၏။

"ပွဲပြီးမှ ပြန်မယ်ဆိုတာလေ"

ရန်ပြေ ခေါင်းညိတ်ပြီး ပခုံးပေါ်က သုဝေလက်ကို ဖယ်ချပစ်သည်။

"အခုထိတော့ တကယ်"

"ဟ…ဘာလဲ၊ ဒီကောင်"

သုဝေ အော်ပြီး ရန်ပြေ့နောက်မှာ ကျန်နေခဲ့သည်။ အပြောင်းအလဲမြန်သည် ပြောရအောင်လည်း ဒီကောင်တည်ငြိမ် တတ်တဲ့အကျင့်ရှိတာ သူ အသိဆုံးမို့ အခုမှ ရန်ပြေ ဘာတွေဖြစ် နေတာလဲဆိုတာတွေးပြီး သုဝေ ခေါင်းခြောက်သွား၏။

◆ ◆ ◆



## အခန်း (၇၆)

စဉ်းစားစမ်းလို့ ကိုယ့်ကိုယ်ကို ရန်ပြေ အမိန့်ပေးသည်။ ခံစားတတ်သော ရန်ပြေမှတ်ဉာဏ်က လွန်ခဲ့သည့်ဆယ်နှစ်က အတိတ်စာမျက်နှာကို တဖျတ်ဖျတ်လှန်သည်။ သာလွန်ပြည့်စုံက ဘယ်လိုပုံစံဖြစ်မလဲ။ ဖြူဖြူလား၊ မည်းမည်းလား၊ ဒါမှမဟုတ် အသားညိုတာလည်း ဖြစ်နိုင်သည်။ ဝိန်သလား၊ ဝသလား။ ဒါလည်း မသေချာ။ ငယ်တုန်းက ဝိန်ခဲ့ပေမယ့် ကြီးလာတဲ့အခါ ဝတောင် ပြည့်ပြည့်တင်းတင်းဖြစ်လာတတ်တာတွေ အများကြီး။ ဒါဖြင့် သာလွန်ပြည့်စုံဆိုတာ ဘယ်လိုပုံဖြစ်မလဲ။ မှတ်မိတာက အရုပ်ကလေးလို ချစ်စဖွယ်ကောင်းသောရုပ်ရည်။ ကလေးမျက်နှာ လေးသာ အာရုံထဲတဝဲလည်လည်မို့ ရန်ပြေ ခါးထောက်ကာ ခေါင်းမော့ပြီး သက်ပြင်းမှုတ်ထုတ်သည်။



www.burmeseclassic.com

"တောက်…ရှိသမျှလူ လက်တို့ပြီး သာလွန်ပြည့်စုံဆိုတာ ဘယ်သူလဲလို့ မေးရမလိုဖြစ်နေပြီ"

ရေတံခွန်နားမှာရပ်ရင်း မီးရောင်စုံဆီ လှမ်းကြည့်တော့ ဒေါ်စန္ဒီက ရယ်မောမဆုံးရင်း အကာပိုင်းထဲ ဝင်နေပြီဖြစ်သည်။ ဒေါ်စန္ဒီကိုမြင်လိုက်တဲ့အချိန်တိုင်း ရန်ပြေ အနာဟောင်းက ပြန်နာလာတာမို့ ရန်ပြေ မျက်နှာလွှဲပစ်သည်။ ခြေဦးထိပ်၌တွေ့ရသည့် အအေးဘူးခွံဆီ ဒေါသက အားအပြည့်နှင့် စိုက်ဆင်းသွားပြီး လွှဲကန်ပစ်တာ စိတ်ထွက်ပေါက်အဖြစ် ဖောက်ခွဲပစ်၏။

"ဒေါင်း"

"အမယ်လေး"

မိန်းကလေးတစ်ယောက်ကို ထိမှန်သံရဲ့နောက်မှာ နာကျင်စွာ အော်ဟစ်သံလေးပါ ထွက်လာ၏။

"အား…နာလိုက်တာ၊ ကျွတ်…မှောင်ရိပ်ခိုပြီး ဘယ်သူ အအေးဘူးကို ကန်တာလဲ၊ စည်းမရှိ ကမ်းမရှိ"

အသံချိုချိုလွင်လွင်လေးမှာ ဒေါသသံဖြစ်ပေမယ့် ကြားရတာ ချိုနေ၏။

အသံထွက်လာသောနေရာက ရေတံခွန်ဘေးရှိ ပင်လယ်ကဗွီးပင်အုပ်အုပ်လေး နောက်ကဆိုတော့ လူကိုမတွေ့ရပေမယ့် ရန်တွေ့သံလေးမှာ စည်းကမ်းမရှိသူလို့ ဝေဖန်ခံရတော့ ရန်ပြေ စိတ်ထဲ ဒေါသက ရှူးခနဲခေါင်းထောင်ထလာသည်။





"ဟော့…မင်းကရော၊ အမှိုက်ကန်တဲ့နေရာ ဘာလို့ လာနေတာလဲ၊ ဒူးနေရာဒူး တော်နေရာတော်ရှိတာ မင်း မကြားဖူးလား"

"အမယ်…သူကလည်း အဖြစ်လုပ်သေးတယ်၊ သူများ အပြစ်တင်နေလိုက်တာ"

လွှန်မှာ ကိုယ်လည်းခံရသေး၊ လွှန့်ကိုပါ တစ်ဘက်က အပြစ်တင် အပြောခံရ၍ အခုမှ တကယ်စိတ်ဆိုးသွားကာ သစ်ပင်နောက်သို့ ခြေတစ်လှမ်းတိုးထွက်လိုက်သည်နှင့် ခဲရောင်ရှပ်လက်ရှည်ပေါ် အနက်ရောင်ဝေ့စ်ကုတ်တစ်ထပ် ထပ်ဝတ်ထားသော သူက ပန်းရောင် ဂျင်းဘောင်းဘီအိတ်ထဲ လက်ဖျားလေးချည်းစုံနှိုက်ပြီး မှန်ရှိရာဘက် လှမ်းကြည့်နေပုံက တကယ့်စိမ်ပြေနပြေ။ တွေ့ချင်သူကို စောင့်မျှော်နေတာမျိုးမဟုတ်ဘဲ ရန်သူကို လက်နက်ကြီးနှင့် ချိန်ရွယ်စစ်တော့မည့်ဒီဇိုင်းနှင့် မီးရောင်က မျက်နှာဘေးတစ်ခြမ်းသို့ ကျသဖြင့် နားတစ်ဖက်၌ ယှန်ထားသော စိန်ပွင့်က လက်ခနဲ ပြောင်သွား၏။ ဆံပင်တွေက လွှန် မြင်ဖူးနေကျဒီဇိုင်းတွေနဲ့ ကွဲထွက်သော ကတုံးဆံပင်ကို ဦးကင်းတွေဖော်၊ ဒေါက်အရှည်ကြီး နားထင်ဘေး ဆွဲချထားတာမို့ နိုင်ငံခြားဘောလုံးသမားနဲ့ သွားတူနေပြန်၏။ ခုနက ခြေခွဲရပ်နေသည့်ထိုလူကို မမိုတ်မသုန်ရပ်ကြည့်ရင်းက ထိုဂျစ်တီဂျစ်ကန်ပုံစံကို ကြည့်ရင်းကြည့်ရင်း ရင်ထဲရင်းနှီးလာသော ထိုမျက်နှာကို မှတ်မိသွား၏။

www.burmeseclassic.com



"ရှင်က ရန်ပြေ မဟုတ်လားဟင်"

လွှန့်ဘက်က တရင်းတနှီးထပ်ပြောလာ၍ တစ်ဘက် ပြန်ပြောဖို့ မောင်းတင်ထားသည့် ရန်ပြေ ခပ်ကြောင်ကြောင်ဖြ သွားကာ သူ့ကို တရင်းတနှီးပြောလာသည့် မိန်းကလေးကို ကြည့် လိုက်၏။

ခါးနားထိရှည်သော ဆံပင်ကောက်လိပ်လိပ်နှင့် ဖဲ တစ်ခြမ်းဖော်ထားသော ဂါဝန်ရှည်ကြီးတွေကြောင့် မှောင်ရိပ်ထ နေသောမျက်နှာကို မမြင်ရသေးဘဲ တော်တော်လှတာကို ရန်ပြေ စိတ်ထဲ တိတ်တဆိတ်ဝန်ခံလိုက်သည်။

"မင်း ဘယ်သူလဲ"

"အယ်…တကယ် မမှတ်မိတာပေါ့၊ ဒါဆို ဒီက အ နှုတ်ဆက်မိတဲ့အတွက် ဥမ်းပြီ"

လွှန်က ခပ်မြူးမြူးလေး ပြောသည်။ ကိုကြီးနဲ့ နာ တူသူကိုတွေ့တာနှင့် လွှန့်ရင်ထဲက ဒေါသက လေတိုးခံရ ရွက်ကြွေတွေလို ရှဲခနဲအသံပေးပြီး ထွက်ပြေးကုန်၏။ လွှန် မီးရောင်ရတဲ့နေရာအထိ ရှေ့တိုးရပ်ပြရင်း ခါးတစ်ဖက်နွဲ့နွဲ့ထော ကာ သူ့မျက်နှာကို ရန်ပြေဘက် ဆတ်ခနဲ လှည့်ပြလိုက်၏။

"ကဲ…ဒီမှာ၊ လူကို သေချာကြည့်"

ရန်ပြေမျက်ဝန်းတွေက လွှန့်မျက်နှာတစ်ဝိုက် ပြေး သွားပြီး နှုတ်ခမ်းတွေက ပြုံးယောင်သမ်းလာကာ လွှန့်မျက်





သူလှလေးကို စိုက်ကြည့်လိုက်၏။

"မင်း ကိုယ့်ကားကို ဝင်တိုးမိတဲ့သူ"

"တော်သေးတာပေါ့၊ မှတ်မိပေလို့"

"မင်းက ပုံစံတွေ ပြောင်းသွားတာကိုး၊ ဆံပင်ရှည်ကြီး ဆ"

ရန်ပြေ တအံ့တဩဖြစ်နေတာကိုကြည့်ပြီး ချစ်စရာကောင်း အောင် လွှန် ရယ်လိုက်၏။ ပြီးမှ လက်ဝါးဖြန့်ကာ ပခုံးတွေတွန့်ပြ လိုက်တော့ ရန်ပြေ ငေးကြည့်ဖြစ်သွားသည်။

လွှန်ကိုယ်တိုင်လည်း ရယ်မြူးရိပ်တွေနှင့် မျက်ဝန်း၊ နှုတ်ခမ်းတွေ တစ်ထပ်တည်းကျနေသော ရန်ပြေမျက်နှာကို လွှန်က စိတ်မသုန်ငေးရင်း အသံထွက်အောင် ပျော်ရွှင်သွား၏။ လွှန့်မှာဖြင့် ဘားအမည်းကြီးတွေတွေ့ကိုင်း လည်ပြန်အောင် လိုက်ငေးရ၊ ရန်ပြေ အိလက်ထရောနစ်စင်တာကို ဘာမှမဝယ်ဘဲ လျှောက်ကြည့်ရနှင့် နှီးကြောင်ခိုးဝှက်သွားရတာ တစ်ကြိမ်မကတော့။ နနကတောင် လွှန့်ကို ဝေဖန်သေးသည်။

"ဟိုက ဖုန်းဆက်ပါလို့ လမ်းဖွင့်ပေးထားတာပဲ လွှန် ရယ်၊ ဆက်လိုက်ပါလား"

"ဟင့်အင်း"

"လွှန်ကစပြီး သူ့ကို မဆက်ချင်ပါဘူး"

"အမယ်လေး…နိုးလည်း စားသေးတယ်၊ လူမိ



www.burmeseclassic.com

www.burmeseclassic.com



လည်း ကြောက်သေးဆိုတာ လွန်မှအစစ် သိလား''

''အို···အဲဒါက သူက ကားနဲ့ဝင်တိုးမိလို့ ဒဏ်ရာရ
ရှင် ဖုန်းဆက်လို့ပြောတာ၊ အခု လွန့်မှာ ဘာဒဏ်ရာမှမရှိ
ဘယ်လို ဖုန်းဆက်ရမှာလဲလို့''

''အမယ်လေး···ဒဏ်ရာများ၊ ဘယ်နေရာ ရခဲ့
လဲ၊ သေးသေးလား ကြီးကြီးလား···ပြော၊ နု လုပ်ပေးမယ်''

''နုနော်''

နုနုနော် မျက်စောင်းရှယ်ပြီးပြောတော့ နုက တခစ်ခစ်
ရယ်သည်။ အခုလို တိုက်တိုက်ဆိုင်ဆိုင်တွေ့တာ နုသိရင်
ဖူးစာမှန်လို့ပြန်တွေ့ရတာဆိုပြီး နုကို နားရွက်ဆွဲခေါ်ပြချင်ပါသည်
လွန်က ကိုယ့်အတွေးနဲ့ကိုယ် လှစ်ခနဲပြုံးရင်းက ဆံပင်ရှည်တွေ
ဖော်ထားသည့် ပခုံးတစ်ခြမ်းဘက် ဆွဲသိမ်းဖုံးပစ်သည်။

''ဒါက အတုကြီး''

''အတု''

''အင်း''

''ဆံပင်တုတပ်ထားတာ ကြည့်ရဆိုးနေလို့လားဟင်''

[illegible]ရင်း ရန်ပြေက သူမမျက်နှာလေးကိုစိုက်ကြည့်
ပြီး ခပ်သဲ့သဲ့ပြုံးသည်။ လည်တိုင်ရှင်းရှင်းမှာ နက်ပြာရောင်
ခရစ်စတယ်နှင့် လက်ကောက်ဝတ်မှာလည်း ဆင်တူခရစ်စတယ်
ပတ်ထားသည့် မိန်းမလှလေးက နားဆွဲမှာ ပခုံးထိနေပြီး နတ်ပြ





ရောင်ပဲမှို့ ခေါင်းအဆဲ့ နှုတ်ခမ်းအဖွင့်တိုင်းမှာ အသည်းယားစဖွယ်၊
လှုပ်လီလှုပ်လဲ့နှင့် သိပ်လှနေ၏။ ရန်ပြေက မျက်လုံးတစ်ချက်
အငေ့မှာပဲ သူမရဲ့အလှတရားတွေကို နေနေစပ်စပ် လှန်လှော
ဖတ်ရှုခွင့် ရသွားတာမျိုးမို့ ကပြောင်းကပြန်ဖြစ်သွားသည့် သူ့ရင်ခုန်
သံတွေကို ဘာမှမဖြစ်သလို ထိန်းလိုက်ရ၏။

''လှတယ်''

''ရှင်''

''မင်း သိပ်လှတယ်လို့ပြောတာ''

''တကယ်''

''တကယ်ပေါ့''

သူ ခေါင်းညိတ်ပြတော့ ကောင်မလေးက သွားတန်း
လေးတွေပေါ်အောင် သဘောကျစွာ ရယ်သည်။

''ကျေးဇူး၊ အဲဒီ ချီးကျူးစကားက လူအယောက်တစ်ရာ
ဝိုင်းပြောတာထက် ပိုထိရောက်တယ်···သိလား''

''ဒါဆို ကိုယ် ပြောရကျိုးနပ်တာပေါ့၊ ဒီကို တစ်ယောက်
တည်းလာတာလား၊ အဖော်ပါသေးလား''

မိန်းမလှလေးမှာ အဖော်မပါရင် အိမ်ပြန်လိုက်ပို့ပေးဖို့
အထိ စိတ်ကူးမိသော ရန်ပြေကိုယ်တိုင် ကိုယ့်ကိုယ်ကိုလည်း အံ့သြ
သည်။ သူမနဲ့တွေ့လိုက်သော အချိန်ခဏလေးအတွင်းမှာ ရန်ပြေ
စိတ်နှလုံး ငြိမ်းချမ်းသွားသလိုလို။ မသွားပါနဲ့လို့ အမိန့်ပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အနား လက်ဆွဲထားချင်သလိုလို ခံစားချက်တွေက ကျန်တာတွေအားလုံး မေ့သွားအောင် အစွမ်းထက်သည်။

"ဟုတ်…မေမေနဲ့ အတူလာတာ၊ ဟို ကိုရန်…"

"ရန်ပြေလို့ပဲ ခေါ်ပါ"

"ရန်ပြေကရော တစ်ယောက်တည်းလား"

"မင်းမျက်လုံးထဲ ဘယ်နှယောက်မြင်လဲ"

"ရှေ့မှာမြင်နေရတာတော့ တစ်ယောက်တည်းလေ"

"ဒါဆို မြင်နေရတဲ့အတိုင်းမှတ်ပေါ့"

"မမြင်ရတော့ရင်ရော၊ ကွယ်ရာရောက်သွားတဲ့အတိုင်း စုံတွဲတွေဘာတွေနဲ့လို့ မှတ်ထားရမှာလား"

ရန်ပြေအကြည့်တွေ စူးခနဲလက်သွားကာ မျက်နှာလှလှလေးကို စိုက်ကြည့်လိုက်၏။

ဒါ ရန်ပြေမှာ ပိုင်ရှင်ရှိသလားလို့ သွယ်ဝိုက်ပြီးမေးသော စကားလား။ ရန်ပြေက ဟက်ခနဲရယ်တော့ သူမက မျက်နှာလေးနီသွားပြီး ခေါင်းငုံ့ကာ ဆံပင်သပ်လိုက်တာမြင်ရ၍ ရန်ပြေရင်ထဲ နွေးခနဲဖြစ်သွား၏။

"ဆောရီး…ကိုယ်ရယ်တာ မင်းကို အဘောကျလို့ပါ"

"ရှင်"

"မင်း မေးခွန်းကိုလေ"

ရန်ပြေနှင့် သူမ အကြည့်ချင်းဆုံသွားသည့်အတွက် အနည်း၊ အသိမ်မွေ့ဆုံး သူ ပြုံးပြလိုက်၏။





"ကိုယ် ဘယ်နေရာကိုပဲရောက်ရောက် တစ်ယောက်တည်းပဲလို့ မှတ်ထားလိုက်"

"ဒါလည်း…တကယ်"

"တကယ်ပေါ့၊ ကိုယ် မင်းမေးသမျှ ဖြေပြီးပြီ၊ ဒီတစ်ခါ မင်းအလှည့်၊ ကဲ…ပြော မင်းနာမည်"

ကြည့်စမ်း။ လွန်နဲ့သူ စကားတွေပြောနေခဲ့ပေမယ့် လွန့်နာမည်ကို အခုထိမပြောရသေးတာ သတိရသွား၏။ ဟုတ်သားပဲ။ လွန့်နာမည်နဲ့ မိတ်မဆက်ရသေး။ ရန်ပြေနဲ့တွေ့တိုင်း သူ့ကို ငေးမောရတာနဲ့ လွန် ဝိညာဉ်နုတ်ခံရသူလို ဖြစ်ဖြစ်သွားတတ်တာ တစ်ကြိမ်မကတော့တာ လွန်ပဲသိသည့်အတွက် ပခုံးတွန့်ကာ ကြည်မွေ့စွာ ရယ်လိုက်မိ၏။

"အဟွန်း…နာမည်က ရယ်စရာလည်း ကောင်းတယ်၊ အမြင်ကပ်စရာလည်း ကောင်းတယ်"

"ကိုယ်က ရယ်လည်းမရယ်ဘူး၊ အမြင်လည်းမကပ်ဘူး ဆိုရင်ရော"

"သေချာတယ်နော်"

"အင်း"

လက်ညှိုးထောင်ကာ ထပ်မေးပုံကို သူ စိုက်ကြည့်လိုက်၏။ ရန်ပြေက ခေါင်းညိတ်အတည်ပြုတော့မှ…



www.burmeseclassic.com

www.burmeseclassic.com



"ဒီက နာမည်က…"

"လွှန်ကလေး"

ရန်ပြေရင်ထဲ ဟာခနဲဖြစ်သွားကာ အနီးကပ်မိုးကြိုးပစ်ခ
သည့်အလား။ အသံက မကျယ်ပေမယ့် အေးစက်သည်။ လွှန်က
ချက်ချင်းလှည့်ကြည့်သည်။ ပန်းအိုးပုလေးတွေ စီထားသည့်
နယ်နိမိတ်ကို မာမီဖျတ်ခနဲကျော်လွှားကာ လွှန့်နားရောက်လာပုံက
မြန်ဆန်လွန်းသည်ဟု လွှန် ထင်မိ၏။

"မာမီ"

"လာခဲ့"

လွှန့်လက်တစ်ဖက်ကို ဆောင့်ဆွဲတော့ လွှန်မှာနောက်ပြန်
လှည့်ကြည့်ရင်း မာမီခေါ်ရာအတိုင်း လွှန် ပါသွား၏။ ဒါပေမဲ့
နောက်မှာကျန်ခဲ့သည့် ရန်ပြေကို ပခုံးစွန်းနဲ့မေးဖျားကပ်တဲ့အထိ
လည်ပင်းလိမ်ကြည့်သွားတာ လွှန် ဟိုးအဝေးရောက်တဲ့အထိဖြစ်
သည်။ ရန်ပြေမှာ သူနှင့် ဆတ်ဆတ်ကြားလိုက်ရတဲ့ ခေါ်သံ
ဒေါ်စန္ဒီဆွဲခေါ်သွားခြင်းခံရသူက သာလွှန်ပြည့်စုံဆိုတာမှတစ်ပါး
တခြားမရှိ။ သိလိုက်ရချိန်မှာ လောကကြီးတစ်ခုလုံး အမှောင်
အတိကျသွား၏။

"တောက်"

တိုက်ပဲတိုက်ဆိုင်လွန်းတဲ့ ကံကြမ္မာပါလား။

ရန်ပြေအသံမှာ နာကြည်းခြင်းတွေနဲ့ ပြင်းထန်လှ





တက်ခေါက်သံထဲမှာ မချိမဆန့်ခံစားမှုတွေပါဝင်သည်။ တိုက်
ဆိုင်မှုဆိုတာကို နဖူးတွေ့ဒူးတွေ့ကြုံရမှ လှည့်ဖြားတတ်သော
ကံကြမ္မာဆိုတာ ဒါပဲလားလို့ သူ သိခွင့်ရသည်။ ဒေါ်စန္ဒီသမီးကို
မတွေ့ခင်က အလိုမကျ။ တွေ့ရပြန်တော့ ဝမ်းမသာနိုင်ဘဲ ပျော်
ရွှင်ခြင်းတောင် အဆစ်ပေးလိုက်ရသည့်အဖြစ်ကို မခံမရပ်နိုင်
ဖြစ်သွား၏။

ဘဝဆိုတာ လိုချင်တိုင်းမပြည့်စုံတတ်တာ သဘာဝပဲ
လား။

ဒေါ်စန္ဒီ…ခင်ဗျားကြီး တစ်နေ့ဝဋ်လည်ရမယ် သိလား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇၇)

"သူ့ကိုကြည့်ရတာ တစ်စက်ကလေးမှ မာမီ သဘော မတွေ့ဘူး လွှန်ကလေး၊ ကြည့်စမ်း…ဒီကောင့်ရုပ်ကို၊ ရုပ်ထား တဲ့ကားကို နောက်ကဝင်တိုက်ပစ်ရတဲ့အထိ နှံ့အတဲ့ပုံ ပေါက်ခ သလား…ပြော"

"ဒါဆို မာမီ့ကားကို ဝင်တိုက်တဲ့သူက"

"ဟုတ်ပ…သူမှ သူ့အစစ်၊ မာမီဝယ်မယ့်ကားကို ဖြ ဝယ်သွားတာလည်း သူပဲ၊ အခုနကတင် မမစီနဲ့တွေ့လို့ ပြော လိုက်တာ"

"တိုက်ဆိုင်တာများ ဖြစ်နေမလား မာမီရယ်"

"ဒါ တိုက်ဆိုင်စရာလား လွှန်ရယ်"

"နေပါဦး၊ သမီးနဲ့သူက ဘယ်ကဘယ်လို သိသွာ





ကြတာလဲ"

အိမ်ထိအောင် မစောင့်နိုင်။ ဒေါ်သထွက်စရာရှိရင် နေရာ ဒေသမရွေး ရှူးခနဲ ဒိုင်းခနဲ ပေါက်ကွဲတတ်သော ဒေါ်စန္ဒီက သူသိချင်တာရှိလည်း ဘေးပတ်ဝန်းကျင်ကို မငဲ့တတ်တာ အကျင့်တစ်ခုလိုဖြစ်နေပြီဖြစ်သည်။ ကားကို လမ်းဘေးချရပ်ပြီး ကားထဲက မီးကိုဖွင့်ကာ သမီးမျက်နှာကို ဒေါ်စန္ဒီ စေ့စေ့စပ်စပ် ကြည့်၍ မေးလိုက်တော့ လွှန် ခေါင်းလေးငုံ့သွား၏။

"လွှန် မသိပါဘူး မာမီ"

"မလိမ်နဲ့ လွှန်ကလေး၊ တစ်ယောက်နဲ့တစ်ယောက် သိဘဲနဲ့ ရယ်မောပြီးစကားပြောနေပါ့မလား"

"အာ…အဲဒါ စကားပြောတာ မဟုတ်ပါဘူး၊ သူက တောင်းပန်နေတာ"

"ဘာကိုတောင်းပန်တာလဲ"

"လွှန့်ကို ဘီယာဘူးခွံနဲ့ ပေါက်မိလို့"

လွှန့်စကားကို မာမီ ယုံပုံမရတာကို စိတ်ပျက်သလို ကြည့်၍ ကားထိုင်ခုံပေါ် ခေါင်းလေးတင်ပြီး မျက်ဝန်းတွေကိုပါ မှိတ်ချပစ်လိုက်သည်။ လွှန့်မျက်လုံးထဲမှ စာတွေကို မာမီ ဖတ် သွားမှာ လွှန် စိုး၍ပါ။ ဒေါ်စန္ဒီကတော့ သမီးရဲ့ ဘေးတစောင်း မျက်နှာကို စေ့စေ့စပ်စပ် ထပ်ကြည့်သည်။

"ဒါဖြင့် သမီးတို့က တကယ်မသိကြဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အခုမှမြင်ဖူးတာပါ မာမီ၊ ဒီပွဲလည်း မာမီခေါ်လို့ လွှန် ပါလာရတာ၊ လွှန် ဘာလုပ်လုပ် ဘယ်သွားသွား မာမီကျန်ခဲ့တာ ရော ရှိလို့လား၊ လွှန်သိရင် မာမီသိရမှာပေါ့"

လွှန်က စုပုပ်ပုပ်လေးနှင့်ပြောနေသည့် စကားဖြစ်၍ မာမီ ငြိမ်သွားသည်။ သမီးကိုငေးရင်း ဒေါ်စန္ဒီ သက်ပြင်းရှိုက်လိုက် သည်။ သမီးပြောတာ မှန်နေတာဆိုတော့ ကိုယ့်စိတ်ထဲထင်နေ တာ ဖြစ်မှာပါလို့ ဖြေသိမ့်ပေးမယ် ဒေါ်စန္ဒီ စိတ်အေးမသွား။

မထင်တာတွေ ဖြစ်ဖြစ်လာတတ်လွန်းလို့ သမီးကို ဘာမဆို စိတ်မချနိုင်ခဲ့သူ ဖြစ်လာခြင်းဖြစ်သည်။

"အေးလေ...သမီးတို့ချင်း မသိကြဘူးဆိုရင်လည်း ပြီးတာပါပဲ"

မာမီက ပြောပြောဆိုဆို ကားစက်နှိုးကာ လမ်းမပေါ် ကွေ့တက်မောင်းလိုက်၏။

"မာမ့်စိတ်ထဲမှာတော့ သူ့ကိုသိနေသလို ခံစားရတယ်၊ ဘယ်တုန်းကသိလဲလို့ သေချာပြန်စဉ်းစားတော့လည်း အဖြေရ မြန်ဘူး၊ သူ့ကိုမြင်ရရင် ဇဝေဇဝါနဲ့ လူက မွန်းကျပ်လာသလိုပဲ"

ဒေါ်စန္ဒီက သူ့ခံစားချက်ကို တစ်ယောက်တည်းရေရွတ် နေရာမှ လွှန့်ဘက် မျက်နှာငဲ့ကြည့်လိုက်၏။

"သမီးရော့ ဘယ်လိုခံစားရလဲ လွှန်"

"ဟင့်အင်း...လွှန် မသိဘူး မာမီ"





လွှန်က ခေါင်းယမ်းပြရင်း မပွင့်တပွင့်အသံနှင့် ဖြေလိုက် ၏။

"လွှန့်စိတ်ထဲမှာလည်း ဘာမှမခံစားရဘူး"

လိမ်ညာခြင်းကို ဘုရားမကြိုက်မှန်း လွှန် သိသည်။ ဒါပေမဲ့ တချို့သောကိစ္စတွေက အမှန်အတိုင်းဝန်ခံလို့ မရတာတွေ လည်းရှိသည်။ သိတိုင်း သိပါတယ်လို့ ခေါင်းညိတ်မိလျှင် လွှန်၏ ဖွင့်လင်ခြင်းနေ့ရက်တို့ကိုမာမီက တစ်စစီဆုပ်ခြေမွမည်ဆိုတာ သေချာနေ၏။

လွှန့်ကိုခွင့်လွှတ်ပါ မာမီ၊ လွှန် သူ့နဲ့မဝေးချင်ဘူး။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ရော့…ဒါလေးသောက်လိုက် ရန်ပြေ၊ သံပရာသီး ညှစ်ထည့်ထားတယ်၊ ရေခဲလည်းပါတယ်၊ မင်း ခေါင်းအုံထား သက်သာသွားမယ်"

ရန်ပြေရှေ့မှာ ဘလက်ကော်ဖီထဲ ရေခဲတုံးတွေ ပေါ်လော ပေါ်နေတာတွေ့သည်။ သံပရာရနံ့မွှေးနေတာလည်း သိသည်။ ဒါပေမဲ့ မြင်ခြင်း ကြားခြင်းတွေအပေါ် သူ့အာရုံက မရှိ။

"လွန်ကလေး"

မပြောင်းလဲသော ဒေါ်စန္ဒီရဲ့ခေါ်သံတွေက ရန်ပြေအား ကို ဖုံးလွှမ်းပစ်လိုက်တော့ ရန်ပြေ ခေါင်းယမ်းရင်း နားထင်ကို လက်ညှိုး လက်မ ဖိထောက်ထားတာကိုပဲ သုဝေက မျက်ခြည် မပြတ်ကြည့်ကာ မျက်ခုံးတွန့်လိုက်၏။





"ခေါင်းကိုက်နေပြီမဟုတ်လား ရန်ပြေ၊ မှင်းလုပ်ပံက ဆိုက်ရုံမကဘူး၊ ကွဲပါမထွက်တာ ကံကောင်း၊ ညက အန်ကယ်ချမ်း တို့ဆီမှာလည်း သောက်လာတယ်၊ အိမ်ရောက်တော့ ပုလင်းထပ် ဖွင့်တာကိုး၊ မင်းဟာက မသောက်လည်း မသောက်လို့၊ သောက် ပြန်တော့လည်း သောက်လို့"

"မင်းကလည်း မိန်းမကြီးကျနေတာပဲကွာ၊ နားညည်း တယ်၊ မင်းပါးစပ်ကို တစ်ခါတည်းပိတ်ထား"

"မင်းကမှ အပြောကောင်း"

ရန်ပြေကို ဘာမှဆက်မပြောတော့ဘဲ သုဝေက မီးကင် ထဲက ခုန်ထွက်လာတဲ့ ပေါင်မုန့်ရဲရဲတွေကို ထောပတ်ပါးပါး သုတ်ရင်း စားပွဲပေါ် မေးထောက်ပြီး ငူငူကြီးထိုင်နေသော ရန်ပြေ ကို မကျေမနပ် မျက်စောင်းလှမ်းထိုးသည်။

"မိန်းမလုပ်တဲ့အလုပ်တွေ လိုက်လုပ်နေရမှတော့ မိန်းမ ကြီးနဲ့တူတာ ဘာဆန်းလဲ ရန်ပြေ၊ သောက်တာချင်းအတူတူ မင်းက မူးလဲနေတော့ အင်္ကျီတွေလဲပေးရ၊ ဖိနပ်တွေချွတ်ပေးရနဲ့ ငါ့အိမ် ငါတောင် မပြန်နိုင်ဘူး၊ မိုးလင်းတော့လည်း အမူးပြေအောင် ကော်ဖီဖျော်တိုက် ပြုစုပေးရသေးတယ်၊ ဟွန်း…မင်းက ဘုန်းကံ တို့ ကြီးမားပါပေတယ် ရန်ပြေ"

"အေး…အဲဒီလိုသိရင် ရှိရှိသေသေဆက်ဆံ၊ ငါနိုင်း တာကို တိတိကျကျလုပ်"



www.burmeseclassic.com

www.burmeseclassic.com



မပြောရင်း ကော်ဖီခွက်ယူပြီး ထမင်းစားပွဲက ရန်ပြေ
ထတော့ သုဝေတက ပေါင်မုန့်ထောပတ်သုတ်ပန်းကန်ကိုင်ရ
သူ့နောက်က လိုက်လာ၏။

"ဟောကောင်…ဒါ ဘယ်လဲ"

မေးခွန်းတွေနဲ့ သုဝေကို ရန်ပြေက ငုံကြည့်သည်။

"ငါ အပေါ်ထပ်မှာ ခဏသွားနှပ်မလို့၊ ငါ့ကို သာလွန်
ပြည့်စုံရဲ့ ဖုန်းနံပါတ်ရှာပေး"

"ဘာ"

သုဝေမျက်လုံး ပုစွန်တုပ်လို ပြူးသွားသည်။

"သာလွန်ပြည့်စုံရဲ့ဖုန်း၊ ဟောကောင်…ရန်ကြီး၊ မင်းတို့
ဘာလဲ၊ အချိတ်အဆက်မိနေတာလား၊ ဒါမှမဟုတ် မင်း အမူး
သေးတာလား"

"ကြိုက်သလိုထင်၊ ငါနိုင်းတာကိုသာ ဖြစ်အောင်လုပ်
ပေး၊ ဒါပဲ"

"ရန်ကြီး"

သုဝေခေါ်ပေမယ့် ရန်ပြေက လှည့်မကြည့်ဘဲ ဆ
လျှောက်သွားတော့ သုဝေ ဘာကိုမှားလည်းရမှန်းမသိ ခေါင်းကုတ်
လိုက်၏။

"ဟိတ်ကောင်"

"ရန်ကြီး…မင်းအိပ်ခန်းက အောက်ထပ်မှာဟ၊ အ





ကိုသွားမလို့တုန်း"

သုဝေက လှေကားနားအထိ ယောင်လည်လည်ဖြစ်နေ
ရန်ပြေကို အေပရှန်ကြီးတကားကား၊ ပေါင်မုန့်ပန်းကန်ကြီး
ပြီး လိုက်သတိပေးနေတာကို သူ ဟက်ခနဲရယ်လိုက်သည်။

"လုပ်စမ်းပါ၊ ငါရှာနိုင်းတာရရင် အကြောင်းကြား"

သုဝေက ခေါင်းတွယမ်းယမ်းနဲ့

"မင်းအမူးလွန်ပြီး မဂေါက်ပါဘူးနော် ရန်ကြီး"

"လုံးဝမဂေါက်ဘူး…စိတ်ချ"

သူ ခပ်တည်တည်ဖြေလိုက်ပေမယ့် သုဝေက ရန်ပြေကို
ကြည့်ပြီးမေးတဲ့ပုံက သူ့ကို ပုံမှန်မဟုတ်ရဲ့လားလို့ စူးစမ်း
သူသိသည်။ ရန်ပြေ တစ်စက်မှမသောက်ရသေးတဲ့ ကော်ဖီ
တစ်ကျိုက်တည်းမော့ချရင်း ခွက်ကိုကမ်းပေးတော့ သုဝေက
င်နှနှ လှမ်းယူသည်။ ပြီးမှ ရန်ပြေကို စိတ်မချသေးသော
ဝန်းများနှင့်ကြည့်သည်။

"မင်း တကယ်အပေါ်တက်မလို့၊ ပြီးတော့ ဖုန်းနံပါတ်
ခိုင်းတာလည်း တကယ်"

ရန်ပြေက အလေးအနက် ခေါင်းညိတ်ပြကာ တစ်အိမ်
ကြည့်သည်။

"ငါဝယ်ထားတဲ့အိမ်ပါ သုဝေရာ၊ အပေါ်ထပ်မကဘူး၊
င်မိုးပေါ်အထိ တက်ခွင့် ငါ့မှာမရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး…ရှိပါတယ်၊ ဒါပေမဲ့ အပေါ်မှာတက်အိပ်ရအောင် အခန်းပြင်ထားတာ တစ်ခန်းမှမရှိဘူး"

သုတေကား ဒီနေရာတင် ရပ်သွားသည်။ အသစ်ကျ ချွတ် အိမ်ကြီးမို့ ဆေးနံ့တောင် မပြယ်သေး၍ သုဝေ စပ်စပ်စု လျှောက်ကြည့်မိတာက မနက်ကမှပါ။ ဘုရားခန်းကိုပဲ သဝ္ဂါ ရှာဖွေခဲ့ရပြီး လှျာထိုးတွေပြောင်လက်နေတဲ့ ကြမ်းခင်းနဲ့ အပေါ်ထ တစ်ထပ်လုံးရဲ့ အကာအရံက တိုးလျှိုးပေါက်ဖြင်ရတဲ့ မှန်နံရံ ချည်း ဖြစ်နေ၏။

"တော်သေးတာပေါ့၊ အိပ်ခန်းနဲ့ ရေချိုးခန်းကို မှန် နဲ့ မကာထားလို့"

ကိုယ့်အတွေးကိုယ် သဘောကျစွာ အိပ်ခန်းတွေ တစ် ပြီးတစ်ခန်း ဖွင့်ကြည့်ပေမယ့် ထောင့်ဘက်ကျသောအခန်း လော့(ခ်)ချထားတာမို့ သူတောင်ဇဝေဇဝါနှင့်။ ဒီကောင့် အောက်ထ အိပ်ခန်းမှာ မီးခံသေတ္တာထားတာတောင် လော့(ခ်)မချဘူး။

"ဘာလဲဟာ၊ ဒီကောင့်အိပ်ခန်းလည်း အောက်ထပ်မှာ ပါ ဘာအခန်းမို့လဲ"

ထပ်ကြိုးစားပေမယ့် ပွင့်မလာတဲ့တံခါးကြောင့် သု လက်လျှော့ခဲ့သည့်အခန်း။ သုဝေက ဖျတ်ခနဲ သတိဝင်လာ လှမ်းကြည့်တော့ ရန်ပြေက အပေါ်ထပ်လှေကားထိပ် ရောက်ေ ၏။





"ရန်ကြီး…အပေါ်က သော့ခတ်ထားတဲ့အခန်းကရော င်းအိပ်ခန်းပဲလား၊ ဒါမှမဟုတ်…"

ရန်ပြေကို သုဝေ အားတက်သရော လှမ်းမေးတာ ထူးဆန်း ွန်း၍ဆိုပေမယ့် ရန်ပြေတို့က မေးတိုင်း ဖြေတတ်သည့် လူစား ျိုးထဲမပါတာ သူ မေ့သွားသည်။ ကျောခိုင်းလျက် လက်တစ်ဖက် ဆောင်ပြတဲ့ ရန်ပြေကျောပြင် ပျောက်ကွယ်သွား သည်အထိ သုဝေ ီအတိုင်း ငေးကြည့်လျက် ကျန်ခဲ့၏။

"ရုတ်တရက် အိမ်အကြီးကြီးဝယ်တယ်၊ တစ်ခန်း ည်းကို သော့ခတ်ပိတ်ထားတယ်၊ ပြီးတော့ သာလွန်ပြည့်စုံရဲ့ န်းနံပါတ် စုံစမ်းခိုင်းတယ်၊ အဲဒီအခန်းက ဘာလဲ၊ မင်္ဂလာအခန်း ား၊ ဒီကောင် မိန်းမယူဖို့ ခြေလှမ်းကြဲနေတာလား၊ ဒီကောင်ယူ ယ့်မိန်းမက ဒေါ်စန္ဒီသမီးလား"

သုဝေတစ်ယောက်တည်း မေးခွန်းတွေနှင့် လုံးချာလည် နပြီး အဖြေက တိကျမှုမရှိခဲ့။ လျှို့ဝှက်ခြင်းတွေနဲ့ တည်ငြိမ်နေ သော ရန်ပြေမျက်နှာထက်မှာ စနစ်တကျစီမံကိန်းတွေ သူ မြင်နေ ရပေမယ့် ထိုလျှို့ဝှက်ချက် 'ဘာ'ဆိုတာ မသိတော့ ခေါင်းပိုရှုပ် သွား၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၉)

"ဟဲလို"

"သာလွန်ပြည့်စုံ"

တစ်ဖက်က ခေါ်သံက လွန့်နားထဲမှတစ်ဆင့် ကိုယ်ခန္ဓာ ဟိုးအတွင်းပိုင်းဆီ နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်သွားသည်။ လွန့်လက်ထဲက စားလက်စ မုန့်ခဝ်ထားသောဇွန်းသည် လေထဲမှာ တန်းလန်းကြီးရပ်တန့်ခြင်းသို့ ရောက်သွား၏။

"ဘယ်သူလဲဟင်"

"ကိုယ့်အသံကို မမှတ်မိဘူးလား သာလွန်ပြည့်စုံ"

"မှတ်မိပါတယ်၊ ဟိုလေ"

"ဒီနေ့ မင်းသူငယ်ချင်းအိမ်မှာ စာလာသင်ရမယ့်နေ့ မဟုတ်ဘူးလား"





"ဟုတ်"

လွန် ခေါင်းညိတ်အဖြေမှာ မျက်ဝန်းထောင့်၌ အပြာရိပ်ဆင်လာသည်။ ရင်းနှီးနေကျ ရေမွှေးနံ့ရှုရှုက လွန့်နားမှာ မာမီရောက်လာပြီဆိုတာ အသိပေး၏။

"လွန်ကလေး…မြန်မြန်စားလေ၊ ကြည့်စမ်း…ငရုပ်သီးတွေ အများကြီးထည့်စားပြန်ပြီ၊ အလုံး…နင် မပြောဘူးလား၊ ဒီသမီးကို ငရုပ်သီးမစားနဲ့ဆိုတာ၊ သွား…ယူသွား ဒီငရုပ်သီးဘူး၊ ဟဲ့…ဒီစားလက်စပန်းကန်ပါ အသစ်ပြန်လဲပေးလိုက်"

လွန့်နား ရောက်လာတာနှင့် မာမီ့လက်တွေ ရှပ်ယှက်ခတ်တာ အသံတွေပါ ဆူထွက်လာသည်။ စားပွဲပေါ်က မလိုတာတွေ ဆွဲဖယ်ရ၊ အလုံးကိုအော်ဆူရနှင့် လွန်နှင့်ဖုန်းကို တွဲချိတ်မမြင်ဘဲ နေတာကိုက လွန့်အတွက် အခွင့်အရေးဖြစ်နေ၏။

"ဒါပဲနော်…လွန် ဖုန်းချတော့မယ်"

"ကိုယ် မင်းသူငယ်ချင်းအိမ်ရှေ့မှာရှိမယ် လွန်၊ ဒီကော"

"ဟုတ်"

လွန် ဖုန်းချလိုက်မှ မာမီ့မျက်ဝန်းတွေနဲ့ လွန်က တန်းခနဲ တိုးသည်။

"ဘယ်သူ့ဖုန်းလဲ သမီး"

"ဟို…နုနုပါ မာမီရဲ့၊ နောက်ကျနေလို့ လှမ်းမေးတာ"

"ပြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



လွှန် တားမြစ်ချိန်မရလိုက်ဘဲ လွှန့်ဖုန်းက မာမီ့လက်ထ
ပါသွားသည်။ ဖျတ်ခနဲ အရောင်လက်သွားသော သမီးမျက်ဝ
လေးတွေရော၊ ချက်ချင်း စိုးထိတ်မှုနှင့် ဖြုံကျလုလု ဖျက်ယွင်
သွားသည့် သမီးမျက်နှာကိုပါ တွေ့လိုက်တာမို့ ဒေါ်စန္ဒီရင်ထ
ထင့်ခနဲဖြစ်သွားသည်။ သမီးမျက်နှာကို စာတစ်ပုဒ်လို အလွှ
ကျက်ထားသူမို့ မျက်တောင်အပင့် နှုတ်ခမ်းအဖွင့်မှာပဲ သမီးစိ
ထဲ လှမ်းမြင်နိုင်တဲ့အထိ ဒေါ်စန္ဒီ ကျင့်သားရနေခဲ့၏။

"မာမီကလည်း နုနုပါဆို"

"ဖုန်းနံပါတ် ပြန်ကြည့်ရင် သိတာပဲ"

မစ်ကောလ်မှာပေါ်လာသော နံပါတ်က ဒေါ်စန္ဒီ မရင်း
တဲ့နံပါတ်ဖြစ်နေ၍ ဒေါ်စန္ဒီ မျက်ခုံးတွန့်သွား၏။

"ဒါက ဘာလဲ လွှန်"

"ဒါ…နုနုဖုန်းမှမဟုတ်တာ သာလွှန်ပြည့်စုံ"

နာမည်အပြည့်အစုံ ခေါ်ပြီးဆိုကတည်းက မာမီ ဒေါ်သ
လွှန်သိသည်။ နောက်ဆုတ်၍မဖြစ်တဲ့ အခြေအနေမှာ လွှန့်ဘ
က ရှေ့ဆက်တိုးရုံသာရှိသည်။

"နုနုအစ်ကိုရဲ့ဖုန်းနဲ့ ဆက်တာနေမှာ မာမီ"

"နုနုအစ်ကိုဖုန်း…ဟုတ်လား"

"ဟုတ်ကဲ့"

"ကောင်းပြီ၊ အခုပဲ မာမီ ခေါ်ကြည့်မယ်"





"အို"

မာမီက ပြောပြောဆိုဆို ဖုန်းကိုခေါ်ကာ နားမှာကပ်ထား
သည်။

မာမီ့အကြည့်တွေက လွှန့်မျက်နှာကို တစ်ချိန်လုံး အကဲ
ခတ်နေ၍ လွှန့်မှာ အပြစ်ရှိသူဝီဝီ မာမီ့မျက်ဝန်းတွေကို ရင်မဆိုင်
ရဲဘဲ ဖြစ်လာ၏။ အလုံး အသစ်ပြင်၍ လာချပေးထားသော
မုန့်ဟင်းခါးပန်းကန်က အရွေးခံရလွှန်း၍ ဘယ်ဟာမုန့်ဖတ်၊ ဘယ်ဟာ
အကြော်မှုန်းမသိအောင် လုံးထွေးကြေမွလျက်ရှိ၏။ ဖုန်းကဝင်သွား
တာကြာပေမယ့် တော်တော်နဲ့ ထူးဟန်မတူ။ ခဏကြာမှ

"ဟဲလို"

"×××"

"အေး…လွှန် မဟုတ်ဘူး၊ အန်တီစန္ဒီ၊ အေး…နုနုရေ
ဒီမှာမုန့်ဖွန်းကြီးကိုင်ပြီး ဖုန်းကို ငူငူကြီးကြည့်နေလို့ လှမ်းဆက်တာ၊
နုနု ဖုန်းခေါ်သေးလား"

"×××"

"အေး…အေး…ပြီးရော၊ ခုပဲလာပို့မှာ သမီး၊ အေး…
အေး…ဒါပဲနော် နုနု"

မာမီက သူ့ စိတ်ကျေနပ်မှ လွှန့်ဖုန်းကိုပိတ်ပြီး လွှန့်ထံ
အပြုံးများနှင့်လှမ်းကြည့်ကာ ပြန်ပေးသည်။

"ဟွန်း…မျက်နှာက သွေးမရှိတော့တဲ့ ဖြူရော်ရော်ပဲ



www.burmeseclassic.com

www.burmeseclassic.com



နဲ့၊ ဘာဖြစ်နေတာလဲ အဲဒါက”

မာမီ့ဒေါသမပါတဲ့မျက်စောင်းကြောင့် လွန့်ရင်ထဲ အလုံးကြီး ဝုန်းခနဲ ပြုတ်ကျသည်။ ဒီလူက အကြားအမြင်ရနေသလား ပဥ္စလက်အတတ်တွေ ဘာတွေတတ်တဲ့ မှော်ဆရာကြီးလား ကြည့်စမ်း… တစ်ထိုင်တည်း မာမီ့ကိုလှည့်စားလိုက်တာများ သူ့အတွက်တော့ တကယ့်လွယ်လွယ်ကူကူလေးဖြစ်သည်။ လွန့်က ကြေမွနေသည့် မုန့်ပန်းကန်ကို ဘေးသို့တွန်းထုတ်သည်။

“မာမီက လွန့်ကိုမယုံတာ”

“ယုံချင်စရာမှမရှိတာ၊ မအေ မသိအောင် ဖုန်းခိုးဆက်နေတဲ့အတိုင်း သမီးမျက်နှာက ဘာဖြစ်နေတာလဲ၊ အဲဒါကြောင့် ဟဲလိုပဲ မာမီကထူးတာ၊ နနက လွန်လား··ဘာပြောစရာကျန်လို့ ထပ်ခေါ်တာလဲဆိုမှ အခုပဲ ငါဖုန်းချသွားတာကိုဆိုပြီး နနပြောလို့ ယုံသွားတာမှတ်”

ဖုန်းထဲက နနစကားတွေကို ပြန်ရွတ်ပြရင်း မာမီက ဘာမှ မဖြစ်သလို မုန့်ကိုင့်စားနေသည်။ တော်လိုက်တဲ့ရန်ပြေလို့ လွန့်ကတော့ ရင်ထဲမှချီးကျူးရင်း စိတ်ထဲ ပျော်ရွှင်ပေါ့ပါးသွား၏။

ရန်ပြေကို ဒီလောက် လိမ်တတ်ပတ်တတ်သူလို့ ထင်မထား၍ သူ လူလည်ကျတာကို သဘောကျစိတ်နှင့် မာမီ့ရှေ့မှာ မပြုံးမိအောင် လွန် မနည်းသတိထားနေရသည်။

ရန်ပြေက လွန့်ဘဝရဲ့ အလင်းရောင်ဆိုရင် ဟိုးရှေ့မှာ





အလင်းပျပျက လွန့်ကိုစောင့်ကြိုနေမှာသေချာသည်။

“ပြီးရင် သွားကြရအောင် လွန်ကလေး၊ သမီးကိုဝင်ပို့ပြီးရင် မာမီ ကားဝယ်ဖို့ကိစ္စရှိတယ်၊ ဘဏ်လည်း ပြေးရဦးမယ်၊ ဒီနေ့ အလုပ်တွေ မာမီ့နောက်မှာ တန်းစီနေတယ်”

မာမီ့ထံမှ နှိုးဆော်သံနှင့် လွန်က အသင့်ဖြစ်သွား၏။

“လွန် အသင့်ဖြစ်ပါပြီ မာမီ”

“အိုကေ”

လွန် မတ်တတ်ထရပ်လိုက်တာနှင့် မာမီက လွန့်ရှေ့က ဦးဆောင်ထွက်သွား၏။ အခုတော့ လွန့်ကိုစောင့်နေမည့်၊ လွန်က တွေ့ချင်သည့် ဘဝရဲ့ရင်ခုန်ဘက်ဆိုတာကို သူမ ခံစားခွင့်ရခဲ့ပြီ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"အိုကေ…သင့်(ခ်)ယူ စင်သီ၊ စင်သီစားပွဲကို ပြန်လို့ရပြီ"

"ဟုတ်ကဲ့…ဘော့(စ်)

ရန်ပြေရဲ့ အတွင်းရေးမှူးဖြစ်သည့် စင်သီက ရန်ပြေလက်ထဲ ဖုန်းပြန်ထည့်ပြီးမှ စားပွဲဆီလျှောက်သွားပေမယ့် ပယောင်းမျက်ဝန်းတွေနဲ့။ ဖုန်းဝင်လာတာနဲ့ နံပါတ်ကိုကြည့်ပြီး စင်သီကို ဒီလိုမေးရင် ဒီလိုပြောပါဆိုပြီး သင်ပေးတာလည်း ကိုသုဝေရှေ့တင်ဖြစ်သည်။ ဖုန်းစပီကာဖွင့်ပြီး တစ်ဖက်ကပြောသမျှ ခေါင်းတညိတ်ညိတ်နှင့် စင်သီကို အသံတိတ်ညွှန်ကြားတော့လည်း ကိုသုဝေပါ မျက်လုံးမျက်ဆန်တွေ ပြူးလို့။ အခု ဖုန်းချပြီးတာနှင့် ကုတ်အင်္ကျီကောက်ဆွဲပြီး အပြင်ထွက်ဟန်ပြင်နေသော ဘော့(စ်)





ကြောင့် သုဝေ ဘာဆိုဘာမှနားမလည်။

"မင်း ဘာတွေဖြစ်နေတာလဲ ရန်ကြီး၊ ငါ့ကို နည်းနည်း ရှင်းပြဦး"

သုဝေက ရန်ပြေလက်တစ်ဖက်ကိုဆွဲပြီး မေးတော့ ရန်ပြေက မျက်နှာငိုကြည့်သည်။

"မင်း အခုနက စင်သီနဲ့စကားပြောတာ သာလွန်ပြည့်စုံ အမေ ဒေါ်စန္ဒီ မဟုတ်လား ရန်ကြီး"

"မင်း နားမကောင်းဘူးလား သုဝေရာ၊ ငါ ချိန်းလိုက်တာ မင်းကြားရဲ့သားနဲ့၊ ငါသွားတော့မယ်"

"အေးပါ…သွားပါ၊ ဒါပေမဲ့ ငါနားလည်အောင် နည်းနည်းရှင်းပြခဲ့ဦး"

ဖုန်းနဲ့ကားသော့အပြင် စီးကရက်ဘူးနဲ့ မီးခြစ်ပါ မှန်စားပွဲပေါ်က ရန်ပြေ ဆွဲယူသည်။ ကုတ်အင်္ကျီကို ဖြစ်သလို လက်ထိုးဝတ်ပြီး အကျအန ရင်ဘတ်ရှေ့နှစ်စအား ဆွဲချသွားတာလည်း အလျှင်စလိုပေမယ့် ကြည့်ကောင်း၏။ ရန်ပြေက တံခါးဝအထိ လျှောက်သွားပြီးမှ အနောက်က ထပ်ကြပ်မကွာလိုက်လာသည့် သုဝေရင်ဘတ်ကို လှည့်တွန်းကာ တားသည်။

"မနက်ဖြန်ကစပြီး ငါ့လိပ်စာစုံစမ်းလာသူရှိရင် ကွန်ဒိုလိပ်စာပဲပေး၊ ဘယ်သွားတယ် ဘာလုပ်တယ်ဆိုတာ မေးသမျှ မသိဘူးသာပြော၊ မသိဘူးလို့ ခေါင်းခါရမယ့်အထဲမှာ ငါ့အမေနဲ့



www.burmeseclassic.com

www.burmeseclassic.com



အနံ့ကယ့်လိပ်စာလည်း ပါတယ်နော် သုဝေ၊ ငါ့မှာတော့ မမေ့နဲ့ အကြောင်းမထူးရင် ငါ ဖုန်းခေါ်မယ်"

"အကြောင်းထူးရင် ဖုန်းခေါ်မှာမဟုတ်ဘူးလား၊ မင်းဟာက ပြောင်းပြန်ဖြစ်နေပြီ"

လိုချင်သည့်အဖြေမရမှန်းသိတော့ သုဝေက ရန်ပြေကို ဝေဖန်ပစ်သည်။ နားလည်အောင် ရှင်းပြပါ ဘာညာနဲ့ မေးတဲ့သူသာ မောကိန်းဆိုက်မည်။ ရန်ပြေက ဘာဆိုဘာမှ သိခွင့်မပေး။

"မင်းကိုရှင်းပြဖို့မပြောနဲ့ သုဝေ၊ အခုချိန်မှာ ငါ့ကိုယ် ငါတောင် နားလည်ဖို့ မနည်းကြိုးစားနေရတာ"

"မင်း ဘာတွေဖြစ်နေတာလဲ ရန်ပြေ"

"ငါလည်း သေချာမသိသေးဘူး သုဝေ"

"မင်း ဒေါ်စန္ဒီနဲ့မငြိအောင် ရှောင်နော်၊ သူက သူ့သမီး ထိရင် မီးထပွင့်မယ့်ဒီဇိုင်းမျိုးရှိတယ်"

သူငယ်ချင်းဝတ္တရားတွေကျေအောင် သုဝေ သတိပေးရပေမယ့် ရင်ထဲမှာလည်း ရန်ပြေအတွက် စိတ်ပူတာတကယ်ဖြစ်သည်။ ခင်မင်ခဲ့သည့်တစ်လျှောက် မိန်းမကိစ္စ၊ နှလုံးသားရေးရာ ဘာတစ်ခုမှ လှုပ်လှုပ်ခတ်ခတ်မရှိခဲ့သည့် ရန်ပြေက အခုမှ လှုပ်ရှားနေတာကိုလည်း အံ့သြသည်။

ရန်ပြေ လှုပ်ရှားမှုတိုင်း အေးတိအေးစက်ဆိုတာရိပ်မိ၍ စိတ်မအေးရသည့်အထဲ ရန်ပြေက သူ့ကို အခန်းဘက်ပြန်တွန်းကာ





တံခါးဆွဲဖွင့်ထွက်သွားပြန်၏။

"ငါ့မှာတာမမေ့နဲ့ သုဝေ"

သုဝေ ဘာကိုမမေ့ရမှာလဲ။ သာလွန်ပြည့်စုံဆိုတဲ့ မိန်းမလှလေးအကြောင်းလား။ သူ စိတ်ရှုပ်သွားသည်။

ဒါ မဖြစ်သင့်တဲ့ကိစ္စဆိုတာ သူ့ထက် ရန်ပြေ ပိုသိမှာပါ။ ဘာပဲဖြစ်ဖြစ် လုပ်သင့်လုပ်ထိုက်တာ လုပ်ပေးရမှာက သူ့တာဝန်အဖြစ် စည်းခြားသတ်မှတ်လိုက်မှ ရင်ထဲပေါ့သွား၏။

◆ ◆ ◆

www.burmeseclassic.com

## အခန်း (၂၇)

"မဖြစ်ဘူးနော် လွန်၊ အန်တီစန္ဒီ ရောက်လာခဲ့ရင် ငါ ဘာပြောရမှန်း သိမှာမဟုတ်ဘူး"

"မာမီ မအားတာ လုံးဝသေချာပါတယ်ဆိုမှ နုရဲ့ ဒီနေ့ မာမီ့မှာ အလုပ်တွေ တန်းစီနေတာလို့ လွန့်ကိုပြောထားပြီး ပြီ၊ မာမီလာကြိုတဲ့အချိန်အမီ လွန် ပြန်လာမှာပါ"

"ခြံထဲမှာပဲ စကားပြောပါလား လွန်ရယ်၊ ငါ့အိမ် လူကြီးတွေမှမရှိတာ"

နုနုက ဆွဲထားသော လွန့်လက်ကို မဖြုတ်ပေးသေး ထပ်တောင်းဆို၏။ လွန်တို့နှစ်ယောက် ပေါ်တီကိုအောက် ရပ်နေကြတာမို့ ဟင်းလင်းဖွင့်ထားသည့် ခြံတံခါးအပြင်ဘက် ကားအမည်းကြီးကို ကျောမှီရပ်နေတဲ့ ရန်ပြေကို လှမ်း





သည်။ မာမီ့ကား ထွက်သွားတာနှင့် လွန့်နားကို လေမွေ့ သလို ရန်ပြေ ရောက်လာခဲ့ခြင်းဖြစ်သည်။

"ကိုယ် မင်းကို ပြစရာတစ်ခုရှိလို့ ကိုယ်နဲ့ခဏလိုက်ခဲ့ လား သာလွန်ပြည့်စုံ"

ခွင့်တောင်းခြင်းလား၊ အမိန့်ပေးခြင်းလား လွန် မသိ။ ပြန့်ပတ်သက်ပြီး လွန် မသိခြင်းတွေထဲမှာပဲ လွန်က ခေါင်းညိတ် ခဲ့သည်။ နုနုဆီဝင်ပြီး အကြိုးအကြောင်းရှင်းပြမှ တော်တော် ပြန်မထွက်နိုင်ဖြစ်နေ၍ လွန်တို့နှစ်ယောက်ကို လက်ပိုက်ကာ ကြည့်နေသော ရန်ပြေကို အားနာစိတ်လွန်ကဲလာသည်။

"ခဏလေးပါပဲ နုနုရယ်၊ လွန် ချက်ချင်းပြန်လာမှာ"

"နု လွန့်ကို စိတ်မချဘူး"

"နုလည်း သူ့ကိုသိနေတာပဲဟာ၊ သူ့ဂုဏ်၊ သူ့အဆင့် ကြီးလူကောင်းတစ်ယောက်ပါ၊ လွန် တစ်နာရီအတွင်းရောက် င် ပြန်လာခဲ့မယ်၊ အဲဒီထက်ကျော်ရင် လွန်ရှိရာဆီ နု ဖုန်းလှမ်း လိုက်"

နုနုနဲ့ အချိန်းအချက် လုပ်နေသည့်အချိန် ရန်ပြေကား ချိုးဝင်လာ၏။ အချိန်က တစ်နာရီပြည့်ရန် မိနစ်ပိုင်းမျှသာ သည်။ လွန်က နာရီကို တစ်ချက်ငုံ့ကြည့်သည်။

"သိပ်အကြာကြီး နေလို့မရတော့ဘူး ရန်ပြေ၊ လွန်



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပြန်ရမှာ၊ တော်ကြာ မာမီလာကြိုနေရင် နနက ဖြေ ခက်နေမှာစိုးလို့"

"ကိုယ့်အိမ်ကို ကြည့်ကြည့်ပါဦး၊ မြင်ပြီးတော့မှ မင်း ပြန်မယ်မပြန်ဘူး ဆုံးဖြတ်ပေါ့"

ပိုင်နိုင်သေချာခြင်းတွေနဲ့ သူ့အသံက တိကျ၏။ လွှမ် သူနှင့်ပါလာ၏။ သူ့ခြံက အကျယ်ကြီးဖြစ်သည်။ တိုက်ကြီး လည်း လှသည်။ သူက ခြံထဲကားဝင်ပြီးတာနဲ့ ခြံတံခါးကို အဝေး ထိန်းခလုတ်နှင့် သူက ပြန်ပိတ်သည်။ ခြံအဝင်ဝမှာပဲ ဘေးဘ မြက်ခင်းစိမ်းက ဂေါ့(ဖ်)ကွင်းအငယ်စား။ ဒီဘက်ခြမ်းမှာ နှင်းဆီတွေ သူ့အရောင်နဲ့ တစ်ကန့်စီ စိုက်ထားတာကို သဘော ကာ မျက်လုံးရောက်သည့်နေရာမှ အကြည့်မလွှဲနိုင်အောင် ဆွဲဆော ထားသည်။ နှင်းဆီခင်းပေါ်တွင် ရေပန်းဖွားတွေ လှည့်ပတ်ပြ အောင် စီမံထားသည့် ရေဖျန်းစနစ်က လူမလိုဘဲ အော်တိုရေ စနစ်မို့လည်း ခမ်းနားသည်။ ကားပြတင်းမှ တရိပ်ရိပ်ဖြတ်ပြေ လာသော မြင်ကွင်းတွေကို လည်ပင်းလိမ်အောင် လွှမ်ငေးမော ဆဲမှာပဲ ကားလေးက ဝေါခနဲကွေ့တက်သည့် လမ်းအဆုံး မိတ်ကပ်ရောင် နှစ်ထပ်တိုက်ကြီးက ဆီးကြိုနေခဲ့၏။ ဆင်ဝင်မြ မြင့်ကြီး၊ မှန်ချပ်အကာအရံ၊ အပေါ်ထပ်တစ်ထပ်လုံးမှာ စတု ထုတ်ထားတဲ့ ဝရန်တာ၊ ဒါတွေကို မျက်တောင်မခတ် ငေးကြည့်နေမိ၏။





"ဒါ…ရန်ပြေအိမ်လားဟင်"

ရန်ပြေကို ဤမျှ ချမ်းသာပြည့်စုံသူဟု လွှမ် ထင်မထား တာလည်း ပါသည်။

"ဘာဖြစ်လို့လဲ သာလွှမ်ပြည့်စုံ"

"အိမ်ကြီးက လွှမ်တို့အိမ်နဲ့ အတူတူပဲ၊ လွှမ့်အိမ်က ထပ်၊ ဒီက နှစ်ထပ်၊ ဒါပဲကွာပေမဲ့ အို အားလုံး လွှမ်တို့အိမ် တူလွန်းလို့ပါ"

လွှမ် တအံ့တဩ ဖြစ်မည်ဆိုလည်း ဖြစ်ချင်စရာပါ။ လိုဖြစ်အောင် သူ တမင်ဖန်တီးထားတာမဟုတ်လား။ လွှမ်က အိမ်ကြီးဆီမှ အကြည့်မလွှဲဘဲ မော့မော့လေးငေးနေပုံက အံ့ဩ ခြင်းတွေနှင့်ဖြစ်၏။

"ရန်ပြေ…လွှမ့်အိမ်ကို မြင်ဖူးလားဟင်"

ဖျတ်ခနဲ မေးလာသည့် လွှမ့်မျက်နှာလေးကို ရန်ပြေ သဲ့သဲ့ပြုံးကြည့်နေလိုက်သည်။ နူးညံ့သိမ်မွေ့သော ချစ်ခြင်းနှင့် စက်တင်းမာသော အမုန်းတရားတို့ကြားမှာ ရန်ပြေနှလုံးသား အမျိုးအမည် ဖော်ရခက်အောင် ပုံသဏ္ဍာန်အမျိုးမျိုး၊ ခံစား ချက်အမျိုးမျိုး ဖြစ်နေခြင်းကို သူမှလွဲ၍ တခြားမည်သူမှ မသိသလို လည်ပေးနိုင်မည်မဟုတ်။

"ဒီထက်ပိုအံ့ဩစရာရှိသေးတယ် သာလွှမ်ပြည့်စုံ"

"ဘာတွေလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သိချင်ရင် ကိုယ်နဲ့လိုက်ခဲ့"

လွှန့်ရှေ့မှ ဦးဆောင်လျှောက်သွားသူကို လွှန် ငေးငေး ငေးကြည့်နေရုံမှတစ်ပါး ဘာကိုမှ နားမလည်။ သူနောက်က လွှန့်ကို ပြန်ကြည့်သည်။

"လာ"

"အို"

ကျူးကျော်လာတဲ့ လက်တွေကို လွှန်က ပုတ်ခါမချင်။ နွေးထွေးမြဲမြဲသော ထိုလက်အထိအတွေ့က လွှန့်စိတ်ကို တရင်းတနှီး ဆွဲညို့သွားသည်။

အိပ်မက်ထဲ လမ်းလျှောက်နေရသူပမာ လွှန့်မှာ သိခြင်း မသိခြင်းတွေ ဘာဆိုဘာမှမရှိတော့ဘဲ သူခေါ်ရာနောက် အတူ လိုက်ပါလာရင်း တိမ်တစလို လွင့်မျောနေ၏။ အိမ်ကြီးရဲ့ သေးဘက်ကို ထောင့်မှန်ကျကျ ဖြတ်ထွက်လိုက်သည်နှင့်…

"ဟင်"

လွှန့်နားထင်နှစ်ဖက်ဆီ မိုးကြိုးအစင်းပေါင်းများစွာ တစ်ပြိုင်တည်း ပစ်ချခံလိုက်ရသလို ထိန်းခနဲ မြည်သံကျယ်ကြီး ရဲ့နောက်မှာ လွှန့်အာရုံတွေ မိုက်ခနဲ ဖြာထွက်သွားသည်။ ထိုအပြာ ရောင်ကြားမှာပဲ အသစ်စက်စက် ဆောက်ထားဟန်တူသည့် နေရာ မှာ ဖိနပ်ချွတ်ကပြင်ကအစ ထိုနေရာမှ တစ်ထွာခန့်မြင့်သော အိမ်မကြီးပေါ် လှမ်းတက်ရသည့် အိမ်လေးအဆုံး အားလုံး လွှန်တို့





ခြံထဲမှာရှိနေသည့် မြင်ကွင်းနှင့် တစ်ထပ်တည်းဖြစ်နေသည်။

"ဒါ အလုပ်သမားတန်းလျားလေ သာလွှန်ပြည့်စုံ၊ ကိုယ်ငယ်ငယ်က အဲဒီတန်းလျားမှာနေပြီး အိမ်ဖော်မရဲ့သားဘဝ ကို ခါးခါးသီးသီး မြိုချခဲ့ဖူးတယ်"

ကိုယ်တွေ မင်းတွေ သုံးနှုန်းသည့် နာမ်စားဟာ ချက်ချင်းဆိုသလို ခက်ထန်ခြင်းအသွင် ကူးပြောင်းသွားသည်။ လွှန်ကတော့ ရှေ့မှာရှိတဲ့ ခြပ်ရှိ အဆောက်အဦးကို မမှိတ်မသုန် ငေးရင်း မငိုရပါဘဲ မျက်ရည်တွေတွေကျလာ၏။

ကိုကြီး။

အန်တီနှောင်းနဲ့ ကိုကြီးရန်ပြေ။

လွှန့်မျက်ဝန်းထဲမှာ ပုံရိပ်တွေ တစ်ခုပြီးတစ်ခု ပေါ်လာ ၏။

ကမ္ဘာသည် ဘယ်လိုမြန်ဆန်တဲ့ အရှိန်နှုန်းနဲ့ လည်ပတ်နေသည်မသိ။ လွှန့်ကမ္ဘာကတော့ အိုးထိန်းစက်ပမာ ချာချာလည် နေခဲ့ပါပြီ။ လွှန့်ကိုကြည့်သော ကိုကြီးမျက်ဝန်းတွေ အရောင်ကွဲ ပြားသွားခဲ့တာ ဘာကြောင့်လဲ အဖြေမရှာတတ်ခဲ့သည့် လွှန်။ မာမီ့ကို ကားချင်းတမင်ဝင်တိုက်ခဲ့သော ဖြစ်ရပ်အားလုံးကို ဘာတစ်ခုမှ မဆက်စပ်မိခဲ့သမျှ မာမီ့ကို ရအောင်လှည့်ဖြားတတ်ခဲ့သူဟု လွှန်က ကိုယ့်စိတ်ကူးနဲ့ ရှုးခဲ့တာ။ အခုတော့ အရာအားလုံးက လေထဲ ဆောက်တဲ့ တိမ်တိုက်အိမ်လို တစ်ခုစီ တစ်စစီ ဖြုတ်ပြတ်ပြိုလဲ



www.burmeseclassic.com

www.burmeseclassic.com



ဖျက်စီးသွားပုံက ကြောက်စရာဖြစ် သည်။

"မတွေ့တာကြာတွေ အကြောင်းပြပြီး ားနေတဲ့ထင်လှစ်ကို ပုတ်ချတာ ခံခဲ့ဖူးတယ်၊ ငါ့မာန၊ ငါ့ဘဝ၊ ငါ့အနာဂတ်ကို ခြေသုတ်ခုံလို သဘောထားခဲ့တဲ့ မိန်းကြီးတစ်ယောက်ငါ အဲဒီအိမ်လေးမှာပဲ ဆုံခဲ့ဖူးတယ်၊ ပိုပြီးမမေ့နိုင်စရာကောင်းတာက"

ပြောပြောဆိုဆို ရန်ပြေက မျက်ရည်တွေနှင့် လွန့်ကိုယ်လေးကို သူ့ဘက် ပခုံးနှစ်ဖက် ဖျတ်ခနဲ ဆွဲလှည့်သည့်လက်ထဲမှာ နူးညံ့ခြင်းတွေမပါ။ အောင့်မျက်နှာကျင်သွားပေမယ့် လွန့်မအော်ပါ။

ဆုံစည်းသွားခဲ့သည့် မျက်ဝန်းနှစ်စုံမှာ တစ်ယောက်က သောန်မွှေးမွှေး အေးသနားခံသည့် မျက်ရည်အကြည်တွေနဲ့ဖြစ်ပြီး တစ်ယောက်ပေ စိတ်ရိုင်းကို ရှက်စုံတက်ကုန်ဖွင့်မည့် ရက်စက်ခြင်းများနှင့် ဖြစ်သည်။

"အဲဒီမိန်းမကြီးရဲ့ အတ္တတွေနဲ့ သောင်ခတ်ထားတဲ့ နှလုံးသည်းပွတ်ကို ငါ အနမ်းနဲ့ တံဆိပ်ခတ်ပြီး သစ္စာဆိုခဲ့တာ မင်းသိလား ချစ်ခြည့်စုံ"

"ဟင့်အင်း…ဟင့်အင်း၊ လွန် ဘာမှမသိဘူး"

ရဲရဲ အရောင်ရင့်သွားသည့် လွန့်မျက်နှာကို ဟိုဒီလှည့်မပြဘဲ ရန်ပြေက မေးဖျားမှ ပင့်မော့ကိုင်ထားသည်။ အသက်





ခြွတ် ကြွေဆင်းနေသည့် မျက်ရည်ဥတွေက လွန့်မျက်နှာလှလှလေးမှာ ရွဲစိုလျက် ရန်ပြေမျက်နှာကို တစ်ခါမှ မမြင်ဖူးသလို ငေးစိုက်ကြည့်ငေးနေသူက လွန်ကိုယ်တိုင်ပါ။

ဝမ်းနည်းကြေကွဲခြင်းတွေနဲ့ အရောင်လက်နေသည့် လွန့်မျက်ဝန်းတွေ။

"ငါ ပေးခဲ့သလောက် မင်းဆီက ပြန်ယူမယ်ဆိုတဲ့ သစ္စာအတိုင်း ဒီနေ့ ဒီအချိန်ကစပြီး မင်းက ငါခေါ်ရင် ထူးရမယ်၊ ငါနေစေချင်ရင် အနားမှာရှိရမယ်၊ ဒါပေမဲ့ ပါရမီဖြည့်ဘက်မဟုတ်ဘူး၊ ငါ့လက်တွဲဖော် မဟုတ်ဘူး၊ မင်းက ငါ့ရဲ့စိတ်အဆာပြေသက်ရှိမိန်းကလေး"

"ကိုကြီး"

ရက်စက်လိုက်တာ။ ပြောရက်လိုက်တာဆိုတဲ့ စကားတွေက ရင်ဘတ်ထဲမှာ ပဲ့တင်ထပ်သည်။ ရန်ပြေရဲ့ ကိုင်ထားသောလက်တွေ ဖြုတ်ချလိုက်တာနှင့် လွန့်ကိုယ်လေး သိမ့်သိမ့်တုန်ခါသည်အထိ ရှိုက်ငိုလိုက်၏။ ဖြစ်သင့်သလား၊ တရားမျှတမှုရှိရဲ့လားဆိုတဲ့ မေးခွန်းတွေက လွန့်ရင်ထဲ ဗလောင်ဆူနေပေမဲ့ မုန်းသူအလိုကျ လွန် ရှေ့နှုတ်ပိတ်နေခဲ့သည်။

"ငါ မင်းကို ခိုးလာခဲ့လို့ လက်ထပ်ဖို့ဖြစ်လာပေမဲ့ အချစ်တွေ ဘာညာအစီအစဉ်မရှိဘူးနော်၊ မင်း မျှော်လင့်နေမှာစိုးလို့ ပြောပြတာ၊ ငွေဆိုတာ အမေမှာ မလည်ပေမဲ့ သမီးက ရှုးနေ



www.burmeseclassic.com

www.burmeseclassic.com



အောင် ခံစားရတယ်လို့ မင်းအမေသိရင် ငါကျေနပ်ပြီ''

ရန်ပြေက မျက်ရည်တွေရွဲနေသည့် မျက်နှာ
စီးမိုးကြည့်ရင်း ရင်နာသည့်ကြားက ဟက်ခနဲ ခေါင်းမော့ရယ်
လိုက်၏။

''ကဲ…မင်းဘက်က တောင်းဆိုချင်တာရှိရင် ပြော
ဦး၊ ငါက မင်းအမေလို တစ်ဖက်သတ် အနိုင်မယူတတ်
လူသားဆန်တဲ့ စိတ်ဓာတ်လေး ရှိပါသေးတယ်''

အမုန်းတွေ၊ အငြိုးတွေနှင့် ပြင်းထန်စွာ ပေါက်ကွဲ
က လွှန် အခံရအခက်ဆုံး၊ အနာကျင်ဆုံး ဖြစ်စေမည့် စကား
တွေ တမင်ရွေးသုံးပြီး မထိတရိ အကြည့်နှင့် စီးကရက်တစ်
ကို မီးညှိရှိုက်ဖွာရင်း လွှန့်ကို မေးဆတ်မေးသည်။ မီးခိုးငွေ့
လား၊ မျက်ရည်တွေကြောင့်လားမသိ။ ဝေဝါးနေသည့် လွှန် အကြား
တွေကြားမှ ချောမွေ့သည့် ရန်ပြေမျက်နှာကို လွှန် တစ်ချိန်
ငေးနေမိသည်။

လွှန်ကဲသော ယုံကြည်မှုတွေနှင့် လွှန့်နှလုံးသားကို ဖမ်း
ရင်ခုန်ခဲ့သူက လွှန့်ဘဝကို နာရီပိုင်းအတွင်း ကျွမ်းထိုးမှောက်ခုံ
အောင် ပြုစားပစ်မယ်လို့ မထင်ခဲ့ပါ။ အခုတော့

လွှန့်မျက်နှာအပြည့် ရွှဲရွှဲစိုနေသော မျက်ရည်တွေ
လက်ဖမိုးနဲ့ ကြမ်းကြမ်းခွဲသုတ်သည်။ ချစ်ခြင်းကြောင့် နူးညံ့ခဲ့ပြီး
သော နှလုံးသားက မုန်းသူ့အလိုကျ ဘဝကို အဝတ်တစ်စ





ပုံချပေးမည်ဟု ဆုံးဖြတ်လိုက်တာ လွှန်ချစ်တဲ့ ကိုကြီး စိတ်ချမ်းသာ
ပျော်ရွှင်ကျေနပ်စေချင်သည့် စေတနာနှင့်ပါ။

''လွှန့်ကို ကိုကြီးလို့ ပြန်ခေါ်ခွင့်ပြုပါ''

''ဘာ''

ရှိုက်သံစွက်သော တောင်းဆိုသံက ရန်ပြေရင်ကို ဆူးချွန်
နှင့် သပ်လျှိုရိုက်သွင်းသလို ရန်ပြေကိုယ်ကြီး ဆတ်ခနဲ တုန်သွား
သည်။ ဒီအခေါ်အဝေါ်က ရန်ပြေတို့နှစ်ယောက်ကြား အတိတ်ကို
အမှတ်ရစရာတွေ အများကြီးရှိနေတာ သူသိသည်။ အပြစ်ကင်း
သော၊ ရိုးသားသော၊ စာနာသနားတတ်သော သာလွှန်ပြည့်စုံရဲ့
အရိပ်က အတိတ်ခရီးမှ သူ့ရှိရာသို့ လှစ်ခနဲ ပြန်ပေါ်လာ၏။
စီးကရက်မီးခိုးတွေကို အဆုတ်ထဲထိ ရှိုက်သွင်းရင်း ရန်ပြေရင်ထဲ
မွန်းကြပ်လာ၏။ ပင့်သက်ခိုးရှိုက်ရန် ကြိုးစားနေဆဲမှာပင် နောက်
ထပ်သော စကားမြှားတွေက ရင်ကို တစ်စင်းပြီးတစ်စင်း စူးဝင်
လေ၏။

''လွှန် ကိုကြီးအနားက ဘယ်တော့မှ ထွက်မသွားဘူး၊
အဲဒါကို ကိုကြီးလိုမပြေတဲ့ ရန်ငြိုးတွေကြောင့် မဟုတ်ဘူး ကိုကြီး၊
မပေးလိုက်ရတဲ့ လွှန်လေပြီးသောအခါက လွှန့် မျှော်လင့်မှုကြောင့်
ပါ၊ အမုန်းပဲလာလာ၊ နာကျင်စရာပဲ ပေးပေး၊ လွှန်က အမြတ်
တနိုး တန်ဖိုးထားပြီး သိမ်းထားမှာပဲ၊ မောင်းထုတ်ခံနေရတာထက်
စာရင် ကိုကြီး ခြေရာနင်းပြီး ကိုကြီး ပစ်ချထားသမျှ ပွေ့ပိုက်ရုံရဲ့



www.burmeseclassic.com

www.burmeseclassic.com



မှာကို လွန် ပျော်တယ်"

လွန်ရဲ့ ချစ်ခြင်းနဲ့ ခံယူချက်အပြင်းစားတွေကြားမှာ အနိုင်ယူသူက အလဲထိုးခံလိုက်ရတဲ့အဖြစ်မို့ မျက်နှာကိုတင်းပြီး လွန့်ကို ခပ်စိမ်းစိမ်းကြည့်လိုက်၏။ မျက်ရည်အပြည့်နဲ့ သူ့ကို ပြုံးပြ ကြိုးစားနေသော လွန့်မျက်နှာကိုလေးကို မြင်ရတော့ တောင် ခေါက်သံက အကျယ်ကြီးနှင့် နေရာက ချာခနဲ ကျောခိုင်းလှည့် ထွက်ခဲ့သည်အထိ လူ့ဘာ အသက်ရှူမဝ မွန်းကျပ်နေခိုက်မှာ ရှိုက်သံ တစ်ဝက်နှင့် လှမ်းခေါ်လိုက်သည့် လွန့်အသံလေးက ရန်ပြေနှလုံး သားကို ဆုတ်ယူဖျစ်ညှစ်ပစ်လိုက်၏။

"ကိုကြီး"

◆ ◆ ◆



## အခန်း (၂၂)

"ဒါကဘာယ်လဲ"

"ကိုကြီး"

လက်နှစ်ဖက်နဲ့ ဖွဲ့ပိုက်ထားသည့် လွန့်လက်ဖဝါးက ခေါင်းအုံးနဲ့ စောင်တွေကို လွှတ်ချလိုက်၏။ တွေတွေကျနေတဲ့ မျက်ရည်တွေနှင့် သူ့မရှေ့မှာ မားမားကြီး ရပ်နေသည့် ကိုကြီးကို မော့မော့လေး ဝမ်းနည်းစွာ ကြည့်နေပြီးမှ သတိဝင်သွားသူလို မျက်ဝန်းလေးတွေကို အကြည့်လွှဲ၍ ခေါင်းငုံ့ချလိုက်သူက လွန်။

"ကိုကြီး ဘာလိုချင်လို့လဲဟင်၊ ထမင်းစားခဲ့ပြီးပြီလား၊ လွန် အားလုံးပြင်ပေးပြီးမှ ထွက်လာခဲ့တာပါ"

စကြိန်ဘက်က မီးရောင်ကို ကျောပေးထားသဖြင့် ကိုကြီး မျက်နှာကို လွန် သဲကွဲစွာမမြင်ရ။ ခြေဖျားထိ အိကျနေတဲ့ အဖြူ



www.burmeseclassic.com

www.burmeseclassic.com



ရောင် ဘောင်းဘီပွပွ၊ စွပ်ကျယ်အဖြူပေါ် ရှပ်အင်္ကျီကို ရင်ဘတ်ကြယ်သီးမတပ်ဘဲ ဝတ်ထားသော ကိုကြီးထံမှ ယမကာရနံ့နှင့်ရောသော ကိုယ်သင်းရနံ့က လွန့်ကို မူးယစ်ခြင်း ကူးစက်စေသည်။ အပြင်မှာ မိုးက သည်းထန်စွာ ရွာနေပေမဲ့ အိမ်ကြီးထဲမှာတော့ တိတ်ဆိတ်လျက်။

"ဝေါ...ဝရော...ဂျိမ်း...ဒိုင်း"

လေနှင့်မိုးရဲ့ အငြိုးကြီးမှုကြောင့် ပြတင်းပေါက်တံခါးရွက်တွေက အချင်းချင်း ရိုက်ခတ်ကုန်၍ လွန့်က သူ့မအမေးဘာတစ်ခုမှ တုံ့ပြန်မဖြေသော ကိုကြီးကိုထားကာ အိပ်ခန်းပြတင်းပေါက်တံခါးကို ခပ်သွက်သွက် ဆွဲပိတ်အပြီးမှာ လွန့်ကိုယ်မှာ မိုးစက်တို့ နေရာယူထား၏။ တံခါးကိုပိတ်ပြီး ကိုကြီးဘက်ကို မြန်အလှည့်...

"ဟင်...ကိုကြီး"

ခုတင်ပေါ် ကန့်လန့်ဖြတ် လှဲနေသော ရန်ပြေက လက်ဖက်လျှို၍ ခေါင်းနောက်မှာ ခုထားလျက် မျက်နှာကျက်ကို စိုက်ကြည့်နေ၏။

"လုပ်စမ်းပါ၊ ဒီအိမ်ကြီးက သူ့ကို ထိန်းသိမ်းစောင့်ရှောက်မဲ့ အိမ်တော်ထိန်းတစ်ယောက် အလိုရှိနေတယ်"

ကိုယ့်ဘဝကို ဝမ်းနည်းကြေကွဲ၍ အားမရသေး။ ကိုကြီးက ထိုသို့ အမိန့်ရှိလာတာကြောင့် လွန့်မှာ တစ်အိမ်လုံး





သုည်းကျင်း သိမ်းဆည်းရသည်။ ခန်းဆီးအသစ်တပ်ခြင်း၊ ဘုရားခန်းလဲခြင်း၊ ညှော်ခန်းစားပွဲပေါ်၌ အလှပန်းအိုးတွေကို စိုက်ကာ ရှုပ်ပွနေသော ကိုကြီးအခန်းကိုပါ တပါတည်း ရှင်းလင်းရင်း ငိုခဲ့ရသော မျက်ရည်တွေက အပြင်မှာ ရွာနေသော မစဲသောမိုးလိုသည်းကြီးမည်းကြီး။ မာမီ စိတ်အရမ်းပူနေလောက်ပြီ။ နုနုတော့ အပြစ်တွေအားလုံး လက်ညှိုးထိုးသမျှ ခေါင်းငုံ့ခံရင်း လွန့်ကို ရှာဖွေရာနောက် တကောက်ကောက် လိုက်နေရှာပြီလို့ စိတ်ကူးထဲမြင်ယောင်တိုင်း မျက်ရည်တို့က ထိန်းသိမ်းမရ ဖြစ်ရသည်။

"ဟော့"

စိမ်းကားအေးစက်သော ကိုကြီးရဲ့ ရက်စက်မှုအပေါင်းကို ရင်စည်းခံဖို့ ကြိုးစားနေသူအဖြစ်မှ ကိုကြီး၏အသံကြောင့် ဝမ်းနည်းစိတ်ကို ကျိတ်မြိုသိပ်ကာ ကိုကြီးကို လှည့်ကြည့်လိုက်တော့ အလိုမကျသည့် မျက်ဝန်းတွေနှင့် ကိုကြီးကို လွန့်ဆီမှန်ကုတ်ကုတ် လှမ်းကြည့်၏။

"အဲဒီမှာ ဘာရပ်လုပ်နေတာလဲ"

"လွန့် တန်းလျားမှာ သွားအိပ်တော့မယ် ကိုကြီး"

ကိုကြီးကြောင့် လွှတ်ကျသွားသည့် ခေါင်းအုံး စောင်တွေဆီ ပွေ့ပိုက်ပြီး ကိုကြီးအခန်းထဲမှ ထွက်ဟန်ပြင်သည်။

"နေစမ်းပါဦး...မင်းကပြောတော့ အဝတ်တစ်စလို ပုံချထားပေးမယ်လေး ဘာလေးနဲ့ အခုတော့ တစ်မိုးအောက်တည်း



www.burmeseclassic.com

www.burmeseclassic.com


ရှာ ခေါ်ဖူးဆိုတာက ဘာလဲ"

လွန့်ကို ရန်လိုသံနှင့်ပြောပြီး မွေ့ယာပေါ် ဆတ်ခနဲ ထထိုင်ပြီး လွန့်ကို စိုက်ကြည့်သည်။ လက်နှစ်ဖက်ကို နောက်ပြန် ထောက်ထားပြီး မျက်တောင်တွေ စိုက်စင်းကာ ကြည့်တဲ့အကြည့်က လူမိုက်လိုလို ဘာလိုလိုပုံစံမျိုးထားပေမယ့် ကိုကြီးကို လွန့် မမုန်းပါ။

"မင်းနဲ့ငါ နေ့လယ်က လက်မှတ်ထိုးထားပြီးသားဆိုတာ မှတ်မိတယ်နော်"

ကိုကြီးစကားကြောင့် လွန့်မျက်နှာလေး ဖြန်းခနဲပူနွေးသွားကာ ကိုကြီးအကြည့်တွေကို ရင်မဆိုင်ဘဲ ခေါင်းကို ငုံ့ချပစ်လိုက်သည်။

လွန့်ကို ခေါ်လာပြီးကတည်းက ဖုန်းတစ်လုံးနဲ့ အလုပ်ရှုပ်နေခဲ့တာဟာ တရားသူကြီးခေါ်ပြီး နှစ်ဦးသဘောတူ လက်မှတ်ထိုးဖို့ဆိုတာ လွန့် မသိခဲ့ရိုးအမှန်ပါ။ ပြန်တွေးလျှင် ရယ်ချင်စရာတော့ ကောင်းသည်။ လက်မှတ်ထိုးသည့် သတို့သမီးလောင်းက အငိုမျက်နှာနှင့် တီရှပ်ခါးတို ဒူးကျဂျင်းပင်(န်)နှင့်ဖြစ်ပြီး တရားသူကြီးမေးတဲ့ ကိုယ့်သဘောဆန္ဒအတိုင်း လက်ထပ်တာလားဆိုတာကို ခေါင်းညိတ်ဖြေခဲ့ရသည်။

"ဟိတ်...မေးနေတာဖြေလေ"

"မှတ်မိလို့ ငြိမ်နေတာပေါ့၊ အထွေးတလည် ဖြေနေရ





ဦးမှာလား"

ကိုကြီးမှာတင် ဒေါသရှိတာမဟုတ်။ လွန့်မှာလည်း ဒေါသရှိ၍ ဆတ်ခနဲ မျက်နှာကို မော့ပြီးဖြေတော့ ညမီးရောင်အောက်မှာ စုပုပ်ပုပ်မျက်နှာလှလှလေးက ထင်းခနဲ ပေါ်သည်။ ငိုရလွန်း၍ နီရဲမို့အစ်နေသော လွန့်မျက်လုံးတွေက ရန်ငြိုးကို မျက်စောင်းနှင့် ဖျတ်ခနဲ လှမ်းရှယ်တာလည်း တွေ့ရသည်။ ပြီးတော့ နှုတ်ခမ်းတွေ လုံးနေအောင် တစ်စုံတစ်ခုရေရွတ်မှန်း သူသိပေမယ့် တိုးသံလေးသံနဲ့မို့ ပီပီသသ မကြားရ။

"ဖြေရမှာပေါ့၊ ဒါမှ ဒီညက ဘာညလဲဆိုတာ မင်းသိမှာ"

"သိချင်ပါဘူး"

ဒါကျတော့ ပြန်ပြောတာ မြန်မြန်ဆန်ဆန်။ လွန့်ပုံစံက သူ့ကို ကြောက်ပုံတစ်စက်မှမရှိ။ စိတ်ရှုပ်နေသည့် မျက်နှာလှလှလေးကို သူစိုက်ကြည့်ပစ်လိုက်သည်။ ငိုတာတော့ ဩချလောက်အောင် မျက်ရည်တွေ ပေါများနေတာ တွေ့ရပေမဲ့ ရန်ပြေခိုင်းသမျှ ညည်းညူတာ မရှိ။ ငြူစူတာမရှိ။ ငိုရင်းနဲ့ အလုပ်တွေပြီးအောင် လုပ်သွားတာကြည့်ပြီး ရန်ပြေရင်မှာ နူးညံ့သိမ်မွေ့မှုတွေနှင့် ချစ်မေတ္တာကတစ်ဖက်၊ အမုန်းနှင့် စူးရှသည့် ကြမ်းရိုင်းခက်ထန်ခြင်းတွေက တစ်ဖက်နှင့် ကိုယ့်ဘာသာကိုယ် ဘာဖြစ်လို့ ဖြစ်နေမှန်းမသိအောင် စိတ်ခံစားချက်တွေ တစ်မျိုးပြီးတစ်မျိုး ဖြစ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ခက်သည်။ အခုလည်း လွှန့်ကို သူ့နားမှာ ရှိစေချင်သလို၊ တစ်ဖက်ကလည်း လွှန့်ကို သူနှင့်ဝေးဝေးမှာ နေစေချင်နေပြန်သည်။

"ငါ အရက်သောက်မလို့ လုပ်ပေးစမ်း"

ရန့်ပြေ အရက်သောက်ဖို့ အမြည်းလုပ်နိုင်းတော့ လွှန့် ဘာမှမပြော။ သူနိုင်းတော့လည်း အသာတကြည် လုပ်ပေးသည်။ အမြည်းပွေ ဘာတွေကအစ ဖွယ်ဖွယ်ရာရာ စီစဉ်ပေးပြီး ပျောက်သွားတာမို့ မနေနိုင်သူ ရန့်ပြေကပဲ လွှန့်ကို လိုက်ရှာရသည်။ အရက်ကို မကြိုက်။ သောက်ရန် အစီအစဉ်မရှိပါဘဲ မတော့်မလှုပ် နေတတ်သည့် လွှန့်ကို ခြိမ်းခြောက်ရန် မြို့ချလေသမျှ အခုမှ ခေါင်းထဲရိုတီတီနှင့် အစွမ်းပြသည်။ ရန့်ပြေ ခုတင်ပေါ်မှဆင်းပြီး မတ်တပ်ထရပ်တော့ လူက ယိုင်ခနဲ ဖြစ်သွား၏။

"ကိုကြီး မူးနေပြီမဟုတ်လား၊ အိပ်တော့၊ လွှန့်လည်း ငိုရလွန်းလို့ ခေါင်းတွေကိုက်ပြီး အိပ်ချင်နေပြီ"

"ဟမ်…ဘာ၊ ပြန်ပြောလိုက်စမ်း၊ မင်းက အိပ်ဆိုတိုင်း ငါကအိပ်ရအောင် ဒီအိမ်မှာ မင်းနဲ့ငါက ဘာလဲ"

"ဘာမှမလဲဘူး"

"မင်းနော်…ငါ့ကို ဒေါသဖြစ်အောင် မလုပ်နဲ့"

"အာ…ဒုက္ခပဲ"

လွှန့် စိတ်ညစ်သွားသည်။ အရက်မူးနေတာ ကိုယ့်ဘာသာမအိပ်။





"ကိုကြီးပဲ မာစီကို လက်စားချေမှာဆို"

"အဲဒါဘာဖြစ်လဲ"

"ကိုကြီးပဲ လွှန့်ကို တန်းလျားမှာ နေရမှာဆို၊ ကိုကြီးပြောတဲ့အတိုင်း လွှန့် နေတာ လွှန့်အပြစ်လား"

"အပြင်မှာ မိုးတွေရွာနေတာ မင်းမသိဘူးလား"

"သိသားပဲ"

"ဟင်"

"သိရက်နဲ့ မင်းက မိုးထဲလေထဲသွားမယ်ပေါ့"

"ကိုကြီး ဖြစ်စေချင်တဲ့အတိုင်း အားလုံးဖြစ်ရမှာပါ"

"ဘာကွ"

"လွှန့် အိမ်ဖော်ဖြစ်သွားမှ မာစီ အသည်းနာမှာမဟုတ်ဘူး"

"ဟမ်"

မူးတဲ့လူတောင် မျက်စိတွေလည်ကုန်သည်။ လွှန့်က သူ့ကိုမကြည့်။ မျက်နှာတစ်ခြမ်းသို့ ခပ်အုပ်အုပ်ကျနေသည့် ဆံပင်တွေကို ထိုးသိပ် နားရွက်နောက်ညှပ်တော့ လှပသောမျက်နှာနှင့် ပါးပြင်ဝင်းနှစ်နှစ်လေးက လှစ်ခနဲ ပေါ်လာသည်။ မျက်တောင်စိပ်စိပ်တွေ ပါးပေါ်အရိပ်ကျနေတာကိုလည်း သူနှင့် လက်တစ်ကမ်းအကွာမှာ ရန့်ပြေ တွေ့နေရ၏။ အရပ်မြင့်၍ ကိုယ်လုံးပြည့်ပြည့်လေးမှာ တီရှပ်နဲ့ဘောင်းဘီက ကပ်ကပ်သပ်သပ် ဖြစ်နေပေမဲ့ အမို့



www.burmeseclassic.com

www.burmeseclassic.com



အမောက် အရိုက်အဝှမ်းတွေက ရန်ငြေ မျက်လုံးမလွှဲချင်အောင် ဆွဲဆောင်ထား၏။ ရန်ငြေက ခေါင်းယမ်းရင်း မျက်နှာလွှဲတော့ နီမြန်းနုမှုတ်နေတဲ့ ခြေချောင်းတွေမှာ ခြေသည်းတွေက တိတိရိ ဖြတ်ထားတာကို မြင်ရပြန်သည်။

"ဟား…ဒုက္ခပဲ"

ကိုယ့်ဟာကိုယ် ခေါင်းမော့အော်တာက ကြည့်လေရာ တိုင်း စွဲမက်အောင် ညို့နေသည့် လွန်းအလှကြောင့် သူ့ရင်ထဲက အချစ်စိတ်တွေ မျိုသိပ်ထားသည့်ကြားက ပေါက်ကွဲချင်ချင် ဖြစ်နေ ၍ပါ။ ထိုဒုက္ခကို ကိုယ့်ဘာသာရှာတာက ရန်ငြေကိုယ်တိုင် ဖြစ်နေ သည်။

"လွန်းကို အခုမှ ကိုကြီးက တစ်မိုးအောက်တည်းမှာ ချင်တာ ဘာသဘောလဲလို့ မမေးနဲ့၊ ကိုကြီးအိမ် ရောက်ထည်း က လွန်းသဘောဆိုတာ ရှိခဲ့လို့လား၊ ကိုကြီးစိတ်နဲ့ လွန်းခန္ဓာ သတ်မှတ်ထားပြီးသား"

"ဒါဆိုလည်း ပြီးတာပဲ၊ လာ…ဒီမှာပဲ အိပ်"

"အို"

"အမေ့"

"ကိုကြီး"

"ဝုန်း"

အလန့်တကြား အော်သံက လွန်းထံမှ ကြောက်ရွံ့





ဘုန်းလှုပ်ခြင်းတွေနှင့် ထွက်ပေါ်လာသလို ကိုကြီးလက်ထဲမှာ လွန်းကိုယ်လေး ပါသွားပုံက အရုပ်ကလေးတစ်ရုပ်လို ကိုကြီးနှင့် အတူ နှစ်ယောက်အိပ် မွေ့ရာကြီးပေါ် လုံးထွေးကျသွား၍ လွန်း မျက်လုံးထဲ ရှက်စိတ်နှင့် ရင်ခုန်တာပေါင်းပြီး မျက်လုံးတွေ ပြာခနဲဖြစ်သွား၏။

"ကိုကြီးနော်…ဘယ်လိုဖြစ်နေတာလဲ၊ လွန်း ဒီမှာမအိပ် ဘူးဆို"

"မင်းပြောတော့ ငါ့စိတ်နဲ့ မင်းခန္ဓာကိုယ်လို့ သတ်မှတ် ထားတယ်ဆို"

"အဲဒါနဲ့ ဘာဆိုင်လဲ"

"ငါ့စိတ်အတိုင်းဆို မင်းဒီမှာအိပ်"

"လွန်း ဒီမှာမအိပ်ဘူး"

"မရဘူး"

"ကိုကြီးနော်"

ဖွတ်အတင်း ကျုံးထဖို့ပြင်သည့် လွန်းပခုံးနှစ်ဖက်ကို ချုပ်ပြီးက အပေါ်စီးမှ ဖိအုပ်ထားရင်း မျက်နှာလှလှလေးကို ရင်ခုန် စိတ်လှုပ်ရှားစွာ အမြတ်တနိုး သူစိုက်ကြည့်ပစ်သည်။

"မင်းနဲ့ငါ လက်ထပ်ထားပြီးပြီ လွန်း"

"အဲဒါ မာမီ့ကို ကိုကြီးက အနိုင်ယူချင်လို့ မဟုတ် လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဖြီးဖြီပေါ့"

"အခု လွှမ်းကို ကိုကြီး ပိုင်ထားပြီပဲ"

"ငါ့အတွက်တော့ မပြီးသေးဘူး၊ အဲဒီလို ပိုင်ဆိုင်ခွင့်ထဲမှာ အားလုံးပါတယ်"

"ကိုကြီးနော်"

"လွှတ်ဆို"

"အို"

လွှမ်းက ကိုကြီးရင်ဘတ်ကိုတွန်းပြီး ကျူးထဟန်ပြင်သည်။ လွှမ်းလက်တွေကို ကိုကြီးက ချုပ်ပြီး ရင်ခွင်ထဲ သိမ်းပွေ့လိုက်တော့ ကိုကြီးနဲ့လွှမ်းက ရင်ချင်းထပ်လျက် မွေ့ရာပေါ် ဝုန်းခနဲ လုံးထွေးပစ်ကျသွားသည်။ လွှမ်းလက်တွေက ကိုကြီးရင်ဘတ်အောက် ညှပ်နေခဲ့တာမို့ ဖွတ်အတင်း ကျူးကျော်ရမ်းကားလာသည့် အနမ်းတွေကို ဟိုဒီမျက်နှာလွှဲရှောင်ဖို့ ကြိုးစားပေမယ့် မရ။ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ပြိုကျလာသည့် အနမ်းတိမ် တိုက်ထဲ လွင့်ခနဲ မျောပါသွား၏။

"ကိုကြီး လွှမ်းကို မချစ်ဘူးဆို"

"ဟင့်အင်း…လွှမ်းကို ဒီလိုမလုပ်နဲ့၊ လွှမ်း မကြိုက်ဘူး တောင်းပန်ပါတယ် ကိုကြီးရယ်"

"လွှမ်းကို…အို"





ရိုင်းစိုင်းကြမ်းတမ်းသည့် အနမ်းတချို့က ပါးပြင်ပေါ် ခြေရာထင်သွားတာလည်း ရှိသည်။ နှုတ်ခမ်းဖျားတွေပေါ် ထိခတ်ပြီးမှ လည်တိုင်ကျော့မှ ခိုဝင်သွားတာမျိုးလည်းရှိသည်။ လွှမ်းက ကြည်ဖြူခြင်းများစွာနှင့် ရှန်းကန်ငြင်းဆန်နေရင်းက မျက်ရည်တို့က နားထင်စပ်ဆီးမှ ဆံစတွေဆီ လျောတိုက်ဖြတ်ဝင်သွားသည်။ ရှုန်းမရ ငြင်းမရတဲ့ အနမ်းကြမ်းတွေကြားမှာ လွှမ်း ရင်ခုန်နေခဲ့တာမှန်ပေမဲ့ လွှမ်း လိုချင်တာ ဒီလိုအခြေအနေမျိုးမဟုတ်။ နူးညံ့တဲ့ အချစ်၊ သိမ်မွေ့သည့်မေတ္တာ။

"အဟင့်…အင့် ကိုကြီး တကယ်ရက်စက်တယ်"

လွှမ်းထံမှ ရှန်းကန်ခြင်းက ချက်ချင်း ငြိမ်ကျသွားပြီး ရှိုက်သံနှင့်အတူ ဗလုံးဗထွေး စကားသံက ရန်ပြေရဲ့ ဆူပွက်သောသွေးတွေကို ဖျတ်ခနဲ ငြိမ်ကျသွားစေ၏။ အသိတရားနှင့် ငုံ့မိုးကြည့်တော့ လွှမ်းက သူ့မျက်ဝန်းတွေ စုံမှိတ်ထားကာ သူပြုသမျှနတော့မည့်ဘဝ ဖြစ်နေပေမယ့် ကြည်ဖြူခြင်းကင်းတာကို သူသိ၍ ပေါက်ကွဲချင်နေသည့် စိတ်ဆင်ရိုင်းကို ဖွတ်မှိတ်မျိုသိပ်လိုက်၏။

"ဆောရီး"

မွေ့ရာဘေးသို့ တစောင်းလှဲချလိုက်တာနှင့် လွှမ်းနှင့် သူ ဘေးချင်းယှဉ်ရက်ဖြစ်သွားသည်။ ရန်ပြေဘေးမှ လွှမ်းက ငိုရှိုက်နေဆဲ။

"လွှမ်းအသွေးအသားကို ကိုကြီး အရခြွေနိုင်မှ စိတ်ကျေ



www.burmeseclassic.com

www.burmeseclassic.com



နပ်မယ်ဆိုရင် ယူပါကိုကြီး၊ လွှန် ပေးပါတယ်၊ ကိုကြီးပေး
အရုန်းရဲ့ ဆန့်ကျင်ဘက် ခံစားချက်မျိုးနဲ့ လွှန် ပေးဆပ်ချင်ခဲ့
မှဲ့"

"တော်…တော့"

ရန်ပြေ ဖြတ်အော်ရင်း ဖျတ်ခနဲ ထထိုင်သည်။ မလို
သော စိတ်ရိုင်းက ဝုန်းခနဲ ခုန်ထလာပေမယ့် လွှန့်မျက်ဝန်း
မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းသော မျက်ရည်မြစ်ထဲ သူ့ရည်ရွ
ချက်တွေက ဒလိမ့်ခေါက်ကွေး မျောပါသွား၏။ ရန်ပြေက လွှ
သေးမှ ဖျတ်ခနဲ ထရပ်လိုက်၏။

"မင်း…ဒီမှာပဲအိပ်လိုက်တော့"

အခန်းပြင်ထွက်လာသည့် ရန်ပြေခြေလှမ်းတိုင်းမှာ အငြ
မကျေနပ်ခြင်းတွေ၊ မကျေနပ်ခြင်းတွေ ဦးဆောင်လျက်။ ဘာ
တွေဝေသွားတာလဲ၊ ဘာလို့ ပျော့ညံ့သွားတာလဲဆိုတာ စဉ်းစား
မရ။

အချစ်ဆိုတာ လူကို အမျိုးမျိုး လှည့်စားတတ်
ရင်ဘတ်ရဲ့ ပဉ္စလက်ဆရာဆိုတာ သိသိကြီးနဲ့ လွှန့်ကို ချစ်စိ
တစ်ခုတည်းနှင့် အရှုံးပေးလိုက်ရတာကို ပြန်တွေးမိတော့ သူကိုယ်
သူ ဒေါသဖြစ်သွား၏။

"တောက်"

မချိမဆန့် တက်ခေါက်သံနှင့်အတူ ရန်ပြေကိုယ်ကြီး





နိုးရာဆိုဖာပေါ် ဝုန်းခနဲ ပစ်လှဲလိုက်၏။ အနိုင်ယူချင်တဲ့သူနဲ့ကြမှ
ဆပ်တလဲလဲ ရှုံးနေသော သူ့အဖြစ်ကို တွေးမိတိုင်း ဘယ်လိုမှ
ခွင့်လွှတ်မရဘဲ ဖြစ်သွားသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ပေါင်မုန့်ကြက်ဥကြော်ထားတယ်၊ ဒီဘက်က ပေါင်မု[illegible]
ထောပတ်သုတ်၊ ဒါက ပေါင်မုန့်မီးကင်ပြီး ယိုသုတ်ထား[illegible]
ဒါက"

"တော်တော့"

ဒေါသတကြီး ဖြတ်အော်သော ရန်ပြေအသံကြော[illegible]
လွန်က နှုတ်ခမ်းကိုယ်ပါ ဆတ်ခနဲ တုန်သွားသည်။ ပြေပြစ်ခြင်း[illegible]
သော ကိုကြီးမျက်နှာကို ခိုးကြည့်ရင်း ထိလွန်းပါး ကျ[illegible]
သည့် မျက်ခုံးတွေကို ကြည့်ကာ လွန် ရင်ခုန်ရပြန်၏။

လွန့်အဖြစ်တွေသာ မာမီသိလျှင် လွန့်ကို ရူးနေပြီ[illegible]
အမည်တပ်မှာ သေချာသည်။ ကိုကြီးနား နေခွင့်ရတာနဲ့တင် [illegible]
ကျေနပ်သည်။ ကိုကြီးအရိပ်ခိုခွင့်ရတာနဲ့ လွန် ကြည်နူး သည်[illegible]





အချစ်က ဘာမှန်းမသိခင်မှာ လွန့်နှလုံးသားထဲ အချစ်က နေရာ
အပြည့်ယူထားပြီးသား ဖြစ်နေ၏။ ကိုကြီးကို ချစ်သည့် အချစ်
ကြောင့် ချစ်သူအပေါ်မှာ သာသည်နာသည်မတွက်ဘဲ ပေးဆပ်ချင်
သည်။ သူ့ကို ကိုကြီးလို့ ခေါ်ခဲ့စဉ်တုန်းက တွယ်တာခဲ့၏။ ရန်ပြေ
အဖြစ် လွန့်ဘဝထဲ ဝင်ရောက်လာသောအခါ ရင်ခုန်သည်။ အမုန်း
နှင့် သိမ်းပိုက်တော့လည်း မာမီ့အတွက် ဝမ်းနည်းရတာသပ်သပ်၊
ကိုကြီးနားနေခွင့်ရ၍ ပျော်ရတာ သီးသန့်နှင့် လွန့်ရင်ထဲက ခံစား
ချက်တွေကို ထုတ်နုတ်ခွဲခြမ်းတတ်လာ၏။ သေချာတာက ကိုကြီးကို
တစိမ့်စိမ့်ငေး၍ မက်မောမြတ်နိုးခြင်းဖြင့် ချစ်ရခြင်းဖြစ်သည်။

"မင်း ငါ့ကို ရွဲ့နေတာလား သာလွန်ပြည့်စုံ"

"ရှင်"

ဘာကိုမှ နားမလည်သလို အပြစ်ကင်းသည့်ပုံစံလေးနှင့်
ရင်ခွင်ထဲ ကျုံ့မွေ့ထားချင်စရာ ချစ်စရာကောင်းနေသော မျက်နှာ
လေးကို သူစိုက်ကြည့်ပစ်သည်။

လွန်က မျက်လုံးလေးဝိုင်းပြီး ပြန်မေးပုံက တကယ့်
တထူးတဆန်း။ ရန်ပြေက လွန်နဲ့ကျမှ အထူးအဆန်းသတ္တဝါအဖြစ်
ပြောင်းလဲသွားပြီလားမသိ။

ရန်ပြေက ရှေ့တွင်ချပေးထားသော ပန်းကန်တွေကို စားပွဲ
ဟိုတစ်ဖက်ရောက်အောင် တွန်းထုတ်ပစ်သည်။

"ပေါင်မုန့်ကို မျိုးစုံလုပ်ကျွေးနေတာကို ပြောတာကွ၊



www.burmeseclassic.com

www.burmeseclassic.com



တောက်…ဘာလဲ မင်းက ငါ့ကို ပေါင်မုန့်ဆီပြန်ချက်ပေးဦးမလို့လား"

ပြုံးချင်သည့် နှုတ်ခမ်းတွေကို လွန် မနည်းဘရိတ်အုပ်လိုက်ရသည်။

"ကိုကြီး ပေါင်မုန့်မစားချင်ရင် လွန် ဘာလုပ်ပေးရမှာလဲ၊ တစ်ခုခု သွားဝယ်ပေးမယ်၊ မုန့်ဟင်းခါးလား၊ ရှမ်းခေါက်ဆွဲလား၊ အုန်းနို့ခေါက်ဆွဲလား"

"တော်…တော် အပြင်ထွက်ချင်လို့ လမ်းကြောင်းရှာနေတာ မသိဘူးမထင်နဲ့"

"မဟုတ်ပါဘူး၊ လွန်က စေတနာနဲ့"

"ဘာစေတနာလဲ"

"ကိုကြီး စိတ်ချမ်းသာအောင်လို့ပါ"

"မလိုပါဘူး"

"ကိုကြီးပဲ အမျိုးမျိုး"

"ဘာကွ"

"ဘာမှမဟုတ်ဘူး"

"ငါ့ကို ဝေဖန်ရေးတွေ လာလုပ်မနေနဲ့ သာလွန်ပြည့်စုံ ငါ့အတွက် တခြားစားစရာဘာရှိလဲ ပြော"

"ရှိတာယူလာရမှာလား"

"ယူခဲ့"





လှစ်ခနဲ ပြေးထွက်သွားကာ ဘီစကစ်ပုံးကြီးတွေ ဆွဲချလာကာ အဖုံးပါ အဆင်သင့် ဖွင့်ပေးသည်။ ပြီးတာနှင့် မီးဖိုဘက်ခန်းဆီ ပြန်လှည့်ဝင်သွားသည်။

"ရေခဲသေတ္တာထဲမှာ ပုဇွန်ထုပ်ကြီးတွေ တွေ့လို့ မီးဖုတ်၊ သံပရာရည်ညှစ်ပြီး သုပ်စားမယ်၊ ချဉ်ပေါင်ကြော်မယ်လေ၊ ချဉ်ပေါင်ရွက်တွေ တွေ့တာနဲ့ ဘူးသီးဟင်းခါးချက်မယ်၊ ကြက်သားကြော်မယ်"

လူကွယ်နေရ၍ လွန့်ကို မမြင်ရပေမယ့် အသံသာကြားရသော ဟင်းအတွဲအစပ်သည် လိုက်မလိုက်မသိဘဲ အချဉ်မာတ်လွန်ကဲနေတာတော့ သွားကျိန်းချင်စရာဖြစ်သည်။ ရှဲခနဲအသံတွေ၊ ဒယ်အိုးနဲ့ ယောင်းမ ထိခတ်သံတွေကြားထဲမှာ မီးဖိုကြမ်းပြင်ပေါ်အိုးတွေ ပြုတ်ကျလေသလားမသိ။ ဒုန်းဒိုင်းအုန်းခွမ်းနှင့် အသံမျိုးစုံက အာဖဂန်စစ်မြေပြင်ထက် မလျော့သောအသံတွေနှင့် တိတ်ဆိတ်ခြင်းကို ဖြိုခွင်းသွား၏။

"ဟင်းအစပ်အဟပ် တည့်မယ်မထင်ဘူး ကိုကြီးရဲ့၊ လွန်က စိတ်ထဲစားချင်တာတွေ လျှောက်ချက်ထားတာ"

"ဘာကွ"

"ကိုကြီးလည်း ကြိုက်ရင်စားလေ၊ လွန်ချက်တာ ခကြိုက်ရင်လည်း ကိုကြီးဘာသာ ချက်စားလည်းရတယ်"

ပြောပုံက ကိုယ်ကတောင် သူ့ကို အခန့်မသင့်ရင် ပြန်ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကျွေးရမယ့်ပုံ။ သူစားချင်တာတွေ လျှောက်ချက်သည်တဲ့၊ ဆက်ပြောရင် ဒေါသတွေ ဖြစ်ရဦးမည်။ ရန်ပြေက ရှေ့တင်ရှိသော ကော်ဖီခွက်ကို တစ်ကျိုက်တည်း အမြန်မော့ချသည်။ ဒါတောင် မီးဖိုခန်းထဲမှ အကြော်အလှော်သံနှင့် စကားသံက မစဲသေး။

"မာမီနဲ့တုံးက ဟိုဟာမစားရ၊ ဒီဟာမလုပ်ရနဲ့ သိပ်ပြီး အနေကျပ်တာ ကိုကြီးရဲ့၊ အခုတော့ ဒီအိမ်မှာ အိမ်အလုပ်တွေ လုပ်ရမယ်ဆိုတော့ လွှန်က ပျော်တောင်ပျော်သေးတယ်"

"ခစ်...ခစ်"

အရယ်မျက်နှာလေးနဲ့ ရိပ်ခနဲ ရန်ပြေမျက်စိရှေ့ ပြန်ရောက်လာတော့ လွှန့်လက်ထဲမှာ ယောင်းမကြီးကိုင်လျက်သားဖြစ်သည်။

"အိမ်မှာ အလုံးတို့ကို မာမီက ပြောနေကျ၊ ခိုင်းမှလုပ်တာ ကျွန်၊ ပြောမှသိတာ တိရစ္ဆာန်တဲ့"

ဒီမိန်းမကြီးအကြောင်း ပါလာတိုင်း ရန်ပြေက သိသာစွာ တင်းမာခက်ထန်သွား၏။ ကျွတ်ကျစ်နှင့် တက်တွေဘာတွေ ခေါက်ပစ်လည်း မယ်မင်းကြီးမက သူမပြောလိုသော စကားကို အမျှင်ပြတ်သွားသည်မရှိဘဲ ဆက်ပြောသည်။

"အဲဒါကြောင့် လွှန်က ဒီအိမ်ရောက်ကတည်းက ဆုံးဖြတ် ထားပြီးသား၊ ကိုကြီး လက်ညှိုးထိုးပြီး မခိုင်းခင်ကတည်းက လွှန်က အိမ်အလုပ်အားလုံး ပြီးအောင်လုပ်ထားမယ်လို့၊ ချက်ပြုတ်ပြီးရင်





အိမ်သန့်ရှင်းရေးလုပ်မယ်၊ ပြီးရင် ပန်းပင်တွေ ရေလောင်းမယ်၊ ကိုကြီးအဝတ်အစားတွေ မီးပူတိုက်ပေး"

"ဟိတ်...နေဦး"

"ဘာလဲဟင် ကိုကြီး"

လက်ကာတားပြီး အတင်းစကားဖြတ်မှ သာလိကာမရှုံးအောင် ပြောနေသူက နှုတ်ဆိတ်ပြီး ရန်ပြေကို လှည့်ကြည့်သည်။ လွှန့်အိမ်မှာ မလုပ်ခဲ့ရသမျှ ကိုယ့်အိမ်ရောက်မှ ထင်တိုင်းကြဲခွင့်ရသော မချောက ရန်ပြေအိမ်ကို ကစားကွင်းရောက်နေတယ် ထင်သလားမသိ။ ရန်ပြေက အေပရွန်အောက်က တစွန်းတစ ထွက်နေသော လွှန့်အင်္ကျီတွေဆီ အကြည့်တစ်ချက် ဝေ့ပြီး မျက်ခုံးတွန့်သည်။

"မင်း ဒီအဝတ်အစားတွေအတိုင်း နေနေတာ ဘယ်နှရက် ရှိပြီလဲ"

"ဒီအိမ်ရောက်တာ နှစ်ရက်လေ၊ နှစ်ရက်ရှိပြီ"

"ရှေ့...ဒီမှာ မင်းအတွက်"

"ဟယ်...အဝတ်တွေ အများကြီး"

ပြုံးပျော်သွားသည့် လွှန့်မျက်နှာလေးကို မကြည့်ဖြစ်အောင် မျက်နှာကို ခပ်တည်တည် လုပ်ထားလိုက်၏။

"ဒါတွေ ကိုကြီး ဘယ်တုန်းက ဝယ်လိုက်တာလဲ ဟင်"

"အမေးအမြန်းကလည်း ထူလိုက်တာ၊ ဝတ်ဆိုရင်ဝတ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ မင်းမေးတိုင်း ငါက ဖြေရမှာလား"

"ကိုကြီးကလဲ"

"အဝတ်တွေယူပြီး သွားတော့"

"ဟုတ်"

သူကိုယ်တိုင် အပြင်ထွက်လို့မရ။ လွန်းကို တစ်ယောက် တည်းထားမရ။ လွန်းဆိုတာ ဘာတစ်ခုမှ စိတ်မချရသည့် ကလေး ဆိုတာ ကြာလေပိုသိလေဖြစ်၍ သုဝေဆီ ဖုန်းဆက်ပြီး လိုအပ်တာ တွေ လွန်းအတွက် ဝယ်ခိုင်းရတာ လွန်း မသိပါ။

အခုလည်း လွန်းထွက်သွားတာနှင့် သုဝေဖုန်း ဝင်လာ ၏။

"ပြော…သုဝေ၊ အခြေအနေ ဘယ်လိုလဲ"

"ဟ…အဲဒီစကားက ငါမေးရမှာကွ၊ မင်းနဲ့သာလွန်း ပြည့်စုံ အခြေအနေက ဘယ်လိုလဲ"

"ဘယ်လိုမှ မလဲဘူး"

"ကောင်မလေးက တော်တော်လှတာကွ"

"အဲဒါ မင်းအလုပ်လား"

"ဒါကတော့ ဟဲ…ဟဲ"

တစ်ဖက်က ဘာပြောလဲမသိ။ ကိုကြီးမျက်ခုံးတွေ ထိစ် လုနီးပါး တွန့်ကွေးချလိုက်တာ ကြည့်ရင်း အဝတ်သစ်တွေနှင့် လွန်းက ကိုကြီးရှေ့မထွက်ဘဲ ငြိမ်နေလိုက်သည်။





"ငါ့ဒေါ်သတွေ မင်းအပေါ် ရောက်သွားမယ်နော် သုဝေ၊ ဒီထဲ အနုတ်အသိမ်း ခက်နေရတဲ့အထဲ"

"မင်းတို့ကို ဒေါ်စန္ဒီ လိုက်ရှာနေတယ်ကွ"

"အေး…ငါလိုချင်တာ အဲဒါပဲ"

"ဘယ်အချိန်ကြမှ မင်းက သူနဲ့တွေ့မှာလဲ ရှန်ပြေ"

"လိုအပ်တဲ့အချိန်ပေါ့"

"အခုအခြေအနေကရော"

သုဝေအမေးကို သူ မဖြေနိုင်၍ ဒေါ်သနှင့် ဖုန်းပိတ် လိုက်သည်။

"ကိုကြီး"

"ဘာလဲ"

"လွန်း ဒါတွေမဝတ်ချင်ဘူး"

"ဘာတွေလဲ"

"အို…ဒီလိုဂါဝန်အတိုအကပ်တွေ လွန်း မဝတ်ချင်ပါ ဘူး၊ တီရှပ်တို့ ရှပ်အင်္ကျီတို့နဲ့ ဘောင်းဘီတိုဆို တော်သေးတယ်"

လွန်းက သုဝေဝယ်ပေးသည့် အဝတ်ထုပ်ကို သူ့ရှေ့ပြန် ချရင်း နှုတ်ခမ်းစူသည်။ သုဝေဖုန်းကို ချက်ချင်းနှိပ်လိုက်၏။

"ဘာလဲ ရှန်ကြီး"

"မင်းဝယ်လာတာတွေ သူမဝတ်ချင်ဘူးတဲ့"

"တီရှပ်နဲ့ဘောင်းဘီ ဝယ်ပြီး အခုလာပို့"



www.burmeseclassic.com

www.burmeseclassic.com



"အခုချက်ချင်းကြီးလား"

"အေး"

"မင်းဟာက လွှန်လှချည်လား ရန်ကြီး၊ အခုထဲက သည်းသည်းလှုပ်ပြမနေစမ်းပါနဲ့"

"သူ့အမေဆေင်တုန်းက အဟိုက်တွေ အတိုအပြတ်တွေ ချည်း ဝတ်တာကွ၊ အခု ငါဝယ်ပေးတာတွေက အလန်းစားတွေ"

"မလိုဘူး၊ ငါပြောတဲ့အတိုင်းသာလုပ်"

"ဩော်…ဩော် မဘာက်လိုက်တော့ မိုက်ဘာက်ပါနဲ့ တာ ဒါမျိုးနေမှာ၊ မင်းတို့အတွက် ငါ ဘယ်လောက်ကာကွယ် ပေးထားရလဲ၊ ဒေါ်စန္ဒီ လာမေးသမျှ ခေါင်းခါရ၊ ဘူးကွယ်ရ အခုဆို ငါသွားရာနောက် စပိုင်တွေ ထည့်တဲ့အဆင့်တောင် ရောက် နေပြီ"

"နောက်ပါအခြံအရံတွေ ရှိတဲ့အဖြစ်က နည်းတဲ့ကုသိုလ် လားကွ"

"ကိုကြီး"

တစ်ဖက်မှ ပြောလို့မပြီးသေး ဘေးနားက ပခုံးတင် တို့နဲ့ လွှန့်ကြောင့် ရန်ပြေ မကျေမနပ်နှင့် မျက်ခုံးတွန့်ကြည့်သည်။ လွှန်က ရန်ပြေကို မျက်နှာနီနီလေးနှင့်ကြည့်ပြီး တစ်စုံတစ်ခု အပြောရခက်သလို ဖြစ်နေပြီးမှ…





"ဟို…အတွင်း…အတွင်းခံလဲ မှာပေး"

"ဘာ"

"အို…လွှန့်အတွက် အတွင်းခံကို ပြောတာပါဆိုမှ"

"လွှန့်မှာ မပါလာလို့ အဲဒါ အရင်ဝယ်နိုင်းဦးလို့ပြော တာ"

"ပြဿနာကို ရှုပ်နေတာပဲ"

"အံမယ်…အဲဒီပြဿနာက လွှန်ရှုပ်တာမဟုတ်ပါဘူး နော်၊ ကိုကြီးဘာသာ မရှုပ်ရှုပ်အောင်လုပ်တာ"

လွှန့်ကို တစ်ခုခုပြန်ပြောရန် စဉ်းစားနေစဉ်မှ ရုတ်ခဲ့ ဟင်းအိုး တူးနံ့က ရန်ပြေနှာဝမှာ မွှန်သွား၏။

"ဟ…ဘာနံ့လဲ"

"ဟယ်တော့…ဟင်းအိုးတူးသွားပြီ"

လွှန့်ထံမှ အထိတ်တလန့် အော်သံနှင့်အတူ မီးဖိုခန်းထဲ ပြေးဝင်သွားတာ ခုန်းခုန်းဒိုင်းဒိုင်းဖြစ်၍ ရန်ပြေမှာ ဖုန်းနားကပ်ရင်း မီးဖိုခန်းဆီ လည်ပင်းရှည်ကာ စိတ်မချစွာ လှမ်းမျှော်အကြည့်…

"အမလေး…မီး…မီး"

"ဟ…ဘာလဲ"

"အား…ကိုကြီးရေ မီး…မီးလောင်နေပြီ"

"ဟာ"

မီးလောင်နေပြီဆိုသော အလန့်တကြားအော်သံက သုစေ



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းထဲအထိ တောက်လျှောက်ဝင်သွားပေမယ့် ရန်ပြေမှာ ဖုန်း မပိတ်နိုင်ဘဲ မီးလောင်ရာအတိုင်း ပြေးသွား၏။

"ဟာ…ရန်ကြီး မီးလောင်နေရင် မီးသတ်ကား ခေါ်ပေးမယ်"

"ကိုကြီး လုပ်ပါဦး၊ မီးတွေ…မီးတွေ"

"မင်းပါးစပ် ပိတ်ထား"

ဖုန်းထဲမှ ပြန်အော်သံကို နားမထောင်နိုင်။ ရောက် ပေါက်ရာ ဖုန်းကို စားပွဲပေါ် ပစ်တင်ပြီး မီးသတ်ဗူးကို ပြေးဆွဲသည်။ ရန်ပြေ မီးဖိုခန်းထဲရောက်တော့ ဆီအိုးပေါ် မီးတောက်တွေ ကူး တာ အလျှံညီးညီးတောက်နေဆဲ။

"ဟိတ်…ဘာလုပ်နေတာလဲ"

"ဘေးဖယ်လေ"

မီးလောင်နေသည့် နေရာနားမှ ဇွေဇွေခုန်နေသည့် ဗွာ ကို လက်ဆွဲပြီး သူ့ကျောနောက်ပို့ပစ်ကာ မီးသတ်ဗူးနှင့် ဖျန်း သူ့လက်တွေက ဂက်စ်မီးဖိုခလုတ်ပါ ပိတ်ချပစ်လိုက်သည်။ တစ်ခဏအတွင်း မီးညွန့်ကျိုးကာ မီးငြိမ်းသွားမှ ရန်ပြေး သက်ပြင်း ကို ဗွူးခနဲ အသံပေးမှုတ်ထုတ်ရင်း ကျောနောက်လှည့်ကြည့်သည်။

"ဟာ…ဟိတ်"

ဆတ်ခနဲ မျက်ဖြူလန်ကာ တအိအိပြိုလဲသွားသည့် ဗွာ ကြောင့် လက်ထဲက မီးသတ်ဗူးကို ပစ်ချပြီး သူမကိုယ်လေး





သူ့ရင်ခွင်ထဲ အချိန်မှီ ဖမ်းယူဆွဲပွေ့လိုက်၏။

"ဟော…ဟော သာလွန်ပြည့်စုံ ဟိတ်"

အကြောက်လွန်ပြီး သတိမေ့သွားသည့် လွန့်ဆေးရိုးကို သက်ဖမိုးနှင့် ဆတ်ဆတ်ပုတ်ခေါ်ပေမယ့် လွန်က တုတ်တုတ် မလှုပ်။ ရန်ပြေးမှာ စိုးရိမ်စိတ်နှင့် လွန့်ကိုယ်လေးကို ပွေ့ချီပြီး အိပ်ခန်းထဲထိ ခေါ်လာရင်း သွေးခုန်နှုန်းစမ်းရ၊ နှာခေါင်းဝလေဝင် လေထွက်စမ်းရနဲ့ ဗျာများသွားသည်။

အဖြစ်က ရန်ပြေးအတွက် ရယ်ရမလား၊ ငိုရမလား မသိ တော့။

လက်စားချေချင်လို့ ခေါ်လာပါသည်ဆိုမှ ကိုယ်က ပြန်ပြုစုနေရသည့် ကံကြမ္မာကို မမြင်ရပေမဲ့ သူ အရည်ပျော်ကျ သည့်အဖြစ်ကို သူမြင်နေရတာက လုံးဝအသေအချာဖြစ်သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၄)

"သတင်းစာထဲမှာလည်း နှစ်ဦးသဘောတူလက်[illegible]
ပြီးစီးခြင်းပါသွားပြီ၊ မင်းအိမ်လိပ်စာလည်း သူတို့ရသွားပြီ ရန်[illegible]

"အင်း…နားထောင်ရတာကိုက ပျင်းစရာကော[illegible] ပြီ"

ရန်ပြေက ဂျာနယ်တစ်စောင်အား ဟိုဒီလှန်လျှော[illegible] စိတ်မပါသလို ပြောလိုက်တော့ သုဝေက ရန်ပြေကို ခပ်[illegible] ပြောလိုက်၏။

"ဒါပေါ့ မင်းက ပြောအားရှိသွားပြီပေါ့၊ အနု[illegible] မပျင်းရတဲ့ သာလွန်ပြည့်စုံတစ်ယောက်လုံး ရှိနေပြီကို"

"အဲဒါက မင်းအထင်ပါ"

"အဟွန်း"





ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုသည့်အတိုင်း ရန်ပြေက [illegible]အဖြစ်သူ မခံချိမခံသာ တစ်ချက်ရယ်ရင်း သူနှင့် ခပ်လှမ်းလှမ်း[illegible] ကြမ်းတိုက်နေသော လွန့်ထံ အကြည့်က ဖျတ်ခနဲ ရောက်[illegible]သွားသည်။ လွန်က ပိတောက်ခြောက်ရောင် လည်ပင်းပြဲပြဲ [illegible]ရှပ်ပွပွကို တင်ပါးအထက်နားမှာ စုချည်ထားသည်။ ရှော့ပင်(န်) [illegible]လည်း အဝါဖျော့ပဲဖြစ်ကာ ဝတ်ထားသော အရောင်မှ အားမနာ [illegible]ထောက်ပြီး ကြမ်းတွေတိုက်နေသည်။ တကယ် ဒီတစ်ယောက် [illegible] တွေ့ဖူးပါသည်ဆိုတာ လွန်နဲ့တွေ့မှ အပိုမပါတဲ့စကားဆိုတာ [illegible]ပြေ ယုံသည်။ ရန်ပြေက နှိပ်စက်ရန် ကျည်တွေအပြည့်နှင့် [illegible]ပြီး လွန်ကတော့ ထိုကျည်တစ်ထောင့်ချင်းက လွတ်မြောက် [illegible] ဆုလာဘ်တွေအဖြစ် တမက်တမော ဖက်တွယ်ထားတာမို့ [illegible]ည်ရွယ်ထားသမျှ လက်မှိုင်ချရသူက ရန်ပြေဖြစ်သည်။

"ဟကောင်ရ…အသံတိတ်လှချည်လား၊ ပြောပါဦး [illegible]မ်းမယူခြင်းရဲ့ အကျိုးအကြောင်း အဆိုးအကောင်း"

"အင်း…ဘယ်ကစပြောရမှန်းတောင် မသိဘူး"

ရန်ပြေမှာ ကိုယ့်ခံစားချက်နှင့်ကိုယ် ဆိုဖာကျောမှီပေါ် [illegible]တက်တစ်ဖက် ဆန့်တင်ကာ ရှေ့မှန်စားပွဲပေါ် ခြေထောက်နှစ်ဖက် [illegible]လုံး လှမ်းတင်သည်။ အများအမြင်မှာ ကြမ်းတိုက်နေသူအပေါ် [illegible]ထိုင်နေသူက စီးမိုးသည့် အပြုအမူလို့ ထင်နိုင်ပေမဲ့ အတွင်းစိတ်ပွဲ[illegible]မှာ ကိုယ်က ခြေပစ်လက်ပစ်ဖြစ်ရတဲ့အထိ မောပန်းနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို အသိဆုံး။

"မင်းလေသံကလည်း ဝိတ်တွေဖြစ်ပြီး ကြည်နူးနေရာ အသံနဲ့"

"မျက်နုံးတွေ လှုပ်နေတာကွ၊ ဘယ်နေ့ ငါ့အိမ် မီး ရှို့မလဲ၊ ဘယ်နေ့ ငါ့အိမ် ရေစုန်မျှောမလဲဆိုပြီး၊ ခင်း စိတ်မ လို့ မြှောင့်နဲ့မာလီခေါ်ရတာနဲ့၊ တစ်သက်လုံး မလုပ်ဖူးတာ လုပ်နေရပြီ"

"မင်းကလည်း ကိုယ့်မိန်းမဖြစ်နေပြီပဲ၊ အချိုးမပြေ နားရင်းနှစ်ချက်လောက် အုပ်ပစ်လိုက်ပေါ့"

"တော်ပါကွာ၊ ငါ နားရင်းမအုပ်ခင်ကတည်းက သူ မှမျှောဖို့ဆို အသင့်"

ဆံပင်တွေကို အားနေတဲ့ လက်တစ်ဖက်နဲ့ ထိုးဖွ ပြောမိတဲ့ ရန်ပြေအသံထဲမှာ အပြစ်တင်သံမပါ။ ချစ်ခြင်း၊ မြတ်နိုး ခြင်းတွေနှင့် ချစ်စနိုးဖြစ်ခြင်းတွေ ပါသွားတာ သူကိုယ်သူ သူစေ အသံဝါကြီးနှင့် ထရယ်တော့မှ ကိုယ့်ဘာသာ လိပ်ပြ မလုံဖြစ်ကာ မျက်နှာကို ပိုတင်းထားလိုက်၏။

"မင်းက ဘာရယ်တာလဲ"

"သဘောကျလို့ကွာ"

"မင်းက နှိပ်စက်ဖို့ဆိုပြီး သာလွန်ပြည့်စုံကို ယူ တာ၊ အခုတော့ သူကချည်း မင်းကို နှိပ်စက်နေလို့ သဘော





ကျတာ"

သုစေ ပြောလည်းပြောစရာ။

လွန့်ကို ချစ်စိတ်နှင့် သူ မြတ်နိုးစွာ ပြုံးရုံပဲ ပြုံးနိုင်သည်။ ရင်ထဲမှာ အငြိုးတရားတွေ လောင်မြိုက်နေတာ သပ်သပ်။ သူ့အပေါ်မှာ ချစ်ခြင်း၊ မြတ်နိုးခြင်းတွေနှင့် မုန်းကြည့်လို့မရတာ သပ်သပ်နှင့် ရင်တွင်းခံစားချက်တွေက ပူလိုက်အေးလိုက် တိုက်ပွဲ ပြင်းပြင်းဆင်နေ၏။

"အစ်ကိုလေး"

တံခါးဝမှာ ရိပ်ခနဲ ပေါ်လာသည့် ဖိုးဇော်၏ ထိတ်လန့် တကြားမျက်နှာက နောက်သို့ငဲ့ကြည့်ရင်း ညှော်ခန်းထဲပါ တစ်ဆက် တည်း ငေးကြည့်ကာ ရန်ပြေထံ အပြေးတစ်ပိုင်းနှင့် ဝင်ရောက်လာ၏။

"ဘာဖြစ်တာလဲ ဖိုးဇော်"

"ဟို...ခြံဝမှာ အစ်ကိုလေးမိန်းမရဲ့အမေ ရောက်နေ တယ်၊ အဲဒါ ခြံတံခါးမဖွင့်ပေးတာနဲ့ သောင်းကျန်းနေလို့ ကျွန်တော် ဖွင့်ပေးလိုက်ရမလား အစ်ကိုလေး"

ရန်ပြေ အကြည့်တွေက သာလွန်ပြည့်စုံထံ ဖျတ်ခနဲ ရောက်သွားသည်။ လွန်က ဘာမှမသိ။ သူမအလုပ် သူမ ဆက်လုပ်နေ၍ ဒီမြင်ကွင်းကို ခေါ်စန္ဒီမြင်သွားရင်ဆိုသည့် အတွေး နှင့် ရန်ပြေ့နှုတ်ခမ်းများမှာ ပြုံးရိပ်တစ်ခု ခပ်မှဲ့မှဲ့ ထင်လာကာ



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေက ချက်ချင်း အေးစက်သွား၏။

"ဖွင့်ပေးလိုက်"

"ဟုတ်…အစ်ကိုလေး"

"နေဦး၊ နောက် ငါးမိနစ်နေမှဖွင့်"

နှုတ်ခမ်းလှုပ်ရုံ အမိန့်ပေးပြီးနောက်မှာ ရန်ပြေအကြည့်က သီချင်းတာညည်းညည်းနှင့် ကြမ်းတိုက်နေသော လွှမ်း နိုက်ဆင်းသွား၏။

"သာလွှမ်းပြည့်စုံ"

"ရှင်…ကိုကြီး"

လွှမ်းက သူ့ဘာခိုင်းခိုင်း အသင့်ရှိသော မျက်ဝန်းလေး တွေနှင့် လွှမ်းက ဖျာဖျာသလဲ ထူးသည်။ အဲဒီမျက်ဝန်းတွေထဲမှာ သူက ငုတ်တုတ်မမေ့အောင် ကြိုးစားရင်း အောင်နိုင်သူတစ်ယောက် လို လှပစွာ ပြုံးလိုက်၏။

◆ ◆ ◆



## အခန်း (၂၅)

"သမီး"

ဒေါ်စန္ဒီ ခေါ်သံက ရင်နာလွန်း၍ လည်ချောင်းဝတင် တိမ်မြုပ်သွားသည်။ ကိုယ့်သမီးက ကြမ်းပြင်ပေါ် ကျုံ့ကျုံ့လေး ထိုင်နေပြီး ရန်ပြေခြေသည်းကို တယုတယ ညှပ်ပေးနေပုံက ကြင်ကြင်နာနာ ရိုရိုကျိုးကျိုး။ ခြေသည်းအဖျားတွေကို တံစဉ်းနဲ့ တိုက်ပြီး မျက်နှာလေးငုံ့ကာ နှုတ်ခမ်းလေးစုဝိုင်းပြီး ဖူးခနဲ လေနဲ့ မှုတ်တော့ ဒေါ်စန္ဒီရင်ထဲ မခံချင်တဲ့မီးက ဟုန်းခနဲတောက်သည်။ ခေါ်သကြောင့် လှည့်ကြည့်လာ မှုးမိုက်ပြာဝေကာ မျက်လုံးထဲ ဘာမှမမြင် တော့။ ဖြစ်ချင်တာက အဲဒီညွှန်ခန်းထဲအထိ မုန်တိုင်းတစ်စင်းလို ဝင်ရောက်မွှေနှောက်ရင်း ကိုယ့်သမီးကို ဆွဲယူသိမ်းပိုက်ချင်သည်။

"အစ်ကိုလေး…ဒီမှာညှပ်သည်"



www.burmeseclassic.com

www.burmeseclassic.com



ခြံစောင့်ဖိုးဇော်ရဲ့ အသံကို ကြားပေမဲ့ လွန် ခေါင်းမဖော့မိသေး။ ကိုကြီး ခြေသည်းတွေကို တိတိရိရိနဲ့ ကြည့်ကောင်းနေဖို့က တခြားသော အကြောင်းတရားတွေထက် ပိုအရေးကြီးသည်ဟု ခံယူထားသောကြောင့် လွန်က သူမအလုပ်ကို သူမဆက်လုပ်သည်။

"ဝင်ခိုင်းလိုက်လေ၊ ဘယ်သူလဲ"

မျက်လုံးအစုံက ဂျာနယ်မှမခွာဘဲ ရန်ပြေက အမိန့်ပေးသည်။

"ဒေါ်စန္ဒီတဲ့"

"ဟင်"

မာမီ့အမည်ကို ကြားလိုက်ရ၍ လွန့်နှလုံးခုန်သံ ဒုတ်ခနဲ မြည်သွားပြီး လက်ထဲက လက်သည်းညှပ်လေးပါ ကြမ်းပြင်ပေါ် အလန့်တကြား ပြုတ်ကျသွား၏။

"သမီး"

"မာ...မီ"

တုန်လှုပ်ခြင်း၊ အံ့သြခြင်းတွေ ရောထွေးကာ ခေါ်သော လွန့်အသံက တိုးတိုးလေး ထွက်ကျသွားခဲ့၏။ သမီးရဲ့ ထိုခေါ်သံကြောင့်ပင် ဒေါ်စန္ဒီက အသံတွေပြန်ဝင်လာကာ ဧည့်ခန်းထဲသို့ လှမ်းခနဲ ပြေးဝင်လာ၏။

"သမီး...ထစမ်း၊ လာ..အခု၊ မာမီနဲ့ပြန်လိုက်ခဲ့၊ လာ...





သမီး"

လွန့်ကို အခုပဲဆွဲခေါ်တော့မလို အနားကပ်လာသည့် ဒေါ်စန္ဒီ့ရှေ့မှာ အရိပ်တစ်ခု ဖျတ်ခနဲ ပိတ်ကွယ်၏။

"ဟင်...မင်း"

"ဟုတ်တယ်၊ ကျုပ် ရန်ပြေပဲ"

"လူယုတ်မာ"

"ထင်လို့ပါဗျာ"

"ဘာ"

ရန်ပြေက ဒေါ်စန္ဒီမျက်နှာထက်မှ ဒေါသကောက်ကြောင်းတွေကို အရသာခံပြီး တစိမ့်စိမ့်ကြည့်သည်။ ထိုဒေါသတွေက အေးစက်စက်အဖြစ်သို့ ချက်ချင်းပြောင်းသွားကာ သူ့ကို ထိုးနှက်တော့မည်ဆိုတာလည်း ရန်ပြေ သိသည်။

"မင်းက ငါ့သမီးကို ကြက်ကလေး ငှက်ကလေးသိမ်းသလို ကောက်သိမ်းတယ်...ဟမ်၊ အခု ငါ့သမီးကို ထားပုံကျတော့လည်း ကိုယ်လုပ်တော်လိုလို၊ အိမ်ဖော်လိုလိုနဲ့၊ နေစမ်းပါဦး၊ မင်းရဲ့ရည်ရွယ်ချက်က ဘာလဲ၊ ပြောစမ်း၊ ချစ်လို့ မြတ်နိုးချင်လို့ နှစ်ယောက်ဘဝ ထူထောင်တာမျိုးဆိုရင် ငါခွင့်လွှတ်ပေးလိုက်ဦးမယ်"

"ခင်ဗျားခွင့်လွှတ်မှုကို ကျုပ်မလိုချင်ဘူး ဒေါ်စန္ဒီ၊ ပြီးတော့ ခင်ဗျားမျှော်လင့်ထားတဲ့ ချစ်တာတွေ၊ မေတ္တာတွေ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ်ခံစားလို့မရဘူး”

“ဘာ”

ခေါ်စန္ဒီ တစ်ကိုယ်လုံးမှာရှိတဲ့ သွေးကြောတွေ ဖျိုးဖျိုးဖျစ်ဖျစ်မြည်ကာ ဒေါသကြောင့် ကုန်းရုန်းထကြွတက်လာသလား ထင်ရသည်။ မထိတရိမျက်နှာပေးနှင့် ရန်ပြေမျက်နှာကိုစိုက်ကြည့်ရင်း ရင်ထဲ အမုန်းတွေ ဆတိုးပွားများလာ၏။ ဂျပန်နိုင်ငံ၏ နာမည်ကြီးကုမ္ပဏီတံဆိပ် အီလက်ထရောနစ်ပစ္စည်းတွေကို တစ်ဦးတည်းကိုယ်စားလှယ် ဖြန့်ချိတဲ့သူမှန်းပဲ သိခဲ့ရသည်။ နာမည်နဲ့လူ မတွဲမိခဲ့။ အခု မျက်စိရှေ့မြင်နေရသူက ကိုယ့်ကားကို ဝင်တိုက်ခဲ့သူ။ စန္ဒီထက် ခြေတစ်လှမ်း အကျောယူထားတဲ့ သူက ခေါ်စန္ဒီသမီးကို အပိုင်သိမ်းပြီး ဘာခံစားချက်မှမရှိဘူးဆိုတာ ဘာလဲ။

“မင်းခံစားလို့မရလည်း ငါ့သမီးကို ငါနဲ့ပြန်ထည့်ပေးလိုက် ရန်ပြေ၊ ဒီမှာ စန္ဒီတို့က တခြားအမေတွေလို မကောင်းမှန်းသိသိကြီးနဲ့တော့ မထူးဇာတ် ဆက်မခင်းဘူးနော်၊ ဗျိုတာတွေ အိုတာတွေ ငါစိတ်မဝင်စားဘူး၊ ငါ့သမီးက ငါ့လက်အောက်မှာရှိနေသမျှ မင်းလက်ထဲရှိတဲ့ တန်ဖိုးထက်တော့ အဆပေါင်းများစွာ မြင့်မားလာမှာပဲ၊ သမီး…မာမီနဲ့ပြန်လိုက်ခဲ့”

“ဩော်…ဩော်”

“အန်တီ့သမီး ပြန်လိုက်ချင်တယ်ဆိုရင် ခေါ်သွား လေ”

“ကြည့်စမ်း…ပြောပုံကိုက လူပါးဝလိုက်တာ၊ လာ…





သမီး၊ မာမီနဲ့အခုလိုက်ခဲ့”

“မာမီ”

“ဘာလဲ သမီး၊ ဘာပြောမလို့လဲ”

“သမီး မလိုက်ပါရစေနဲ့”

“ဘာ”

ခေါ်စန္ဒီ ခေါင်းထဲ မိုက်ခနဲဖြစ်သွား၍ လဲပြိုမသွားအောင် မနည်းသတိထားလိုက်ရ၏။ ရန်ပြေက ဆိုဖာနောက်ပဲ ပတ်လျှောက်ပြီးမှ ကျောမှီပေါ် လက်ထောက်ကာ မရယ်ချင်ဘဲ ရယ်၏။ ထိုရယ်သံရဲ့ အဖျားသတ်က သာယာနာပျော်ဖွယ်မရှိဘဲ နာကြည်းခြင်းတွေ စွက်နေတာကို လွှန် သိနေ၏။

“ကြားတယ်နော်၊ ခင်ဗျားသမီးက ပြန်မလိုက်ချင်ဘူးတဲ့”

“ခေါ်သွားလည်း မတားဘူး၊ ဆွဲထားဖို့အစီအစဉ်လည်း မရှိဘူး၊ ကျုပ်က အစကတည်းက ကြော်ငြာပြီးမှ သူ့ကိုယူခဲ့တာ၊ အပွန်း…ကျုပ်အတွက် မိန်းမ မလိုဘူး၊ လိုချင်တာ ကိုယ်လုပ်တော်”

“ဘာ…မင်း…မင်း စော်ကားလှချည်လား၊ နင့်မှာ နှမချင်းစာနာတဲ့စိတ် မရှိဘူးလား”

“တော်ပါတော့ မာမီရယ်၊ လွှန်ကိုယ်တိုင်က ကိုကြီးနားမှာ နေချင်တာပါ”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စန္ဒီ လက်တစ်ဖက်ကို ဆွဲခါရင်း လွန်က မျက်ရည် ဝေ့သော မျက်ဝန်းများနှင့် တားသည်။ ဒေါ်စန္ဒီက မခံမရပ်နိုင် ဖြစ်ခြင်းတွေနှင့် အသားဆတ်ဆတ်တုန်လေကာ လက်သီးနှစ်ဖက် ကို ကျစ်ကျစ်ဆုပ်ရင်း သမီးဆွဲထားသော လက်ကို ခါထုတ် သည်။

"တော်စမ်း…သမီးမိုက်၊ ဒီမှာ မောင်ရင်၊ မင်းမှာ နှမ မရှိခဲ့ဘူးဆိုရင်တောင် မင်းကိုမွေးထုတ်ခဲ့တဲ့ အမေရှိမှာပဲ၊ အားလုံး ဟာ မိန်းမတွေအတူတူပဲဆိုပေမယ့် မိန်းမတစ်ယောက်ရဲ့ မွေးဖွားရာ ပတ်ဝန်းကျင်၊ မျိုးရိုးဇာတိ၊ ဒါတွေကို မင်းမေ့ထားလို့မရဘူး၊ မိန်းမချင်း တူပေမယ့် မိဖုရားနဲ့ဘုရင်မ ဖြစ်ခွင့်တောင် ကွဲပြားသေးတာပဲ မင်းမအေနဲ့ ကိုယ်ချင်းစာ"

"အဟက်…ဟက်…ဟက်"

ဒေါ်စန္ဒီ စကားကို ရယ်စရာအကောင်းဆုံး ပြက်လုံး တစ်ခုလို အားပါးတရ ခေါင်းမော့ရယ်သော ဒီရုပ်ကို ဒေါ်စန္ဒီ ရင်းနှီးနေသည်။ ခက်တာက ရယ်လိုက်မှ ‌ငယ်ရုပ်ဆိုတာပေါ် လာပြီး ဖျတ်ခနဲ ပြန်တည်သွားတော့ ရင်းနှီးသမျှ ဘယ်သူ ဘယ်ဝါဆိုတာ ဖမ်းဆုပ်မရဘဲ ဖြစ်နေ၏။

"ကိုယ်ချင်းစာလို့ ဒေါ်စန္ဒီ သမီး ဒီလိုနေရတာပေါ့ ဘာ…ဘာ…ဒေါ်စန္ဒီပြောတဲ့ မိန်းမဖြစ်တာချင်းတူပေမယ့် အခွင့် အရေး ကွဲပြားသွားတာ‥ဟုတ်လား။ အဟက်…ဟား‥ဟား"





မထိတရို လှောင်ပြောင်သံနှင့် ထပ်ရယ်ပြပေမယ့် အနှစ် မဲ့သော လှောင်ရယ်ခြင်းမျိုးပဲဖြစ်ကြောင်း ဒေါ်စန္ဒီ သိသည်။

"ဒါကြောင့် ဆေးကျောင်းသူ မျိုးရိုးကောင်း မိန်းမ တစ်ယောက်က ဒေါ်စန္ဒီအိမ်မှာ အိမ်ဖော်ဖြစ်သွားခဲ့တာကိုး"

"ဘာ…ဘာပြောတယ်"

"ပညာအရာလည်း သာတယ်၊ ကိုယ်ကျင့်တရားမှာ လည်းသာတဲ့ ကျွန်တော့်အမေကို ဒေါ်စန္ဒီ နှိမ့်ချခဲ့ဖူးတဲ့ အကြောင်း"

"ဘာ…မင်းအမေက နှောင်းလား"

"သိပ်ဟုတ်ပါသတဲ့ဗျာ"

"ဟင်"

ပြူးကျယ်ဝိုင်းစက်သော ဒေါ်စန္ဒီမျက်ဝန်းတွေက ရင်ထဲ ရှိ သိခြင်းကို ဖော်ညွှန်းသည်။ မာကျောခက်ထန်ခြင်းနှင့် အမြဲ အရောင်လက်နေသော မျက်ဝန်းများ၊ မာနကြောင့် တင်းခနဲ စေ့ပိတ် တတ်သော နှုတ်ခမ်းပါးများနှင့် နှောင်း။ ဒေါ်စန္ဒီက တဖျပ်ဖျပ် ပြောင်းလဲသွားသော မျက်ဝန်းတွေနဲ့အတူ ရွှဲရုပ်နေသော ရန်ပြေကို စေ့စေ့ကြည့်သည်။

"ဒါ…ဒါဆို‥မင်းက ရန်ပြေ၊ ရန်ပြေ ဆိုတာပေါ့"

"ဟုတ်တယ်…ကျုပ် ရန်ပြေပဲ"

"အို"

ရန်ပြေ ခေါ် ရန်ပြီး ခေါင်းတစ်ချက်အညိတ်မှာပဲ ဒေါ်စန္ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာက သိမ့်ခနဲ ဖြစ်သွား၏။ ထင်မထားတာတွေဖြစ်လာတာ သူ အံ့ဩနေ၏။ နောင်းရဲ့မာန၊ နောင်းရဲ့ပညာတွေကြောင့် အထင် မသေးခဲ့ပေမယ့် ဒီအခြေအနေထိတော့ အထင်မကြီးထားခဲ့တာ သေချာသည်။ ခြေဗလာ၊ လက်ဗလာဘဝနှင့် လူတွေက ဆယ်စု တစ်ခုအတွင်း စန္ဒီဘေးသို့ ပခုံးချင်းယှဉ် ရောက်ဖို့ဆိုတာ ဖြစ် လား။ အို...သွားစမ်းပါ။ အံ့ဩခြင်းတွေက အထင်အမြင်သေး ခြင်းဖြင့် မျက်ဝန်းနှင့် နှုတ်ခမ်းမှာ အရိပ်ထင်သည်။ ဒေါ်စန္ဒီ တုန်လှုပ်ခဲ့သမျှ အပြုံးနှင့်ပြန်လည် တည်ဆောက်ယူရင်း ရန့် မျက်နှာကို စေ့စေ့ကြည့်ပြီး ပြုံးလိုက်၏။

"ဟောင်သံကြားတိုင်း ထကြည့်နေရင် ငါ အိပ် ပျက်ရုံပဲ ရှိတော့မှာပေါ့ ရန့်ပြေ"

ဒေါ်စန္ဒီ စကားကြောင့် ဒေါသအရောင်နှင့် နီမြန်း ဖြစ်သွားသည့် ရန့်ပြေမျက်နှာကို ကြည့်လိုက်၏။

"အံ့ဩသွားတယ်၊ ဒါပေမဲ့ အထင်တော့မကြီးဖြစ် မင်း ဘယ်ဘဝကလာတယ်ဆိုတာ ငါသိနေခဲ့တာပဲ"

"ဒါပေါ့၊ ကျွန်တော်လာခဲ့တဲ့ဘဝက အမည်ဆိုး ဆိုးမယ်၊ ဒါပေမဲ့ ရှုံ့ချစရာမရှိဘူး၊ အဟွန်း...သူတစ်ပါးရှ တဲ့ပစ္စည်းကို မက်မောစိတ်နဲ့ ကောက်ပွေ့ထားတဲ့သူထက်တော ပေါ့၊ ပွေ့ပိုက်ထားတဲ့အရာက ကိုယ့်ဆီနေချင်မှန်းမသိ၊ မနေ မှန်းမသိဘဲ အတ္တဆိပ်သင့်နေတဲ့ ခင်ဗျားရဲ့ဘဝထက်တော





ကျွန်တော် ဘယ်ဘဝကလာလာ နားထောင်လို့ကောင်းပါသေး တယ်"

"အေး...နားထောင်လို့ကောင်းတဲ့ အဲဒီဘဝထဲမှာ ပါသမီးတော့ မပါထားခဲ့နိုင်ဘူး ရန့်ပြေ၊ အရိပ်ခိုရုံတင်မကဘူး၊ မင်းက အဲဒီအရိပ်ကို အမြစ်ကစပြီး ထုတ်နုတ်ချင်တဲ့လူမျိုးဆို တော့..လာ... သမီး၊ မာမီနဲ့ပြန်လိုက်ခဲ့"

ကိုယ်ခေါ်ရာနောက် ပါလာမယ်ထင်သော သမီးရဲ့ လက်တစ်ဖက်က နေရာတင် ပြုတ်ကျလေသည်။

"သမီး"

ဒေါ်စန္ဒီက ခပ်ကျိတ်ကျိတ်ခေါ်ပေမယ့် လွှန်က မလှုပ်။

"လွှန် နေခဲ့ပါရစေ မာမီ၊ လွှန် သူနဲ့နေရတာ ပျော် တယ်"

သူ့ခိုး ဓားရိုးကမ်းတယ်ဆိုတာ ဒါမျိုးပဲလား၊ ရန့်သူ့ လက်တွင်းမှ ကယ်ထုတ်ပေမယ့် မလိုက်ချင်၍ ရန့်သူတွေအော် ခေါ်သော စောလူးကြောင့် ကျန့်စစ်သား ပစ်ချခဲ့ပုံကို ဒေါ်စန္ဒီ ကိုယ်ချင်းစာသွား၏။ နေ့ချင်းညချင်း နေရစ်ခဲ့လို့ ပျော်ပျော်ကြီး ကျောခိုင်းရအောင် ဒီသမီးက ကိုယ့်ကမ္ဘာမို့ ဒေါ်စန္ဒီတို့ ဒီနေရာ တင် ကမ္ဘာပြိုလေသည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"မင်းကမ္ဘာပြိုမှ လူသိရှင်ကြားတွေ အော်ဟစ်နေလိုက် တာ၊ မင်း မရှက်ဘူးလား စန္ဒီ၊ သူများကမ္ဘာ မင်းဖျက်ခဲ့တုန်း လူမသိ သူမသိ"

"ကိုကို"

ခေါ်တာက ကိုကိုပါ။ ဒေါသအရှိန်ကြောင့် မလို တွေပိုပါသွားကာ အခေါ်အဝေါ်ကအစ တစ်မျိုးဖြစ်သွားသည် ဒေါ်စန္ဒီက ဆိုဖာကျောမှီပေါ်မှ ကိုယ်ကို ဆတ်ခနဲမတ်ရင်း ယောက်ျားဖြစ်သူကို မီးတွက်မတတ်မျက်လုံးတွေနှင့် ကြည့် သည်

"ဒါဘယ်လိုဖြစ်နေကြတာလဲ ကိုကို၊ အခုပါသွားတာ စန္ဒီနဲ့ ကိုကို့သမီးနော်"

"အေးလေ…သမီးဆီ အခုတင် ဖုန်းခေါ်တာ မင်း





င်ပဲ၊ မင်းလည်း ကြားတာပဲ၊ သမီးက အားလုံးအဆင်ပြေ ယ်တဲ့"

"အို…သမီးက မိဘစိတ်မချမ်းသာမှာစိုးလို့ အခြေ နေမှန်ကို မပြောတာပေါ့ ကိုကိုရဲ့၊ ကိုကို သွားကြည့်ပါလား၊ အိမ်အလုပ်တွေ လုပ်နေရတာရော၊ အဲဒီအဆင့်အတန်းမရှိတဲ့ ကောင်ကို ခြေသည်းညှပ်ပေးရ၊ အိတ်ဆွဲပြီး ကားနားအထိ ိုက်ပို့ရနဲ့၊ သူဌေးသမီးဆိုတဲ့မာန်၊ ငါ မိန်းမဆိုပြီး အုပ်စိုးချုပ်ချယ်နဲ့ မျိုးကို တစ်စက်မှမတွေ့ရတာ၊ အဲဒီပုံအတိုင်းသာဆိုရင် မ်ထောင်သက်ကြာလေလေ ကိုကို့သမီးက နင်းပြားဖြစ်လေ လဲ"

ပြောနေရင်းက မာန်တွေပါလာကာ ခြေချင်းချိတ်ထိုင် ည်။ ဦးဝေမိုးက ဒေါသတွေ၊ အလိုမကျမှုတွေ တစ်ယောက် ည်း သိမ်းပိုက်သောင်းကျန်းနေသည့် ဇနီးဖြစ်သူကို ငေးကြည့် ၏

"ဒါ အိမ်ထောင်ရှင်ဖြစ်လာပြီဆို မိန်းမတစ်ယောက် တက ကျေပွန်ရမယ့်ဝတ္တရားတွေ စန္ဒီ"

"အို…ယောက်ျားယူတာနဲ့ပဲ ဒီမိန်းမက အလိုလို ျွန်ဖြစ်သွားသတဲ့လား၊ ဒီမှာ…ကိုကို၊ အိမ်ထောင်ပြုတာလေ နိုင်ငံ စစ်မျက်နှာဖွင့်တာမဟုတ်ဘူး၊ သမီးက သို့ပန်းလည်း ဟုတ်ဘူး၊ တနာမှုဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"စာနာမှု…ဟုတ်လား စန္ဒီ"

ဦးဝေမိုးက ဖတ်လက်စ စာအုပ်ကို ဘေးချကာ သည်။ ပြီးမှ မယုံနိုင်သလိုကြည့်ပြီး သဘောကျသလိုရယ် လျှောင်ပြောင်လိုက်၏။

"မင်းပါးစပ်က အဲဒီလို စကားထွက်လာတာ ငါအံ့ တယ် စန္ဒီ၊ လူဆိုတာ ကိုယ်ကမပေးနိုင်ဘဲနဲ့ သူများဆီ မတောင်းရဘူးကွ၊ မင်းတုန်းက ရန်ပြေတို့သားအမိအပေါ် စာ စိတ်လေး နည်းနည်းသာ ထားခဲ့ရင်"

"ကိုကို"

ထိုင်နေရာမှ ခေါ်စန္ဒီ ဆတ်ခနဲ ထရပ်သည်။ အနု ရောင် ထက်အောက်ဝတ်စုံနှင့် စန္ဒီဟာ ဟိုးအရင်နှစ်များစွာတုန်း ကနှင့်မခြား။ လှပနုပျိုဆဲ။ စိတ်ဓာတ်ပိုင်းဆိုင်ရာမှာလည်း အတ္တမီး လောင်မြိုက်နေဆဲ။

"ကိုကိုက ဒါ စန္ဒီအလှည့်လို့ ပြောချင်တာပေါ့ ဟုတ်လား"

"ပြောချင်တာ၊ ဒါပေမဲ့ မပြောတော့ဘူး၊ ဘာဖြစ်လို့ လဲဆိုတော့ မင်းအစား ငါ့သမီးလေးက အပြစ်ဒဏ်ခံသွားရလို့ ဒါကြောင့် သူများကို ရှုံ့ချလက်ညှိုးထိုးနေမယ့်အစား ကိုယ့်ကိုယ် ကို နည်းနည်းပြန်ကြည့်လိုက်"

"မကြည့်နိုင်ဘူး၊ ပြီးတော့ စန္ဒီ့သမီးကို ဒီလိုထော





ထက်ထဲမှာ မထားနိုင်ဘူး"

"မင်း မထားနိုင်ပေမယ့် သမီးက နေခဲ့ပြီလေ၊ မေတ္တာ နဲ့မြို့လို့ လုံတယ်ဆိုပေမယ့် မင်းမြို့ပေးသမျှ မေတ္တာမှမဟုတ်တာ၊ ခင်းဖြစ်စေချင်တာတွေကို သမီး ပုံသွင်းခံခဲ့ရတာ၊ ရှိပါစေတော့ စန္ဒီ၊ သမီးကို လွှတ်လပ်ခွင့်ပေးလိုက်ပါ၊ သမီး မပျော်တဲ့အခါ မိဘရင်ခွင်ဆိုတာ အမြဲဖွင့်ထားတဲ့ တံခါးတစ်ချပ်ဆိုတာ သမီး သိအောင် ပြောပြနိုင်ရင်ရပြီ၊ မင်းသာ သမီးအိမ်ထောင်ရေးထဲ ခထာခထာ ဝင်မစွက်ဖက်မိစေနဲ့၊ မင်းကိုမြင်နေသမျှ ရန်ပြေ့အငြိုးက အဆုံးသတ်နိုင်မှာမဟုတ်ဘူး၊ နောက်ထပ် သမီး မင်းကြောင့် ထပ်နစ်နာခဲ့ရင် ငါ မင်းကိုခွင့်မလွှတ်ဘူး"

ကြည့်စမ်း…ကိုယ့်ကို စိတ်ထင်တိုင်း စကားလုံးတွေနဲ့ ဝစ်ပေါက်ပြီး သူက အရင်ကျောခိုင်းထွက်သွားသည်။ စန္ဒီက ခင်ပွန်းသည်ရဲ့ကျောပြင်ကို စိမ်းစိမ်းရှုရှုကြည့်ရင်း နေရာမှာ ခြေစုံ ရပ်ကျန်ခဲ့၏။ ဒီတစ်ကြိမ် သူမ ရှုံးခဲ့ရပြီလား။ လိုချင်တာ ရအောင် ယူနိုင်ခဲ့သော စန္ဒီ့ရာဇဝင်က ဒီရန်ပြေဆိုသူကြောင့် ကြက်ခြေ ခတ်ပစ်ရတော့မှာလား။ သွားစမ်းပါ။ သမီးကို ပုံသွင်း ခဲ့တာမှန်ပေ မယ့် ဒါချစ်လို့၊ တိုးတက်စေချင်လို့၊ အောင်မြင်စေချင်လို့။ အခုတော့ ခင်းက အိမ်ထောင်သည်ဘဝကို သွတ်သွင်းပြီး သူမ မျှော်လင့်ချက် တွေကို ပွဲသိမ်းပစ်တဲ့သူကျတော့ မှန်သတဲ့လား။ သူများတွေ ဘယ်လိုဝေဖန်ပါစေ၊ စန္ဒီကတော့ ကိုယ်လုပ်ခဲ့သမျှ မမှားဟု ယူဆ



www.burmeseclassic.com

www.burmeseclassic.com



တာကြောင့် မမှားသောလမ်းကို ဆက်လျှောက်မည်။ လွဲမှားသော ဘဝထဲမှ သမီးကို ဆွဲထုတ်မည်။ ဒါ စန္ဒီအတွက်ဆိုရင် ဘယ်ဘာသာမြော်ပြော ဂရုစိုက်စရာမရှိ။

◆ ◆ ◆



## အခန်း (၂၇)

"ပြောမှသိ ထိမှနာဆိုတာ တိရစ္ဆာန်တွေလို့ လွန် သိခဲ့ရတယ် ကိုကြီး၊ လွန်က ကိုယ်ရထားတဲ့ လူ့ဘဝကို တန်ဖိုးထားတယ်၊ ကိုယ့်ကြောင့် တခြားလူ့ စိတ်အနှောင့်အယှက်ဖြစ်အောင်လည်း မနေချင်ဘူး၊ ထားရာနေ စေရာသွားတဲ့ဘဝက ကြိုးကိုင်သူအတွက်တော့ စိတ်ချမ်းသာစေတာပဲမဟုတ်လား၊ ဒါကြောင့် လွန်နောက်ပေးတန်းလျားမှာပဲ သွားနေတော့မယ်၊ ကိုကြီး ဘာအတွက်လိုအပ်သည်ဖြစ်စေ ခေါ်ပါ၊ လွန် ရှိနေပေးမှာပါ"

ထိုစကားကို တည်တည်ငြိမ်ငြိမ်ပဲ လွန်ပြောသွားခဲ့သေယ့် မကျေမချမ်း ထဖြစ်ရသူက ရန်ငြိုးပင်ဖြစ်သည်။

"မင်းက မအေထိတော့ မချိအောင် နာပြတာပေါ့၊ ဟုတ်လား...သာလွန်ပြည့်စုံ၊ မင်းကို ဒီလိုနေ ဒီလိုထိုင်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့တာကရော၊ ငါ့ကြောင့် ငါယုတ်မာပါတယ်လို့ လက်ညှိုး ထိုးချင်တာလား၊ ငါ ရိုင်းပါတယ်လို့ မင်းပြောချင်တာလား၊ ငါ့ထို ကောင်းကောင်းကြီး ဆန့်ကျင်ပြလိုက်တာပေါ့… ဟုတ်လား"

"ကိုကြီး မှားနေပြီ"

ရန်ငြိုးကသာ ဒေါသနှင့် ကြမ်းချင်ရမ်းချင်စိတ်တွေ ပြင်းထန်နေခဲ့ကာ လွှန်ကတော့ မျက်လွှာချပြီး တကယ့်ငြိမ်းငြိမ်း ချမ်းချမ်းဖြစ်သည်။

"ကိုကြီးနဲ့မာမီကြားက ပဋိပက္ခတွေကြားထဲမှာ လွှန် ကလေးဘဝကတည်းက မပါခဲ့တာ ကိုကြီး အသိဆုံးပါ တစ်ယောက်က မှန်းတယ်၊ တစ်ယောက်က ငြိုးတယ်၊ အဲ ခံစားချက်တွေနဲ့ ဆန့်ကျင်တဲ့ ခံစားချက်တစ်မျိုး လွှန့်ရင်ထဲမှာ ရှိတယ်၊ လွှန်ချစ်တဲ့သူ နှစ်ယောက်စလုံးကို လွှန်က စိတ်ချမ်း သာစေချင်တာ လွှန့်ဆန္ဒပဲ"

ချစ်ကဲ့သူနှစ်ယောက်တဲ့။ ရန်ငြိုး သက်ပြင်းတစ်ချက် မိုးမှောင်ကျနေသော ခြံထဲမှ နောက်ဖေးတန်းလျားလေးဆီ မရိုး မသုန် စိုက်ကြည့်သည်။

"မိုးရွာတာလည်း ကြောက်တယ်၊ လျှပ်စီးလက်တာ မိုးခြိမ်းတာ၊ အို…အားလုံးကို လွှန်က ကြောက်တယ်၊ ဒါပေမဲ့ မိုးတွင်းကိုမမုန်းဘူး၊ လွှန့်အတွက် ကိုကြီးနဲ့ မိုးရာသီက အတူတူပဲ ကြောက်တော့ကြောက်တယ်၊ ဒါပေမဲ့ မုန်းဖို့တော့မဖြစ်နိုင်ဘူး"





လွှန်က သူမရင်ထဲက ခံစားချက်တွေ တစ်ခုပြီးတစ်ခု ပြောနေပုံက စိတ်ပါလက်ပါ။ ခေါင်းလေးငုံ့ပြီး ရန်ငြိုးကို ပြော နေပုံကအစ တကယ့်ကို သက်သောင့်သက်သာဆိုတော့ ရန်ငြိုး မှာ ပြုံးရမလို မဲ့ရမလို ဖြစ်ခဲ့ရသည်။

အခု ထိုစကားကို ပြန်ကြားယောင်တော့ ရန်ငြိုး ကြည် ကြည်နူးနူး ပြုံးချင်တာတောင် နှုတ်ခမ်းတွေက လှုပ်ရှားမရအောင် ပြုံးဖို့မေ့နေသည်။ လွှန့်အပေါ် စိုးရိမ်စိတ်လွှန်ကဲနေသည်။ ဒါ သွေးရိုးသားရိုးပဲလား။ ဝင်းခနဲ လက်ပစ်တော့ လျှပ်စီးကြောင်း ကြောင့် တန်းလျားကို မိုးရေထဲ သနားစဖွယ်တွေ့ရသည်။ ထို တန်းလျားထဲမှာ လွှန် ဘာလုပ်နေမလဲ။ ကြောက်စိတ်နဲ့ စောင် ခြုံထဲ ဝင်ပုန်းနေမလား။ ခေါင်းအုံးတွေထဲ မျက်နှာဝှက်ထား မလား။ မငြိမ်းချမ်းဖွယ် ရင်ထဲကအတွေးတွေထဲမှာ ဒိန်းခနဲ မိုးခြိမ်းသံက အကျယ်ကြီး။ တစ်တိုက်လုံး လှုပ်ခါသွားသလား ထင်ရအောင် သိမ့်သိမ့်တုန်သွားပြီးနောက် ဖျတ်ခနဲ မီးအမှောင် ကျသွား၏။

"လွှန်"

ရန်ငြိုး တခြား ဘာဘာညာညာတွေ မစဉ်းစားတော့ ဘဲ အိပ်ရာဘေး စားပွဲပုလေးမှာ ထောင်ထားတတ်တဲ့ လက်ဆွဲ မီးအိမ်ကိုယူ၊ ဗီရိုထဲက မိုးကာတစ်ထည်ကို လက်တစ်ဖက်စွပ် လျက်သား အိမ်အောက်ထပ် ပြေးဆင်းခဲ့တာ လွှန်ကြောက်နေမှာ စိုး၍ပါ။



www.burmeseclassic.com

www.burmeseclassic.com



"လှုပ်စီးလက်ပြီးရင် တစ်ကနေ ငါးအထိ ရေကြည့် ငါးမကျော်ဘူး၊ မိုးခြိမ်းတာပဲ၊ အဲဒီလို မိုးခြိမ်းသံကို ကြိုသိ အောင် လုပ်တာတောင် ကြောက်တဲ့စိတ်ကို ထိန်းမရပါဘူး၊ မိုးခြိမ်းရင်ဆော့ ကြောက်သေးတာပါ၊ အဲဒါကြောင့် ဖေဖေက ပြောတာ၊ လွန့်မှာ ကလေးစိတ်မကုန်သေးဘူးတဲ့၊ ကြောက်တာ နဲ့ ကလေးဆန်တာ တခြားစီပါနော်…ကိုကြီး"

လွန်က ရန်ငြိုးဆီက ထောက်ခံချက်တောင်းသလို မျက်နှာလှလှလေး ခပ်မော့မော့ ကြည့်မေးပုံကအစ ရင်ခွင်ထဲ ကျုံးပွေ့ထားချင်စရာဖြစ်သည်။ ထိုစဉ်က သူ ဘာမှပြန်မဖြေခဲ့ပါ။

"အေးလေ…မိုးခြိမ်းလို့ မကြောက်တတ်တဲ့လူ မရှိ ပါဘူး"

လွန်က သူ့အဘသာ တစ်ယောက်တည်း ရေရွတ်သလို ပြောခဲ့တာ သူ အမှတ်တမဲ့နေရင်း သူ့ခြေလှမ်းတွေက ခြံထဲ ဘယ်သို့ဘယ်ပုံ ရောက်လာမှန်းမသိ ရောက်လာ၏။ မိုးသံထဲ လေက ဖျန်းခနဲ ခပ်ပြင်းပြင်းတိုက်တော့ အကာအကွယ်မဲ့ မျက်နှာထား စိုရွှဲရွှဲဖြစ်သွားသည်။ လေကြမ်း မိုးကြမ်းကြားမှာ ပေါက်တိုက်လို့ အောက်မှ တန်းလျားဆီ ရန်ငြိုး တစ်ရှိန်ထိုးပြေး၏။ ငွေမြားတံရှေ့ အလား မိုးစက်တွေ သူ့ကိုယ်ပေါ် တဖွဲဖွဲကျနေ၏။

"ဒုန်း…ဒုန်း"

တံခါးကို ခေါက်မနေတော့ဘဲ လက်သီးနှင့်ပိတ်ထု





သည်။

"ဒုန်း…ဒုန်း…ဒုန်း"

"ဘယ်သူလဲ"

မိုးသံတွေကြားထဲ တိုးထွက်လာသည့် လွန့်အသံလေး က ကြောက်စိတ်ဖြင့် တုန်တုန်ရီရီ ခပ်ဖျော့ဖျော့လေးဖြစ်နေ၏။ တံခါးကို ထပ်ထုဟန်ပြင်နေသည့် ရန်ငြိုးလက်သီးတွေ ပြေကျ သွားသည်။ တံခါးချပ်မှာ လက်ဖဝါးကပ်ရင်း အသံကို တည်ငြိမ် အောင် အရင်ကြိုးစားလိုက်ရသည်။

"ကိုယ်…ရန်ငြိုး"

"ကိုကြီး"

သူ့ရှိရာ ပြေးလွှားလာသည့် လှုပ်ရှားသံသဲ့သဲ့နှင့် ဒုန်း ခနဲ ဝင်တိုက်သံနောက်မှာ ပစ္စည်းတွေ လဲပြိုကျသံ၊ အော်ဟစ် ညည်းညူသံသဲ့သဲ့က တစ်ဆက်တည်းဖြစ်သည်။

"ဟိတ်…ဘာဖြစ်တာလဲ"

"အ…ခလုတ်တိုက်မိတာ ကိုကြီး"

"အထဲမှာ မီးမရှိဘူးလား"

တံခါးတစ်ချပ်ခြားပြီး အတွင်းနဲ့အပြင် အော်နေရင်း လွန့် ဘာတွေဖြစ်နေလဲဆိုတာ ကြားရအောင်လည်း တံခါးချပ်ကို နားနဲ့ ကပ်ပြီး နားစွင့်ရသေးသည်။ ရန်ငြိုးအဖြစ်က စောင့်ကြည့် နေသူသာ ရှိရင် လှောင်ပြောင်ရယ်မောစရာ ဖြစ်မှန်းမသိ ဖြစ်နေတာလည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို ဝန်ခံသည်။

"မရှိဘူး ကိုကြီး၊ ဓာတ်မီးက ဘယ်နားလွတ်ကျသွားမှန်းမသိဘူး၊ အ…နာလိုက်တာ၊ ခြေထောက်က သွေးထွက်သွားပြီထင်တယ်"

"မင်း ထလို့ရလား"

"ဟုတ်"

"ဖြည်းဖြည်းထ၊ ရှေ့မှာရှိတဲ့ ပစ္စည်းတွေကို လက်နဲ့စမ်းပြီး လာလေ၊ မီးမှောင်ထဲ မာရသွန်ထပြေးမှတော့ ချော်လဲပြီပေါ့ကွ"

စိတ်ပူတာတွေ စိုးရိမ်တာတွေရောပြီး ရန်ငြိုးအသံထ အပြစ်တင်ချင်တဲ့အက် ရောက်သွား၏။

"ရလား…လမ်းလျှောက်လို့"

"ဟုတ်"

တော်တော်လေးကြားမှ တံခါးချက်ဖြုတ်သံရဲ့နောက်မှာ သစ်သားတံခါး ဖျတ်ခနဲပွင့်သွား၍ ရန်ငြိုးလက်ထဲက မီးအိမ်ကို မြှောက်အကိုင်မှာပဲ ဝင်းခနဲ လျှပ်စီးတစ်ချက် လက် သွား၏။

"ဂျိမ်း…ဒိန်း…ထိန်း"

"အမလေး…ကိုကြီး"

"ဟိတ်"

"ဝုန်း"





"ဟာ"

ပြင်းထန်ကျယ်လောင်သော မိုးခြိမ်းသံက လွန်းကိုယ်လေးကို သူ့ရင်ခွင်ထဲအရောက် တွန်းပို့လိုက်သလိုဖြစ်ကာ ကြောက်စိတ်ဖြင့် သူ့ရင်ခွင်ထဲ ပစ်ဝင်လာသော လွန်းကြောင့် နှစ်ယောက်စလုံး အရှိန်မထိန်းနိုင်ဘဲ လုံးထွေးလဲပြိုသွား၏။

"လွန်…လွန်း ကြောက်တယ် ကိုကြီး"

"ကြောက်တယ်"

တိုးခိုက်တုန်ယင်သော လွန်းကိုယ်လေးက သူ့ရင်ခွင်ထဲ နစ်နေကာ သူ့နှလုံးသားကို အင်အားနှင့် နူးညံ့သိမ်မွေ့သွားစေလျက် လွန်းကိုယ်လေးကို ချစ်ခြင်း၊ မြတ်နိုးခြင်းများစွာ သူ့ရင်ခွင်မှာ အတင်းကျစ်ဆုံး တန်ပြန်ထွေးဖက်ထား၏။

ထိုညက မိုးသည်းထန်သလို သူ့ရင်ထဲ မုန်တိုင်းထန်ခဲ့တာ အချစ်အမုန်း မညီညွတ်ခြင်းကြောင့်ဟုဆိုလျှင် မုန်းပြီးမှရတတ်သော အချစ်လွန်ရောဂါဖြစ်မည်ဟု သူ ထင်သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"နုမှာတော့ ပူလိုက်ရတာ လွှန်ရယ်၊ လွှန် ပြန်မလာကတည်းက ပူရတဲ့အပူက ကိုရန်ငြိုးက အန်တီ့အပေါ် အငြိုးထားပြီး လွှန့်ကိုခိုးသွားတာ သိကတည်းက၊ အဲ့ိုမပြောဘူးတကယ်၊ ရင်ဘတ်ထဲ မီးလုံးကြီး မျိုချထားရသလိုပဲ"

"ရှော့...ဒီမှာ ကုတ်အေးအေးလေးသောက်၊ အဲဒါမှ မီးမငြိမ်းသေးရင် ဖရီဇာထဲက ရေခဲဆယ်ခဲလောက် တစ်ခါတည်းမျိုချ"

"ကြည့်စမ်း...ဖူရကျိုးမနပ်လိုက်တာ၊ ကိုယ့်သူငယ်ချင်းကို သေကြောင်းကြံတဲ့ အစုတ်ပလုတ်"

"အမလေး...လွှန့်သူငယ်ချင်းလေးကို မသေနိုင်းရက်ပါဘူးဟယ်"





လွှန်က စားစရာ သောက်စရာတွေ နုနုရှေ့မှာ တစ်ခုပြီးတစ်ခု ချပေးသည်။ ပြီးမှ ခုံဆွဲထိုင်ကာ နုနုမေးဖျားကို ဖျစ်ညှစ်ရင်း ခပ်ဖွဖွရယ်သည်။

"လွှန့်သူငယ်ချင်းက ရည်းစားတောင်ထားဖူးသေးတာ မဟုတ်ဘူး"

"အံမယ်...ရှင် တန်းပြီး ယောက်ျားရသွားတော့ ပြောအားရှိသွားပြီပေါ့"

"အဲဒီလို မဟုတ်ရပါဘူးဟယ်၊ လွှန်က နုကို စေတနာနဲ့ပြောတာပါ"

"သွားပါ...အပိုတွေ"

"ဩော်..လွှန်က တကယ်ပြောနေတာ"

"စိတ်မဆိုးပါနဲ့ နုရယ်၊ လွှန်က နုအတွက် ရည်းစားလေးဘာလေး ရအောင် ရှာပေးရမလားလို့ပါ"

"တော်စမ်းပါ လွှန်ရယ်"

"ဩော်...တကယ်ပြောတာပါဆို"

လွှန်က ပြုံးစေ့စေ့လေးနဲ့ မေးထောက်ထိုင်ရင်း နု မျက်နှာကိုကြည့်တော့ နုက လွှန့်ကို မျက်စောင်းထိုးသည်။

"ကိုကြီးမှာ အတွဲမရှိသေးတဲ့ သူငယ်ချင်းရှိတယ်၊ သိလား...သုဝေတဲ့၊ လွှန်တော့ နုနဲ့လိုက်မယ်ထင်တာပဲ"

"အမလေး...မယ်မင်းကြီးမက သူ ယောက်ျားရတာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ နုကို သူ့ဘက်ပါအောင် ဆွဲယူနေပြီပေါ့လေ"

"နုကလည်း…လွှန်က စေတနာနဲ့ကို"

"တော်ပါ ဒီစေတနာ၊ ကိုယ့်အချစ်ရေးသာ အဆင်ပြေ အောင် ကြိုးစားစမ်းပါ၊ နုကို စပ်ဟပ်ဖို့ စိတ်ကူးမနေစမ်းနဲ့"

"လွှန့်အချစ်ရေးက အဆင်ပြေသွားပြီ နုရဲ့"

မျက်နှာလေးပင့်ပြီး မေးဖျားကို လက်ညှိုးလက်မနဲ့ ဆွဲယ ပြီးပြောတာ ဂုဏ်ယူဝင့်ကြွားဟန်အပြည့်နှင့်ဆိုတော့ နုနုက စာ ရွှန်းမှာ ရင်ဘတ်ကပ်လာတဲ့အထိ ကိုယ်လေးကိုင်းလာကာ စိတ်ဝ စားစွာ လွှန့်မျက်နှာကို စေ့စေ့ကြည့်သည်။

"တကယ်ပြောနေတာလား လွှန်၊ လွှန် စိတ်ညစ်နေ တာမဟုတ်ဘူးပေါ့"

"ဘယ်သူပြောလဲ၊ လွှန် စိတ်ညစ်ပါတယ်လို့"

"ဟို…ကိုရန်ငြိုးက လွှန့်ကို အလိုမတူဘဲ"

"အလိုတူပါတယ်"

"ဟဲ့…တကယ်"

လွှန့်ကို ခြေဆုံးခေါင်းဆုံး အစုန်အဆန်ကြည့်ပြီး နုနု ထိတ်လန့်တကြား ထအော်တော့ လွှန် ရယ်လိုက်၏။ နုနုအကြည့် ကို အခုမှ လွှန် သဘောပေါက်သွားတာမို့ မျက်နှာက အဝတ် တစ်စလို ရဲတွတ်သွားပေမယ့် အပြုံးက ထင်နေဆဲ။

"ဘာ…တကယ်လဲ၊ မိနုနော်…လွှန့်နဲ့ကိုကြီးက သန့်သ





သေး"

"ဟင်…ယုံချင်စရာကြီး"

"မယုံလည်းနေ၊ ကိုကြီးက…ဟို…အဲဒီလိုမဟုတ်ဘူး ဘ"

လွှန်က မျက်နှာလေးနီကာ ဆံပင်တွေသပ်ကာ ရှင်းပြ ပြီး သူမဘာသာသူမ ရှက်ပြီး တခစ်ခစ်ရယ်မိသည်။ မိုးသည်း ညမှာပဲ ကိုကြီးရင်ထဲက အချစ်တွေ ဖုံးမရ ဖိမရ ရင်ပွင့်ထွက် လာခဲ့တာ ပြန်တွေးမိတိုင်း လွှန့်ရင်ခုန်သံတွေ ပူနွေးလာရမြ ဖြစ်သည်။

"လွှန့်ကြောက်နေမှာ ကိုယ်သိလို့"

မတည်မပြုံး မျက်နှာနှင့် ပြောပေမယ့် ကိုကြီးမျက်ဝန်း ထဲက စာကို လွှန် ဖတ်ခွင့်ရခဲ့သည်။

"လွှန်"

"ကိုကြီးရယ်"

ချစ်ခြင်း၊ မြတ်နိုးခြင်းများဖြင့် လှိုက်လှဲစွာ ပြုံကျလာ သည့် ကိုကြီးရဲ့ချစ်အနမ်းတွေကို ရင်တသိမ့်သိမ့် စိတ်လှုပ်ရှား စွာခံယူရင်း ကိုကြီးကို မမိမကမ်း ပြန်ဖက်ထားခဲ့မိသူက လွှန်ပါ။

အချိန်တွေ ဘယ်လောက်ကြာသွားသည်မသိ။ လွှန် သတိရသည့်အချိန်မှာ မိုးသံလေသံတွေ တိတ်ဆိတ်နေသည့် အိမ်လေးထဲမှာ ကိုကြီးနဲ့လွှန် နှစ်ယောက်တည်း။ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံ တစ်ယောက် ကြားနေရခိုက်လေးက လွှန့်အတွ
အပျော်ဆုံးဖြစ်သည်။

"ဆောရီး…ကိုယ်မှားသွားတယ်"

"ဟင့်အင်း…ကိုကြီး မမှားပါဘူး"

"ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က ဒီလိုမဖြစ်သင့်တာ
အမှန်ပဲ"

"ဒါဖြင့် ကိုကြီးက ဘယ်လိုဖြစ်ချင်လို့လဲ"

တမ်းတခြင်းများစွာနဲ့ လွှန်က မေးခြင်းပါ။ ကိုကြီး
ကွဲထွက်သွားတဲ့ ခြေမကို ဆေးထည့် ပတ်တီးစည်းပေးရင်း လွှ
မော့ကြည့်သည်။ ကုပ်ချိတားတဲ့ မျက်ခုံးထူအောက်က မျက်ဝ
တွေကို လွှန်က မျက်တောင်မခတ်စတမ်းငေးရင်း ရင်မှာမျှော်လ
တာ ကိုကြီးနဲ့ လွှန်လိုချင်သည့်အဖြေ တစ်ထပ်တည်းကျပါစေ
ဆုတောင်းနေမိ၏။ ရန်ငြိုးက ကြည်စင်သော မျက်ဝန်းတွေမှတ
တန်းစင်းနေသော နှာတံကော့လေးတွေ၊ နီမြန်းနုထွေးနေသ
လွှန့်နှုတ်ခမ်းပါးတွေကို စေ့စေ့စပ်စပ် ကြည့်ပြီးမှ မျက်နှာလွှဲသ
ဖျတ်ခနဲ မတ်တတ်ထရပ်တော့ တမ်းတခြင်းမျက်ဝန်းတွေက
လှုပ်ရှားရာနောက်မှ ကပ်ငြိတွယ်လာ၏။ ရန်ငြိုးက နွေးထွေးနေ
ရင်ခုန်သံတွေကို ငြိမ်သက်စေဖို့ ရင်ဘတ်ကြီး မို့မောက်
သည်အထိ သက်ပြင်း ချလိုက်၏။

"ဖြစ်နိုင်ရင် ကိုယ် တကယ် အငြိုးတွေပြေပေး





ဘယ်"

"ကိုကြီး"

လှည့်ထွက်ဟန်ပြုသည့် ကိုကြီးလက်ကို လွှန် ဖမ်းဆွဲ
လိုက်တော့ ကိုကြီး လွှန့်ကို နူးညံ့သိမ်မွေ့မှုတွေနှင့် တုံ့ပြန်ငုံ့ကြည့်
သည်။

"စတွေ့တုန်းက လွှန့်ကို ကိုကြီး တကယ်မသိခဲ့ဘူး
မဟုတ်လားဟင်၊ မာမီ့သမီးမှန်းမသိခင်က ပေးခဲ့တဲ့ ဆက်ဆံရေးက
ကိုကြီးရင်ထဲကလာတာ မဟုတ်လားဟင်၊ လွှန်မှန်းသိမှ၊ မာမီ့သမီး
မှန်းသိမှ ကိုကြီး ပြောင်းလဲသွားတာမဟုတ်လားဟင်"

လွှန် မေးတာကို သူ မဖြေ။ ရန်ငြိုးက လွှန့်လက်ကို
အသာဖြည်ချတော့ လွှန်က မျက်တောင်တွေ စိုက်သွားအောင်
ငုံ့ကြည့်ရင်း မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ချက်ချင်းပြည့်လာ
၏။

"အဲဒါတွေမပြောနဲ့ လွှန်"

"ပြောရမှာပဲ ကိုကြီး"

"တစ်ထိုင်တည်းမှာ ပြောင်းလဲလို့မရသလို သံယောဇဉ်
ချည်နှောင်ခြင်းဆိုတာကလည်း တစ်ခဏအတွင်း အမြစ်တွယ်
လို့မရဘူး၊ ပြောချင်တာက ဘာမဆို အချိန်နဲ့တိုက်ရိုက်ပတ်သက်
တယ် သာလွှန်ပြည့်စုံ၊ အချိန်နဲ့ အချိုးချမရတာ အချစ်တစ်ခုပဲ
ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်…ဟုတ်လား"

အဲဒီအချစ်က လွန်းအတွက် အချစ်ပဲမဟုတ်လား။ ကိုကြီး က လွန်းကိုမကြည့်ဘဲ ကျောခိုင်းသွားတော့ လွန်းရင်ထဲ နင့်ခနဲ သွား၏။

လွန်းကိုပေးဖို့ အချစ်မရှိခဲ့တာလား။ မေးခွန်းတွေ နှိပ်စက်သလိုရှိပေမယ့် ကိုကြီးနဲ့ လွန်းကြားက ဆက်ဆံရေး ငြိမ်းချမ်းရေးအသွင်ဆောင်လာတာ လွန်း ခံစားမိသည်။ ကိုကြီး က လွန်းကို ရင်ဘတ်ထဲထိ ထည့်မရသေးဘူးလား။ လွန်းကတော့ ကိုကြီးကို တစ်ဘဝလုံးအတွက် ချစ်ရမယ့်သူအဖြစ် ယုံကြည် အပ်နှင်းပြီးသားဖြစ်သည်။

"ကဲ…သတိလေး ဘာလေးနဲ့ထိန်းဦး မရွှေလွန်း၊ ဖုန်း လာနေတာ ကြားမှကြားရဲ့လားမသိဘူး"

"ဟင်…ဘာလဲ"

"ဘာလဲလုပ်မနေနဲ့၊ ရော့…ဒီမှာ ဖုန်း၊ လွန်းမာမီ ဆက်

တာ"

နုနုက လွန်းလက်ထဲကို ဖုန်းထည့်ပေးတော့မှ အတိတ် ဆီ တစ်ပတ်လည်သော လွန်းစိတ်က ပစ္စုပ္ပန် ပြန်ရောက်လာ၏။

"ဟဲလို မာမီ"

"အေး…လွန်းကလေး၊ မာမီ့သမီးကတော့ အိမ်မှာ အလုပ်တွေ တကုပ်ကုပ်လုပ်ပြီး အပြင်နဲ့ အဆက်အသွယ်ပြတ်





သိလား၊ ညည်းယောကျ်ားအကောင်းစားကြီးကတော့ (…·.) ကလပ်မှာ မိန်းကလေးတစ်ယောက်နဲ့ ပျော်ပါးလို့"

"မာမီ"

"ဘာလဲ…မာမီပြောတာ မယုံဘူးမဟုတ်လား၊ မယုံ ရင် လက်တွေ့လာကြည့်လိုက် လွန်း၊ သူ အခု ဒီမှာရှိတုန်းပဲ၊ လာကြည့်လိုက်"

လွန်းရင်ထဲ ထိတ်သွား၏။ ဒါ မာမီ့ရာဇသံလို့ စိတ် ထဲမှာမထင်ရက်။ လက်ထဲကဖုန်းပိတ်ပြီး နုနုဆီ မျက်စိသူငယ် နားသူငယ်နဲ့ လှမ်းကြည့်သည်။

"ဘာတဲ့လဲ…လွန်း၊ အန်တီက ဘာပြောလို့လဲ"

"လွန်းတို့(….)ကလပ်ကို လိုက်သွားရအောင်"

"ဟဲ့…ကလပ်ကို ဘာသွားလုပ်မှာလဲ"

"ကိုကြီးကို သွားကြည့်မလို့"

"ဟယ်"

နု အံ့ဩနေချိန်မှာ လွန်း ဖျတ်ခနဲ ခေါင်းအညိတ်၌ မျက်ဝန်းမှာ စိုစွတ်လာတာ သတိထားမိသည်။ လွန်းကို အမုန်း တွေ ကြိုက်သလောက်ပေးပါ ကိုကြီး။ လွန်း ပွေ့ပိုက်ထားလို့ ရပါတယ်။ ဒါပေမဲ့ အချစ်ကိုဝေမျှဖို့တော့ လွန်းနှလုံးသားတွေ မခံနိုင်အောင် နာကျင်ရလွန်းလို့ လွန်းကို မရက်စက်ပါနဲ့လား ကိုကြီး ရယ်။ လွန်း ထရပ်တော့ နုနုကပါ ဘေးနားမှာ အတူပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြားရတဲ့သတင်းနဲ့တင် လူက ခွေချင်ပေမယ့် ကိုကြီးကို လွှမ်းကိုယ့်မျက်ဝန်းနဲ့မြင်ရတာကိုပဲ အတည်ပြုချင်သည့်အတွက် ကိုကြီးနေသည့်နေရာကို အရောက်သွားဖို့ ဆုံးဖြတ်ပြီးဖြစ်နေသည်။ ခေါင်းစင်ကတည်းက အမုန်းရခဲ့သည်။ အမုန်းပြေခါနီးမှ အလွမ်းအဖတ်တင်မယ်ဆိုရင် လွှမ်းနှလုံးသားတွေ တစ်စစီ တစ်ခုစီ ကွဲကြေမွကြေရတော့မည်။

ဟင့်အင်း...လွှမ်းကို အလွမ်းတွေနဲ့ မထားခဲ့ပါနဲ့ ကိုကြီးရယ်။

◆ ◆ ◆



## အခန်း (၂၉)

တံခါးဖွင့်ပြီး အခန်းထဲရောက်သွားတာနှင့် မီးရောင်နီပြာစိမ်းတွေက လွှမ်းကို ခပ်စိမ်းစိမ်းဆီးကြိုသည်။ ဟော(လ်)ကြီးလို အခန်းကျယ်ကြီးဖြစ်လျက် အခန်းအလယ်မှာ လူတွေ စုရုန်းကနေပုံက မြူးကြွသော တီးလုံးသံကြောင့် အားလုံး လှုပ်လှုပ်ရှားရှား။ လွှမ်းက နန့်လက်ကို တင်းတင်းဆွဲရင်း လူအုပ်တွေကြား ကိုကြီးကို ရှာသည်။ စိတ်လှုပ်ရှားခြင်း၊ ဝမ်းနည်း ခြင်းတွေ ပေါင်းစုပြီး ဘယ်နေရာကိုပဲကြည့်ကြည့် ကြည့်လေရာတိုင်း အမြင်တွေက ဝေဝါးလျက် ဘာတစ်ခုမှမသဲကွဲ။

"လွှမ်း"

လက်ကိုဖျစ်ညှစ်ပြီး နန့်က တိုးတိုးကပ်ခေါ်ပေမယ့် လွှမ်းနားကြားအောင် အကျယ်ကြီးအော်ရသည်။ ဒီလောက်ဆူညံ



www.burmeseclassic.com

www.burmeseclassic.com



နေသော အသံတွေကြား တစ်ယောက်ကိုတစ်ယောက် စကား ပြောဖို့က ဒီနည်းပဲရှိသည်။

"ဟမ်…နုနု ဘာလဲ"

နုနုက လွှန့်ကို အသံတိတ် အခန်းဘေးဘက် စား ဝိုင်းတွေဆီ မေးငေါ့ပြသည်။ ဘေးဘက်မှာ စားသောက်ဝိုင်းတွေ စီစဉ်ထားတာမို့ လွှန့်အကြည့်က ထိုနေရာဆီ ဖျတ်ခနဲရောက်သွား သည်။

"ကိုကြီး"

လွှန့်နှုတ်ဖျားက တိုးဖွဖွအသံ ထွက်သွားသည်။ လွှန့် မျက်စိရှေ့မှာ မြင်နေရတာ ကိုကြီးမှကိုကြီးအစစ်ဖြစ်နေ၏ ဟုတ်သည်။ လွှန့်ရဲ့ကိုကြီး။ နည်းနည်းမှမလွဲပါ။ မာမီလည်း မလွဲပါ။ ကိုကြီးဘေးနား၌ ပခုံးထိရှည်သော ဆံပင်အဖြောင့်နှင့် မိန်းကလေးတစ်ယောက်။ တရှုံ့ရှုံ့ငိုနေပြီး ကိုကြီးက ထိုင်မထ ထမလို။ ဒွေးဗွေ့ချော့မော့လိုသော ကရုဏာတရားများနှင့် ငေးငေးကြီးကြည့်နေတာ မြင်ရတော့ လွှန့်ရင်ထဲ တဆစ်ဆစ် နာလာ သည်။ ဒီလိုနေရာမှာ ဒီလိုနှစ်ယောက်တည်း တွေ့ဆုံမှုက ရိုးစင်း သော တွေ့ဆုံခြင်းတွေမဖြစ်နိုင်။ ကိုကြီးနှင့် ထိုအမည်မသိ မိန်းကလေးက ပတ်ဝန်းကျင်ရှိလူတွေကို မေ့ထားပုံဖြစ်သည်။

"ဘာဆက်လုပ်မှာလဲ လွှန်"

"နုနု"





လွှန့်မှာမဖြေနိုင်။ မေးလာသော နုနုကို ဒီအတိုင်း ပြန်ငုံ့ ကြည့်သည်။ နုနုက မျက်ရည်တွေ ဝိုင်းနေသော လွှန့်ကို သနား ကြင်နာစွာ သက်ပြင်းရှိုက်ကြည့်၏။

"ပွဲသွားကြမ်းမှာလား၊ ဒါမှမဟုတ် ဒီနေရာကပဲ လှည့် ပြန်မလား..လွှန်"

"ဟင့်အင်း"

လွှန်က ဘာကြောင့်မှန်းမသိ။ ခေါင်းခါရင်း မျက်ရည် တွေကျလာတာ ချောင်းရေလျှံသလို တသွဲ့သွဲ့နှင့်ဖြစ်သည်။ လွှန့်ရင်ထဲ နင့်ရှူးနာကျင်နေတာက ချစ်တတ်သော လွှန့်နှလုံးသား တစ်ခုလုံး ခွဲနှုတ်အယူခံလိုက်ရတာထက် အခံရဆိုးသည့်ဝေဒနာ က မကြင်နာတတ်သူဆီမှ တောင့်တမိသော ကြင်နာခြင်းတရား ဖြစ်သည်။ လွှန့်ကို ကိုကြီး ရက်စက်တယ်။ ကိုကြီးနှလုံးသား မှာ လွှန် တကယ်မရှိတော့တာလား။

အချစ်နဲ့အမုန်း လွှန်ခွဲသည့်ပွဲမှာ အမုန်းကို ကိုကြီး အနိုင်ပေးလိုက်တာဆိုရင်လည်း လွှန့်ထိုက်နဲ့ လွှန့်ကံပဲ ရှိပါစေ လေ။

လွှန်ဆိုတာ ဘဝအစတည်းကိုက ချစ်ကံဆိုးခဲ့တဲ့သူပဲ။

"လွှန့်ကို အိမ်ပြန်ပို့ပေး နုနု"

"အိုကေ"

လွှန်က တောင်းဆိုသံထက် လူက အရင် နေရာက



www.burmeseclassic.com

www.burmeseclassic.com



ချာခနဲ ကျော့ခိုင်းလှည့်ထွက်ခဲ့ပေမယ့် လွှမ်းနှလုံးသားက ကိုကြီး မှာသာ ကျန်ရစ်၏။ လွှမ်းက အချစ်ဖြင့် မျက်ကန်းတော့တိုးခဲ့ ၏။ ဘဝရဲ့ရှင်သန်ခြင်းနေ့ရက်တွေထဲမှာ ချစ်ခြင်းကိုသာအလိုရှိ ခဲ့ပေမယ့် လွှမ်း လိုချင်သောအချစ်ကို မရခဲ့။ ပူနွေးစွာလိမ့်ဆင်း လာသည့်မျက်ရည်တို့က လွှမ်းခေါင်းအုံ့မှာ ပါးပြင်ပေါ် အတား အဆီးမဲ့ စီးခနဲပြိုဆင်းသည်။

ဝဋ်ကြွေးရှိရင်လည်း ဒီဘဝမှာပဲ ကြေပါရစေ ကိုကြီး ရယ်။

◆ ◆ ◆



## အခန်း (၃၀)

"လွှမ်းကလေး"

"မာမီ"

ရင်ဖွင့်ဆီးကြိုနေသော မာမီ့ရင်ခွင်ထဲကို ကလေး တစ်ယောက်လိုပြေးဝင်ကာ အားပါးတရ ငိုချလိုက်သူက လွှမ်း ဖြစ်သည်။

ခြံဝမှာပဲ နနကားကို ရပ်ခိုင်းတော့ ည အတော်မှောင် နေပြီဖြစ်သည်။ လမ်းတစ်လျှောက်လုံး ငိုခဲ့သည်။ အခုလည်း ငိုနေရဆဲ။

အချစ်ဆိုတာ မျက်ရည်နဲ့စတာဆိုရင် ထိုစကားဟာ လွှမ်း အတွက် ဖြစ်နေ၏။

နကတော့ လွှမ်းကို တစ်လမ်းလုံး နှစ်သိမ့်ထား



www.burmeseclassic.com

www.burmeseclassic.com



"အခုက အမြင်ပဲရှိသေးတာ လွှန်ရယ်၊ သေချာအောင် အိမ်ကျမှ မေးမြန်းကြည့်ပေါ့ဟယ်၊ မျက်စိနဲ့တပ်အပ်မြင်တိုင်း ထင်သလို ဖြစ်မလာတဲ့ကိစ္စတွေ အများကြီးရှိနေခဲ့တာပဲ၊ မြင်ပြီးရင် ကြားတာနဲ့ပေါင်းပြီး အတည်ပြုဖို့၊ ပြီးမှ တစ်ခုခုဆုံးဖြတ်ပါဟာ၊ ဘာမှမသေချာသေးဘဲ လွှန်ငိုနေတာ ကြည့်ရုံနဲ့ သားကနတောင် တော်တော်ပင်ပန်းနေပြီ"

နုနု ပျောင်းဖျစာန်းက မျက်ရည်စဲသွားပေမယ့် တစိမ့်စိမ့် ပြန်တွေးတော့ တသိမ့်သိမ့်ငိုချင်လာပြန်သည်။ ချော့လိုက် ပြန်တွေးလိုက်၊ ပြန်ငိုလိုက်နှင့် လွှန် အိမ်ပြန်ရောက်တော့ မှောင်မိုက်ခြင်းက ကြီးစိုးလျက်ကြားမှာ မာမို့ကိုတွေ့ရတော့ ခြံထဲ ဝင်မည့်ခြေလှမ်းတွေ တုံ့ခနဲရပ်ကာ မာမို့ရင်ခွင်ထဲ ပြေးငိုမိခြင်း ဖြစ်သည်။

"မာမို့သမီးလေးကို သနားလိုက်တာကွယ်"

"ဘယ်လိုဖြစ်ပြီး မာမီ ဒီရောက်လာတာလဲဟင်"

ကိုကြီးနှင့်လက်ထပ်ပြီးမှ မာမီနှင့်ပြန်တွေ့ရတာ ဒါဒုတိယအကြိမ်ဖြစ်၍ အငိုရပ်ပြီး မာမို့ကို တအံ့တဩငေးကြည့်ဖြစ်သည်။ ခြံအေးမှောင်ရိပ်ကျကျမှာ ရပ်ထားသည့် မာမီရဲ့ CYGNUS အနက်ရောင်ကားက အမှောင်ရောထွေးပြီး ကားလုံးပျောက်နေ၏။ မာမီကိုယ်တိုင် ထက်အောက်ဆင်တူ အနက်ရောင်ဝတ်ထားတာမို့ ဖြူဝင်းသောမျက်နှာမှာ ရဲရဲနီရွှေးသော နှုတ်ခမ်းတွေသာ မရှိခဲ့ပါလျှင် မာမီလည်း အမှောင်ထုထဲ စုန်းစုန်းမြုပ်





နေနိုင်၏။

"ဘယ်လိုလဲ လွှန်ကလေး၊ မာမို့ရင်ခွင်ကို ခေါင်းခါပြီး မျက်နှာမူထားတဲ့ သမီးယောကျ်ားရင်ခွင်ကရော ငြိမ်းချမ်းရဲ့လား၊ နွေးထွေးရဲ့လား"

"မာမီ"

မာမို့အမေးကို လွှန့်ဘက်က ဖြေရှင်းချက်မပေးနိုင်ဘဲ မာမို့ကို နှုတ်ဆွံ့လျက် အငိုမျက်နှာနှင့် ပြုံးကြောင်ကြည့်နေမိ၏။

"ဘယ်လိုလဲ သမီး၊ မာမီမေးတာကို မဖြေတော့ဘူးလား"

"ဟင့်အင်း…လွှန် ဘာမှမသိဘူး မာမီ"

လွှန်က မာမို့ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ ငိုလိုက်သည်။ ဒေါ်စန္ဒီက သမီးရဲ့ကျောပြင်ကို သိုင်းဖက်ထားသော လက်နှင့် ဖွဖွပုတ်ရင်း ထိုလက်တွေနှင့်ပင် သမီးပခုံးနှစ်ဖက်ကို ဆွဲခွာကာ သူမနှင့်မျက်နှာချင်းဆိုင်ရပ်လိုက်၏။

"တိတ်တော့ လွှန်ကလေး၊ ပြဿနာတစ်ခုဖြစ်တိုင်း အသုံးမဝင်တဲ့အရာက အဲဒီမျက်ရည်တွေပဲ၊ ရင်မဆိုင်ရသေးဘဲ ငိုနေတာ လူပျော့လူညံ့တွေရဲ့အလုပ်"

"လွှန် မငိုပါဘူး မာမီ၊ ဒါပေမဲ့…"

"တော်တော့ သမီး၊ သမီး ဘာပြောမှာလဲဆိုတာ မာမီ သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



လွန်က မျက်ရည်တွေကို လက်ဖမိုးနှင့် ခပ်ကြမ်းကြမ်း ပွတ်ခဲ့တော့ မျက်နှာလေးက အနီရင့်သွားပြီးမှ ချက်ချင်းအရောင် ဖျော့ကျသွား၏။ လွန်က စူးစိုက်ကြည့်နေသည့် မာမီ့မျက်ဝန်း တွေကို ရင်မဆိုင်ရဲသလို မျက်နှာလွှဲ ခေါင်းငုံ့လိုက်တော့ မာမီက လွန့်မျက်နှာကို မျက်တောင်မခတ် စိုက်ကြည့်နေ၏။

"သမီးငိုတာမဟုတ်ဘူး၊ မျက်ရည်က သူ့အလိုလိုကျ လာတာလို့ မာမီ့ကိုပြောမလို့မဟုတ်လား"

"တော်ပြီ လွန်ကလေး၊ အဲဒီမျက်ရည်တွေကို ထပ်မကျ အောင်ထိန်းပြီး မာမီနဲ့အိမ်ထဲဝင်ကြမယ်"

"မာမီနဲ့"

"ဟုတ်တယ်"

"ဟင်"

ဒေါ်စန္ဒီက ဆတ်ခနဲ လွန့်ကို ခေါင်းညိတ်ပြ၍ အကြည့် တို့က သမီးကိုကျော်ပြီး မီးတွေထိန်ထိန်လင်းနေသော ရန်ဖြိုး အိမ်ကြီးဆီ လှမ်းမျှော်ကြည့်သည်။ သားရဲတွင်းမှန်းသိသိကြီးနှင့် သမီးကို ပစ်မချနိုင်ခဲ့ပါ။ ဒါ သူမရဲ့မိခင်မေတ္တာဖြစ်သည်။ အပြိုး တွေ့ဖွေ့ပိုက်ပြီး ပြန်လာသူကို သမီးက ရင်ခုန်သွားခဲ့သော အဖြစ်က ကိုယ့်ရင်ကိုဖွင့်၍ ကြိုက်ရာလက်နက်နှင့်ထိုးစမ်းလို့ အခွင့်အရေးပေး သလိုဖြစ်ခဲ့သည်။ အခုတော့ ကိုယ်လည်း ထိချက်ပြင်းသည်။ သမီးရထားသော ဒဏ်ရာက သေရာပါလောက်ပြီမို့ သမီးမျက်နှာကို





ဒေါ်စန္ဒီ ကြည့်လိုက်၏။

"ဒီအိမ်ထဲကို သမီးယောကျ်ားက ဟိုမိန်းမပါ ခေါ် လာခဲ့ပြီ လွန်ကလေး"

"ရှင်"

"ဘာလဲ၊ မာမီပြောတာ မယုံပြန်ဘူးလား"

"မ…မဟုတ်ပါဘူး မာမီ"

ခြောက်ခြောက်ခြားခြား ဖြစ်သွားသည့် လွန့်မျက်ဝန်း တွေကို ဒေါ်စန္ဒီက အားပေးပြုံး ပြုံးပြဖို့ ကြိုးစားပေမယ့် အပြုံး တို့ မဖြစ်ထွန်းခဲ့။ နှုတ်ခမ်းကို ခပ်မဲ့မဲ့အသွင်ဆောင်ရင်း မျက်ဝန်း မှာ ဒေါသမီးက ပြင်းထန်စွာ တောက်လောင်လျက်။

"ကျေးဇူးရှိမှ ကျေးဇူးစွပ်တယ်ဆိုတာ ဒါပဲ သမီး"

"အဟွန်း…သူတို့ခံစားခဲ့သမျှကို ရာဇဝင်တွင်အောင် အငြိုးထားခဲ့တယ်နဲ့တူတယ်"

ဒေါ်စန္ဒီက သမီးပခုံးကို ဆုပ်ကိုင်ထားသော လက်ကို ဖြည်းချကာ သမီးလက်ဖဝါးကို ဆွဲလိုက်၏။

"ဘာပဲဖြစ်ဖြစ် မာမီတို့ ရင်ဆိုင်ဖို့လိုမယ် လွန်ကလေး၊ သမီးသိအောင် ကြိုပြောထားမယ်နော်၊ ရင်ဆိုင်တယ်ဆိုတာ အရှုံးပေးတာမဟုတ်ဘူး၊ အညှံ့ခံဖို့မဟုတ်ဘူး၊ သူ ခံစားခဲ့ရသမျှ ပြန်ပေးတာကို မာမီတို့လက်မခံရင် အဲဒါ ဘယ်တော့မှမရှုံးဘူး"

မာမီက လွန့်ကို အားပေးတာလား၊ လွန့်အသည်းနှလုံး



www.burmeseclassic.com

www.burmeseclassic.com



ထဲ သံမှိုနက်သလို ရိုက်သွင်းပေးခဲ့ခြင်းလားမသိ။ လွှန် သေချာအောင် မစဉ်းစားနိုင်ဘဲ လွှန့်ခြေလှမ်းများက မာမီခေါ်ရာဆီ လိုက်ပါခဲ့ရသည်။ အကယ်၍များ တန်ခိုးရှင်တစ်ယောက်သာ လွှန့်ရှေ့ရောက်လာပြီး လိုရာဆုတောင်းစေလို့ဆိုလာပါက လွှန် တောင်းမှာ ဆုတစ်ဆုတည်း။

ဘဝအဆက်ဆက် သူများစိတ်နဲ့ ကိုယ့်ရဲ့ခန္ဓာ မဖြစ်ရပါစေနဲ့လို့။

◆ ◆ ◆



## အခန်း (၇၇)

"ငါ့အိမ်ခေါ်လာပြီ သုဓေ၊ မင်း အဲဒီက ကိစ္စတွေ ဖြတ်ပြီး မြန်မြန်လာခဲ့တော့"

ရန်ပြိုးက သုဓေကိုဖုန်းပြောရင်း မျက်စိရှေ့မှာထိုင်နေကာ တရှုံ့ရှုံ့ငိုမဆုံးသော ကြည်လဲ့ကို စိတ်ရှုပ်စွာ လှမ်းအကြည့်မှာ အကြည့်ချင်း မတော်တဆဆုံသွား၍ အားပေးပြုံး ပြုံးပြလိုက်ရသည်။ သုဓေလာတော့မှာ…မငိုနဲ့နော် ဆိုတဲ့စကားကို အခါတစ်ရာလောက် ပြောရဖန်များသောအခါ လူက ရှူးတောင် ရှူးချင်လာသည်။

"ငါ့မားသားကြီးက ကြည်လဲ့နဲ့ကိစ္စကို သိသွားတော့ သွေးတွေဆောင့်တိုးသွားတယ်ကွ၊ မင်း ခေါ်ပေးထားတာ ကျေးဇူးရှန်ကြီး၊ ကြည်လဲ့က ကလပ်ကဆိုတော့ နည်းနည်းစိတ်ပူသွား



www.burmeseclassic.com

www.burmeseclassic.com



တာ ပါမှာပေါ့၊ မင်း ထိန်းထားပေးကွာ ဒီတစ်ညတော့ ဒ
ဒီမှာ အားလုံးပြီးတာနဲ့ ထွက်ခဲ့မယ်''

''မင်း ကြည်လဲ့နဲ့ပြောဦးမလား''

''လူချင်းရောက်လာမှပဲ ချော့တော့မယ်ကွာ၊ ကြည်
ငိုသံကြားရင် ငါ ပြေးလာချင်မိမှာ''

ပြေးလာချင်လည်း လာပေါ့လို့ စိတ်ပေါက်ပေါက်နဲ့ ပြော
တာ။ ရှင်းရှင်း အရှုပ်မှန်သမျှ ရန်ငြိုးခေါင်းပေါ် ထိုးချသော ဒင်း
ခေါ်သလည်းထွက်သည်။ မိသားစုကတစ်ဖက်၊ ချစ်သူကတစ်
နှင့် ဘေးကျပ်နံကျပ်ဖြစ်နေသော သုဝေအား ကိုယ်ချင်းလည်း
သည်။ သုဝေနှင့်ကြည်လဲ့ ချိတ်မိသွားခြင်းက သူ့ပယောဂ
မကင်း။ ခြေထောက်မှာ ဇွေပါသလား သံသယရှိရအောင် ခြေ
တတ်သော ရန်ငြိုးက ကလပ်တွေ ဘာတွေတက်ဖြတ်တာ အ
သဘောနဲ့ပါ။ သူ သွားလေရာပါတဲ့ သုဝေက အတည်သ
တွေနှင့် ကြည်လဲ့နှင့် ချစ်ကြကြိုက်ကြကာ အချစ်တွေခြေကျ
မယူမဖြစ်အခြေအနေတွေ ဖြစ်လာသည်။ ဒီကြားထဲ သုဝေမိဘ
ဒီသတင်းကြားသွားသည့်အခါ ဖြစ်နေကျထုံးစံအတိုင်း သွေးတ
တဲ့သူနှင့် နေ့ချင်းညချင်း နှလုံးရောဂါရသူနှင့်။ ကြည်လဲ့ကလည်
အထုပ်ဆွဲကာ သူ့ထံ ရောက်လာသည်။

''ကြည်လဲ့ အိမ်ကအပြီးဆင်းလာခဲ့ပြီး ကိုရန်ငြိ
ကိုရန်ငြိုး သိတဲ့အတိုင်း၊ ကြည်လဲ့အဒေါ်အိမ်မှာ ကပ်နေရတ





ဆိုတော့ ကြည်လဲ့ကို မကြည်ဖြူကြတာလည်း ပါတယ်၊ ပြီးတော့
ကိုရန်ငြိုး သူငယ်ချင်းက ဒီနေ့ နှစ်ဦးသဘောတူ လက်ထပ်
မယ်ဆိုတာနဲ့..''

ပြဿနာတွေ တိုက်ဆိုင်သွားသည့်အခါ ဤကဲ့သို့
ရှုပ်ထွေးသွားတတ်ပါသည်။ ကြားထဲက နစ်နာသူက နောက်ဆုံး
ကူညီတတ်သူဖြစ်သွားတာမို့ သူများအကျိုးဆောင် ကိုယ့်အကျိုး
အောင်ဆိုသော စကားပုံကို သူက ရယ်ချင်ချင်။

''ကဲ...ကြည်လဲ့''

''ကိုရန်ငြိုးသူငယ်ချင်းက ကြည်လဲ့ကိုမယူချင်လို့တော့
မဟုတ်ပါဘူးနော်၊ အဲဒီလိုဆိုရင်တော့ ကြည်လဲ့ဘဝ ပျက်ပါပြီ...
အင့်...အီး...ဟီး''

''ဟာ...ဟော့..ဟော့...အာ..မငိုပါနဲ့ဟာ၊ သုဝေက
ဒီလိုကောင်စားမျိုး မဟုတ်ပါဘူးဟာ၊ ဒီကောင် ညည်းကိုယူမှာပါ၊
လာပါလိမ့်မယ်၊ ဒီနေ့ ဒါမှမဟုတ် မနက်ဖြန်''

''မနက်ဖြန်မှ သူ ရောက်မလာရင် ကြည်လဲ့မှာ သွား
စရာနေရာလည်း မရှိ၊ နေရာအိမ်လည်း မရှိဘူး ကိုရန်ငြိုးရဲ့၊
ဒီကြားထဲ ကလေးမွေးလာရင် ဒီကလေးသေးသေးလေးနဲ့ အလုပ်
လုပ်ဖို့ဆိုတာ''

''ကဲပါဟာ...ဒီကောင်မလာမချင်း ငါ့အိမ်မှာပဲနေ၊
ဒီကြားထဲ ကလေးမွေးချင်လည်း ဒီမှာမွေး၊ ငါ ထမင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွေးထားမယ်၊ နေစရာလည်းပေးမယ်၊ ကလေးနဲ့ ညည်းနဲ့ နှစ်ယောက်စလုံးကို…ဟုတ်ပြီလား"

"ဒါတော့ ဟုတ်ပါပြီ၊ ငါ့သမီးကျတော့ မင်းက ဘယ် နေရာသွားထားမှာလဲ ရန်ပြေ"

ဒီအသံ။ ရန်ငြိုးက ဖျတ်ခနဲ ခေါင်းမော့ကြည့်တာ သူ့ရှေ့ ကြည်လဲ့ဆီ။ ကြည်လဲ့ကတော့ သူ့ထံ အကြည့်မရှိဘဲ သူ့နောက် ကျော်ကြည့်ကာ မျက်ရည်အပြည့် မျက်ဝန်းတွေက အံ့သြခြင်း တွေနဲ့ပါ။ ရန်ငြိုးက နောက်ဘက်ဆီ ခေါင်းငုံ့ကြည့်လိုက်တော့ ညှော်ခန်းဝမှာ လက်ပိုက်ပြီး တံခါးဘောင်ကို နွဲ့နွဲ့မှီရပ်နေတဲ့ ဒေါ်စန္ဒီ ဖျင်းခနဲ ဖြစ်သွားတဲ့စိတ်နဲ့ တုံ့ပြန်ရန် နေရာမှထ မျက်နှာချင်းဆိုင်တော့ ဒေါ်စန္ဒီနှင့်ပါ။ အထိနာစေမည့် စကားတို့ကို ရင်ထဲစီပြီးမှ ဖွင့်ဟ တိုက်ခိုက်ရန် ရည်ရွယ်ခဲ့ပေမယ့် ဒေါ်စန္ဒီ နောက်နားမှ ဖျတ်ခနဲပေါ် လာသည့် အငိုလွန်မျက်နှာ အစ်တစ်တစ်လေးကြောင့် ရန်ငြိုး ပါးစပ်ပိတ်သွား၏။

"ခင်ဗျား ဒီကိုဘာလာလုပ်တာလဲ"

"မင်းရင်ထဲက အငြိုးအဖွဲ့တွေကို လာရှင်းတာ"

ရန်ငြိုး နှုတ်ခမ်းကို တင်းတင်းဆွဲစေ့ကာ ဒေါ်စန္ဒီ မျက်နှာကို ကြည့်လိုက်၏။ ဒေါ်သတွေရင့်ပြီးမှ လွန်လေး မျက်နှာကို မြင်လိုက်ရချိန်မှာ ပရက်ရှာထိုးကျသွားတဲ့အဖြစ်က အံ့သြဖွယ်ရာ လည်း ကောင်းသည်။ ရင်ထဲ နူးညံ့သွားတာလည်း ချက်ချင်းပဲ





ဒါသမီးကြောင့် ပူလောင်လိုက်၊ သနားခြင်းကြောင့် အေးမြသွား လိုက်နှင့် ရင်ခွင်လွင်ပြင်ဟာ ဘာမှန်းမသိပါ။

"ပြောစရာ မင်းဘက်က မရှိရင်တော့ ငါပြောမယ်၊ မင်း နားထောင်"

အမိန့်အာဏာသံပါပါပြောရင်း ဒေါ်စန္ဒီက ဂိုယ်ကို မတ်မတ်ထားကာ ဘောင်းဘီအိတ်ထဲ လက်စုံနှိုက်ကာ အလှူပဆုံး ဖြိုးပြသည်။

"ငါ့သမီးကို ငါပြန်ခေါ်သွားမယ်၊ မင်းမှာ နောက်ထပ် ငါ့သမီးကို ဘယ်လိုချိုးဖဲ့ဖို့ အစီအစဉ်တွေရှိရှိ ငါ့သမီးက လက်မခံ နိုင်တော့ဘူးလေ၊ ဒီတော့ တစ်ပတ်အတွင်း ကွာရှင်းစာချုပ် ငါ ပို့လိုက်မယ်၊ ဟုတ်ပြီလား"

ဒေါ်စန္ဒီစကားက ရန်ငြိုးရင်ထဲမှာ ဖျတ်ခနဲစူးရှသွားတာ က နှုတ်ခမ်းအစုံမှာ မထိတရိအပြုံးက ဖျတ်ခနဲပေါ်လာ၏။ ဆိုဖာ တွေကို ကျွေပတ်ထွက်ပြီးမှ ဒေါ်စန္ဒီရှေ့တည့်တည့် ရန်ငြိုး လျှောက် သွားသည်။

"ဒါ ကစားနေတာမဟုတ်ဘူး ဒေါ်စန္ဒီ၊ အခု နုတ်ထွက် မယ်၊ အခု ကစားပွဲစမယ်လို့ သဘောရှိတိုင်း ပြောင်းလဲပစ်လို့ လွယ်ရင်…အဟွန်း…အိမ်ထောင်ရေးဆိုတာ ခေါင်းစားစရာမလို တဲ့ကိစ္စ ဖြစ်သွားမှာပေါ့၊ ခင်ဗျားပဲ အပြောကောင်း"

"မင်း ဘာပြောချင်တာလဲ ရန်ပြေ"



www.burmeseclassic.com

www.burmeseclassic.com



"မေးကြည့်မလို့ပါ ကျွန်တော့်မိန်းမကို၊ ဒီမှာ နေချင်လား၊ လိုက်သွားချင်လားဆိုတာ"

ရန်ငြိုးစကားကြောင့် လွန်းရင်ထဲ ဒိန်းခနဲမြည်သွားသည်။ လွန်းမှာ ငိုရှိုက်လို့မှ အားမရသေး။ နောက်ထပ်မျက်ရည်ကျ အဖြစ်ကော ထပ်ရောက်လာပြန်၏။ ကိုကြီးရယ် လွန်းက ကိုကြီး သဘောကျ ခေါင်းညိတ်နာခံမယ့်သူပါလို့ ရင်ထဲပွဲတင်ထပ်အော် အော်နေပေမယ့် ကိုကြီးအချစ်ကို မရနိုင်တော့ဘူးဆိုတဲ့အသိက လွှာကို မျှော်လင့်ချက်မဲ့စေ၏။ သဲနုနုမှာတောင် ခြေရာထင်ကျ ထက်ရင် နလုံးသားဆိုတာ နင်းခြေပြီးတိုင်း ပျောက်ဖျက်လို့မ နိုင်တာမို့။ ရန်ငြိုးက ဒေါ်စန္ဒီဘေး ဖျတ်ခနဲ ခြေထောက်ရွှေ့လိုက် တော့ ဖန်နုရောင်ပခုံးချိတ်ရဲ့ ဂါဝန်တိုလေးနှင့် လွန်းမျက်နှာလှလှ လေးကို သူ စိုက်ကြည့်လိုက်၏။

"ပြောပါဦး၊ မင်းရဲ့ သဘောထားက ဘာလဲ လွန်း"

ကိုကြီးက လွန်းကို မေးဆတ်ပြီးမေးပုံက စိုးရိမ်ကြောင့်ကြ ရာမထင်။ လွှမ်းမှာသာ ရင်ကွဲမတတ်ခံစားနေရပြီး ကိုကြီးကျတော့ ဘာတစ်ခုမှ ခံစားရသည့်ပုံ ဖြစ်နေတာကို လွန်း အသည်းအနာ ဆုံးဖြစ်သည်။

"မင်း သူ့ကို မေးစရာမလိုဘူး"

ဒေါ်စန္ဒီက ရန်ငြိုးနှင့် လွန်းအကြား ဝိတ်ရပ်ရင်း ရန်ငြိုး မျက်နှာကို မှုန်းတီးစွာကြည့်သည်။





"ဒီအခြေအနေ ဒီမြင်ကွင်းကို မြင်ပြီးမှပဲ ငါ့သမီးဒီမှာ ဆက်ထားရအောင် ငါ နွားမဟုတ်ဘူး ရန်ငြိုး၊ မင်း ကွာရှင်းစာချုပ်သာ စောင့်နေလိုက်ပါ"

ဒေါ်စန္ဒီက ပြောပြောဆိုဆို ဖျတ်ခနဲကျောခိုင်းလိုက်ပြီး ဆောင့်ခနဲ လွန်းလက်ကို ဆွဲခေါ်သွားခြင်းတွေက တပြိုင်တည်း ပေမယ့် ရန်ငြိုးမျက်ဝန်းထဲ ထင်ကျန်ရစ်ခဲ့တာက သူ့ထံလည်ပြန် ငေးကြည့်သွားခဲ့သော လွန်းရဲ့ နာကျင်ကြေကွဲနေတဲ့ မျက်ရည်ပြည့် မျက်ဝန်းတစ်စုံဖြစ်သည်။

"လွန်း"

သူ လှမ်းခေါ်ပေမယ့် လွန်းက မထူး။

ဒေါ်စန္ဒီခေါ်ရာ တရွေ့ရွေ့ပါသွားပုံက အရုပ်လေးတစ်ရုပ် လို ဖြစ်နေတာကြည့်ပြီး ရန်ငြိုးရင်ထဲ ဆစ်ခနဲနာကျင်သွား၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ဒါက ဘယ်လိုဖြစ်တာလဲ သား"

"မေမေ့ကို ရှင်းလင်းအောင် ပြောကြစမ်းပါဦး"

ဒေါ်နွဲ့နှောင်းက ရန်ငြိုးကိုကြည့်ပြီး သူ့လက်ကိုင်အိတ်ကို ထမင်းစားပွဲပေါ် ဆောင့်ခနဲချသည်အထိ ရန်ငြိုးက ခေါင်းမော့မလာသေး။ ရန်ငြိုးက ရေခဲပန်းကန် အင်မတန်လှပါသည်လို့ ချီးကျူးလက်ခါရအောင် အစိမ်းရင့်ရောင် အရက်ပုလင်းပုပုဝိုင်းဝိုင်းကြီးက အဖုံးဖွင့်လျက်သားနှင့် အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်နေ၏။ ငါးမုန့်ကြော် ပန်းကန်တစ်ချပ်သာ အမြည်းအဖြစ် ကျန်ရစ်ပြီး သောက်လက်စဖန်ခွက်ထဲမှာ ယစ်ရွှေရည်က ခွက်တစ်ဝက်ကျိုးရှိနေဆဲ။ ဒေါ်နွဲ့နှောင်း ဖန်ခွက်ကို ဆိုးဆိုးဆတ်ဆတ် ကောက်ယူကာ ဘေစင်ဆီ ပိုးခနဲနေအောင် ပစ်ထည့်လိုက်သည်။





ခွမ်းခနဲ ထိခတ်ကွဲကြေသံက ပြဿနာကို ထိုးဖောက်ပစ်လိုက်၏။

"ရန်ငြေ...မေမေ့ကို မော့ကြည့်စမ်း"

အမေ့ကို မော့ကြည့်လာသည့် ရန်ငြိုးမျက်နှာမှာ မျက်ဝန်းတွေ ရဲရဲနီလျက် တစ်စုံတစ်ရာကို မချိမဆံ့ခံစားနေပုံပေါ်သည်။ ဆံပင်တွေက ညင်းသိုးသိုး ပွယောင်းယောင်းနှင့်မို့ သားပုံစံက အသည်းကွဲသမားကြီးလိုလို ဘာလိုလို။

"အသည်းကွဲနေတာတော့ အမှန်ပဲ အန်တီ၊ ဒီကောင် အန်တီတို့ကို အသိမပေးဘဲ မိန်းမယူထားတယ်"

"ဘယ်လို...သားက မိန်းမယူထားတယ် ဟုတ်လား"

"ဟုတ်တယ် အန်တီ"

သုဓေ သတင်းပေးတုန်းက ဒေါ်နွဲ့နှောင်းမှာ ဂျပန်ကနေ မြန်မာနိုင်ငံကို ဒုန်းစိုင်းပြေးချ လာချင်စိတ်ပေါက်သည်အထိ။

"ဘယ်သူနဲ့လဲဟင်၊ ဘယ်ကလဲ၊ မျိုးရိုးကရော"

သားအတွက်စိတ်ပူပြီး မေးခွန်းတွေထုတ်လိုက်ရတာ ဒေါ်နွဲ့နှောင်းမှာ အသက်ရှူရပ်မတတ် ဖြစ်ခဲ့ရသည်။ အမေ့ကို အသိမပေးဘူးဆိုတော့ အမေ သဘောမတွေ့သော အသိုင်းအဝိုင်းက ဖြစ်နေမလားလို့ စိုးရိမ်ခဲ့သည်။

"အခုတော့ မိန်းကလေးဘက်က ကွာရှင်းစာချုပ်ပို့လိုက်ပြီ အန်တီ"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဘယ်လိုဖြစ်ရတာလဲကွယ်"

"အန်တီ့ကို ရှင်းရှင်းလင်းလင်း ပြောစမ်းပါ သုဝေ ရယ်၊ ဒီမှာ ရင်တုန်ပြီး အသက်တောင် ဝဝရှူလို့မရတော့ဘူး"

သားသတင်းကြောင့် ထိတ်လန့်ပြီး ရင်ဘတ်ကို လက်နှင့်ဖိထားမိသည်။

"ကျွန်တော်လည်း သေချာမသိဘူး အန်တီ၊ ရန်ကြီး လက်ထပ်လိုက်တဲ့ ကောင်မလေးက မျိုးရိုးကောင်းတယ်၊ ပညာတတ်၊ သူဌေးသမီးလေးပါ"

"ဒါနဲ့များ ဘယ်ကဘယ်လိုဖြစ်ပြီး ကွာရှင်းကြတဲ့အထိ ဖြစ်ရတာလဲကွယ်"

"ရန်ကြီးက အဲဒီကောင်မလေးကို လက်ထပ်ခဲ့တာ ချစ်လို့လက်ထပ်ခဲ့တာမျိုးတော့ မဟုတ်ဘူးထင်တယ်"

"ဘယ်လိုကွဲ၊ မချစ်ဘဲနဲ့ လက်ထပ်တာရှိသေးလို့ လား"

မကြားဖူးတာတွေ ကြားနေရ၍ ဒေါ်နွဲ့နှောင်း မျက်ခုံး တွန့်လိုက်၏။

"ကျွန်တော့်အထင်ပြောရရင် တစ်ခုခု မကျေနပ်ခဲ့လို့ အငြိုးထားပြီး လက်စားချေတာမျိုးလားမသိဘူး အန်တီ၊ ဒါပေမဲ့ ကောင်မလေးက ကွာရှင်းမယ်ဆိုတော့လည်း ရန်ကြီး အသည်း ကွဲနေတဲ့ပုံပဲ၊ အရက်ချည်းသောက်နေတာ ဆယ်ရက်လောက် ရှိပြီ"

"နေဦး···နေဦး သုဝေ၊ သား လက်ထပ်လိုက်တဲ့





မိန်းကလေးနာမည်က"

"သာလွန်ပြည့်စုံတဲ့ အန်တီ၊ မြန်မာနိုင်ငံမှာ အသည်း အထူးကုပါမောက္ခ ဦးဝေမိုးရဲ့သမီး အန်တီ၊ အန်တီ သိမလား"

"ဟင်"

သား ဘာဖြစ်လို့ အခုလိုဖြစ်ရတာလဲဆိုတာ ဒေါ်နွဲ့နှောင်း တစ်ခါတည်း သဘောပေါက်သွားရပါပြီ။ သားရင်ထဲမှာ ဘာတွေ ဘယ်လိုဖြစ်နေမလဲဆိုတာ နားလည်သွားသည်။ ကိုယ့်သားရဲ့ အတေးအမှတ်ကြီးသောစိတ်ကိုလည်း သိသည်။ အငြိုးဖွဲ့တတ်တာ လည်း သိသိကြီးနှင့် ဒီလိုဖြစ်လာမယ်လို့ ဒေါ်နွဲ့နှောင်း မထင် မှတ်ထားခဲ့။ အခုတော့ သူများကို ကွဲစေချင်သောအသည်းက ကိုယ်တိုင်မဟန်နိုင်တဲ့အဖြစ်။ ဒေါ်နွဲ့နှောင်း အရက်ရှိန်ကြောင့် နီမြန်း မြန်းဖြစ်နေသော သားမျက်နှာကို မချိတင်ကဲ စိုက်ကြည့်လိုက်သည်။

"မင်းပျော်နေနိုင်သလား သား"

သားဖြစ်သူကို မချိတင်ကဲမေးလိုက်တော့ ရန်ငြိုးက မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် ပွတ်သပ်ပစ်ပြီးမှ အမေဖြစ်သူ မျက်နှာကို ခံစားချက်မျိုးစုံပါဝင်သော အကြည့်ဖြင့် မော့ကြည့် သည်။

"ဆောရီး···မေမေ၊ မေမေ လာမယ်မှန်းမသိလို့"

"မေမေ့ကို သုဝေတို့လင်မယား လေဆိပ်မှာလာကြို တယ် သား၊ ဒီအိမ်အသစ်ကိုလည်း သုဝေပဲ လာပို့ပေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ဒီလောက် အရက်တွေသောက်ထားရတာလဲ သား ရယ်”

“မေမေ့ကို ကျွန်တော် တောင်းပန်ပါတယ်ဗျာ”

မေမေ့ကို သူ ဒါပဲပြောနိုင်သည်။ ရန်ငြိုးကိုယ် ရန်ငြိုး လည်း ဒီလိုဖြစ်လိမ့်မည်ဟု မထင်ခဲ့။ ရင်ထဲက ခံစားချက်တွေက အတော်ဆိုးသည်။ ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်ခြင်းဆိုတဲ့ အသိ တရားကြောင့် မကောင်းတာကို မကောင်းမှန်းသိသိကြီးနှင့် ခြေ မကျွံအောင် ထိန်းနိုင်ခဲ့သည်။

“မင်း မေမေကို ခေါ်လိုက်တာလား သုဝေ”

“ငါက စေတနာနဲ့...”

“သုဝေကို အပြစ်တင်စရာမလိုဘူး သား၊ အခု သား ဖြစ်နေတဲ့ အခြေအနေနဲ့ သားခံစားရတဲ့ဝေဒနာ တွန်ရဲ့လား”

“မေမေ ဘာကိုပြောတာလဲ”

“သားကိုယ်သား အသိဆုံးပါကွယ်၊ အခု သား ဘာ ဖြစ်နေတာလဲ”

မေမေ့အမေးကို ရန်ငြိုး မဖြေနိုင်။ ဒီပွဲမှာ ဒေါ်စန္ဒီကို ရန်ငြိုး ရှုံးရတော့မည်လို့ တွေးလိုက်တိုင်း သူ့အသည်းနှလုံးထဲ အခံရခက်အောင် နာကျင်မှုက အတိုင်းအဆမရှိအောင် ဖြစ်သည်။

“သားလက်ထပ်တဲ့ မိန်းကလေးက သာလွှန်ပြည့်စုံ ဆိုတာ မှတ်သလား သား”





“မေမေ”

“မေမေ မေးတာကိုပဲဖြေပါ သား၊ မီးဆိုတာ မလောင် ခင်ကပဲ တားလို့ရတယ် သား၊ လောင်ပြီးပြီဆိုရင် ဘယ်လိုပဲ တားတား မီးလောင်ကျွမ်းတဲ့ဒဏ်ကို ခံရမှာပဲ၊ အခု သားရင်ဘတ် ထဲမှာ မီးလောင်နေပြီလို့ မေမေ ထင်တယ်”

“သာလွှန်ပြည့်စုံကို သားချစ်နေပြီမဟုတ်လား”

“မေမေ”

အထိတ်တလန့်ခေါ်ခြင်းဟာ ဆက်မပြောပါနဲ့လို့ တား မြစ်ခြင်းလည်းမည်၏။ ဒီနာမည်ကြားရင် လွှန့်ပုံရိပ်ကို ပြန်မြင် တတ်သည့် နှလုံးသားမှာ လှိုမ်းဆွတ်ခြင်းဝေဒနာက တဖြည်း ဖြည်း ရောဂါပိုရင့်လာခဲ့သည်။ အချစ်ကြောင့် နာကျင်ခဲ့ရတာမရှိ။ ကြေကွဲကြသူတွေကို ရယ်ချင်ခဲ့သူက ကိုယ်တိုင်ရင်ကွဲ နာကျရသူ ဖြစ်နေတာလည်း အံ့သြစရာပါ။ လွှန့်ကို သူချစ်တာ မေမေသိသွား၍ သူ ခေါင်းငုံ့သွားသည်။

ဒေါ်နွဲ့နှောင်းက ရိုဝေဆွေးမြည့်ခြင်း၊ နာကျင်ခြင်းအား မချိမဆန့် မျိုသိပ်ခြင်းတွေနှင့် အရောင်တွေပြောင်းနေသည့် သား မျက်နှာကိုကြည့်ပြီး သက်ပြင်းချလိုက်သည်။

“သား”

သားကို နူးညံ့စွာခေါ်ရင်း သားလက်တစ်ဖက်ပေါ် ဒေါ်နွဲ့ နှောင်း လက်တစ်ဖက်နှင့် ကြင်နာစွာ အုပ်မိုးဆုပ်ကိုင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အတိတ်ကို ပစ္စုပ္ပန်ထဲအထိ ရင်ထဲထည့်ခံစားနေရင် မင်းရူးသွားမှာပေါ့ သား၊ အတိတ်က ပြီးခဲ့ပြီ၊ ပြန်ပြင်ဆင်လို့ မရတော့ဘူး၊ ကောင်းခြင်း ဆိုးခြင်းတွေ လုံးထွေးပြီး အတိတ်ထဲ လွင့်ပစ်ခဲ့စမ်းပါ၊ ဒါပေမဲ့ မေ့ပစ်ဖို့ပြောတာ မဟုတ်ဘူးနော်၊ ငဲ့ကြည့်တိုင်း မြင်နေရပေမယ့် ရင်ဘတ်အလေးခံပြီး ဒီအချိန်ထိ သယ်မလာဖို့ပြောတာ"

"ဒေါ်စန္ဒီကို ကျွန်တော် မုန်းတယ်၊ မကျေနပ်ဘူး မေမေ"

ရင်ထဲက ခံစားချက်အတိုင်း ဝန်ခံလိုက်တာကို သူ နောင်တမရပါ။ သားရင်ထဲက သိပ်သည်းဆများသော အမုန်းတွေကို ဒေါ်နွဲ့နှောင်း လှမ်းမြင်နေရပေမယ့် အမုန်းရဲ့တစ်ဖက်မှာရှိသော ချစ်ခြင်း၊ မြတ်နိုးခြင်း၊ တွယ်တာခြင်းတို့ကိုလည်း လှမ်းမြင်နေရသည်။

"မကျေတာကို ပြေပါလို့ မေမေ မပြောဘူး၊ ဒါပေမဲ့ အမုန်းတွေပြတ်သားဖို့လိုတာ၊ မုန်းစရာရှိတာမုန်း၊ ဒါပေမဲ့ ချစ်စရာရှိတာလည်း ချစ်ရမှာပဲ၊ ချစ်သူ မုန်းသူဆိုတာ ရောထွေးလို့မှမရတာ သားရယ်"

"မေမေ ပြောချင်တာက ကျွန်တော်...."

"မင်းက မေမေမွေးထားတဲ့ သား၊ ဘဝအစုန်အဆန်ကို ရင်ဖွင့်ရင်ဆိုင်ခဲ့တဲ့ သား၊ ဒီသားအမိထက် ဘယ်သူမှ ရင်ဘတ်ချင်းမနီးနိုင်တော့ဘူး သား၊ မေမေ ဘာလုပ်သင့်လဲ ဆိုတာ





သဘောပေါက်လို့ သားဆီလာခဲ့တာ၊ သားတာဝန်က မိဘစိမ်ရာနှာခံဖို့"

"မေမေ"

မေမေ့စကားရဲ့ အဓိပ္ပာယ်က ဝေဝေဝါးဝါးလား။ ယမကာအရှိန်ကြောင့် သူ စဉ်းစားနိုင်စွမ်းတွေ ရီဝေမှုန်ဝါးနေတာလား။ မသေချာခြင်းတွေကြားမှာ ရီဝေကာ သူ အသည်းကွဲနေခြင်းပင်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"စန္ဒီကို သူတို့ထားသွားကြမယ် နှောင်း"

"ဘာတွေပြောနေတာလဲ စန္ဒီ၊ စန္ဒီပြောတာ နှောင်း နားမလည်ဘူး"

"တချို့ကိစ္စတွေကို စန္ဒီကိုယ်တိုင်လည်း အခုချိန်ထိ နားမလည်သေးဘူး နှောင်း"

ဒေါ်စန္ဒီက ထုံးစံအတိုင်း သူပြောချင်ရာပြောပြီး ခပ်ဟက်ဟက်ရယ်ပေမယ့် လှပသော ဒေါ်စန္ဒီမျက်နှာမှာ လက်ကျန် မာန အရောင် တောက်ပဆဲပေမယ့် အတွက်တော့ အရောင်မှေးသွားပြီ ဖြစ်သည်။

"စန္ဒီ ဘာဖြစ်နေတာလဲ၊ ဘာတွေခံစားနေရလဲ နှောင်း မသိပေမယ့် စန္ဒီကို နှောင်းရဲ့သားကိုယ်စား နှောင်း လာတောင်း





ခံနေတာပါ စန္ဒီ"

"တောင်းပန်တယ် ဟုတ်လား၊ လွန်ပြီးသားကိစ္စတိုင်းကို တောင်းပန်ရင်ရသလား နှောင်း"

"ခွင့်လွှတ်သူရှိရင် ရရမှာပေါ့ စန္ဒီ"

"ခွင့်လွှတ်တဲ့သူတဲ့လား"

ထိုစကားကိုရေရွတ်ရင်း စန္ဒီက ဟက်ခနဲရယ်ပေမယ့် စန္ဒီရယ်သံအဆုံးသတ်က မသာယာခဲ့ပါ။ ဆိုဖာကျောမှီပေါ် လက်တစ်ဖက် ဆန့်တင်ကာ ခြေချိတ်ထိုင်လိုက်ပေမယ့် အရင်ကလို မာန်မာနကြီးကြီးနှင့် အထက်စီးဆန်လိုမှုတွေ မတွေ့ရ။ စိတ်ပျက်လက်ပျက်နှင့် ဝမ်းနည်းခြင်းကို ဖုံးဖိမျိုသိပ်ထားတာ မျိုးဖြစ်၏။

"ထားပါလေ၊ အခုချိန် စန္ဒီ ဘာကိုမှအလေးအနက် မတွေးချင်ဘူး၊ အခု နှောင်း ဘာလုပ်ချင်လဲ၊ ဘာဖြစ်ချင်လဲ"

"စန္ဒီ့ဆီက သမီးတောင်းချင်လို့"

စန္ဒီက ဆိုဖာပေါ် လက်တင်ထားသည့် လက်ကို တံတောင်ထောက်နှင့် နဖူးမှာလက်ထောက်သည်။ လက်သန်းများက မျက်ဝန်းမှာ စို့သီလာတဲ့ မျက်ရည်တွေကို မသိမသာ သိမ်းရင်း ဝမ်းနည်းစိတ်ကို ကျိတ်မျိုသိပ်သည်။

စန္ဒီ ရင်ထဲမှာ တောက်လောင်နေသည့်မီးကို နှောင်း မမြင်သလို တခြားဘယ်သူမှလည်းမမြင်။

ဒီအသက်အရွယ် ဒီအချိန်ရောက်မှ ပြောင်းလဲဖို့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာသည့် စန္ဒီ့ကံကြမ္မာကိုပဲ အပြစ်တင်ရမလား။

စန္ဒီကိုယ်စန္ဒီပဲ အပြစ်တင်ရမလား မသိတော့။ နောင်ကတော့ ဟိုတုန်းကပုံစံနှင့် အခုလက်ရှိပုံစံ ကွာခြားချင်တိုင်း ကွာခြားလျက် အလှကြီးလှနေတာကိုသာ ငေးကြည့်နေမိ၏။

"စန္ဒီ"

"ပြောပါ"

"နောင်းပြောတာ ကြားရဲ့လားဟင်"

ခေါ်နဲ့နောင်းဆီ စန္ဒီက လှည့်ကြည့်ပြီးမှ မျက်ဝန်းတို့ တစ်ခဏနှင့် မရှုပ်သိမ်းနိုင်။ နိုင်ငံရပ်ခြားမှာ နှစ်ရှည်လများ နေထိုင်ကြောင်း ပန်းနုရောင်သမ်းသော အသားအရေက ဖော်ပြသည်။ လက်ဝိုင်းရင်ဖုံး ကျောက်စိမ်းရင့်ရောင်မှာ အစိမ်းရင့်ပေါ် အဖြူဖောက် သောချိတ်နှင့် ဆံဝင်ရှည်တွေကို ဆံထုံးပျောက် ထုံးထားသည်။ ကျော့ရှင်းသောလည်တိုင်မှာ တစ်တန်းသွားစိန်တစ်လုံးက တင့်တယ်ခြင်း၊ တန်ဖိုးရှိခြင်းတွေနှင့် လှပနေပေမယ့် မျက်နှာက ကြေကွဲခြင်းတွေနှင့် ပြည့်နေ၏။

"ကိုဝေမိုးက စန္ဒီနဲ့ကွာရှင်းမယ်တဲ့"

"ဘာ…ဘယ်လို"

"ကိုကိုက စန္ဒီနဲ့ကွာရှင်းတော့မယ် နောင်း"

"အို"

ကိုယ်လေး ကြွတက်သွားအောင် နောင်းက တအံ့တသြ





ဖြစ်သွားပြီးမှ စန္ဒီ ခံစားနေရသည့် ဝေဒနာကို နားလည်စွာနှာသွား၏။

"မဖြစ်နိုင်တာ စန္ဒီရယ်၊ မဟုတ်တာ၊ အိမ်ထောင်သက်တမ်း ဒီလောက်ကြာမှ"

"သက်တမ်းရင့်လေ ခိုင်မာလေဆိုတဲ့ အထဲမှာ စန္ဒီတို့အိမ်ထောင်ရေး မပါခဲ့ဘူး နောင်း၊ ကိုကို့ကို စန္ဒီကပဲ ချစ်ခဲ့ရတာ၊ တစ်ချိန်လုံး စန္ဒီကပဲ အရှုံးပေးခဲ့ရတာ၊ ကိုကို့ဘက်က အခုချိန်ထိ စန္ဒီအပေါ် အချစ်ဗလာနဲ့ ဆက်ဆံခဲ့တာ နောင်းမှမသိဘဲ"

"အချစ်ရှိရက်နဲ့တောင် အပြစ်ဆိုတာ မြင်တတ်သေးတာပဲ နောင်းရယ်၊ အချစ်မပါမှတော့ စန္ဒီလုပ်သမျှအားလုံး အပြစ်တွေချည်းဖြစ်နေတာ ဘာဆန်းလို့လဲ နောင်း"

"အခု စန္ဒီအပြစ်က သမီးကို တစ်ခုလပ်ဘဝရောက်သွားစေလို့တဲ့၊ စန္ဒီလည်း တစ်ခုလပ်ဘဝရောက်စေရမယ်ဆိုပြီး ကိုကို ဒဏ်ခတ်တာလေ"

"မဟုတ်တာ၊ ဝေမိုးနဲ့တို့ တွေ့ကြည့်ပြီး နားချပါဦးမယ် စန္ဒီရယ်"

"ဟင့်အင်း…မရတော့ဘူး နောင်း၊ သူတို့ မနက်ဖြန် ဒီနိုင်ငံကထွက်သွားဖို့ အဆင်သင့်ဖြစ်နေပြီ"

"ဘယ်လို စန္ဒီ"

"သမီးကို သူနဲ့အတူခေါ်သွားမှာ နောင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

စန္ဒီ ငိုပါပြီ။ ကျောပြင်တွေ သိမ့်သိမ့်တုန်အောင် ရှိုက်
ငိုတော့ နောင်း စိတ်မကောင်းသလို သာလွန်ပြည့်စုံအတွက်လည်း
နောင်း စိတ်ပူစိုးရိမ်သွားသည်။ သားအတွက် လွန်ရှိမှုဖြစ်ချေ
"စန္ဒီ လွန်ခဲ့ပါတယ် နောင်း၊ မှားလည်း မှားခဲ့တယ်
စန္ဒီ့အမှားက ကိုကို့ကိုချစ်တဲ့စိတ်၊ ကိုကို့စည်းစိမ်တွေ မက်မော
တဲ့စိတ်နဲ့ အရယူခဲ့တာ ဝန်ခံပါတယ်၊ ဒါပေမဲ့ ယောက်ျားတွေ
ဆိုတာ မချစ်ပါဘူး ကြွေးကြော်နေရင်းက သားတွေ သမီးတွေ
တသီကြီးရလာတာမျိုးဆိုပေမယ့် စန္ဒီတို့ မိန်းမသားတွေက သား
သမီးရယ်လို့ရလာရင် မချစ်မနှစ်သက်တဲ့သူကိုတောင် ဆန့်ကျင်ဘက်
ခံစားချက်က ပြောင်းသွားတာမျိုးလေ"

"နောင်း နားလည်ပါတယ် စန္ဒီ"

နောင်းက စန္ဒီလက်ကို နွေးထွေးစွာဆုပ်ကိုင်ထားရင်း
အားပေးသည်။

"ကိုကို့ကို စန္ဒီ မခွဲနိုင်တာက နောက်၊ သမီးက စန္ဒီ့
လောင်းရိပ်ကိုကြောက်ပြီး ထွက်ပြေးမှာကို စိတ်မကောင်းတာ
ပိုဆိုးတယ် နောင်း၊ စန္ဒီ သိတယ်၊ လွန်ကလေးက ရန်ငြိုး
စိတ်မပျက်ဘူးဆိုတာ"

"အဲဒါ သေချာလား စန္ဒီ"

ဆုပ်ကိုင်ထားသော လက်ဖဝါးကိုလျှပ်ပြီး သေချာစေ





သည်။ ပါးပြင်ပေါ် မျက်ရည်စီးကြောင်းနှင့် စန္ဒီက အခိုင်အမာ
ခေါင်းညိတ်ပြ၏။

"ဒါဆို စန္ဒီငိုစရာမလိုတော့ဘူး သိလား"

"နောင်း"

နောင်းစကားကို နားမလည်ခြင်းတွေနှင့် ဝင့်တက်လာ
သော စန္ဒီကို နောင်း နှစ်လိုစွာပြုံးပြလိုက်၏။

"နောင်း မြန်မာပြည်ပြန်လာတာ သားနဲ့ သမီးကြား
အောင်သွယ်တော် လုပ်ပေးဖို့ပါ စန္ဒီ၊ ဝေမိုးနဲ့စန္ဒီ ကြားပါ နောင်း
က ခြားနတ်မောင်လုပ်ပေးရမယ့်သူ ဖြစ်သွားပြီ"

"နောင်းကိုယုံပါ စန္ဒီ၊ ဝေမိုးတို့သားအဖ စန္ဒီဆီ ပြန်
လာစေရမယ်လို့ အာမခံပါတယ်"

"နောင်းရယ်"

မယုံကြည်ခြင်းတွေကြားမှာ မျှော်လင့်ခြင်း လင်းလက်
သွားသည့် စန္ဒီက နောင်းလက်တစ်ဖက်ကို သူ့လက်နှင့် တင်း
ကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

"ကျေးဇူးတင်ပါတယ် နောင်း၊ ပြီးတော့ စန္ဒီ လွန်ခဲ့
တာတွေအတွက်လည်း ထပ်တောင်းပန်ပါတယ်၊ ဒါ စန္ဒီ့ရင်ထဲ
က လှိုက်လှိုက်လှဲလှဲလာတဲ့ တောင်းပန်စကားပါ၊ စန္ဒီတို့မိသားစု
မပြိုကွဲအောင် နောင်း ကြိုးစားပေးခဲ့ရင် နောင်းရဲ့သားကိုလည်း
အပြန်အလှန်အနေနဲ့ စန္ဒီ ကြည်ဖြူမှာပါ၊ အပေးအယူသဘော



www.burmeseclassic.com

www.burmeseclassic.com



မထားဘဲ''

''ဘယ်လိုသဘောထားထား စိတ်ရင်းမှန်ဖို့သာလို...
တယ် စန္ဒီ''

''ကျေးဇူးတင်ပါတယ် နှောင်းရယ်''

နှောင်းပခုံးပေါ် ပါးတစ်ဖက်အပ်ရင်း စန္ဒီက ငိုတာ ခု...
အကြိမ်မြောက်ပါ။ ဝမ်းနည်းခြင်းက ရှုံးထွက်ခွင့်ရတဲ့ ငိုကြွေးခြင်း...
မျက်ရည်ဆိုတာ တစ်ခါတစ်ခါတော့ လာခြင်းကောင်းသော...
အဖြစ် ဝမ်းသာစွာ ဆီးကြိုဖြစ်သွား၏။

◆ ◆ ◆



## အခန်း (၃၄)

''သမီးကို ပေးတွေ့စရာလူရှိလို့ပါ ကိုကို၊ လေဆိပ်ဆင်းခါနီး စန္ဒီ လာပြန်ပို့ပါ့မယ်''

ဒက်ဒီဆီမှာ ကတိကဝတ်စကားတွေနှင့် မာမီက လွန့်ကို ခေါ်ထုတ်လာသော်လည်း လွန် ဘာတစ်ခုမှ နားမလည်။ မာမီက လည်း လမ်းတစ်လျှောက် လွန့်ကို ဘာစကားတစ်ခွန်းမှမဆို။ တည်ငြိမ်သောမျက်နှာနှင့်မို့ လွန်ကပဲ ကြားထဲမှ မနေတတ်မထိုင် တတ် ဖြစ်လာ၏။

''လွန့်ကိုစိတ်ဆိုးနေလား မာမီ…ဟင်''

လွန့်အသံ မငုံ့မရဲ။ ဒက်ဒီနှင့်အတူ လိုက်သွားသော လွန့် ကို မာမီစိတ်ဆိုးနေမှာ လွန် သိပါသည်။ လွန်မေးမှ မာမီထ ကားမောင်းနေရင်း လွန့်ကိုလှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးကို မာမီ စိတ်မဆိုးပါဘူး သမီးရယ်၊ မာမီ့သမီးက မိဘစကားနားထောင်တဲ့ သမီးအလိမ္မာလေးပဲ၊ မာမီက သမီးကို ဘာစိတ်ဆိုးစရာများရှိလို့လဲ"

"ဟိုလေ…လွန့်ကို ဒက်ဒီနဲ့ နိုင်ငံခြားလိုက်ခဲ့ရမယ်ဆိုပြီး ဖွတ်ခေါ်နေတာကို သနားတာနဲ့ လွန်မငြင်းနိုင်တာ လွန့်ကို ခွင့်လွှတ်ပါနော်"

"မာမီ့သမီးကို မာမီ ခွင့်လွှတ်ပါတယ်ကွယ်၊ မာမီကိုဆိုးခဲ့သမျှတွေကိုလည်း သမီးက ခွင့်လွှတ်ပါ"

"အဲဒီလိုမပြောပါနဲ့ မာမီရယ်၊ မာမီ့စေတနာကို လွန်နားလည်ပါတယ်"

"သမီးက မာမီကိုနားလည်ပေးပေမယ့် မာမီ့ကို နားမလည်ပေးနိုင်တဲ့သူတွေလည်း ရှိတာပဲလေ"

"ဒက်ဒီက မာမီ့ကိုချစ်ပါတယ် မာမီရယ်"

"ချစ်တယ်တဲ့လား"

ပြောပြီး ဒေါ်စန္ဒီ ခပ်သဲ့သဲ့ရယ်သည်။ ဒီအချစ်အတွက်နဲ့ စန္ဒီ ရှုံးခဲ့တာ ဘယ်လောက်ကြာပြီလဲ။ သမီးတစ်သက် ကိုထိုအချစ်ကို မျှော်လင့်တာ ဒီနေ့ဒီအချိန်အထိ။

ဒေါ်စန္ဒီက အိပ်ရာထဲ၊ ဖောင်းဖောင်းအစ်အစ်လေးဖြစ်နေသော သမီးပါးလေးကို ဖွဖွလိမ်ဆွဲရင်း ရင်နာစွာပြုံးလိုက်သည်။

"ထားပါတော့ကွယ်၊ အခုချိန်မှာ မာမီ ဒါတွေကိုလည်း မသိချင်တော့ပါဘူး"

"မာမီရယ်"

လွန်က မာမီ စိတ်မကောင်းဖြစ်နေမှာသိသည်။ လွန်ကိုယ်တိုင်လည်း ဒီမိသားစုလေး ပြိုကွဲသွားသည့်အဖြစ်ကို မလိုချင်၍ ဒက်ဒီကို တစ်ချိန်လုံးအသနားခံပြီး ဒီမှာပဲနေဖို့တောင်းဆိုခဲ့တာ မာမီ မသိ။

"တော်ပြီ သမီး၊ သမီးမာမီကို ဒက်ဒီ သည်းခံခဲ့တာ သမီးတစ်သက်ရှိပြီ၊ အဲဒါကိုက သူ့ကို ထင်တိုင်းကြဲခွင့်ပေးသလိုဖြစ်သွားခဲ့တာ ဒက်ဒီ့အမှားပဲ၊ သူ့ကို သတိပေးထားပြီးသား၊ ဒက်ဒီ့ဘဝမှာ တန်ဖိုးအထားဆုံးအရာနှစ်ခုက ကိုယ်ကျင့်တရားနဲ့ ဒက်ဒီ့သမီးလေးပဲလို့၊ သူ ဒက်ဒီ့ကိုယ်ကျင့်တရားကို တစ်ခါစော်ကားတယ်၊ အခု သမီးလေးရဲ့ဘဝအရေးကို သူ ထပ်ဖျက်ဆီးတယ်၊ ဒက်ဒီ့မှာ သည်းခံနိုင်တဲ့အတိုင်းအတာက လွန်ထွက်သွားပြီ သမီး၊ ဒါကြောင့် ခွင့်လွှတ်ဖို့တွေ၊ သည်းခံဖို့တွေ ဒက်ဒီ့ကိုမပြောနဲ့၊ ဒက်ဒီ မကြားချင်ဘူး"

ဒက်ဒီ့ဘက်က စကားက လမ်းဆုံးရောက်သွားပြီဆိုတော့ လွန့်ဘက်က ဘာမှမပြောသာဘဲ ဖြစ်သွား၍ ဝမ်းနည်းစိတ်နဲ့ မျက်ရည်ကျရတာပဲရှိသည်။ ဒက်ဒီ စိတ်ဆင်းရဲအောင် ထပ်မလုပ်တော့။ အဆိုးဆုံးက ကိုကြီးကို လွမ်းဆွတ်လာခြင်းပင်။ ကိုကြီးနဲ့ ရက်စက်ခြင်းတွေကို ခံစားရင်း ချစ်စိတ်က ပိုခိုင်မာသည်။







www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးရဲ့အသက်ရှူသံလေးကို လွမ်းသည်။ မင်းနဲ့ငါ သုံးနှုန်းတော်သော ရင့်သီးမှုတွေကို လွမ်းသည်။ ခပ်တင်းတင်း နေ့ဝိတ်ထားတတ်သော နှုတ်ခမ်းတစ်စုံ သတိရသည်။ ယုတ်စွအဆုံး ကိုကြီးဆေးထည့်ပေး၍ ပျောက်သွားခဲ့သော ခြေမက အမာရွတ်လေးမြင်တိုင် လွမ်းသည်ဆိုလျှင် သူမအချစ်က ကိုကြီးအတွက် ဟားတိုက်လှောင်ရယ်စရာဖြစ်မှာ သေချာသည်။ ဒီလိုဝေဒနာတွေ မခံစားရအောင် ကိုကြီးနဲ့ဝေးရာသွားဖို့ ဆုံးဖြတ်ခဲ့တာ လွန်သည် ဟုမထင်ပါ။

အတွေးမဆုံးခင် မာမီ့ကားက ခြံဝင်းတစ်ခုထဲ ချိုးကွေ့အဝင် မြင်လိုက်ရသည့် ပန်းနုရောင်နှစ်ထပ်တိုက်ကြီးကြောင့် လွန့်ရင်တွေ ဆောင့်ခုန်သွားကာ ခြေဖျားလက်ဖျားတွေပါ အေးစက်သွားသည်။

"မာမီ…ဒီအိမ်က"

"သမီးရဲ့အန်တီနှောင်း ရောက်နေတယ် သမီး"

"ရှင်"

"နှောင်းက မာမီတို့ကို ဘရိတ်ဖက်(စ်)ကျွေးဖို့ စောင့်နေတယ်"

"မာမီ"

"လာ…သမီး၊ မာမီတို့သွားရအောင်"

မာမီကိုယ်တိုင် လွန့်လက်ကိုဆွဲပြီး ကားပေါ်ကဆင်းစေ၍





အိမ်ထဲကိုယ်တိုင်ခေါ်လာတော့ လွန့် အံ့သြမယုံကြည်နိုင်ခြင်းတွေနှင့် နှုတ်ဆွံ့အနေ၏။

ဒါ လွန့် အိပ်မက် မက်နေတာလား။

တကယ်လားဆိုတာ ခွဲခြားမရခင် မာမီက လွန့်လက်ကိုဆွဲပြီး တိတ်ဆိတ်နေသော အိမ်ကြီးထဲ ဦးဆောင်ဝင်သည်။

လွန့်က နာခံခြင်းလား၊ မင်သက် တွေဝေခြင်းလား မသိဘဲ မာမီ့ခေါ်ရာနောက်သို့ တစ်လှမ်းချင်း လိုက်ပါလာရင်း ဒီအိမ်ကြီးထဲမှာ လွန့် တွေ့ချင်နေတဲ့သူတစ်ယောက် ရှိကိုရှိနေလို့ဆိုတာ လွန့်ရင်ခုန်သံတွေက အသိပေးနေ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"သမီး…လွန်"

"အန်တီနှောင်း"

လွန် မြင်လိုက်သည့် မြင်ကွင်းအောက်မှ မျက်ရည်ပေါက်ပေါက်ကျနေမိ၏။

"သမီးထွက်သွားတဲ့နေ့ကတည်းက အသည်းရောလူရော အရက်နဲ့စိမ်နေတာလေ၊ မနေ့က အားပြတ်သွားလို့ ဒရစ်ချိတ်ပေးထားရတယ်၊ အိပ်ခန်းလည်း အပေါ်ထပ်ကိုပြောင်းသွားပြီ သမီးရဲ့၊ သတင်းလေးဘာလေး သွားမေးရင်းနဲ့ ငါးဆန်ပြုတ်လေး ဝင်အောင်တိုက်ပေးပါဦး သမီးရယ်၊ အန်တီနှောင်းဆိုရင် သားက အော်ဟစ်နေဦးမှာ၊ ရော့…သမီး၊ ဒီမှာ သားအတွက် ငါးဆန်ပြုတ်ပန်းကန်"





အန်တီနှောင်းက ဆန်ပြုတ်ပန်းကန်ထည့်ထားတဲ့ လင်ပန်းကို လွန့်လက်ထဲ အတင်းထိုးထည့်ပြီး ကိုကြီးအခန်းထဲဝင်သွားဖို့ တိုက်တွန်းသည်။ ဒီအိမ်ထဲမှာ ကိုကြီးနဲ့လွန်အတွက် အမှတ်တရတွေ အများကြီးက လွန့်ရင်ကို လာထိသည်။ အိမ်ကြီးအနံ့ လွန် ရောက်သည်။ သော့ခတ်ထားသည့် တစ်ခန်းမှ လွဲ၍ပေါ့။ အခုတော့ ကိုကြီးနဲ့လွန်က ဘာမှမသက်ဆိုင်သူတွေလို ဖြစ်သွားမှုကလည်း ဝမ်းနည်းစရာ။ မျက်ရည်တွေသိမ်းပြီး ကိုကြီးရှိမည့်အခန်းတံခါးကို လွန် ခေါက်သည်။

"ခေါက်…ခေါက်…ခေါက်"

"ကျွန်တော် ဘာမှမစားချင်ဘူး မေမေ"

ကျိတ်ဆတ်ဆတ်ထွက်လာသည့် ကိုကြီးအသံနှင့်အတူ မှုန်ကုပ်ကုပ်မျက်နှာပါ တွဲမြင်ယောင်တော့ အခန်းထဲဝင်မည့် လွန့်ခြေလှမ်းတွေ နှောင့်နှေးသွားသည်။ အို…ဘာပဲဖြစ်ဖြစ် နောက်ဆုံးအနေနဲ့ ကိုကြီးမျက်နှာကို လွန် မြင်ချင်သည်။ နောက်ဆုံး အမှတ်တရသိမ်းထားခွင့်အဖြစ်။ အခန်းတံခါးကို ဖြည်းဖြည်းချင်း တွန်းဖွင့်လိုက်၏။

ကျွီခနဲ ပွင့်သွားသော အိပ်ခန်းတံခါးရဲ့နောက်မှာ အနီရင့်ရင့် ဆွယ်တာလက်ရှည်နှင့် ဆံပင်တွေရှည်ကျကာ မျက်တွင်းတွေ ချောင်ကျသွားသည့် ကိုကြီးမျက်နှာကို အရင်မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လိုတာထက်ပိုရဲနေသော ကိုကြီးနှုတ်ခမ်းပါးတွေ တင်းတင်းစေ့ရင်း ကိုကြီးက ဒရင်းဘတ်ပေါ်မှာ ခြေတစ်ပိုင်းအောက်ချပြီး မျက်လုံးမှိတ်ထား၏။ လွှန်က ဆန်ပြုတ်လင်ပန်းကို နီးရာစားပွဲပေါ် လှမ်းတင်ပြီးမှ ကိုကြီးနဖူးဆီ ခပ်ဖွဖွစမ်းကာ ကြမ်းပြင်ပေါ် ပုဆစ်တုပ်ထိုင်သည်။

"ကိုကြီး"

တိုးတိတ်ညင်သာသော လွှန့်အသံအဆုံးမှာ ကိုကြီးမျက်ဝန်းအစုံက ဖျတ်ခနဲ ပွင့်သွားသည်။ ထူးဆန်းခြင်း၊ အံ့သြခြင်းတွေ မျက်ဝန်းထဲ တစ်စွန်းတစ်စ တွေ့ရပြီးမှ ရှန်ငြိုး မျက်ခုံးကုပ်ချကာ မျက်နှာကို တစ်ဖက်လွှဲ၏။

"ဘာလာလုပ်တာလဲ သာလွှန်ပြည့်စုံ၊ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပြီး မင်းအမေဆီ ငါပို့ခိုင်းလိုက်ပြီ"

"ကိုသုဝေနဲ့ လွှန် တွေ့ပြီးပါပြီ ကိုကြီး"

ကိုကြီးအသံက တင်းမာခက်ထန်သလောက် လွှန့်အသံက နူးညံ့သိမ်မွေ့စွာ တိုးတိတ်လျက်။ ချစ်ခြင်း မြတ်နိုးခြင်း များစွာဖြင့် ကိုကြီးအသံက ကိုကြီးမျက်နှာကို ငေးငေးလေး ကြည့်နေပေမယ့် ကိုကြီးက လွှန့်ကိုမကြည့်ပါ။

"မင်းလိုချင်တာ ရပြီမဟုတ်လား သာလွှန်ပြည့်စုံ၊ အဲဒါဆို ဓာတ်လမ်းက ပြီးပြီ"





"ကိုသုဝေ မိန်းမနဲ့ပါ လွှန် တွေ့တယ် သိလား၊ ကိုကြီးနဲ့ ဘာမှမသက်ဆိုင်တဲ့အကြောင်း၊ ကိုကြီးက ကြားထဲက ကူညီတဲ့အကြောင်း သူတို့ရှင်းပြကြပါတယ်"

"အဲဒါ ငါက ဘာလုပ်ရမှာလဲ"

"ရှင်"

လွှန်နှင့်ကိုကြီး အကြည့်ချင်းဆုံတော့ ကိုကြီးဆီက အေးစက်စက် အကြည့်တွေက လွှန်ပြောသမျှစကားက သူ့အတွက် ဘာတစ်ခုမှမဆိုင်သလိုလို ဘာလိုလို။

"တခြားလူရှင်းပြမှ ငါ့ကိုယုံတယ်ဆိုတဲ့ မင်းရဲ့စိတ်ဓာတ်က လေးစားလောက်ပါပေတယ်"

"ကိုကြီး လွှန့်ကို အဲဒီလိုမပြောပါနဲ့၊ လွှန် ကိုကြီးကို မယုံဘူးလို့ ပြောခဲ့သလား"

"မင်းအမေ ခေါ်တာနဲ့ ကောက်ခနဲပါသွားတာက ဘာလဲ၊ အပွန်း...ပြောချိန်တောင်မရဘူး၊ အပြုအမူနဲ့ သက်သေပြသွားတာ"

"အဲဒီလို ပြောကြေးဆိုရင် ကိုကြီးကရော လွှန့်ကို နေပါဦးလို့ တစ်ခွန်းပြောခဲ့သလား"

"ဟင်"

လွှန်ပြောတာမှန်နေ၍ ရှန်ငြိုး ဘာပြန်ပြောရမှန်းမသိဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားကာ လွှန့်မျက်နှာလေးကို မကျေမနပ် စိုက်ကြည့်ပစ်တော့ မျက်ရည်တွေပြည့်သိပ်နေသည့် ချစ်စရာမျက်နှာလေးက သူ့ ရင်ဘတ်ကို ဒုတ်ခနဲ လာထိသည်။ ရင်နဲ့မချိမဆန့်အောင် လွှမ်း ခဲ့ရတဲ့ နေ့တွေ ညတွေထဲမှာ လွှန့်ကိုမချစ်ဘူးဆိုတာ ကိုနဲ့ပြောရှင် တောင် ယုံစရာမရှိအောင် လွှန့်ကို ချစ်ခဲ့၊ မြတ်နိုးခဲ့ရတာ သူပဲဖြစ် သည်။

"ကိုကြီးသာ စိတ်ချမ်းသာမယ်၊ ကျေနပ်ပျော်ရွှင်မယ် ဆိုရင် လွှန့်ဘဝကို ကိုကြီးရှေ့မှာ ကြိုးတစ်စလို ပုံချပေးခဲ့တာ ကိုကြီးအသိပါ။

ဒါပေမဲ့ ကိုကြီးက မိန်းကလေးတစ်ယောက်ရဲ့ ရင်ထဲ ကို နည်းနည်းမှငဲ့မကြည့်တတ်တာ လွှန် အံ့ဩတယ်၊ ဝမ်းလည်း နည်းတယ်၊ လွှန့်အပြုအမူတွေ၊ လွှန့်အကြည့်တွေ ကိုကြီးအနားမှာ မနေချင်သလိုများ ဖြစ်နေခဲ့လို့လား၊ ကိုကြီး ဘယ်လောက် မုန်းမုန်း အပြုံးမပျက် လွှန် ခံယူနေခဲ့တာရော သည်းခံခြင်းတရားတွေ သိပ်များနေပြီလို့ ကိုကြီးထင်နေတာလား၊ ကွာရှင်းစာချုပ်မှာ ကိုကြီး လက်မှတ်မထိုးပါစေနဲ့လို့ နေ့ရှိသ၍ လွှန် ဆုတောင်းခဲ့တာရော ကိုကြီး သိသလား"

အသည်းနှလုံးတွေ နာကျင်စွာ လွှန့်ရင်ထဲက ခံစားချက် တွေကို ဖေါက်ကွဲရင်း ထိန်းသိမ်းမရသော မျက်ရည်တွေ လွှန့်





ပါးပေါ် ခုန်ပေါက်ပြေးဆင်းသွားတာကို လွှန်က လက်ဖနောင့်နဲ့ ကြမ်းကြမ်းဆွဲယူပွတ်သုတ်လိုက်၏။

"ဟုတ်ပါတယ်၊ ကိုကြီးပဲ မှန်ပါတယ်၊ ကိုကြီးက အစကတည်းက လွှန့်ကိုမုန်းတဲ့သူ၊ လွှန်က စတွေ့ကတည်းက ရင်ခုန်ခဲ့ရတဲ့သူ၊ ကိုကြီး နေနိုင်ပါတယ်၊ ကိုကြီးပဲ နိုင်ပါတယ်၊ အဲဒါကြောင့်များ ချစ်တဲ့သူက များများရှုံးရတယ်ဆိုတာ သိပ်မှန် တာပဲ၊ နေခဲ့ပါ၊ ကိုကြီးက အချစ်မရှိလည်း နေတတ်နေတာပဲ၊ လွှန် သွားမယ်"

"လွှန်"

မျက်ရည်တွေနှင့် ထိုင်နေရာမှ ဖျတ်ခနဲ ထရပ်သည်။ ကိုကြီးရှေ့ မျက်ရည်တွေသုတ်တိုင်း ထပ်ကျလာတာကိုလည်း စိတ်နာသည်။ လွှန့်အချစ်ကို ဘယ်တုန်းကမှ အသိအမှတ်မပြု ဘဲ တစ်ချိန်လုံး လွှန့်အချစ်ကို အမျိုးမျိုး ဆီးကြိုအပြစ်တင်ရက် သူကိုလည်း လွှန် စိတ်နာသည်။ စိတ်ဆိုးသည်။ ကိုကြီးကြောင့် လွှန့်အသည်းနှလုံးတွေ ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါ နာကျင်ကြေကွဲ ခဲ့ရပြီးပြီလဲ။ ကိုကြီးကိုချစ်မိတာနဲ့ လွှန့်ရင်ကို လောင်မြိုက်စေသော အချစ်မီးတွေ မွှေ့ပိုက်ရင်း အခန်းထဲကထွက်ရန် ခြေလှမ်း လှမ်းပေ မယ်

"နေဦး"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက လွန့်လက်ကောက်ဝတ်ကို ဖျတ်ခနဲ ဆောင့်ဆွဲလိုက်တော့ အားပါသည့်အတွက် ကိုကြီးရင်ခွင်ထဲ လွန့်ကိုယ်လေး တွေးခနဲ ပစ်ကျသည်။

"လွန့်ကိုလွှတ်"

"မလွှတ်ဘူး၊ မင်းပြောတာ နားထောင်ပြီး ငြိမ်နေပေးရအောင် ကိုယ်က ကျောက်ရုပ်မှမဟုတ်တာ၊ မင်းပြောချင်တာပြောပြီးရင် ကိုယ့်အလှည့်"

မျက်ရည်တွေနှင့် ကိုကြီးကို မော့အကြည့်၊ လွန့်ကို ငုံ့ကြည့်နေသော ကိုကြီးမျက်ဝန်းနှင့်ဆုံသည်။ နူးညံ့ရွှန်းလဲ့စွာ ကြည့်နေသည့် ကိုကြီးအကြည့်ထဲမှာ အေးစက်ခြင်းတွေမရှိတော့။ ရုတ်တရက် ကိုကြီး ထရပ်လိုက်၏။ ထုံးစံအတိုင်း သူ ရပ်လိုက်တာနှင့် လွန့်လက်ကလေးတစ်ဖက်က သူဆွဲခေါ်ရာ ပါသွားသည်။

ကိုကြီးက လွန့်ကို အိပ်ခန်းရဲ့ ဟိုဘက်နံရံဆီ ခေါ်သွားကာ အခန်းတံခါးတစ်ခုကို တွန်းဖွင့်သည်။ ရေချိုးခန်းလို့ ထင်ထားပေမယ့် လွန့် မြင်ရတာ နောက်ထပ်အခန်းတစ်ခုဖြစ်ပြီး နှစ်ယောက်အိပ်ခုတင်ကြီးက ဟီးထနေကာ တခြားဘာပရိဘောဂမှမရှိသော ထိုအခန်းထဲမှာ ပြည့်နက်နေတာက

"ဟင်…ဒါက"



BURMESE CLASSIC .com



"လွန့်ပုံတွေ"

"အို"

အံ့သြလွန်း၍ လွန့် ဘာမှပြန်မပြောနိုင်ဘဲ အနေအထားအမျိုးမျိုးနှင့် လွန့်ပုံတွေကို လိုက်ကြည့်နေသော လွန့်ကိုကြည့်ပြီး ရှန်ပြုံး ချစ်ခြင်း၊ မြတ်နိုးခြင်းများစွာဖြင့် လွန့်မျက်နှာလှလှလေးကို စိုက်ကြည့်ပြီး ပြုံးလိုက်သည်။

"ဒါတွေက ဘယ်လိုဖြစ်ပြီး ဒီနေရာကိုရောက်နေတာလဲဟင်"

"ချစ်လို့"

"ရှင်"

"ဓာတ်ပုံထဲက ကောင်မလေးကိုချစ်လို့ ဒီဓာတ်ပုံတွေကို ကိုယ့်ဘာသာ အပိုင်သိမ်းထားတာ"

"ကိုကြီး"

"ဒီပုံတွေက မင်းနဲ့ကိုယ် မသိခင်ကတည်းက ကိုယ်ရိုက်ထားခဲ့တာ လွန့်၊ မင်းလိုပဲ နေ့ရှိသ၍ တွေ့ရပါစေလို့ ဒီပုံတွေကြည့်ပြီး ကိုယ် ဆုတောင်းခဲ့ဖူးတယ်၊ အဲဒါရော မင်း သိလား၊ ပြန်တွေ့ကြတော့လည်း မြတ်နိုးစိတ်တွေနဲ့ ကိုယ် ရှုးခဲ့တာရော မင်းသိလား"

သတိလက်လွှတ်နှင့် လွန့်က ဖျတ်ခနဲ မော့ကြည့်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့သော ကိုကြီးမျက်ဝန်းတွေကို ရင်မဆိုင်ရဲသလို ခေါင်းငြိမ့်တော့ ရင်ခုန်သံက ရင်ဘတ်ထဲမှာ အကြမ်းပတမ်းဆောင့်ကာခုန်၏။ ကိုကြီးက လွှန်းကိုချစ်တယ်ဆိုတာ သိလိုက်ရတော့ လွှန်းရင်မှာလည်း ကိုကြီးကိုချစ်သည့် အချစ်တွေ ချက်ချင်း ပြည့်သိပ်သွားသည်။

"လွှန်းကို ဒေါ်စန္ဒီသမီးမှန်း သိသိကြီးနဲ့ အနားမှာ ရအောင် ခေါ်ထားခဲ့တာရော၊ ကိုယ်ကိုယ်တိုင် မင်းကိုသိပ်ချစ်လို့၊ မြတ်နိုးလို့ဆိုတာရော မင်း သိခဲ့လို့လား"

"လွှန်းက"

"တော်ပြီ၊ ဘာမှမပြောနဲ့"

"ကိုကြီး"

"အို"

ရှန်ငြိုးက လွှန်းကို ဘာစကားမှ ဆိုခွင့်မပြုတော့ဘဲ သူ့ကိုယ်လေးကို ရင်ခွင်ထဲ လွတ်သွားမှာစိုးသည့်အလား သိမ်းဖွေကာ မျက်နှာလှလှလေးထက် အနမ်းမိုးတွေ ခပ်သည်းသည်း ရွာချသည်။ နှုတ်ခမ်းလေးတွေ အချိန်အကြာကြီး နွေးထွေးသွားသည်။

"ပြောပါဦး၊ အနားမှာခေါ်ထားပြီး ကိုယ်အမုန်းတွေနဲ့ နှိပ်စက်ခဲ့တာရှိရင်..."

လွှန်းက ကိုကြီးမျက်နှာကို မော့မော့လေးကြည့်ရင်း နှုတ်ခမ်းစူတော့ သူက လွှန်းနှုတ်ခမ်းကို အချိန်အကြာကြီး ဒဏ်ခတ်





သည်။

"ကိုကြီးနော်...အစတုန်းကတော့ မချစ်တတ်သလိုလိုနဲ့"

"အခု ကိုယ်ချစ်တတ်တဲ့အကြောင်း သိသွားပြီလား"

"သွားပါ၊ လူကြီးက မုန်းစရာ"

"ဘာဖြစ်လဲ"

"မချစ်နဲ့"

"မရတော့ဘူး၊ ကိုယ် ဘယ်လောက်ချစ်တတ်လဲဆိုတာ ထပ်သိအောင် ချစ်ပြစရာတွေ ရှိသေးတယ်"

"အိုး...ကိုကြီး"

လွှန်းကိုယ်လေး လေထဲမှာ မြှောက်ပါသွားသည်။ အိပ်ရာထဲ လုံးထွေးပြီးအကျမှာ လွှန်းနှင့်ကိုကြီးက ရင်ချင်းထပ်၊ မျက်နှာချင်းအပ်ကာ ကိုကြီးရဲ့ တရှိန်ရှိန်တက်နေသော ကိုယ်အပူချိန်တွေက လွှန်းမျက်နှာအနှံ့ ပွေလေပြီးနောက် ကိုကြီးအချစ်တွေကြားမှာ လွှန်းကိုယ်လေး မွန်းနစ်သွား၏။

"တကယ်ပြောတာ၊ ကိုယ့်ဘဝမှာ မင်းမရှိလို့မဖြစ်တော့ဘူး"

ချစ်သူထံမှ ထိုစကားတစ်ခွန်းနဲ့တင် ချစ်သူအနမ်းတွေကို လွှန်းက လိုက်လျောကြည်ဖြူခြင်းများစွာနှင့် အနမ်းမုဆိုးရှေ့ လည်စင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးသည့် အချစ်သားကောင်လို ကိုကြီးကပြုသမျှ အချစ်တွေနှင့် နေရသူက လွှန် ဖြစ်နေ၏။

တကယ်တော့ အချစ်ဆိုတာ သူဖြူတိုင်း နချင်သည့် နှလုံးသား သဘာဝမို့ ကိုကြီးအချစ်အတိုင်း လွှန်လည်းချစ်ခဲ့ပါသည်။ ဆက်၍လည်း ချစ်နေဦးမည့် နောင်အနာဂတ်မှာ အချစ်က သူမတို့အတွက် ရင်ခုန်ဘက်ချင်း ထာဝရထပ်တူညီနေမည့် အကြောင်း ကိုကြီးသိအောင် ပြောပြလိုက်ချင်သည်။

ချစ်သူတိုင်း မျော်ရှင်ကြည်နူးနိုင်ကြပါစေ...။

ချစ်ခြင်းမေတ္တာဖြင့်

မြပုလဲသွယ်

BURMESE CLASSIC .com

www.burmeseclassic.com